
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၄၇၅၁၂၁၁
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၂၀၆၀၃၁၂
ထုတ်ဝေသူ
ဦးကိုကိုမြင့် (သိမ်းမင်းစာပေ)
၆၃၊ ပြည်ဘာလမ်း၊ ကျောက်မြောင်း။
အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဦးကျင်ရင် (ရွှေခြည်သွေးပုံနှိပ်တိုက်)
အမှတ်(၂၀၇)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်၊ ၂၀၁၂ ဇွန်လ။
အုပ်ရေ – ၅၀၀ အုပ်
တန်ဖိုး – ၁၀၀ ကျပ်

၈၉၅.၈၃
သက်မင်းဂျူလိုင်
ရွှေမျက်နှာရှင်သခင်မ / သက်မင်းဂျူလိုင် - ရန်ကုန်။
သိမ်းမင်းစာပေ ၊ ၂၀၁၂ ။
၂၂၃ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) ရွှေမျက်နှာရှင်သခင်မ

# သက်မင်းဂျူလိုင်

# ရွှေမျက်နှာရှင်သခင်မ

ရောက်ရောက်ချားချားပရဆန်းကြယ်လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)
## အိပ်မက်နယ်မြေသို့ အဝင် သို့မဟုတ်

မသိစိတ်အာရုံတို့ကပင် စိုးမိုးနေကြသည်လေလား . . . ၊

သို့တည်းမဟုတ် သိစိတ်တို့ကပင် ဇဝေဇဝါ ဝိုးတိုးဝါးတား ဖြစ်နေကြသည်လား။ သို့မဟုတ် အိပ်မက်ဝက်ပါတစ်ခုထဲသို့ သူ ရောက်ရှိနေသည်လား။ ဒွိဟာသံသယများစွာဖြင့် ဝေးမောကာ ကြည့်နေမိသည်။

ဟုတ်သည် . . . ။ သူ တွေ့မြင်နေရသည့် မြင်ကွင်းက တကယ့်ကို မယုံကြည်နိုင်ဖွယ်ရာပင်။ သူ မျက်စိလည်လမ်းမှားကာ ရောက်ရှိလာခဲ့သောနေရာသည် မည်သည့်နေရာ၊ မည်သည့်ဒေသဖြစ်သည် မသိ။ သူ မြင်တွေ့နေရသည့် လူထွားထွားကြီးများမှာ ရှေးရှေးမြန်မာကြီးတို့၏ ဝတ်စားဆင်ယင်မှုများအတိုင်း တစ်သဝေမတိမ်း ဝတ်ဆင်ထားကြသည်ကို အံ့သြစွာ မြင်တွေ့နေရသည် မဟုတ်ပါလား။

"Oh, God ဘုရားသခင် . . . ဘာတွေလဲ၊ ဘာတွေဖြစ်ကုန်ပြီလဲ၊ ဒါ ဒါ ငါတွေ့ဖူးမြင်ဖူးထားတဲ့ မြန်မာပြည်က မြန်မာတွေနဲ့လည်း မတူကြပါလား"

ဟုတ်တော့ဟုတ်သည်။ သူရောက်ရှိသည့်နေရာက မြန်မာပြည် မဟုတ်။ လေယာဉ်ပျံပျက်၍ မကျမီကပင် မြန်မာပြည်နယ်စပ်ကို ကျော်လွန်လာခဲ့သည်ကို အမှတ်ရနေမိသည်။

သူ သို့မဟုတ် စစ်လေယာဉ်ပိုင်းလော့ ယာမာဂူချိစံ။

နိပွန်တပ်မတော်ကြီး၏ တိုက်ပွဲဝင်စစ်လေသူရဲကောင်း တစ်ဦး။

စင်စစ် ယာမာဂူချိစံသည် ယခင်တုန်းက ဓာတ်သတ္တုရှာဖွေရေး စီမံချက်တွင် အင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။



နှင့်ဗီဇဝါသနာပါသည့်အပြင် ဖခင်ဖြစ်သူ၏ သွေးမျိုးဗီဇပါသည်ဟု ဆိုရ လောကအောင် မြေအောက်သယံဇာတပစ္စည်းများ ရှာဖွေလေ့လာရာတွင် လွန်စွာကျွမ်းကျင်သူတစ်ဦးလည်း ဖြစ်ပါချေ၏။ သို့သော် ယာမာဂူချိစံတို့၏ ကျွန်းနိုင်ငံသည် သူဝါသနာပါသော ဘာသာရပ်မျိုးနှင့် မအပ်စပ်သဖြင့် အခြားတစ်ပါးသော နိုင်ငံတစ်ခုတွင် သွားရောက်၍ အသက်မွေးဝမ်းကျောင်းခဲ့ရသည်ကလည်း သူ့ဖခင်၏ဘဝဖြစ်စဉ်အတိုင်း ရှိခဲ့ရပေသည်။

မည်သို့ပင်ဖြစ်စေ တကယ်တမ်း ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် အရေးကြုံလာခဲ့သောအခါတွင် ပြည်ပရောက် ယာမာဂူချိစံလည်း လက်ပိုက်ကြည့်မနေနိုင်ခဲ့တော့ပါချေ။

ထို့ကြောင့်လည်း အမိဂျပန်နိုင်ငံတော်ကြီးအတွက် ကျရာတာဝန်များကို စွမ်းစွမ်းတမံ ပြန်လည်ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။ ယခုတော့ အခြေအနေ၊ အချိန်အခါအရ ခေတ်ပညာတတ် အငယ်တန်း အင်ဂျင်နီယာလေး ယာမာဂူချိစံမှာ ယခုအချိန် (စစ်ရေးကာလ) တွင် ဂျပန်နိပွန်တပ်မတော်ကြီး၏ တိုက်ပွဲဝင်စစ်လေသူရဲတစ်ဦးဘဝသို့ ရောက်ရှိနေခဲ့ရသည်မှာ ကံကြမ္မာ၏ စေစားရာလှည့်ကွက်တစ်ခုပင်လေလားဟု . . . ။

ယခုလည်း မြန်မာပြည်နယ်စပ်နှင့် ဘင်္ဂလားနယ်မြေတွင် တစ်နေရာအရောက်တွင် မမျှော်လင့်ဘဲ သူမောင်းနှင်လာသည့် လေယာဉ်သည် စက်ချို့ယွင်းကာ တောင်ကြားတစ်နေရာတွင် ပျက်ကျခဲ့ရသည်။ ယာမာဂူချိစံ ကြောက်လန့်တကြားနှင့် မိုက်မိုက်ကန်းကန်းပင် လေယာဉ်ပျံကို ထိုးဆင်းခဲ့ခြင်းဖြစ်သည်။ ထို့နောက် လေယာဉ်ပျံ မီးလောင်၍ မပေါက်ကွဲမီ အသည်းအသန် ဆင်း၍ပြေးခဲ့ရပါချေ၏။

ပြေးစဉ်ကာလကမူ ကြောက်ကြောက်လန့်လန့်နှင့်မို့ ဘာမှမသိ မကြည့်အားဘဲ ခြေဦးတည့်ရာ ပြေးထွက်ခဲ့သည်။ နောက်ပိုင်းမှ အင်္ဂလိပ်စစ်တပ်၏ရန်ကိုလည်း ကြောက်ရ၊ နယ်မြေဒေသ မကျွမ်းသဖြင့် ရန်သူ

www.burmeseclassic.com

www.burmeseclassic.com



အနွေရာသီ၊ တောကောင်ကြီးများ၏အန္တရာယ်ကိုလည်း ကြောက်ရသည်မို့ ပုန်းလျှိုးကွယ်လျှိုးဖြင့် တောတိုးလာခဲ့ရသည်။ ချုံတော၊ ဝါးတောများတွင် နိုကပ်ရင်း တွေ့ရာကြုံရာစားရင်း၊ အငတ်ငတ် အပြတ်ပြတ်နှင့် ခြေဦးတည့်ရာ ခရီးနှင်ခဲ့ရာမှ နောက်ဆုံး လျှိုကြီးတစ်ခုကြားသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ယာမာဂူချိစံလက်မှ နာရီကိုကြည့်လိုက်တော့ နံနက်ဆယ့်တစ်နာရီကျော်ကျော်မျှသာ ရှိသေးသည်။ သို့သော် မိုးလုံးပြည့် မည်းမှောင်နေသော မိုးသားတိမ်လိပ်များကြောင့် နေရောင်ကို လုံးဝမမြင်ရချေ။ မိုးသက်လေက တဟူးဟူး တိုက်ခတ်နေသည်။ ထူထပ်သော တောရိပ်တောင်ရိပ်များကြောင့် ပိုမို၍မှိုင်းမှောင်နေပြီး ရာသီဥတုကလည်း စိမ့်နေအောင်အေးလှသည်။ တဟူးဟူးတိုက်ခတ်လျက်ရှိသော မိုးသက်လေပြင်းကြောင့် သစ်ပင်ကြီး၊ ဝါးပင်ကြီးတို့ အကိုင်းချင်း၊ အခက်ချင်း ပွတ်ကြိတ်သံ၊ ရိုက်ခတ်သံများမှလွဲ၍ တောင်ကြီးများ ပတ်လည်ဝိုင်းနေသည့် လျှိုကြီးထဲဝယ် တိတ်ဆိတ်ငြိမ်သက်နေပါ၏။ မှိုင်းမှုန်သော မိုးတိမ်များကြောင့်လည်းကောင်း၊ ထူထပ်သောတောရိပ်သစ်ရိပ်များကြောင့်လည်းကောင်း လျှိုကြီးထဲဝယ် အလင်းရောင်ဟူ၍ လုံလောက်အောင်မရ၊ နေဝင်ဆည်းဆာအချိန်ကဲ့သို့ ခပ်မှောင်မှောင်မျှသာ ရှိပါချေ၏။

ထိုကဲ့သို့သောအခြေအနေတွင် ဤကဲ့သို့ ထူးဆန်းလှသော ဖြစ်ရပ်များနှင့် မယုံကြည်နိုင်ဖွယ် မြင်ကွင်းများကို ယာမာဂူချိစံ တွေ့မြင်လိုက်ရခြင်းဖြစ်သည်။ တိုင်းတစ်ပါးလူမျိုးခြား နိုင်ငံပိုင်နက်ထဲတွင် မြန်မာပြည်မှ သူတွေ့ဖူးမြင်ဖူးခဲ့သော မြန်မာလူမျိုးများကဲ့သို့ "ထူးခြားလှသည့် မြန်မာကြီးများကို အံ့သြဖွယ်ရာ တွေ့မြင်နေရခြင်းပင်တည်း။

ဆိုရပါလျှင် လူမျိုးခြားများ ပတ်လည်ဝိုင်းရံလျက်ရှိသော ဘင်္ဂလားနယ်မြေပိုင်နက်ထဲမှ ထူးခြားသော မြန်မာပြည်ငယ်ကလေး။ ထိုပြည်ငယ်ကလေးထဲမှ ထူးထူးခြားခြား တွေ့မြင်လိုက်ရသူများမှာ မြန်မာမှ၊



မြန်မာဟန် စစ်စစ်၊ မြန်မာပြည်မြို့ကြီးပြကြီးများ၌ တွေ့ရလေ့ရှိသော မြန်မာများနှင့် မတူညီသည့် အညာကျေးလက်များတွင်သာ ရှားရှားပါးပါး မြင်တွေ့ရသည့် ပကတိ မြန်မာပီသသော မြန်မာကြီးများပင် ဖြစ်ပေတော့သည်။

ထူးခြားသည်မှာ သူမြင်တွေ့ဖူးခဲ့သော မြန်မာများနှင့် မတူဘဲ သန်မာထွားကျိုင်းသော မြန်မာယောကျ်ား၊ မိန်းမများချည်းသာ ဖြစ်နေကြခြင်းပင်။ ယောကျ်ားကြီးများမှာ သျှောင်ထုံးဆံပင်ကြီးများ၊ ရင်ဖုံးတိုက်ပုံအင်္ကျီကဲ့သို့ ဖားဖားလျားလျား၊ တောင်ရှည်ပုဆိုးများ ဝတ်ဆင်ထားကြပြီး အမျိုးသမီးများမှာမူ ဆံထုံးမြင့်မြင့်ကြီးများ၊ ရှည်လျားသော ဆံပင်ရှည်ကြီးများနှင့် ရင်ဖုံးအင်္ကျီကဲ့သို့ လက်ရှည်ပွပွကြီးများ ဝတ်ဆင်ကာ ခါးဆီတွင် မည်းနက်သော အထက်ဆင်လက်တစ်ဝါးခန့်ရှိ ထဘီများ ထူးခြားစွာဝတ်ဆင်ထားကြသည်ကို အံ့သြဖွယ်တွေ့မြင်လိုက်ရ၏။

စင်စစ် ယာမာဂူချိစံသည် ဂျပန်လူမျိုးဖြစ်သည့်တိုင် တစ်ပါးယဉ်ကျေးမှုနှင့် မြန်မာစာပေတို့အား ဝါသနာအရ နှံ့နှံ့စပ်စပ် လေ့လာထားသဖြင့် ယခုကဲ့သို့ ထူးခြားကွဲပြားသော မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်၊ ယဉ်ကျေးမှုများကို သိရှိနေခြင်းပင် ဖြစ်ပါ၏။

ယခုမှ ယာမာဂူချိစံမှာ သူရောက်ရှိသည့်နေရာကို သေချာစွာကြည့်ရှုလိုက်မိသည်။ စိမ်းစိုဖားလျားသော ငှက်ပျောခြံကြီးတစ်ခုထဲသို့ ရောက်ရှိနေခြင်းပင် ဖြစ်ပါ၏။ တစ်နေရာတွင် မှည့်ဝင်းနေသည့် ငှက်ပျောခိုင်တချို့ကို မြင်လိုက်ရသဖြင့် ဆာလောင်နေသည့် ဝမ်းဗိုက်က တကြုတ်ကြုတ်နှင့် မြည်လာသည်သို့ . . .။

"ဟာ . . . ငှက်ပျောခိုင်ကြီးမှာ ငှက်ပျောသီးတွေ မှည့်နေတာပါလား၊ ဟိုမြန်မာကြီးတွေ ခြံထဲကထွက်သွားမှ ငါ ဒီချုံထဲကထွက်မှ ဖြစ်မယ်၊ နို့မို့ဆို ငါ့ကို သူတို့တွေ့သွားရင် ခက်မယ်"

မကြာမီ မြန်မာကြီးလေးငါးယောက်မှာ တလေးငယ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို လက်ဆွဲ၍ ငှက်ပျောခြံကြီးထဲမှ တစ်ဖက်သို့ ထွက်သွားကြပါတော့သည်။ ထိုမြန်မာကြီးများ ခြံထဲမှထွက်သွားကြမှ ယာမာဂူချီစံ ငှက်ပျောခိုင်ရှိရာသို့သွားကာ ခါးမှ ဓားမြှောင် (လုံ့စွပ်) ဖြင့် ငှက်ပျောသီးမှည့်အချို့ကို ဖြတ်လှီးယူလိုက်သည်။

ပြီးလျှင် ယခင်ခိုအောင်းနေကျ ချုံကြီးထဲသို့ပြန်၍ ခိုဝင်ကာ ငှက်ပျောသီးမှည့်လေးငါးလုံးကို ဖြတ်ခြွေစားလိုက်ပါ၏။ တကြုတ်ကြုတ် မြည်နေသည့် ဝမ်းဗိုက်မှာ အတန်ငယ် ငြိမ်သက်သွားသည်သို့ . . .။

ယာမာဂူချီစံမှာ ထိုနေ့တစ်နေ့လုံး ချုံကြီးထဲမှာပင် ခိုအောင်း၍ အားဖြည့်ရင်း မယုံကြည်နိုင်ဖွယ် ကြုံတွေ့ခဲ့ရသည့် သူ၏ဖြစ်စဉ်ကို ပြန်လည်၍ စဉ်းစားရင်း မြင်ယောင်နေမိပါတော့သည်။

BURMESE CLASSIC .com

☼ ☼ ☼

## အခန်း (၂)
## ယာမာဂူချီစံ ကြုံတွေ့ခဲ့ရသော ရွှေပုံပြင်

အချိန်ကာလက ၁၉၄၂ ခုနှစ် ဝန်းကျင်ကာလ။

(၁၈၂၄) ခုနှစ်ကတည်းက စတင်၍ မြန်မာနိုင်ငံကို လက်နက်အားကိုး ညာဏ်နီညာဏ်နက်ဆိုးများဖြင့် အဓမ္မနယ်ချဲ့လွှမ်းမိုးအုပ်ချုပ်ခဲ့သည့် ဗြိတိသျှအင်္ဂလိပ် ကိုလိုနီနယ်ချဲ့အစိုးရသည် မြန်မာမျိုးချစ်တော်လှန်ရေးအင်အားစုများ ဦးဆောင်သည့် မြန်မာ့တပ်မတော်နှင့် နိပွန်ဂျပန်တို့၏ စစ်ရေးအကူအညီတို့ကြောင့် နယ်ချဲ့ရာဇပလ္လင် ဖင်လှုပ်ခါနေချိန် ဖြစ်ပါ၏။

(၁၉၄၁) ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင် ဂျာမဏီ၊ အီတလီ၊ မဟာမိတ်ဂျပန်တို့က အင်္ဂလိပ်နှင့်အမေရိကန်တို့ကို စစ်ကြေညာကာ ရုတ်တရက် လျှပ်စီးလက်သလို ဝင်ရောက်တိုက်ခိုက်ကြသည်။ ဒီဇင်ဘာလ (၈) ရက်နေ့တွင် စစ်ကြေညာပြီးနောက် ဂျပန်နိပွန်များက အင်္ဂလိပ်တို့ အုပ်ချုပ်နေသည့် မြန်မာပြည်၏မြို့တော် ရန်ကုန်မြို့ကြီးအား ဒီဇင်ဘာ (၂၃) ရက်နေ့တွင် ဗုံးကြဲ၍ တိုက်ခိုက်ခဲ့ပါတော့သည်။

(၁၉၄၂) ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် အင်အားတောင့်တင်း၍ စိတ်ချရပါသည်ဆိုသော ဗြိတိသျှအင်္ဂလိပ်တို့၏ အရှေ့ဘက် အကြီးဆုံး ခံတပ်ဖြစ်သော စင်ကာပူခံတပ်ကြီးကျဆုံး၍ အင်္ဂလိပ်တို့ စစ်ရှုံးခဲ့ရသည်။ ထိုသို့သောအချိန်တွင် . . .

တိုက်ပွဲဝင် စစ်လေသူရဲတစ်ဦးဖြစ်သည့် "ယာမာဂူချီစံ" သည် သူ၏ လေယာဉ်စက်ကိုထိန်း၍ သတိနှင့် မောင်းနှင်နေပါ၏။ သူ သည် တစ်ခေါက်ထမ်းဆောင်ရသော တာဝန်ကလည်း လျှို့ဝှက်သလောက် ကြီးမားလှသည်ဟု ထင်မိသည်။ အခါတိုင်းအခေါက်များကဲ့သို့ ရိုးရိုးတန်းတန်း ပစ္စည်းပစ္စယမျိုးစုံ သယ်ယူပေးဖို့ရုံသက်သက် မဟုတ်ပေ။ သည်လိုခရီးစဉ်မျိုးဖြင့် သည်နိုင်ငံ၊ သည်ဒေသသို့ အခေါက်ပေါင်းများစွာ ခုံထုံးသည်ဖြစ်၍ လမ်းမြေပုံတို့ကိုပင် အလွတ်နီးပါး မှတ်မိနိုင်သည့် အခြေအနေမျိုးဟူ၍ ပြောလျှင်ပင် ရနိုင်ပါ၏။

သည်ကဲ့သို့ ပုံစံမျိုးဖြင့် လွန်ခဲ့သော ရက်တစ်ပတ်ကျော်ခန့်က ဝင်သယ်ဘက်နှင့်နီးသော မြို့တစ်မြို့သို့ ပစ္စည်းများကို အခေါက်ခေါက် အခါခါ ချပေးခဲ့ရပါသေးသည်။ ကမ္ဘာ့လူသားအချင်းချင်း စစ်မက်ရေးများအရလည်းကောင်း၊ စားရေးရိက္ခာအရလည်းကောင်း မိတ်ဆွေနိုင်ငံများ၏ ထုံးတမ်းစဉ်လာ တာဝန်ဝတ္တရားများအတိုင်း လုပ်ဆောင်ပေးခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ကြောင်း မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို လေ့လာပြုစုနေသည့် "ယာမာဂူချီစံ" က နှလုံးသွင်း ခံယူ ရပ်တည်ထားသူတစ်ယောက်လည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ထမ်းဆောင်သင့်သည့် တာဝန်ဝတ္တရားဟူသမျှတို့ကို ဦးလည်မသုန် ထမ်းဆောင်ရင်း လုပ်အား၊ လူအား၊ စစ်ရေးအား၊ ရိက္ခာအားတို့ဖြင့် သူတို့၏ နိုင်ငံခေါင်းဆောင်ကြီးများ တာဝန်ယူ လုပ်ကိုင်စေခဲ့ကြသော လုပ်ငန်းပိုင်းတွင် "ယာမာဂူချိစံ" တစ်ယောက် ကျေနပ်စွာ ပါဝင်ခဲ့ခြင်းလည်း ဖြစ်ပါချေ၏။

စင်စစ် ယာမာဂူချိစံ၏ဝါသနာမှာ သမိုင်းအချက်အလက်များ လေ့လာရှာဖွေရေးနှင့် မြေအောက် သယံဇာတပစ္စည်းများကို စွန့်စွန့်စားစား ရှာဖွေရသည်များကို ဝါသနာကြီးလွန်းသူတစ်ယောက် ဖြစ်သည်။ သို့သော် တကယ်တမ်း ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် အရေးကြုံလာခဲ့သောအခါတွင်မူ လက်ပိုက်၍ကြည့်မနေနိုင်တော့ဘဲ ဝါသနာဗီဇကို ဘေးချိတ်ကာ ကျရာတာဝန်များကို စွမ်းစွမ်းတမံ ပြန်လည်၍ ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

အခြေအနေ အချိန်အခါအရ ခေတ်ပညာတတ် အငယ်တန်း အင်ဂျင်နီယာသာဖြစ်ခဲ့သော်လည်း ယခုလိုအချိန်မျိုးတွင် နိပ္ပွန်ဂျပန် တပ်မတော်ကြီးအတွက် တိုက်ပွဲဝင် စစ်လေသူရဲကောင်းဘဝသို့ ပြောင်းလဲရောက်ရှိလာခဲ့သည့် ယာမာဂူချိစံသည် ...

"အင်း ... သတ်မှတ်ထားတဲ့ မြေပုံညွှန်းအရဆိုရင်တော့ မကြာခင် ဘီရမာ (မြန်မာ) နိုင်ငံနယ်နိမိတ်ထဲကို ရောက်တော့မယ်"

ဟုတ်သည် ...။ ယာမာဂူချိစံ တာဝန်ယူရသောနိုင်ငံမှာ လူကြီးများ၏ ညွှန်ကြားချက်အရ ကမ္ဘာ့မြေပေါ်တွင် (BURMA) ဘားမားဟူ၍ ရေးသားထားသော နိုင်ငံပင် ဖြစ်ပါ၏။ ပင်လယ်ရေပြင်ကျယ်ပြာမှိုင်းမှိုင်းကို အတန်ကြာမျှ ဖြတ်သန်းလာခဲ့ပြီးမှ ရောက်ရှိနိုင်သော ဒေသတစ်ခုလည်း ဖြစ်သည်။ သည်နိုင်ငံ သည်ဒေသတစ်ခု၌ ဖော်ပြပါ ညွှန်းရပ်မြေပုံအတိုင်း မလွဲချော်စေရဟု အထူးမှာကြားချက်ကိုလည်း ယာမာဂူချိစံ ပြန်လည်၍ ကြားယောင်နေမိသည်။



ဟုတ်သည် ...။ မြေပုံပါတည်ရပ် ညွှန်ထောင့်တို့ မလွဲမသွေ တိကျနိုင်ပါမှ ယခု လေယာဉ်ပေါ်တွင် ပါရှိလာသောပစ္စည်း (လျှို့ဝှက်) များကို တာဝန်ကျေစွာ ချပေးနိုင်မည်မဟုတ်ပါလား။

လက်နက်ပစ္စည်းမဟုတ်သော ကုန်ပစ္စည်းများဟုသာ သူ နားလည်ခဲ့ရသော်လည်း မည်သည့်ပစ္စည်း၊ မည်သို့သောကုန်များ ဖြစ်၍ မည်သူတို့အတွက် မည်သို့အသုံးပြုရန်ဟူသည်ကိုတော့ ယာမာဂူချိစံ မသိနိုင်ခဲ့ပါချေ။ စင်စစ် သိရှိရန်လည်း မလိုအပ်ပါ။ စစ်ရေးစစ်မိန့် လျှို့ဝှက်ချက်ဆိုသည်မှာ လူသိနည်းလေ အန္တရာယ်ကင်းလေ မဟုတ်ပါလား။ လောလောဆယ်လက်ရှိ ကမ္ဘာ့စစ်မက်ရေးရာ အခြေအနေအရ သူတို့ ဂျပန်နိုင်ငံဘက်မှ အရေးသာနေခဲ့သည်မှန်သော်လည်း ပုံသေကားချ တစ်ထစ်ချခန့်မှန်း၍ ရနိုင်ကောင်းသောအရာ မဟုတ်ပါချေ။

တဖြည်းဖြည်း ညွှန်းရပ်ပေါ်သို့ ရောက်ရှိလုနီးပြီဖြစ်၍ အတိအကျ နေရာမလွဲဖြစ်စေရန် စိတ်ကိုတည်ငြိမ်စွာထိန်း၍ လေယာဉ်ကို မောင်းနှင်လာခဲ့သည်။ ရံဖန်ရံခါ လေယာဉ်ရှေ့ဘက်မှ မြင်ကွင်းအတွင်းသို့ မြင့်မားကျယ်ပြောလှသည့် တောင်စဉ်တောင်တန်း ညို့ညို့မောင်းမောင်းကြီးများက ရုတ်တရက် တိုးဝင်လာသလိုမျိုး မြင်တွေ့ရသလို၊ တစ်ခါတစ်ရံ၌လည်း ထိုတောင်စဉ်တောင်ကြောများကြားမှ ထီးထီးမားမား ချွန်တက်နေသော တောင်စွယ်တောင်ထွတ်ကြီးများက လျှပ်တစ်ပြက် ပေါ်လာတတ်သည်မျိုးလည်း ရင်လှပ်သဲဖို တွေ့ကြုံရလေ့ရှိသည်။

ထိုသို့သောအခါမျိုးတွင် ထိုတောင်ချွန်း တောင်ထွတ်ကြီးများ၏ အစွန်းတို့ကို မနည်းလွတ်အောင် လေယာဉ်ကို သက်စွန့်ဆံဖျား ထောင်တက်၍ ပျံသန်းရသည်များလည်း ရှိတတ်၍ သတိကြီးစွာ ထားရပါ၏။ တစ်ချို့တစ်ချို့တွင် တောင်တန်းရှည်ရှည်မြင့်မြင့်ကြီးများက ကမ်းပါးယံများသဖွယ် ဖီလာကန့်လန့်ဖြစ်အောင် ကာဆီးနေကြပြီးမှ ဖြတ်ကျော်လိုက်သောအခါ တစ်ဖက်နေရာသည် နက်ရှိုင်းစွာ နိမ့်ဆင်းသွားခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



မြေပြင်ချိုင့်ဝှမ်းလိုမျိုး ပြန့်ပြန့်ပြူးပြူးတည်ရှိလျက် ရှိနေတတ်သည်ကို လည်း တွေ့ကြုံခဲ့ရသည်။ ကောင်းကင်ယံဝေဟင် အမြင့်ကြည့်ဖြစ်သော လေယာဉ်မြင်ကွင်းအစုံစုံတို့ကမူ ရင်သပ်ရှုမောဖွယ် ရင်သိမ့်တုန်ဖွယ် ပြောရှုမကုန်နိုင်လောက်အောင် ပရိယာယ်ကြွယ်လှသော ပဥ္စလက်ဆရာ ကြီး တစ်ယောက်နှယ်ပါတည်း . . .။

ထိုစဉ်မှာပင် ညွှန်ပြထားသော မြေပုံညွှန်းဒီဂရီပေါ်သို့ ရောက် ရှိလာခဲ့ပါ၏။

"ရောက်ပြီ ဒီနေရာပဲ"

ညွှန်မှတ်နေရာ။ ဒီဂရီအတိအကျ။ မြေပုံညွှန်းပေါ်သို့ ရောက် ရှိလာသည်နှင့် လေယာဉ်ကုန်လှောင်ခန်းတံခါးကို ပွင့်စေသည့် ခလုတ် ကို ယာမာဂုချိစံ နှိပ်ချလိုက်သည်။ လေယာဉ်သည် ငြိမ့်ခနဲ ငြိမ့်ခနဲ ဖြစ်သွားသည်။ ကုန်လှောင်ခန်းထဲမှ ကုန်ပစ္စည်းထုပ်များက တစ်ခုပြီး တစ်ခု လေထဲသို့ ပြုတ်ကျသွားကြပါ၏။

ကုန်ပစ္စည်းထုပ်များ မြေပေါ်သို့ ကျရောက်သွားပြီးနောက် ကျ မှတ်နေရာ သေချာကြောင်း မြေပြင်မှ အချက်ပေးမီးကျည်ကို မြင်ရန် လေယာဉ်ကို တစ်ပတ်ပျံဝဲကြည့်လိုက်သည်။ အောက်ဘက်ဆီမှ အပေါ် သို့ စူးထိုး၍တက်လာသော အချက်ပြမီးခိုးတန်းဖြူဖြူကို တွေ့မြင်လိုက် ရပါလေမှ ယာမာဂုချိစံ သက်ပြင်းမောကြီးကိုချကာ လေယာဉ်ကို စိတ်ချ လက်ချ ပြန်လှည့်ကာ လာရာလမ်းဆီသို့ ဦးလှည့်လိုက်ပါတော့သည်။

သူ့စိတ်အတွေးထဲတွင် အပြန်လမ်းခရီးတစ်လျှောက် သတ် မှတ်ထားသော လေယာဉ်လမ်းကြောင်းအတိုင်း အေးအေးဆေးဆေး နှင့် စိတ်လက်ပေါ့ပါးစွာ ပြန်လာရုံမျှသာဟု ထင်မြင်မိခဲ့သည်။

သို့သော် တကယ့်တကယ် အပြန်ခရီးတွင် သူထင်မှတ်ထား သကဲ့သို့ မဟုတ်ပါလေ။ မမျှော်လင့်ဘဲ ထူးခြားဆန်းကြယ်လှသော ဖြစ်ရပ်တစ်ခုကို အမှတ်မထင် တွေ့မြင်ခဲ့ရာမှ သူ၏ဘဝတွင် ထူးခြားဆန်း



ကြယ်သော အန္တရာယ်ပြွမ်းတီးသော ခရီးစဉ်တစ်ခုကို စွန့်စွန့်စားစား သွားရောက်ခဲ့ရသည်အထိ ဖြစ်ပေါ်လာခဲ့မည်ကို ယာမာဂုချိစံတစ်ယောက် ထိုစဉ်အချိန်က ရေးရေးမျှပင် မသိနိုင်ရှာခဲ့ပြီထင့် . . .။

ဟုတ်သည်။ သည့်ခရီးစဉ်ကို အထက်လူကြီးများက တိကျ သေချာစွာ ညွှန်ကြားသတ်မှတ်ပေးထားပြီးသား။ ယာမဂုချိစံအနေဖြင့် လည်း လာခဲ့ရာလမ်းကြောင်းအတိုင်း မလွဲမရှောင် အပြန်ခရီးစဉ်ကို ပျံသန်းလာခဲ့သည်။ သို့သော် အသွား ပျံသန်းခဲ့စဉ်အခါကမူ နေရာ၊ ဒေသ၊ ဒီဂရီ၊ မြေပုံညွှန်းမှအစ မလွဲချော်စေရန် သတိနှင့် ထိန်းချုပ် မောင်းနှင်နေရသဖြင့် ဘေးပတ်ဝန်းကျင်ဒေသတို့ကို ဂရုမစိုက်နိုင်အား။

ယခု အပြန်ခရီးအတွက် ပျံသန်းရစဉ်တွင် တာဝန်များ ပြီး မြောက်သွားခဲ့ပြီမို့ စိတ်လက်ပေါ့ပါး ပျော်ရွှင်စွာဖြင့် ပျံသန်းလာခဲ့မိသည် မဟုတ်ပါလား။ သို့သော် ပျံသန်းချိန် ဆယ်မိနစ်ခန့်သာ ရှိလိမ့်မည့် အချိန်ပိုင်းလေးတွင် ခပ်လှမ်းလှမ်း တစ်နေရာဆီမှ ထူးခြားသည့် အရောင် ဆန်းဆန်း အလင်းတန်းတစ်ခုကို ရုတ်တရက် တွေ့မြင်လိုက်ရသည်။

"ဟော"

ဟုတ်သည် . . . ထိုရောင်စဉ်အလင်းတန်းသည် အဝါရောင် ဝင်းလျက် ထွက်ပေါ်ယှက်ဖြာနေသော ရောင်စဉ်များဖြင့် လင်းလက် နေသည်ကို ထူးဆန်းအံ့သြစွာ တွေ့မြင်နေရသည် မဟုတ်ပါလား။

"ဟာ . . . ဘာဖြစ်လို့ ဝင်းလက်နေရတာလဲ၊ ဟို ဟို သဲကန္တာရ ကို တံလျှပ်ထရအောင်လည်း ဒီလိုနေရာမျိုးမှာ ဘာသဲကန္တာရ မရှိနိုင်ဘူး။ ဒါ . . . ဒါဆိုရင် ဘာလဲ၊ ဒီလို လင်းလက်နေတာဟာ ဘာလဲ"

ယာမာဂုချိစံ အံ့သြသွားလွန်းသဖြင့် ကျော်လွန်သွားခဲ့သော ထိုနေရာဘက်ဆီသို့ လေယာဉ်ကို တစ်ပတ်မျှ ပျံဝဲကြည့်လိုက်မိသည်။ သူ နားလည်မိသည်က သည်ဒေသသည် တောင်စဉ်တောင်တန်းတို့ မြောက်မြားစွာ တည်ရှိနေသကဲ့သို့ သစ်ပင်သစ်တောအုပ်တို့လည်း

www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းစွာ ထူထပ်လှသော ဒေသမျိုးဖြစ်သည်။

သည့်လို ဝန်းကျင်မျိုးသည် မချပင် အေးစိမ့်ပြီး အပူဒီဂရီ နိမ့်ကျသော အနေအထားမျိုး ရှိရပေလိမ့်မည်။ ရေမြေတောတောင်နှင့် ပထဝီအနေအထားအရ သည်ဒေသတစ်ဝိုက်သည် ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေပေါင်း သုံးထောင်ကျော် မြင့်မားလျက်ရှိသည်ဟု ညွှန်ကြားချက်တို့တွင် ပါရှိနေသည်ဖြစ်ရာ သဲကန္တာရမျိုးတွင် ဖြစ်တတ်သော "တံလျှပ်" တို့လို သဘောမျိုး လုံးဝမဟုတ်နိုင်ပါချေ။

ထူးထူးခြားခြား စိတ်ဝင်စားနေပြီဖြစ်သည့် ယာမာဂူချီစံမှာ နောက်တစ်ကြိမ် ထိုနေရာအနီးသို့ရောက်သောအခါ အသေအချာပင် ငုံ့ကြည့်လိုက်မိပါ၏။

"ဟာ ... တောင်ထွတ်တစ်ခုကို၊ အဲဒီနေရာတစ်ဝိုက်မှာ အရောင်တွေ ထွက်နေတာပါလား၊ မြေသားတွေကလည်း လင်းဖြာနေအောင် ဝင်းဝါနေလိုက်ကြတာ၊ ဒါ ဒါ သာမန်တော့ မဖြစ်နိုင်တော့ဘူး၊ အကြောင်းတစ်ခုခုတော့ ရှိမှာသေချာတယ်"

ယာမာဂူချီစံ၏အတွေးထဲတွင် ထိုမြေကြီးတို့ကို ဖြစ်နိုင်လျှင် နမူနာဖွဲ့ယူသယ်ဆောင်၍ မိမိတို့နိုင်ငံ၏ဓာတ်ခွဲခန်းတွင် စမ်းသပ်ကြည့်ချင်လှသည်။ ယခုမူ အပေါ်စီးမှသာ မြင်တွေ့ခွင့်ရပြီး လှည့်ပြန်ရမည့် အခြေအနေမျိုး ဖြစ်နေသဖြင့် ယာမာဂူချီစံမှာ မချင့်မရဲ ဖြစ်နေရပါ၏။

"အင်း ... မတတ်နိုင်ဘူးလေ၊ ကာဝန်နဲ့ဝတ္တရားအရဆိုတော့လည်း မြေပုံညွှန်းနဲ့ မှတ်ထားရုံပဲ ရှိတော့တယ်၊ မြန်မာပြည်နယ်နိမိတ်ကိုတော့ ကျော်လွန်လာခဲ့ပြီပဲ၊ နောက်တစ်ခေါက် မြေပြင်က လမ်းကြောင်းက လာနိုင်မှ ဒီနေရာကို မရောက်ရောက်အောင် ရှာဖွေပြီး သွားရမယ်"

သို့သော် ဖလယာဉ်မှူးဆိုသည်မှာ မြန်ဆန်လှပြီး အတွေးတို့က နောက်မှပေါ်လာခဲ့သည် မဟုတ်ပါလား။ ထို့ကြောင့် သူ မှတ်သားမိနိုင်သလောက်မျှသာ အကြမ်းဖျင်း မှတ်သားနိုင်မိသည်။ တတိယအကြိမ် ထပ်မံငုံ့ကြည့်ရန် ကြံရွယ်မိသော်လည်း တကယ့်လက်တွေ့တွင်မူ သူ မငုံ့မရဲ ဖြစ်နေမိခဲ့သည်။ အချိန်နှင့်တာဝန်တို့ကလည်း ယာမာဂူချီစံကို တစ်ဖက်မှ ပြန်လှည့်၍ ဖိအားပေးနေကြပြန်ပါ၏။ နောက်ဆုံးတော့ ထိုနေရာတစ်ဝိုက်ကို စိတ်မှန်းနှင့်သာ တွက်ချက်မှတ်သား၍ ထားလိုက်ပါတော့သည်။



"အင်း ... အနောက်လောင်ဂျီကျု၊ ၈၆ ဒီဂရီနဲ့ ၈၈ ဒီဂရီအကြား၊ တောင်လတ္တီကျု၊ ၁၈ ဒီဂရီနဲ့ ၂၀ ဒီဂရီ မဟုတ်သေးပါဘူး၊ တောင်လတ္တီကျု၊ ၁၈ ဒီဂရီနဲ့ ၁၉ ဒီဂရီအကြားလောက်ပဲ ဖြစ်မယ်ထင်တယ်၊ ဟုတ်တယ် ... မြေပုံညွှန်းအရဆိုရင် အဲဒီလောက်မှာပဲ ဖြစ်ဖို့သေချာတယ်"

ယာမာဂူချီစံ၏ စိတ်ထဲတွင်လည်း ထိုနေရာတစ်ဝိုက်တွင် တစ်ခုတည်းသော ရေအိုင်ကျယ်ကြီး၏ အနောက်ဘက်ကျကျတွင် ဖြစ်သည်ဟုသာ အကြမ်းဖျင်း မှတ်သားခဲ့လိုက်ပြီး နောက်ကြောင်းသို့ လှည့်၍ပြန်ရန် ပြင်ဆင်လိုက်သည်။ ယာမာဂူချီစံ၏ မျက်လုံးထဲတွင် ထိုဒေသ၏ ရောင်စဉ်ဝင်းလက်တောက်ပနေသည့် အဝါရောင်မြေသား တောင်လေလား၊ သဲကျောက်တောင်လေလား မသိနိုင်ပါဘဲ ပတ်ဝန်းကျင်တစ်ဝိုက် ထူထပ်နက်ရှိုင်းသော သစ်တောစိမ်းစိမ်းမှိုင်းမှိုင်းတို့ဖြင့် အားသတ် တည်ရှိနေသည့် ပုံသဏ္ဌာန်မြင်ကွင်းလေးကို ဖျောက်ဖျက်၍ မရနိုင်အောင် ရှိပါချေတော့သည်။

ထိုစဉ်မှာပင် ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)
## စိတ်ကူးပုံရိပ်ထဲက ရွှေရောင်အိပ်မက်ခရီးကြမ်း

ထိုစဉ်မှာပင် ယာမာဂူချီစံ မောင်းနှင်နေသည့် လေယာဉ်သည် သိမ့်ခနဲ တစ်ချက်မျှတုန်ခါသွားကာ ဘယ်ဘက်ခြမ်းမှာ နိမ့်ဆင်းသွားသကဲ့သို့ ခံစားလိုက်ရသည်။ ချက်ချင်းပင် အသိစိတ်တို့၏ လှုံ့ဆော်မှုကြောင့် လေယာဉ်ကြီး၏ ဘယ်ဘက်ခြမ်းတောင်ပံဆီသို့ ယာမာဂူချီစံ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

"ဟာ"

ယာမာဂူချီစံ ဒိန်းခနဲ ရင်ခုန်သွားပါ၏။ လေယာဉ်ကြီး၏ ဘယ်ဘက်တောင်ပံဆီမှ မီးခိုးများ အူထွက်သည်ကို ဖျတ်ခနဲ တွေ့မြင်လိုက်ရသည်။ တစ်ချိန်တည်းမှာပင် လေယာဉ်၏ ဘယ်ဘက်တောင်ပံ၏ စက်သည် လုံးဝအလုပ်မလုပ်ပါလေတော့။ ယာမာဂူချီစံ ကြိုးစား၍ လေယာဉ်ကို ပြန်၍တည့်မတ်ပါသော်လည်း ဘယ်ဘက်ခြမ်းတောင်ပံမှာ ပြန်၍ ဦးမော့မလာပါချေတော့။

"ဟာ . . . အဲဒါမှ ဒုက္ခပဲ၊ လေယာဉ်ကို တည့်မတ်လို့မရရင်တော့ တဖြည်းဖြည်းနဲ့ အောက်ကိုစိုက်ဆင်းသွားတော့မှာ သေချာနေပြီ ငါ ငါ ဘာ တာလုပ်ရမလဲ"

ဟုတ်သည်။ ယာမာဂူချီစံ တွေးနေစဉ်အတွင်းမှာပင် လေယာဉ်ကြီးက တစ်စတစ်စနှင့် အောက်ဘက်မြေပြင်ရှိရာသို့ လျင်မြန်စွာ နိမ့်ဆင်းလျက် ရှိပါချေပြီကော။ မထူးတော့ပြီမို့ ယာမာဂူချီစံမှာ မြေပြင်ထက်သို့ စွန့်စား၍ ဆင်းရန်သာ ကြိုးစားလိုက်ပါတော့သည်။

ထိုကဲ့သို့ သေမင်းနှင့် စစ်ခင်းနေရသည့် အချိန်ကလေးမှာ



ယာမာဂူချီစံ ဖျတ်ခနဲ သတိရလိုက်မိသည်က ရေအိုင်ကျယ်ကြီးနှင့် မနီးမဝေးရှိ ရွှေရောင်လင်းလက်နေသည့် "ရွှေရောင်တောင်ကုန်းလေး"။

"ဟား . . . ငါ ငါ လေယာဉ်ပျက်ကျတဲ့နေရာက ဟို ဟို ဝင်းလက်နေတဲ့ ရွှေ ရွှေရောင်တောင်ကုန်းလေးနားမှာပါပဲလား။ အိုး မထူးတော့ပါဘူး မြေပြင်ကိုဖြတ်တဲ့နည်းနဲ့ ဆင်းမှဖြစ်တော့မယ်"

ယာမာဂူချီစံမှာ စိတ်ချောက်ချားလွန်းသဖြင့် တုန်တုန်ယင်ယင်ပင် ဖြစ်နေပါ၏။ အချိန်မရွေးပေါက်ကွဲနိုင်သည့် အနေအထားတွင် လေယာဉ်ကို အတတ်နိုင်ဆုံး တည်ငြိမ်စွာထိန်း၍ မြေပြင်သို့ ဆင်းသက်နိုင်ရန် ကြိုးစားနေပါ၏။ အောက်မှ သစ်ပင်စိမ်းစိမ်း၊ တောင်ထွတ်တောင်မြင့်များက သူ၏မြင်ကွင်းထဲသို့ တစ်စတစ်စ ပြေးဝင်လာနေကြသည်မို့။

တရှိုးရှိုး၊ တဝေါဝေါ၊ တဝုန်းဝုန်းနှင့် လေယာဉ်ကိုယ်ထည်ကြီးကို လေတိုးတိုက်သံကြီးများကို ကျယ်လောင်စွာကြားနေရသည်။ ခန္ဓာကိုယ်ကြီးက လေယာဉ်ထိုင်ခုံမှ လွင့်ထွက်မသွားအောင် ခါးပတ်ကြိုးက ထိန်းချုပ်ထားသဖြင့်သာ တော်တော့သည်။ ထိုစဉ်မှာပင် . . .

'ဂျိမ်း ဝေါ ဖရော'

လေယာဉ်သည် သစ်ပင်သစ်ကိုင်းထိပ်ဖျားများပေါ်မှ တဝေါဝေါနှင့် ဖြတ်ကျော်ကာ [illegible]ဒူးဆစ်ခန့်ရှည်လျားသော မြက်ရိုင်းပင်များအတွင်းသို့ ဝမ်းဗိုက်နှင့်ရှပ်၍ ထိုးဆင်းသွားပါတော့သည်။

'ဝေါ ဖြုန်း ဝေါ ဖရော ဖျော'

ယာမာဂူချီစံသည် ကျယ်ပြောလှသော မြက်ရိုင်းပင်ရှည်ကြီးများ အလယ်သို့ ကံကောင်းထောက်မစွာဖြင့် သူ၏ လေယာဉ်ကြီးကို [illegible]ဆင်းနိုင်ခဲ့သည်။ သို့သော် လေယာဉ်ဦးတည်ရာတွင်ကား ကျောက်[illegible]ောင်ထွတ်ကြီးများက မရဏခံတွင်းကြီးနှယ် အသင့်စောင့်ကြိုနေသည် [illegible] . . .။ ထိုစဉ် . . .

www.burmeseclassic.com

www.burmeseclassic.com



'ဝေါ ဖျော ဖျော ကျိမ်း'

လေယာဉ်ကြီးသည် ဘယ်ဘက်တောင်ပံနှင့် ထောက်ကား ရုတ်တရက် ကျိမ်းခနဲ မြည်ဟည်းသံကြီးနှင့်အတူ တုံ့ခနဲ ရပ်သွားပါ၏။ အခြေအနေကို ရိပ်စားမိသည့် ယာမာဂူချိစံသည် လေယာဉ်မီးလောင် မပေါက်ကွဲခင်မှာပင် သွေးရူးသွေးတန်းနှင့် ဆင်းပြေးခဲ့သည်။

"ဟာ . . . ဟို ဟိုမှာ"

အရေးထဲအရာပေါ်ဆိုသကဲ့သို့ သေပြေးရှင်ပြေး ထွက်ပြေး နေရသည့်ကြားမှ မမျှော်လင့်ဘဲ လေယာဉ်ပေါ်မှ တွေ့မြင်ခဲ့ရသည့် အဝါရောင် လင်းဖြာနေသည့် တောင်ကုန်းကြီးကို ဘွားခနဲ မြင်တွေ့ လိုက်ရသည်မို့ ယာမာဂူချိစံမှာ ဘာဘာညာညာ စဉ်းစားမနေတော့ဘဲ မြေစိုင်ခဲ ခဲကြီးကြီးတစ်ခုကို ကောက်ယူကာ ဘောင်းဘီအိတ်ထဲသို့ ထည့်၍ ပြေးထွက်လာခဲ့ပါတော့သည်။

ထိုစဉ်မှာပင် သူ့၏နောက်တွင် ကျန်ရစ်ခဲ့သော လေယာဉ် ကြီးမှာ ဝင်းခနဲ လက်သွားပြီး ဝုန်းခနဲမြည်ဟည်းကာ မီးလောင်ပေါက် ကွဲသွားခဲ့ပါတော့သည်။

'ဝုန်း ကျိမ်း'

အခြေအနေမကောင်းတော့ လေယာဉ်ကြီး မီးလောင်ပေါက် ကွဲသံကြောင့် အနီးဝန်းကျင်ရှိ ရွာပုန်းများမှ ကြားသွားခဲ့လျှင် သူ့အတွက် မည်သို့မျှ အခြေအနေ မကောင်းနိုင်ပါချေ။ ထို့ကြောင့် လေယာဉ်ပျက် ကျရာနေရာနှင့် အဝေးဆုံးသို့ရောက်အောင် ယာမာဂူချိစံ အလဲလဲ အကွဲကွဲနှင့် ပြေးမိပြေးရာ ပြေးထွက်ခဲ့ပါတော့သည်။

ဤသို့ဖြင့် တောကြီးမျက်မည်းအလယ် ချုံတော၊ ဝါးတော ကြီးများတွင် နိုကပ်ကာ အငတ်ငတ်အပြတ်ပြတ်နှင့် နစ်ရက်နှင့် တစ်ညခန့် မျက်စိလည်လမ်းမှားကာ ရှိနေခဲ့ပါချေ၏။ တောကောင်ကြီးများ၏ရန်နှင့် မျက်နှာစိမ်းရန်သူများ၏ရန်မှလည်း ရှောင်ကွင်းပုန်းအောင်း



သွားလာခဲ့ရာမှ နောက်ဆုံးတွင် တောင်တန်းကြီးများကြား ကြီးမား ကျယ်ပြန့်လှသော လျှိုမြောင်ကြီးအလယ်ရှိ ရွာကြီးတစ်ရွာ သို့မဟုတ် ပြည်နယ်ကြီးတစ်ခုသို့ ရောက်ရှိလာခဲ့ခြင်းပင် ဖြစ်ပါတော့သည်။

ယာမာဂူချိစံတစ်ယောက် ချုံပုတ်ကြီးထဲတွင် ငှက်ပျောသီး မှည့်များစားကာ မည်မျှကြာကြာ အိပ်မောကျသွားခဲ့သည် မသိ . . .။ သူ အိပ်ရာမှ ဖျတ်ခနဲ နိုးထလာတော့ ညနေခင်း မှောင်ရီပျိုးစပင် ပြု နေပါချေပြီ။

"အား . . . ငါ တော်တော်ကြာအောင် အိပ်ပျော်သွားခဲ့တာပါ လား။ အင်း . . . ငါ ဒီနေရာမှာ ကြာကြာနေလို့လည်း အန္တရာယ်မကင်း ဘူး။ မြန်မာကြီးတွေကို တွေ့နေရပေမယ့် ဟို ဟို ငါသိတဲ့ မြန်မာပြည်က မြန်မာတွေလို မဟုတ်ကြတော့ ငါ့ကိုများ မတော်တဆ တွေ့သွား ကြရင် အန္တရာယ်ပေးဖို့များတယ်၊ အို ရှုပ်ပါတယ် . . . ဟိုဘက်တောင် ခြေကိုရောက်တော့ ငါ ခရီးလမ်းကြောင်းကို တွက်ချက်သွားလို့ ရနိုင်မှာ ပဲ မထူးတော့ဘူး . . . တောင်ခြေကိုပဲရောက်အောင် ဆင်းတော့မယ်"

ယာမာဂူချိစံမှာ ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ် ချလိုက် ပြီး ငှက်ပျောသီးနှစ်ဖီးကို လွယ်အိတ်ကြီးနှင့်ဆွဲကာ ချုံပုတ်ကြီးထဲမှ သတိနှင့် ထွက်ခွာလာခဲ့ပါ၏။ ထူးထူးခြားခြား တွေ့မြင်ခဲ့ရသော မြို့ရိပ်ခြားမှ မြန်မာကြီးများ နေထိုင်ကြသော ရွာကြီး သို့မဟုတ် ပြည်နယ်ကြီးကတော့ သူ့နောက်တွင် မှုန်ဝါးဝါးနှင့် ကျန်ရစ်ခဲ့ပါချေပြီ။

ထူထပ်သော တောင်စွယ်တောင်တန်းကြီးများက ကြည့်လေ ရာ မြင်လေရာတိုင်းတွင် ညို့ညို့မှိုင်းမှိုင်းဖြင့် တောင်တံတိုင်းကြီးများ ကာရံထားကြသည်သို့ . . .။ နက်ရှိုင်းသော တောကြီးကလည်း ညို့နေ အောင် ပိတ်ဆိုင်းလျက်။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် အစိမ်း ရောင်တည်း တောတိုးလျက် လမ်းစရှာဖွေနေသည့် ယာမာဂူချိစံမှာ ခြေလှမ်းများပင် ယိုင်နဲ့စပြုလာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



“ဟား ... မြန်မာပြည်ထဲကို ငါပြန်ရောက်နိုင်ပါဦးမလား၊ ဒီအချိန်လောက်ဆိုရင် ငါ့လေယာဉ် ရောက်မလာလို့ တပ်မှူးကြီးတွေ ခေါင်းချင်းရိုက်နေကြပြီထင်တယ်၊ ပြည်မထဲမှာရှိကြတဲ့ ဂျပန်စစ်သား တွေကလည်း ငါ့ကို တောနင်းပြီး ရှာဖွေနေကြရော့မယ်၊ ကံကြမ္မာ မျက်နှာသာပေးခဲ့ရင်တော့ သူတို့နဲ့ ငါ တွေ့နိုင်ကောင်းပါရဲ့”

အေးမြသော ဆောင်းရာသီကုန်လွန်စပြုပြီဖြစ်သော်လည်း ဤတော ဤတောင် ဤနယ်မြေဒေသထဲတွင်ကား အေးစိမ့်မြဲ အေးစိမ့် လျက်ပင် ရှိပါချေ၏။ ယာမာဂူချိစံတစ်ယောက် ကညင်ပင်ကြီးတစ်ပင်၏ ကြီးမားလှသော ခွဆုံကြားတွင် တစ်ညဥ့်တာခိုနားလျက်။ တောစပ် တစ်လျှောက်မှ ဒီးဒုတ်ကြီးများနှင့် ကုတ်ကလူးငှက်ကြီးများ၏ ကြောက် မက်ဖွယ်ရာ အော်မြည်သံများက တိတ်ဆိတ်ငြိမ်သက်နေသည့် တောကြီး မျက်မည်းထဲရှိ ညဥ့်ကမ္ဘာကို သွေးပျက်ချောက်ချားစေရန် ဖန်တီးလှုံ့ဆော် နေသည်သို့ ...။

သားကောင်ကြီးများ၏ အော်ဟစ်သံ၊ ကျားဟိန်းသံကြီးများ နှင့် သားစားညဥ့်ငှက်ကြီးများ၏ အော်မြည်သံကြီးများကို နာခံရင်း နက် ရှိုင်းလှသော တောကြီးမျက်မည်းထဲတွင် ထိတ်ထိတ် အလန့်လန့် အငတ်ငတ် အပြတ်ပြတ်နှင့် ငါးညတိုင်တိုင် ဖြတ်သန်းလာခဲ့ရာ နောက် ဆုံးတွင် သဘောကောင်းလှသော တောင်ရိုး မိသားစုနှင့် တွေ့ဆုံခဲ့ သည်။ ထိုတောင်ရိုးမိသားစုများ၏ ကယ်တင်စောင့်ရှောက် ကျွေးမွေး သဖြင့် ယာမာဂူချိစံတစ်ယောက် သေကံမရောက် သက်မပျောက်ခဲ့ ခြင်းပင် ဖြစ်ပါချေ၏။

ထိုတောင်ရိုးမိသားစုများထံတွင် နှစ်ရက်ခန့် နေထိုင်ခဲ့ပြီး သူတို့ ညွှန်ပြသော လမ်းကြောင်းမှ မြန်မာပြည်အတွင်းသို့ ဝင်ရောက် လာခဲ့သည်။ နောက်ထပ်နှစ်ရက်ခန့်အကြာမှာတော့ သူ့အား လိုက်လံ ရှာဖွေနေသည့် ဂျပန်စစ်ကြောင်းတစ်ခုနှင့် ကံကောင်းထောက်မစွာ



တွေ့ဆုံခွင့်ရရှိခဲ့သည်။ ထိုမှတစ်ဆင့် မြန်မာပြည်တွင်းရှိ လျှို့ဝှက် ဂျပန်စစ်ကြောင်းမှ တပ်မှူးကြီးများနှင့် ဆုံတွေ့ခွင့်ရရှိခဲ့ခြင်းက စစ်လေ သူရဲလေး ယာမာဂူချိစံ၏ ထူးဆန်းသော ရင်သိမ့်တုန်ဖွယ်ရာ ဘဝတစ် ကွေ့ မှတ်တမ်းကြီးတစ်ခုပင် ဖြစ်ပါချေတော့သတည်း။

✹ ✹ ✹

## အခန်း (၄)

## ဒေါက်တာမင်းခေါင်၊ ရစ်ချပ်သွန်မဆင်နှင့် ယာမာဂူချိစံ

ဒေါက်တာမင်းခေါင်သည် အမ်အေပီအိပ်ချ်ဒီ (လန်ဒန်) ဘွဲ့ ရရှိထားသည့် သမိုင်းပါရဂူပညာရှင်တစ်ယောက် ဖြစ်သည်။ ရန်ကုန် တက္ကသိုလ်၊ မော်လမြိုင်ကောလိပ်တို့တွင် လှည့်လည်၍ တာဝန်ထမ်း ဆောင်ခဲ့ပြီးနောက် အသက် (၄၅) နှစ်ခန့်အရွယ်တွင် အလုပ်မှ အနားယူ ကာ ရန်ကုန်မြို့တွင် အခြေချနေထိုင်ခဲ့ပါ၏။

ရန်ကုန်မြို့၊ အင်းစိန်ကြို့ကုန်းရပ်ကွက်ရှိ ခြံဝင်းကျယ်ကြီး တစ်ခုထဲတွင် ရဲတိုက်နီကြီးတစ်ခုနှယ် ခန့်ထည်လှသည့် တိုက်နီကြီး တစ်လုံးတွင် တပည့်ဖြစ်သူ ကုလားလေးဆာမိနှင့်အတူ နှစ်ယောက် တည်း နေထိုင်လျက်ရှိသည်။ မြန်မာနိုင်ငံအား နယ်ချဲ့ဗြိတိသျှအင်္ဂလိပ် တို့ အုပ်ချုပ်စိုးစံခဲ့သည့်အချိန်က စစ်ဘက်အရာရှိကြီးများနှင့် အရေး တကြီး ပုဂ္ဂိုလ်များ နေထိုင်သွားခဲ့သော ရဲတိုက်နီကြီးဖြစ်သည်။ တောင်ကုန်းမြင့်မြင့်ထက်တွင် ကြွားရွားခန့်ထည်စွာ တည်ရှိနေသည့် အုတ်တိုက်နီနီကြီး၏ပုံစံက မြန်မာအဆောက်အအုံတို့၏ပုံစံလက္ခဏာ

www.burmeseclassic.com

www.burmeseclassic.com



နှင့် မကိုက်ညီ၊ ဥရောပဟန်အပြည့်နှင့် ဆောက်လုပ်ထားရှိခဲ့ဟန် တူပါချေ၏။

*ယခုလက်ရှိ ဂျပန်နိပ္ပွန်တို့ အုပ်ချုပ်နေသည့် အချိန်မှာတော့* ဒေါက်တာမင်းခေါင်သည် သူ၏ရဲတိုက်နီနီကြီးအား သမိုင်းသုတေသန ပြခန်းကြီးတစ်ခုသဖွယ် ပြုလုပ်ထားရှိပါသည်။ သမိုင်းပါရဂူ ပညာရှင် တစ်ယောက်ပီပီ ရဲတိုက်နီကြီး၏ အခန်းတိုင်းတွင် သမိုင်းဆိုင်ရာ စာအုပ်စာတန်းများ၊ ရှေးဟောင်းပစ္စည်းမျိုးစုံတို့နှင့် ပုရပိုက်ချပ်များ၊ မြေပေါ်မြေအောက် ရှာဖွေတွေ့ရှိခဲ့ရသော ရှေးဟောင်းသမိုင်းဆိုင်ရာ ပစ္စည်းမျိုးစုံတို့ဖြင့် တကယ့်ရှေးဟောင်းသမိုင်းပြတိုက်ကြီးတစ်ခုနှယ် ဖြစ်တည်နေပါတော့သည်။

၁၉၄၂ ခုနှစ်၊ မတ်လပိုင်းတွင် ဂျပန်နိပ္ပွန်တပ်မတော်ကြီးက ရန်ကုန်မြို့အတွင်းသို့ စစ်အင်အားအလုံးအရင်းနှင့် ဝင်ရောက်သိမ်းပိုက်ခဲ့ပြီးနောက် ဗြိတိသျှအင်္ဂလိပ်တို့၏လက်ထဲမှ အချုပ်အချာအာဏာကို အရယူခဲ့သည်။ နောက်ထပ် (၆) လခန့်ကြာမြင့်သောအခါ မြန်မာတစ်နိုင်ငံလုံးကို ဂျပန်တို့က လုံးဝသိမ်းပိုက်နိုင်ခဲ့ကြသည် မဟုတ်ပါလား။

အချိန်ကာလက (၁၉၄၄) ခုနှစ်၏ မိုးနှောင်းကာလများ။

ဒေါက်တာမင်းခေါင်သည် သူ၏စာကြည့်ခန်းထဲတွင် သတ္တုတွင်း အင်ဂျင်နီယာဟောင်းကြီး အင်္ဂလိပ်မြန်မာကပြား မစ္စတာရစ်ချပ်သွန်မဆင်နှင့် မြိတ်မြို့ပင်လယ်ပြင်မှ ရရှိလာသည့် ရှေးဟောင်းတရုတ်ကြွေပန်းကန်ပြားကြီးတစ်ချပ်ကို ကြည့်ရှုလေ့လာနေကြပါ၏။ မစ္စတာရစ်ချပ်သွန်မဆင်မှာ သတ္တုဘက်တွင် လွန်စွာကျွမ်းကျင်သော အင်္ဂလိပ်မြန်မာ ကပြားကြီးတစ်ဦး ဖြစ်ပါ၏။

ဆိုရပါလျှင် ဂျပန်များ ရန်ကုန်မြို့ကို သိမ်းပိုက်ခဲ့စဉ်က ထိုအင်ဂျင်နီယာဟောင်း ရစ်ချပ်သွန်မဆင်ကို ဂျပန်စစ်ဘက်မှ တွေ့ရှိသွားပြီး ဗြိတိသျှအင်္ဂလိပ်သူလျှိုအဖြစ် ဂျပန်ကင်ပေတိုင်ရုံးသို့ ဖမ်းဆီး



ခေါ်ဆောင်သွားခဲ့ကြသည်။ ထိုအကြောင်းကို ဒေါက်တာမင်းခေါင် သိရှိလိုက်ရသည်နှင့် အင်္ဂလိပ်မြန်မာကပြား ရစ်ချပ်သွန်မဆင်၏ ရာဇဝင်ကို သိရှိထားသူပီပီ ဂျပန်စစ်ဘက်တာဝန်ခံ အရာရှိကြီးများနှင့် သွားရောက် ရှင်းလင်းအာမခံ၍ မစ္စတာရစ်ချပ်သွန်မဆင်အား ဂျပန်စစ်ဘက်မှ ကင်ပေတိုင်ရုံးသို့ အပ်လုဆဲဆဲ ဝင်ရောက်ကယ်တင်ပေးခဲ့ရပါလေ၏။

စင်စစ် မစ္စတာရစ်ချပ်သွန်မဆင်မှာ သူ၏မြန်မာအမျိုးသမီးနှင့် အိမ်ထောင်ကျ၍ ဇနီးသားသမီးများနှင့်အတူ မင်္ဂလာဒုံဘက်တွင် အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နေသည့် အင်္ဂလိပ်-မြန်မာ ကပြားကြီး တစ်ယောက်ပင် ဖြစ်ပါ၏။

ယခုလည်း မစ္စတာရစ်ချပ်သွန်မဆင်မှာ ဒေါက်တာမင်းခေါင်၏ တပည့်ကျော် ကုလားလေးဆာမိယူလာပေးသည့် နွားနို့ပူပူပျစ်ပျစ်တစ်ခွက်ကို သေသေချာချာ အရသာခံ၍ သောက်နေပါ၏။ ပြီးမှ စားပွဲထက်ရှိ ပင်လယ်ကျောက်များ ကပ်ငြိနေသည့် စိမ်းပြာပြာ ပန်းကန်ပြားကြီးကို ကြည့်ကာ . . .

"အင်း . . . ကြည့်ရတာကတော့ တော်တော်ရှေးကျတဲ့ တရုတ်လက်ရာတစ်ခုပဲဗျို့၊ ဒါ့ထက် ဒီကြွေပန်းကန်ပြားချပ်ကြီးကို ဘယ်လိုရခဲ့တာလဲ ဒေါက်တာ"

"မြိတ်ကျွန်းစုဘက်က ပင်လယ်ထဲက ရခဲ့တာလို့ပြောတယ် ရစ်ချပ်၊ မြိတ်မြို့က ကျွန်တော့်ရဲ့သူငယ်ချင်း ပုလဲလုပ်ငန်းရှင်တစ်ဦးက မာလီကျွန်းအနီးက တောင်ဘက်ကျောက်တန်းတွေဘက်မှာ ပုလဲငုတ်ရင်းနဲ့ ရလာခဲ့တာပါ၊ ရေဆင်းငုပ်စဉ်တုန်းကတော့ ကြီးမားလှသော ကမာကောင်အခွံကြီးတစ်ခုလို့ ထင်တာနဲ့ ဆယ်ယူလာခဲ့တာပေါ့လေ၊ စက်လှေပေါ်ကိုရောက်တော့မှ သေသေချာချာ ကြည့်လိုက်တော့ ဆယ်ယူလာခဲ့တဲ့ပစ္စည်းဟာ ကမာကောင်ရဲ့အခွံကြီး မဟုတ်ဘဲ ပင်လယ်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်တော့ တွယ်ကပ်နေတဲ့ ကြွေပန်းကန်ပြားကြီးတစ်ချပ် ဖြစ်နေတာကို တွေ့လိုက်ရတယ်တဲ့ ရစ်ချပ်ရေ''

ဒေါက်တာမင်းခေါင်က သူ၏လက်ထဲမှ မီးသေသွားပြီဖြစ်သည့် ဒန်းဟီးဆေးတံလေးတွင် နောက်ထပ် ဆေးတစ်ဆုံ ထပ်ဖြည့်လိုက်ရင်း

''အဲဒါနဲ့ အဲဒီပန်းကန်ပြား စိမ်းစိမ်းကြီးကို သေသေချာချာ သန့်စင်ဆေးကြောပြီး စစ်ဆေးကြည့်လိုက်တဲ့အခါ ပင်လယ်ကျောက်တွေ ကပ်နေတဲ့အောက်က စိမ်းပြာပြာအရောင်ကို တွေ့လိုက်ရတယ်၊ အဲဒါ ရှေးဟောင်းတရုတ်ကြွေပန်းကန်ပြားချပ်ကြီးများ ဖြစ်နေမလား ဆိုပြီး ကျွန်တော့်ဆီကို လှမ်းပြီး တကူးတက ပို့ပေးတယ်''

''ဒါဆိုရင် ဒီကြွေပန်းကန်ပြားရဲ့ရာဇဝင်ကို ဒေါက်တာ လေ့လာစိစစ်ပြီးပြီပေါ့၊ ဆိုပါဦး . . . ဒီကြွေပန်းကန်ပြားကြီးဟာ သူတို့ ထင်မြင်ယူဆထားကြသလို ရှေးဟောင်းကြွေပန်းကန်ပြားကြီးဆိုတာ တကယ်ပဲလား ဒေါက်တာ''

''အင်း . . . ခုချိန်ထိ လေ့လာဆန်းစစ်ချက်တွေအရဆိုရင်တော့ ဒီကြွေပန်းကန်ပြားကြီးဟာ ဆန်းခေတ်နဲ့ မင်ခေတ်လောက်ဆီက တရုတ်ကေရာဇ်ဘုရင်တွေ အသုံးပြုလေ့ရှိတဲ့ အဆိပ်ခတ်ရင် သိစေနိုင်တဲ့ နာမည်ကျော် ''ကယ်လီဒွန်းဆေးယန်းကန်ပြားကြီး'' ဖြစ်နေတယ် ရစ်ချပ်၊ ဒီထက်ပိုပြီးသေချာအောင် ခဏနေရင် ဆာမိရဲ့လက်ထဲကို ဒီပန်းကန်ပြားကြီးကို အပ်လိုက်တာနဲ့ တစ်ပတ်လောက်နေရင် ဒီကြွေပန်းကန်ပြားကြီးရဲ့ နဂိုမူလရှိရင်းစွဲပုံသဏ္ဌာန်အတိုင်း တွေ့ရလိမ့်မယ် ရစ်ချပ်ရေ''

ဒေါက်တာမင်းခေါင်၏စကားကြောင့် ရစ်ချပ်သွန်မဆင်မှာ တရုတ်ကြွေပန်ကန်ပြား စိမ်းပြာပြာကြီး၏ လက်ရှိပုံကြမ်းကို စိတ်ဝင်တစားဖြင့် သေချာစွာကြည့်ရှုနေပါလေ၏။ သူတော်ချင်းချင်း သတင်းလွှ့လွှ့ ပေါင်းဖက်တွေ့ ဆိုသကဲ့သို့ နဂိုကတည်းက ဝါသနာဇီဇာ

ပတ်သက်လာလျှင် မည်သည့်နေရာဒေသမဆို စွန့်စားသွားလာတတ်ခြင်း စသည့်အချက်အလက်တို့က ဒေါက်တာမင်းခေါင်နှင့် အင်္ဂလိပ်မြန်မာကပြား ရစ်ချပ်သွန်မဆင်တို့နှစ်ယောက် တိုက်ဆိုင်တူညီနေကြသည်။

ဒေါက်တာမင်းခေါင်ကိုယ်တိုင်မှာလည်း မြန်မာပြည် ထက်အောက် တစ်နံတစ်လျားသာမက ဟိမဝန္တာတောင်တန်း၊ တိဗက်တောင်တန်းများအထိ မရောက်ဖူးသောနေရာဒေသဟူ၍ မရှိသလောက်ပင် နံ့စပ်ကျွမ်းကျင်လှပါ၏။ ထို့မျှ နံ့စပ်ကျွမ်းကျင်သူတစ်ယောက်ပင် တစ်ခါတစ်ရံတွင် သူဝါသနာကြီးလှသော စွန့်စားသွားလာမှုတို့ကြောင့် သေဘေးအန္တရာယ်များနှင့် မကြာခဏ ကြုံတွေ့ရပါသေးသည်။ တကယ်တော့ ဒေါက်တာမင်းခေါင် ဝါသနာကြီးလှသည့် စွန့်စားသွားလာမှုတို့ကြောင့် ဘေးအန္တရာယ်အသွယ်သွယ်သည် ဒေါက်တာမင်းခေါင်ထံသို့ မကြာခဏဆိုသလို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာလေ့ရှိကြသည်မှာလည်း မရေမတွက်နိုင်ပါလေတော့။

အင်္ဂလိပ်မြန်မာကပြား ရစ်ချပ်သွန်မဆင်ကလည်း ဒေါက်တာမင်းခေါင်နှင့် ထူးမခြားနားပါပေ။ ငယ်ရွယ်စဉ်ကတည်းက တောထဲဆောင်ထဲတွင် သတ္တုလှည့်လည်ရှာဖွေရင်း တောတွင်းသားတစ်ယောက်နယ် သွားလာနေထိုင်ခဲ့သဖြင့် အန္တရာယ်ဆိုတာ ချိုနဲ့လားဟုပင် မေးရလောက်အောင် အသည်းမာ၊ ဘဝမာသူများ ဖြစ်ကြသည်။ သူတို့နှစ်ယောက် ပြောဆိုဆွေးနွေးနေကြစဉ် ဂျပန်စစ်သုံး ဂျစ်ကားအစိမ်းလေးတစ်စီးသည် ခြံထဲသို့ ကွေ့ဝင်လာကာ အုတ်တိုက်နှိကြီး၏ ပေါ်တီကိုအောက်တွင် ရပ်သွားပါ၏။

ကားသံကြားသဖြင့် စာကြည့်ခန်းထဲမှ ဒေါက်တာမင်းခေါင်နှင့် ရစ်ချပ်သွန်မဆင်တို့က ဧည့်ခန်းဆီသို့ လျှောက်လာခဲ့ကြသည်။ ဧည့်ခန်းသို့ရောက်တော့ ဆာမိဖွင့်ပေးလိုက်သည့် သံဘာဂျာတံခါးပေါက်မှ ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ကာ ဝင်ရောက်လာသည့် ဂျပန်စစ်ဗိုလ်လေး ယာမာဂူချီစံကို တွေ့လိုက်ရပါ၏။

"ဩော် . . . ဘယ်သူများလဲမှတ်တယ်၊ ဗိုလ်လေးယာမာဂူချီစံပဲကိုး၊ တစ်ယောက်တည်း ဘယ်ကလှည့်လာတာလဲ"

"ဒီနေ့ ဂျူတီအားလပ်ရက်မို့ ဒေါက်တာ့ဆီကို ဦးတည်ပြီး လာခဲ့တာပါ၊ ဩော် . . . မစ္စတာရစ်ချပ်ကြီးလည်း ရောက်နေတာကိုး"

ဧည့်ခန်းရှိ ဆက်တီခုံများဆီသို့ တိုက်ရိုက်လျှောက်လာရင်း ဂျပန်စစ်ဗိုလ် ယာမာဂူချီစံက ဒေါက်တာမင်းခေါင်၏ မေးခွန်းကို ဖြေကြားလိုက်ပါ၏။ စင်စစ် ဂျပန်စစ်ဗိုလ် ယာမာဂူချီစံနှင့် သိကျွမ်းခဲ့ရခြင်းမှာလည်း အင်္ဂလိပ်–မြန်မာကပြား ရစ်ချပ်သွန်မဆင်နှင့် ဆက်စပ်၍ သိရှိခဲ့ရခြင်းပင်။ ရစ်ချပ်ကို အင်္ဂလိပ်သူလျှိုအဖြစ် မှားယွင်း၍ ဖမ်းဆီးခဲ့စဉ်က ဂျပန်စစ်ဘက်မှ ဂျပန်စစ်ဗိုလ်လေး ယာမာဂူချီစံက ဖိဖိစီးစီးနှင့် ကူညီဆောင်ရွက်ပေးခဲ့သည်။ သူကိုယ်တိုင် ဂျပန်ကင်ပေတိုင် ဗိုလ်မှူးကြီးများထံတွင် အာမခံခဲ့သဖြင့် ရစ်ချပ်သွန်မဆင် လွတ်မြောက်လာခဲ့ရသည် မဟုတ်ပါလား။

ဂျပန်စစ်တပ်ထဲတွင် ယာမာဂူချီစံကဲ့သို့ လူလူချင်း စာနာထောက်ထားသော ဂျပန်စစ်သားများလည်း ရှိပါသေးလားဟု ခံစားမိကာ ထိုစဉ်ကတည်းကပင် ယာမာဂူချီစံနှင့် ရင်းနှီးခင်မင်ခဲ့ကြခြင်း ဖြစ်ပါ၏။ ဂျပန်စစ်ဗိုလ်လေး ယာမာဂူချီစံကလည်း ဒေါက်တာမင်းခေါင်ရှိရာသို့ မကြာခဏဆိုသလို လာရောက်၍ သူသိလိုသည့် အချက်အလက်များကို မေးမြန်းလေ့လာလေ့ရှိပါ၏။ သူ့ဘက်မှလည်း ဒေါက်တာမင်းခေါင် လိုအပ်သော အကူအညီများကို တတ်နိုင်သမျှ လုပ်ဆောင်ပေးခြင်းများ ပြုခဲ့သည်။

ဒေါက်တာမင်းခေါင်ကပင် ဦးဆောင်၍ သုံးယောက်သား ဧည့်ကြည့်ခန်းထဲသို့ ပြန်လည်၍ ဝင်ရောက်လာခဲ့ကြသည်။ ဂျပန်စစ်ဗိုလ်



ယာမာဂူချီစံစားပွဲတွင် ထိုင်လိုက်သည်နှင့် နွားနို့ပူပူတစ်ခွက်နှင့် ကြက်ဥဟတ်ဖရိုက်ကြော်နှစ်လုံးကို ဆာမိကိုယ်တိုင် လာရောက်ပို့လာခဲ့သည်။

"ဟိုင်း . . . အတော်ပဲ ဒေါက်တာ၊ ကျွန်တော် မနက်ကတည်းက လက်ဖက်ရည်တစ်ခွက်ပဲ သောက်ရသေးလို့ ဗိုက်ဆာနေတာ၊ အာရိဂတောဂိုဇိုင်းမစ် (ကျေးဇူးအထူးတင်ပါတယ်) ဒေါက်တာ"

ဂျပန်စစ်ဗိုလ် ယာမာဂူချီစံက နွားနို့ပူပူကို သောက်ရင်း ကြက်ဥဟက်ဖ်ရိုက်ကို စနစ်တကျ စားသောက်နေပါ၏။ စားရင်းသောက်ရင်းမှပင် ရစ်ချပ်သွန်မ်ဆင်ကိုကြည့်ကာ . . .

"မစ္စတာရစ်ချပ်ကြီးလည်း ရောက်နေလေတော့ ဒီနေ့တော့ ကျွန်တော်သိချင်တာလေးတွေတော့ သိခွင့်ရတော့မယ်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မစ္စတာရစ်ချပ်က တောတောင်တွေထဲမှာ လှည့်လည်သွားလာပြီး သတ္တုရှာဖွေနေရတဲ့သူ မဟုတ်လား"

"ဟင်း ဟင်း . . . ဆိုပါဦးဗိုလ်လေးရဲ့၊ ဗိုလ်လေးက တောတောင်တွေချိုပြီး ပြောနေတော့ တောအကြောင်း တောင်အကြောင်း ဘာတွေများသိချင်တာရှိလို့လဲ"

မစ္စတာရစ်ချပ်က ဂျပန်စစ်ဗိုလ် ယာမာဂူချီစံအား ပြန်လည်၍ မေးခွန်းထုတ်လိုက်သည်။ ဒေါက်တာမင်းခေါင်ကမူ ဘာစကားမျှ ဝင်မပြောဘဲ ဆိတ်ဆိတ်နေကာ သူ၏ ဒန်းဟီးလ်ဆေးတံကြီးကိုသာ မီးညှိဖွာရှိုက်နေပါ၏။ ဂျပန်စစ်ဗိုလ် ယာမာဂူချီစံကလည်း လက်ကျန် နွားနို့ကို ကုန်စင်အောင်သောက်လိုက်ပြီး ပါးစပ်ကို လက်ကိုင်ပဝါနှင့်သုတ်ကာ ယခုထက်တိုင် အဖြေရှာ၍မရနိုင်သေးသည့် (မြေမှ ထွက်ပေါ်လာသော အဝါရောင်အလင်းပြန်မှု) မြေဆီမြေသားနှင့်ပတ်သက်သည့် ပဟေဠိများအချို့ကို မစ္စတာရစ်ချပ်သွန်မဆင်အား မေးမြန်းနေပါလေတော့သည်။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)
## သုံးယောက်ပေါင်း၍ ပုစ္ဆာတစ်ပုဒ် အဖြေရှာခြင်း

ဂျပန်စစ်ဗိုလ် ယာမာဂူချီစံ၏ ထူးထူးဆန်းဆန်းမေးခွန်း ကြောင့် သတ္တုတွင်းအင်ဂျင်နီယာဟောင်း မစ္စတာရစ်ချပ်သွန်မဆင် အတန်ကြာမျှ စဉ်းစားနေမိပါ၏။ အတန်ကြာမှ ...

"ဗိုလ်လေးရဲ့မေးခွန်းက တစ်မျိုးကြီးပဲ၊ ဒါပေမဲ့ ကျွန်တော့် အတွေ့အကြုံအရ ပြောရမယ်ဆိုရင် မြေဆီလွှာရဲ့သဘောတရားတွေ တကယ်တမ်းသာ လေ့လာနိုင်ရင် သိပ်စိတ်ဝင်စားစရာ ကောင်းပါတယ်၊ မြေသားရဲ့အရောင်, မြေသားရဲ့သိပ်သည်းဆ, မြေသားစေးကပ်မှု, ပြီး တော့ မြေသားထုထဲမှာ ရှိတတ်တဲ့ အပူဒီဂရီ အပြောင်းအလဲ၊ ပြီးတော့ အမျိုးမျိုးတွေ့မြင်နိုင်တဲ့ ဖွဲ့စည်းဖြစ်ပေါ်နေတတ်မှု၊ ဒါတွေ ဒါတွေဟာ ရှာဖွေနိုင်လေ တွေ့နိုင်လေလေပဲ ဗိုလ်လေးရေ"

"ဟုတ်ပါတယ် မစ္စတာရစ်ချပ် ... အဲဒါတွေထက် ကျွန်တော့် အနေနဲ့ အရောင်အမျိုးအစား ကွဲပြားတတ်တာတွေကို ပိုပြီး စိတ်ဝင် စားတယ်"

"အင်း ... ဒါလည်း ဟုတ်တာပဲပေါ့၊ ဒါပေမဲ့ ကျွန်တော့်ရဲ့ အမြင်ကတော့ အဲဒီမြေသားထဲမှာပါနေတတ်တဲ့ ကျောက်မှုန့်အချိုးအဆ တွေအပေါ် မူတည်ပြီးတော့လည်း မြေသားတွေဟာ အရောင်ပြောင်း တတ်တယ်ဗျ၊ ထူးထူးထွေထွေရောင်စဉ်တွေတော့ မဟုတ်ပါဘူး၊ ဥပမာ ... အညိုရောင်မြေကနေ ညိုဝါဝါ ဖြစ်သွားတာမျိုး၊ နီညိုရောင်ပေါက် သွားတာမျိုး၊ တစ်ခါတလေလည်း မြေဖြူဓာတ်တွေ, ထုံးဓာတ်တွေ များလာခဲ့ရင် ခပ်ဖြူဖြူမြေရောင်မျိုး ဖြစ်သွားတတ်တာတို့ပေါ့"



"ဟိုင်း ... ဟုတ်တယ် ဟုတ်တယ်၊ အဲသလိုမျိုး မြေအရောင် တွေကြားမှာ ရေဓာတ်စိမ့်ဝင်နေမှုကလည်း သိပ်အရေးကြီးတဲ့အချက် ပဲနော် မစ္စတာရစ်ချပ်"

ဂျပန်စစ်ဗိုလ် ယာမာဂူချီစံသည် လွန်ခဲ့သောနှစ်များဆီက မြန် မာပြည် စစ်ဆင်ရေးလေကြောင်းခရီးစဉ်တွင် မမျှော်လင့်ဘဲ တွေ့ရှိခဲ့ ရသည့် အဝါရောင်မြေသားတောင်အကြောင်းကို သိလို၍ သတ္တုတွင်း အင်ဂျင်နီယာဟောင်း မစ္စတာရစ်ချပ်သွန်မဆင်အား သွယ်ဝိုက်ကာ မေး မြန်းနေခြင်း ဖြစ်ပါ၏။ ထို့ပြင် သူ လေယာဉ်ပေါ်တွင် လျှပ်တစ်ပြက် တွက်ချက်ခဲ့သည့် လတ္တီကျူ့များနှင့် သဘာဝပတ်ဝန်းကျင် အနေအထား တို့ကို ပေါင်းစပ်ကာ "ထိုလျှို့ဝှက်မြေဝါရောင်နယ်မြေ" ကို တိတ်တဆိတ် စုံစမ်းရှာဖွေနေသည်မှာ နှစ်နှစ်ကျော် သုံးနှစ်စွန်းစွန်းပင် ရှိခဲ့ပြီ မဟုတ်ပါ လား။

အမှန်တကယ်လည်း ထို "လျှို့ဝှက်မြေဝါတောင်" ကို ရှာဖွေစုံ စမ်းချင်သဖြင့် ဂျပန်တပ်မတော်ကြီး၏ စစ်ဘက်အင်ဂျင်နီယာတပ်ခွဲနှင့် အတူ ဂျပန်စစ်ဗိုလ်လေး ယာမာဂူချီစံ မြန်မာပြည်စစ်မြေပြင်သို့ လိုက်ပါ လာခဲ့ခြင်းပင် ဖြစ်သည်။ မြန်မာ့မြေပေါ်သို့ စတင်၍ ခြေချသည့်နေ့မှစ၍ ထိုလျှို့ဝှက်မြေဝါတောင်အကြောင်းကို ယာမာဂူချီစံ တိုးတိုးကျိတ်ကျိတ် စုံစမ်းခဲ့သော်လည်း နေရာဒေသအတိအကျ မသိခြင်းကြောင့် ယနေ့ထက် တိုင် အဖြေရှာ၍ မရနိုင်ခဲ့သေးပါပေ။

ဤတွင် အင်္ဂလိပ်မြန်မာကပြား ရစ်ချပ်သွန်မဆင်ခေါ် သတ္တု တွင်း အင်ဂျင်နီယာဟောင်းကြီးအား အင်္ဂလိပ်သူလျှိုအမှတ်ဖြင့် မှား ယွင်း၍ ဖမ်းဆီးခဲ့ရာမှ ခေတ်ပညာတတ်၊ အမြော်အမြင်ကြီးသော ဗဟု သုတများမြှောင်သော လန်ဒန်အမ်အေ ပီအိပ်ချ်ဒီဘွဲ့ရ ဒေါက်တာ မင်းခေါင်ဆိုသည့် မြန်မာလူမျိုးသမိုင်းပါရဂူပညာရှင်တစ်ဦးနှင့် တိုက် တိုက်ဆိုင်ဆိုင် ရင်းနှီးသိကျွမ်းခွင့် ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ ဒေါက်တာမင်းခေါင်၊ မစ္စတာရစ်ချပ်သွန်မဆင်တို့နှင့် မိတ်ဆွေကောင်းဖွဲ့၍ နောက်ဆုံး ဒေါက်တာမင်းခေါင်နေထိုင်ရာ အင်းစိန်ကြို့ကုန်းရပ်ကွက်ရှိ ရဲတိုက်နီသမိုင်းပြတိုက်အထိတိုင် ဝင်ထွက်သွားလာခွင့် ရရှိရန် ကြိုးစားလာခဲ့သည် မဟုတ်ပါလား။

သို့သော် ဂျပန်စစ်ဗိုလ်လေး ယာမာဂူချီစံမှာ တစ်ဖက်၌တွင် စစ်ဘက်ရေးရာတာဝန်များက တစ်ဖက်ရှိနေသည်မို့ စိတ်သွားတိုင်းကိုယ်မပါနိုင်ခဲ့ပေ။ ယခုကဲ့သို့ ရှားရှားပါးပါး အားလပ်ရက်မှသာ ဒေါက်တာမင်းခေါင်ထံသို့ အပြေးလေးရောက်ရှိလာခဲ့ခြင်းပင် ဖြစ်ပါ၏။

ဒေါက်တာမင်းခေါင်တို့ကလည်း ဂျပန်လူမျိုး စစ်ဗိုလ်စစ်သားတစ်ယောက် ဖြစ်သည့်တိုင် ကမ္ဘာစစ်မီးကြီးသည် မကောင်းကြောင်း၊ လူသားအချင်းချင်း တစ်ယောက်နှင့်တစ်ယောက် ရန်သူကြီးများပမာ သတ်ဖြတ်နေရသည်ကို မနှစ်မြို့ကြောင်း၊ စစ်ကြောင့် သားတကွဲ မယားတကွဲနှင့် သားသေလင်ဆုံး ပူဆွေးသောကရောက်ရကြောင်းနှင့် စစ်၏ဆိုးဝါးသော အန္တရာယ်များကို အမြဲတစေ ပြောဆိုလေ့ရှိသည့် ဂျပန်စစ်ဗိုလ် ယာမာဂူချီစံကို ခင်မင်ရင်းနှီးမိသည် မဟုတ်ပါလား . . .။

ထိုစဉ် မစ္စတာရစ်ချပ်သွန်မဆင်ထံမှ စကားသံထွက်ပေါ်လာသဖြင့် ဒေါက်တာမင်းခေါင်၏အတွေးစတို့ ရပ်တန့်သွားကြသည်။

''ဟုတ်တယ် ဗိုလ်လေး၊ အဲဒီမြေနဲ့ ပတ်သက်တဲ့ အရောင်လိုက်ပြီး ထားတတ်ကြတဲ့ အယူအဆတွေတောင် ရှိကြသေးတယ်၊ ကျွန်တော်ကြားဖူးသလောက်ဆိုရင် အရှေ့တောင်အာရှဘက်တွေမှာ ဘယ်လိုအယူရှိကြသလဲဆိုရင် မြေတကာ့မြေတွေထဲမှာ ဖြူလွလွ မြေသားရဲ့ အရောင်ရှိတယ်ဆိုရင် အဲဒါဟာ အမြင့်မြတ်ဆုံး၊ အသန့်စင်ဆုံးမြေဆိုပြီး ဦးစားပေးရွေးချယ်တာမျိုးတွေရှိတယ်၊ သူတို့အဆိုအရ ''မြေမင်း''လို့တောင် သတ်မှတ်ကြတယ်တဲ့''

''ဟုတ်တယ် ယာမာဂူချီစံ၊ တာပေတွေထဲမှာတော့ ရစ်ချပ်ကြီးပြောသလို မြေနဲ့ပတ်သက်ပြီး အမျိုးမျိုးခွဲခြားထားကြတယ်၊ မြေဖြူဆိုပေမယ့် ကွာခြားမှုအမျိုးမျိုးနဲ့ ဖြူကြတာတွေလည်း ရှိတယ်၊ မြေနီဆိုရင်လည်း ဒီအတိုင်းပဲပေါ့၊ ဒါပေမဲ့ မြေမြင့်ဒေသက မြေနီပုံက တစ်မျိုး၊ မြေပြန့်ဒေသက မြေနီပုံကတစ်မျိုး ရှိကြတယ်၊ မြေဝါဆိုတာလည်း တွေ့ခဲ့ဖူးပါတယ်၊ ရွှံ့စေးမြေလို ဝါပုံကတစ်မျိုး၊ သဲဝါဝါတို့ ရောနှောနေတဲ့ ဂဝံကျောက်ဆန်ဆန် မြေမျိုးတွေကျတော့ ဝါတစ်ကန့်၊ ဖြူတစ်ကန့်တွေ ဖြစ်နေတတ်တာမျိုးလည်း ရှိတယ်''

ဒေါက်တာမင်းခေါင်၏စကားကြောင့် ဂျပန်စစ်ဗိုလ် ယာမာဂူချီစံ အနည်းငယ် တွေဝေတုံ့ဆိုင်းသွားသည်သို့ . . .။ အတန်ကြာမှ သက်ပြင်းတစ်ချက်ချကာ စကားကို ခပ်လေးလေးပြောဆိုလိုက်သည်။

''အင်း . . . ဒါပေမဲ့ ကျွန်တော်တွေ့ဖူးခဲ့တဲ့ မြေက အဲသလိုမျိုး မဟုတ်ဘူးဒေါက်တာ၊ ပြောရရင် အဲဒီမြေသား ဝါနေပုံက အမြင့်ပေတစ်ထောင်လောက်က အပေါ်စီးမြင်နေရတာကိုတောင်မှ ဟို ဟို ဂျပန်လို (အိုရန်းဂျ်) ပေါ့၊ ဟို ဘယ်လိုပြောရမလဲ . . . ''အောရိန့်ချ် (လိမ္မော်ရောင်) လိုမျိုးကို ဖြစ်နေတာပါ၊ သူ လင်းဖြာထွက်နေတဲ့ အရောင်ရှိန်ကြောင့် ပတ်ဝန်းကျင်မှာရှိတဲ့ သက်ရှိ နွားတွေ၊ လူတွေတောင်မှ ဝါကုန်ကြတာ၊ သစ်ပင်တွေဆိုရင်လည်း အစိမ်းရောင်ပျောက် ပြီး အစိမ်းအဝါရောသွားပြီး အဝါဘက်ကိုလှသွားတဲ့ ခပ်ညစ်ညစ်သလိုမျိုး အရောင်တွေ ဖြစ်သွားတာ ဒေါက်တာရဲ့''

သည်တစ်ခါ တုံ့ဆိုင်းသွားကြသူများကတော့ ဒေါက်တာမင်းခေါင်နှင့် ရစ်ချပ်သွန်မဆင်တို့ပင် ဖြစ်ပါ၏။ ဒေါက်တာမင်းခေါင်က သူ၏ မီးသေသွားပြီဖြစ်သည့် ဒန်းဟီးလ်ဆေးတံကြီးကို မီးညှိ၍ တစ်ချက်နှစ်ချက်မျှ ရှိုက်ဖွာနေသည်။ အတန်ကြာမှ စဉ်းစားသလိုမျိုးလုပ်နေပြီးမှ

''အင်း . . . ဒါဆိုရင်တော့ ကျွန်တော့်အထင်ပြောရရင် ယာမာဂူချီစံတွေ့ခဲ့မြင်ခဲ့ရတဲ့ မြေအမျိုးအစားဟာ တီဗက်ပြည်မှာတွေ့ခဲ့ရဖူး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မြေမျိုးများ ဖြစ်နေမလားဘဲ၊ လွန်ခဲ့တဲ့ လေးငါးခြောက်နှစ်လောက်က တိဗက်ပြည်က ရွှေထွက်တဲ့ နေရာထူးကို မမျှော်လင့်ဘဲ ရောက်ခဲ့ဖူးတယ်၊ အဲဒီနေရာက ရေပျောက်သွားတဲ့ ချောင်းကောနေရာတစ်ခုပေါ့၊ ရှေးကတော့ ရေစီးနေတဲ့ ချောင်းကြီးတစ်ခုရှိတယ်လို့ ပြောကြတယ်၊ ကာလကြာလာတဲ့အခါမှာ ရေမစီးတော့တဲ့အပြင် ရေခန်းခြောက်လာတဲ့ အလယ်ခေါင်ချောင်းမကြီးနေရာက မြေသားတွေဟာ အပေါ်ကို စုန့်စုန့်တက်လာတယ်ဆိုပဲဗျ''

ဒေါက်တာမင်းခေါင်၏စကားကြောင့် ဂျပန်စစ်ဗိုလ် ယာမာဂူချီစံမှာ စိတ်ဝင်စားလွန်းသဖြင့် ခါးများပင် ကိုင်းကာ နားစွင့်နေသည်သို့

''အကျယ်ကတော့ သိပ်မကျယ်လှပါဘူး။ ဟိုဘက်သည် ဘက်အလွန်ဆုံးရှိမှ 'ပေနှစ်ဆယ်လောက်ပဲကျယ်တာ၊ အရှည်ကတော့ တော်တော်ရှည်တယ်၊ ချောင်းကောကြီးကို။ အဲဒီမှာ ဒေသခံတွေက ချောင်းကောတစ်လျှောက် အဲဒီမြေသားတွေကို တူးယူကြပြီး ကျင်တဲ့အခါ ရွှေမှုန်လေးတွေ ရကြတယ်တဲ့ဗျ၊ ကျွန်တော်ကတော့ ဗဟုသုတအဖြစ် ထူးထူးဆန်းဆန်းဆိုပြီး အသေအချာကို ထိုင်ပြီးကြည့်ခဲ့တာ၊ အဲဒီမှာတင် ထူးခြားချက်တစ်ခုကို အမှတ်မထင် တွေ့လိုက်ရတယ် ယာမာဂူချီစံ''

ယာမာဂူချီစံမှာ စိတ်ဝင်စားလွန်း အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသားဖြင့် ပြန်၍ပင်စကားမပြောနိုင်ပါပေ။ မစ္စတာရစ်ချပ်သွန်မဆင်ကလည်း သူ၏ဖေးပြင်းလိပ်မည်းမည်းရှည်ရှည်လေးကို မှာရှိုက်ရင်း နားစွင့်နေပါ၏။

''အဲဒါ ဘာလဲဆိုတော့ အဲဒီရေပျောက်ချောင်းကောရဲ့ အလယ်မှာ စုန့်စုန့်တက်လာတဲ့ မြေကြီးရဲ့အရောင်အဆင်းဟာ ဘေးနား ပတ်ဝန်းကျင်တစ်ဝိုက်က မြေကြီးတွေရဲ့ အရောင်အဆင်းနဲ့ လုံးဝမတူတာကိုပါပဲ၊ ဘေးက မြေသားတွေကလည်း ပြောရရင် ညိုဝါဝါအရောင်သဘောမျိုး ခပ်ဆင်ဆင်ဖြစ်နေတာ၊ သို့ပေမယ့် အလယ်ချောင်းမကြီး



နေရာက မြေသားတွေကတော့ ညိုဝါမှာ ရွှေရောင်ရောသလိုမျိုး ခပ်မှိုင်းမှိုင်းနဲ့ ဝင်းဖြာနေတဲ့အဝါမျိုးကို တွေ့ရတာ ယာမာဂူချီစံရေ''

''အိုး . . . ရက်စ် သက်စ်ရိုက်၊ ဟို ဟို . . . ကျွန်တော်ပြောချင်တာကလည်း ဒေါက်တာပြောသလို ခပ်မှိုင်းမှိုင်း ညိုရွှေရောင်အဝါမျိုးခင်ဗျ''

''ဒါဆိုရင်တော့''

''ပြောပါ မစ္စတာရစ်ချပ် . . . မစ္စတာတွေးမိတာ၊ ဥဉ်းစားမိတာများရှိရင် သိချင်ပါတယ်''

ကြားဖြတ်၍ စကားဝင်ထောက်လိုက်သည့် ရစ်ချပ်သွန်မဆင်ကြောင့် ယာမာဂူချီစံက သူ့ဘက်သို့လှည့်၍ စကားခံလိုက်ပါ၏။

''အင်း . . . တိဗက်မှာတွေ့ခဲ့ရတယ်ဆိုတဲ့ ဒေါက်တာပြောတဲ့ မြေသားရဲ့အောက်မှာ ရွှေမှုန်ကြော ဒါမှမဟုတ် အပြင်လိုက်ဖွဲ့နေတတ်တဲ့ ရွှေကြောတစ်မျိုးမျိုးဟာ ကေန်မုချ ရှိနေတတ်တာအမှန်ပဲ၊ ဒါကိုကြည့်ရင် ဗိုလ်လေးတွေ့ခဲ့ရတယ်ဆိုတဲ့ ခပ်မှိုင်းမှိုင်းနဲ့ ဝင်းဖြာနေတဲ့ ညိုရွှေရောင်အဝါ (မြေဝါနယ်မြေ) ရဲ့ မြေသားအောက်မှာလည်း အဲဒီရွှေကြောတစ်မျိုးမျိုးဟာ ရှိနေနိုင်တယ် ဗိုလ်လေး''

ဒေါက်တာမင်းခေါင်၏ တွေ့ရှိချက်နှင့် သတ္တုတွင်းအရာရှိဟောင်း ရစ်ချပ်သွန်မဆင်၏ လေ့လာတွေ့ရှိချက်တို့မှ ထွက်ပေါ်လာသည့် အဖြေစကားကြောင့် ဂျပန်စစ်ဗိုလ် ယာမာဂူချီစံ၏ မျက်နှာမှာ ဝင်းလက်သွားသည်သည်သို့ . . .။

''ဟိုက် . . . ဒါဆိုရင် ဟုတ်ပြီဒေါက်တာရေ၊ ကျွန်တော်ထင်ထားတာနဲ့ အံကိုက်ဖြစ်နေတယ်၊ အခြေအနေပေးရင် လက်တွေ့စမ်းသပ်ကြည့်ချင်လိုက်တာ ဒေါက်တာရယ်''

''နေပါဦး ယာမာဂူချီစံ . . . အဲသလို မြေဝါအမျိုးအစားကို ဘယ်မှာတွေ့ခဲ့ရလို့လဲ၊ ကျွန်တော်တို့ကိုယုံကြည်တယ်ဆိုရင်တော့

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနိုင်ငံရဲ့နာမည်လေးလောက်တော့ ပြောပြနိုင်မလား ယာမာဂူချိစံ''

ဒေါက်တာမင်းခေါင်၏ ပွင့်လင်းရိုးသားသောစကားကြောင့် ယာမာဂူချိစံ သွားများပင် ပေါ်အောင် ပြုံးမိသွားသည်။ ထို့ကြောင့်ပင် ရိုးသားပွင့်လင်းသော မြန်မာလူမျိုးများကို ယာမာဂူချိစံ ခင်မင်သွားမိခဲ့လေသည်ထင့် . . .။

''ဟိုက် ဟိုက် . . . ဒေါက်တာတို့ကို ယုံကြည်လို့ ခင်မင်လို့ ကျွန်တော့်ရဲ့ လျှို့ဝှက်ချက်တွေကို ဖွင့်ဟပြီး မေးမြန်းတာပေါ့ခင်ဗျာ၊ ခက်တာက အဲဒီနေရာကို ကျွန်တော်က အမြင့်ပေတစ်ထောင်ကျော်လောက်မှာ ပျံသန်းနေတဲ့ လေယာဉ်ပေါ်ကနေ ရုတ်တရက် မြင်တွေ့ခဲ့ရတာပါ၊ ဒါပေမဲ့ ကျွန်တော့်စိတ်ထင် ပြောရရင် ဟောဒီ မြန်မာပြည်ထဲမှာတော့ မဟုတ်ဘူး။ ဟို ဟို . . . မြန်မာပြည်နယ်စပ်နဲ့ ဘင်္ဂလားနယ်မြေထဲလောက်မှာ ဖြစ်မယ်ထင်တယ်''

တွေးတွေးဆဆ ပြောပြနေသည့် ဂျပန်စစ်ဗိုလ် ယာမာဂူချိစံ၏ စကားအသွားအလာက အမှန်တကယ်ပင် နေရာအတိအကျ မသိကြောင်း ညွှန်ပြပြောဆိုနေသည်သို့ . . .။ သို့သော် ဤမျှလောက် ခန့်မှန်းတွေးဆချက်နှင့်ပင် လက်ရှိရေမြေသဘာဝအနေအထားတို့ကို နှိုင်းယှဉ်၍ စိတ်ရှည်ဖွဲ့သန်စွာနှင့် လေ့လာရှာဖွေကြမည်ဆိုလျှင် . . .။

ထိုနေ့က တစ်နေကုန်နီးပါး ယာမာဂူချိစံ တွေ့ကြုံခဲ့ရသည့် (အဝါရောင်တောင်ကုန်း) ကိစ္စကို အချက်အလက် အကိုးအကားများနှင့် အချေအတင် ပြောဆိုဆွေးနွေးကြရင်း အချိန်ကုန်သွားကြပါတော့သည်။

❁ ❁ ❁

## အခန်း (၆)
## ဒေါက်တာဖြူနုဖံနှင့် တွေ့ဆုံကြခြင်း

မြန်မာရာဇဝင်ကို ပြန်လှန်ရသည်ရှိသော် . . .

၁၈၂၄ ခုနှစ်ကတည်းကစ၍ မြန်မာပြည်အား လက်နက်အားကိုး ဉာဏ်နီဉာဏ်နက်ဆိုးတို့ဖြင့် အဓမ္မလွှမ်းမိုးအုပ်ချုပ်ခဲ့သည့် အင်္ဂလိပ်ဗြိတိသျှကိုလိုနီနယ်ချဲ့အစိုးရသည် မြန်မာမျိုးချစ်တော်လှန်ရေးအင်အားစုများဦးစီးသည့် မြန်မာ့တပ်မတော်နှင့် နိပ္ပွန်ဂျပန်တို့၏ စစ်ရေးအကူအညီကြောင့် မြန်မာပိုင်နက်နယ်မြေပေါ်မှ မာရသွန်ပြေးခဲ့ရသည်။

တစ်ချိန်တည်းမှာပင် အရှေ့အာရှတိုက်သား နိပ္ပွန်ဂျပန် တပ်မတော်သည် အာရှတိုက်တစ်ဝန်းကို ခြေလှမ်းကြဲကြဲဖြင့် စစ်ဦးဘီလူးပီသစွာ ခပ်မြန်မြန် ဝင်ရောက်လာခဲ့ကြသည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင် ဂျာမဏီ၊ အီတလီ မဟာမိတ်ဂျပန်တို့က အင်္ဂလိပ်နှင့်အမေရိကန်ကို စစ်ကြေညာကာ လျှပ်စီးပြက်သကဲ့သို့ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်သည်။ ဒီဇင်ဘာ (၈) ရက်နေ့ စစ်ကြေညာပြီးနောက် ဂျပန်နိပ္ပွန်တို့က အင်္ဂလိပ်ဗြိတိသျှများ သိမ်းပိုက်အုပ်စိုးထားသည့် မြန်မာပြည်၏ မြို့တော်ကြီးဖြစ်သော ရန်ကုန်မြို့ကြီးကို ဒီဇင်ဘာ (၂၃) ရက်နေ့တွင် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့မှာတော့ အင်အားကောင်းပြီ၊ စိတ်ချရပါသည်ဆိုသော ဗြိတိသျှအင်္ဂလိပ်တို့၏ အရှေ့ဘက်ကြီးဆုံးတပ်ဖြစ်သည့် ''စင်ကာပူ'' ခံတပ်ကြီး ကျဆုံးခဲ့ရပါတော့သည်။

အင်္ဂလိပ်တို့သည် စင်ကာပူခံတပ်ကို စွန့်လွှတ်ဆုံးရှုံးလိုက်ကြပြီးနောက် ဂျပန်များကို ပြန်လည်၍ ခုခံတိုက်ခိုက်ကြရန်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ခုခံတိုက်ခိုက်နိုင်မည့်နေရာကောင်း၊ ခံတပ်ကောင်းကို ရွေးချယ်ကြပြန်သည်။ ထိုအခါတွင် သူတို့၏ အုပ်ချုပ်မှုအောက်တွင် ရှိသည့် အိန္ဒိယပြည်ကို သွား၍ တွေ့လိုက်ကြပါ၏။ ထို့ကြောင့် ဂျပန်များ မလာရောက်နိုင်ရန်အတွက် ဘင်္ဂလားနယ်စပ်မှနေ၍ အထပ်ထပ် နိုင်မာစွာ ကာဆီးထားခဲ့သည်။

ဂျပန်များကလည်း အိန္ဒိယထဲထိတိုင် ထိုးဖောက်ဝင်ရောက်နိုင်ရန် အကြိမ်ကြိမ် ကြိုးစားကြသည်။ ရခိုင်ပြည်နယ်စပ်ဘက်မှ ဝင်ရောက်နိုင်ရန် ကြိုးစားကြရင်း ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ် စသည့် တောင်တန်းဒေသများဘက်မှ အာသံဘက်သို့ ဝင်ရောက်နိုင်ရန် အသည်းအသန် ကြိုးစားခဲ့ကြသည်။ သို့သော် ဂျပန်တို့သည် အိန္ဒိယနိုင်ငံထဲသို့ မည်သို့မျှ ဝင်ရောက်နိုင်ခဲ့ကြခြင်း မရှိခဲ့ကြပါချေ

မှတ်ချက် ။ ။ ထိုစဉ်အချိန်က အရှေ့ပါကစ္စတန် (ယ ဘင်္ဂလားဒေ့ရှ်နိုင်ငံ) နှင့် အနောက်ပါကစ္စတန် (ယခု ပါကစ္စတန်နိုင်ငံ တို့မှာ အိန္ဒိယနိုင်ငံလက်အောက်၊ အိန္ဒိယအပိုင်သာ ရှိပါသေးသည် ထို့ကြောင့် ယခု ဘင်္ဂလားနိုင်ငံကို အိန္ဒိယပိုင်နက် အရှေ့ပါကစ္စတ နိုင်ငံဟုသာ ခေါ်ကြခြင်းဖြစ်သည်။ (၁၉၆၂) ခုနှစ်၊ အိန္ဒိယလက်အောက် လွတ်လပ်ရေးရရှိခဲ့ပြီးမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဟု ဖြစ်လာခဲ့ခြင်းဖြစ်သည်
(စာရေးသူ

အင်္ဂလိပ်အစိုးရသည် မြန်မာပြည်မှ အရှုံးပေးဆုတ်ခွာရမည့် အခြေအနေသို့ ရောက်ရှိလာခဲ့သောအခါ ရန်ကုန်တစ်မြို့လုံးနီးပါး မြေလှန်စနစ်ဖြင့် အရေးကြီးသော အချက်အချာနေရာများဖြစ်ကြသည့် စက်ရုံလုပ်ငန်းများ၊ မီးရထားလမ်းများ၊ တံတားများ၊ သင်္ဘောဆိပ် လေဆိပ်များကို ဗုံးခွဲမိုင်းထောင်ကာ မီးရှို့ဖျက်ဆီး၍ ဆုတ်ခွာ ပြေးသွားခဲ့ကြပါသည်။ သို့နှင့် ရန်ကုန်မြို့ကြီးကို မြန်မာ့မျိုးချစ် လှန်ရေးတပ်မတော်သားများက ဂျပန်များထက် အရင်ဦးစွာ သိမ်းပိုက်နိုင်ခဲ့ကြသည်။

(၁၉၄၂) ခုနှစ်၊ မတ်လမှာတော့ ဂျပန်တို့က ရန်ကုန်မြို့တွင်းသို့ စစ်တပ်အလုံးအရင်းနှင့် ဝင်ရောက်သိမ်းပိုက်ကြပြီး အချုပ်အချာ အာဏာကို ရယူလိုက်ကြသည်။ ဤသို့ဖြင့် နောက်ထပ် (၆) လခန့် ကြာမြင့်လာခဲ့သည့်အချိန်မှာတော့ ဂျပန်နီပွန်တို့သည် မြန်မာတစ်ပြည်လုံးကို အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ကြပါချေတော့သည်။

ထို့နောက် ဂျပန်တို့သည် မြန်မာပြည်တစ်ဝှမ်းလုံးကို စီရင်စုမြို့နယ်၊ မြို့မ၊ ကျေးရွာ စသည်ဖြင့် နိပ္ပွန်အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခဲ့ပြီး အရှေ့အာရှ သာတူညီမျှရေးဝါဒဟု ကျယ်လောင်စွာ ကြွေးကြော်ခဲ့ပါလေ၏။ သို့သော် မြန်မာပြည်သူပြည်သားများကမူ စစ်၏ ဆိုးဝါးလှသော ဒဏ်ရာဒဏ်ချက်များကို ခါးသီးရက်စက်စွာ ခံစားခဲ့ကြရသည်။

ယုတ်မာရိုင်းစိုင်းသော အင်္ဂလိပ်အစိုးရသည် စစ်ပြေးခါနီးအချိန်တွင် သန်လျင်ဘီအိုစီ (B.O.C) ရေနံချက်ကုမ္ပဏီကြီးကို မိုင်းဆင်၍ မြေလှန်စနစ်အရ ရက်စက်စွာဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ဧရိယာများစွာ ကျယ်ဝန်းလှသော စက်ရုံကြီးသည် စိစိညက်ညက်ကြေပြီး ရက်အတန်ကြာ မီးဟုန်းဟုန်းတောက်လောင်ခဲ့သည် မဟုတ်ပါလား။

စင်စစ် အင်္ဂလိပ်အပြေး၊ ဂျပန်အဝင် ခေတ်ပြောင်းခေတ်ပျက်ကာလကို အခွင့်ကောင်းယူ၍ တောမီးလောင် တောကြောင်လူဆိုးလူမိုက်များက လက်ခမောင်းခတ်ကြသည်။ ဆိုးဝါးသောင်းကျန်းကြသည့် ကြောက်ရွံ့ထိတ်လန့်လျက်ရှိသူများက တော်လှန်ရေးရဲဘော်များနှင့် ဂျပန်ကို အားကိုးမျှော်လင့်နေခဲ့ကြသည်။

ဤသို့ဖြင့် မြို့ပေါ်သို့ ဂျပန်အုပ်ချုပ်သူများ ရောက်ရှိလာခဲ့ကြသည်။ နိပ္ပွန်ဂျပန်များ ရောက်ရှိလာကြပြီး မကြာခင်မှာပင် ဖက်ဆစ်ဂျပန်၏ မူလဇာတိရုပ် စစ်စစ်ကို ပြပေတော့သည်။ ဖက်ဆစ်ဂျပန်

www.burmeseclassic.com

www.burmeseclassic.com



ဆိုသာတာလဲ မကြုံဖူး မတွေ့ဖူးသူများသည် ဖက်ဆစ်ဂျပန်တို့၏ ရိုင်းပျ ရက်စက်သော အပြုအမူများကို မျက်ဝန်းထင်ထင် တွေ့မြင်လိုက်ကြရသောအခါ ကြီးစွာ စိုးရိမ်ထိတ်လန့်ကုန်ကြပါတော့သည်။

ယခုတော့ နောက်လာမည့် မောင်ပုလဲ ဒိုင်းဝန်ထက် ကဲလေပြီကော။ ကျားကြောက်၍ ရှင်ကြီးအားကိုးခါမှ သည်ရှင်ကြီးက ကျားထက်ဆိုးမှန်း၊ ရက်စက်မှန်း နောက်ကျစွာသိရှိခဲ့ရပါချေတော့သည်။ ဂျပန်အုပ်ချုပ်ရေးစနစ်စပြီး မှုမကြာမီ ဂျပန်ကင်ပေတိုင် စစ်ပုလိပ်များသည် အင်္ဂလိပ်အလိုတော်ရိများ၊ အင်္ဂလိပ်အစိုးရနှင့် အလွမ်းသင့်ခဲ့သူများကို ရှာဖွေဖမ်းဆီး၍ "စပိုင်" ဟု တံဆိပ်တပ်ကာ ကင်ပေတိုင်အချုပ်ခန်းတွင် ရိုက်နှက်နှိပ်စက်ကာ စစ်မေးကြသည်။

ဂျပန်ခေတ်တစ်လျှောက်လုံး မြန်မာလူမျိုးတို့ အစိုးရိမ်အကြောက်ရဆုံးကား ဖက်ဆစ်ဂျပန်ကင်ပေတိုင်စစ်သားများပင် ဖြစ်သည်။ ဂျပန်ကင်ပေတိုင်ရုံးက ခေါ်ပြီဆိုလျှင် မိန်းမယောက်ျား၊ ကြီးကြီးငယ်ငယ် ပြန်လမ်းသိပ်မရှိတော့။ ကံကောင်းထောက်မ၍ ပြန်လမ်းရှိခဲ့ပါလျှင်လည်း အချို့ ကျိုးကန်းဆွံ့အပြီး တစ်သက်လုံး လုပ်မစားနိုင်သည့်ဘဝသို့ လုံးလုံးလျားလျား ရောက်သွားကြရစမြဲပင် ဖြစ်ပါလေတော့သည်။

တကယ်တမ်း လူ့သဘောမွေတာအရဆိုလျှင် ရက်စက်ကြမ်းတမ်းသော ဂျပန်ကင်ပေတိုင် ဗိုလ်မှူးများ၊ ဂျပန်စစ်သားများ မြောက်များစွာ ရှိသကဲ့သို့ ဂျပန်စစ်ဗိုလ် ယာမာဂူချိစံကဲ့သို့ မြန်မာတို့၏ ဘာသာရေး လူမှုရေးတို့ကို နားလည်စာနာတတ်သော ဂျပန်လူမျိုးများလည်း ရှိနေတတ်သေးသည်မှာ ဒေါက်တာမင်းခေါင်တို့ မျက်မြင်ကိုယ်တွေ့ပင် မဟုတ်ပါလေလား။

ယခုတလော (မြေဝါနယ်မြေ) နှင့်ပတ်သက်သောကိစ္စကြောင့် ဂျပန်စစ်ဗိုလ် ယာမာဂူချိစံနှင့် တစ်ပတ်လျှင် နှစ်ကြိမ်ခန့် တွေ့ကြုံခွင့်



ရနေပါ၏။ သို့သော် ခက်နေသည်က ယာမာဂူချိစံကိုယ်တိုင် နေရာအသေအတိအကျ မသိနိုင်ခဲ့ခြင်း၊ မြေဝါနယ်မြေသည် ရွှေမှန်ကြောထွက်ရှိသည့်နေရာဟု တပ်အပ်သေချာ မပြောနိုင်ခြင်းကြောင့် နောက်ဆုံးအဖြေထွက်ရှိရန် ကြန့်ကြာနေခဲ့ခြင်းပင် မဟုတ်ပါလား။

သည်တစ်ကြိမ် ဆုံတွေ့ကြတော့ ဒေါက်တာမင်းခေါင်၏ နေအိမ်တွင် မဟုတ်တော့။ မင်္ဂလာဒုံဘက်ရှိ ရစ်ချုပ်သွန်မဆင်၏ ခြံကျယ်ကြီးထဲရှိ တိုက်ပုလေးတစ်လုံးထဲတွင် တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

မင်္ဂလာဒုံတစ်ဝိုက်မှာ အင်္ဂလိပ်များလက်အောက် ရောက်ရှိနေစဉ်ကတည်းကပင် မြို့တစ်မြို့အဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရပါ၏။ (၁၉၁၂) ခုနှစ်၊ အင်းစိန်ခရိုင် စတင်ဖွဲ့စည်းစဉ်ကတည်းက အင်းစိန်ခရိုင်အတွင်း၌ ပါဝင်ခဲ့သည်။ ထောက်ကြံ့မှာ မင်္ဂလာဒုံမြို့နယ်၏ မြောက်ဘက်အစွန်၌ တည်ရှိပြီး ရှေးအခါက ဥယျာဉ်ခြံများ၊ လယ်ယာ စိုက်ပျိုးကြသူများသာ နေထိုင်ခဲ့ကြလေသည်။

ထိုခေတ်အခါမှ မှတ်တမ်းမှတ်ရာများအရဆိုလျှင် ထောက်ကြံ့၌ နေထိုင်သူလူဦးရေမှာ (၄၈၉) ဦးသာရှိကြောင်း ဖော်ပြထားပါလေ၏။ ထောက်ကြံ့လမ်းဆုံနှင့် မနီးမဝေး၌ရှိသော ရွှေညောင်ပင်မှာ မွန်ဘာသာဖြင့် "ဖွဲထဝ် (ဖွဲထော်)" ဟူ၍ဖြစ်ရာ ရှေးအခါက ထိုနေရာ တစ်ဝိုက်တွင် ရွာကြီးတစ်ရွာရှိခဲ့ဖူးသည်ဟု သိရသည်။ ထိုရွာအမည်မှာ "ရွှေညောင်ပင်" ကို အစွဲပြု၍ "ရွှေညောင်ပင်ရွာ" ဟု ခေါ်ဆိုခဲ့ကြသည်။

၎င်းရွာထိပ်ညောင်ပင်၌ "မော်ဘီအမြို့သနတ်ကြီးအား ရည်စူး၍ ကွန်းစင်တည်ဆောက်ပူဇော်ခဲ့ရာမှ ထိုနတ်ကွန်းမှာ ယခုတိုင် အထင်အရှား ရှိနေပါတော့သည်။ ရှေးအခါက ပြည်ဘက်၊ မန္တလေးဘက်မှ လာသော ကားများ၊ ထိုဘက်သို့သွားကြမည့် မော်တော်ကားသမားများက ခရီးလမ်း၌ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်း ထိုနတ်ကွန်းသို့ ခရီးတစ်ထောက် ဝင်နားခိုကာ ပူဇော်ဆုတောင်းခဲ့ကြရာမှ အစဉ်

www.burmeseclassic.com

www.burmeseclassic.com



အလာသဖွယ် ဖြစ်သွားခဲ့ကြပြီး ယခုထက်တိုင် ရွှေညောင်ပင်နတ်ကွန်းမှာ မော်တော်ကားသမားများ ဝင်ရောက်ဦးခိုက် ဆုတောင်းရာ နေရာတစ်နေရာအဖြစ် တည်ရှိနေပါလေတော့သည်။

အင်္ဂလိပ်မြန်မာကပြားကြီး ရစ်ချပ်သွန်မဆင်၏ခြံမှာ ရှေးအခါက ရွှေညောင်ပင်ရှာရှိခဲ့ဖူးသောနေရာဘက်မှာ ဖြစ်သဖြင့် လမ်းဘက်မှ အတွင်းဘက်သို့ရောက်အောင် အတော်ကလေး ဝင်ခဲ့ကြရပါလေ၏။ သီးပင်စားပင်များ စိုက်ပျိုးထားသည့် ရစ်ချပ်သွန်မဆင်၏ စိမ်းစိုကျယ်ဝန်းသောခြံကျယ်ကြီးထဲရှိ အစိမ်းနုရောင်တိုက်ပုလှလှလေးထဲတွင် ဒေါက်တာမင်းခေါင်နှင့် စစ်ဗိုလ်လေး ယာမာဂူချိစံတို့ ရောက်ရှိနေကြပါ၏။

စားပွဲဝိုင်းအလယ်မှာတော့ ဆတ်သားခြောက်ဖုတ် ဆီရွှဲရွှဲ တစ်ပန်းကန်၊ ငါးသေတ္တာသုပ်နှင့် မွှေးပျံ့သော လက်ဖက်ခြောက်နှင့် သင်းနေသည့် ရေနွေးကြမ်းအိုးလေးက မြန်မာတို့၏ ရိုးရာသဘာဝလေ့မြင်ကွင်းကို ဖော်ကျူးပြသနေသည်သို့ . . .။

"အဲဒါဆိုတော့ ယာမာဂူချိစံက ဘယ်လိုဖြစ်ချင်လို့လဲ၊ အဲဒါကို ရှင်းရှင်းလင်းလင်း သိထားရင် ကျွန်တော်တို့ရှေ့ကို ဘာဆက်ပြီး လုပ်ရမယ်ဆိုတာ ပြောလို့ရပြီ"

ဒေါက်တာမင်းခေါင်၏ ရှင်းလင်းပြတ်သားသောစကားကြောင့် ဂျပန်စစ်ဗိုလ် ယာမာဂူချိစံမှာ ရုတ်တရက် မဖြေနိုင်ဘဲ ရှိနေပါ၏။

"နေရာဒေသကို အတိအကျ မသိရပေမယ့် မြန်မာပြည်ထဲမှာ မဟုတ်တာကတော့ သေချာတယ် ဒေါက်တာ၊ ကျွန်တော့်အထင်ပြောရရင် မြန်မာပြည်နယ်စပ်အလွန်နဲ့ အရှေ့ပါကစ္စတန် (ဘင်္ဂလားနယ်မြေ) တစ်ပိုက်မှာ ဖြစ်ဖို့များတယ်၊ သေချာအောင် ကျွန်တော်ခန့်မှန်းတွက်ချက်ထားတဲ့ စကားတွေ, လောင်ဂျီကျူးတွေ ရှိတယ်"

"ဟာ . . . အဲဒါဆိုရင်တော့ စုံစမ်းမေးမြန်းဖို့ သိပ်မခက်တော့ဘူးထင်တယ်၊ လောင်ဂျီကျူးတွေ, ဒီဂရီမြေပုံညွှန်း အမှတ်အသားတွေ



တစ်ခုခုသာရှိတယ်ဆိုရင် နားလည်နိုင်မယ့်လူ၊ မေးရင်ရနိုင်မယ်ထင်တဲ့လူ ကျွန်တော့်ရဲ့ အသိတစ်ယောက်တော့ရှိတယ်၊ ယာမာဂူချိစံ"

"ရှိနိုင်ပါလိမ့်မယ်၊ ကျွန်တော့်ရဲ့ဒိုင်ယာရီအဟောင်းထဲမှာ မှတ်သားထားခဲ့တာ ရှိတယ်ခင်ဗျ၊ ဒေါက်တာပြောသလို နားလည်တဲ့သူ, နောက်ပြီး နှုတ်လုံစိတ်ချရမယ့်သူဆိုရင်တော့ ပြကြည့်လိုက်ရင် မှားမယ်မထင်ဘူး"

"ဒီလိုလုပ်ပါလား ယာမာဂူချိစံ . . . ကျွန်တော့်အသိမိတ်ဆွေရင်း တစ်ယောက်ရှိတယ် . . . ဒေါက်တာ ဖြူနုဖံတဲ့၊ ရခိုင်တိုင်းရင်းသူ တစ်ယောက်ပဲ၊ အရင်က တက္ကသိုလ်က ပထဝီဌာနမှာလုပ်ဖူးတယ်၊ ပြီးတော့ ဂျပန်စကားလည်း နည်းနည်းပါးပါးပြောတတ်တော့ ယာမာဂူချိစံအတွက် အဆင်ပြေနိုင်လိမ့်မယ် ထင်တယ်"

"အား . . . အာရိဂတော ဂိုဇိုင်းမစ် (ကျေးဇူးအထူးတင်ပါတယ်) ဒေါက်တာ၊ ဖြစ်နိုင်ရင် အချိန်လည်းရတော့ အခုကို တွေ့ချင်ပါတယ် ဒေါက်တာ"

ဂျပန်စစ်ဗိုလ် ယာမာဂူချိစံ၏ ဆန္ဒအရ ရန်ကုန်မြို့ ဘောင်ဒရီလမ်းတွင် နေထိုင်သည့် ဒေါက်တာဖြူနုဖံအား ဖုန်းဆက်လိုက်ပြီး အကျိုးအကြောင်းပြောဆိုကာ မင်္ဂလာဒုံရှိ ရစ်ချပ်သွန်မဆင်၏ စိုက်ပျိုးရေးခြံကြီးသို့ အရောက်လာပေးပါရန် ပြောဆိုလိုက်ပါတော့သည်။

တစ်နာရီခန့် အချိန်ကုန်သွားပြီးသည်နှင့် ဗိုဒ္ဒကားနီနီရဲရဲလေးက ရစ်ချပ်သွန်မဆင်၏ ခြံဝန်းကျယ်ကြီးထဲသို့ ကွေ့ချိုးဝင်ရောက်လာပြီး အစိမ်းနုရောင်တစ်ထပ်တိုက်ပုလေးရှေ့တွင် ကားလေးထိုးရပ် သွားပါလေ၏။ ကားပေါ်မှ အသက် (၂၅) နှစ်အရွယ်ခန့် အရပ်မြင့်မြင့် ချောမောလှပသော အမျိုးသမီးတစ်ဦး ဣန္ဒြေရရနှင့် ဆင်းလာသည်ကို မြင်တွေ့လိုက်ရသည်။

"လာပော့ ဖြူနုဖံ . . . ဟောဒီက စစ်ဗိုလ်လေး ယာမာဂူချိစံက

www.burmeseclassic.com

www.burmeseclassic.com



အတူအညီတစ်ခု တောင်းစရာရှိလို့ရယ်, သိချင်တာလေးတွေ မေးမြန်းညှိနှိုင်းဖို့ဆိုတာရယ်ကြောင့် ကိုယ် ဖုန်းဆက်ပြီး ဖြူနုဖံကို ခေါ်လိုက်ရတာပါ''

''ရပါတယ် ဒေါက်တာ၊ ဒီရက်ပိုင်းတွေက ကျွန်မအိမ်မှာ ရှိနေပါတယ်၊ ဒါပေမဲ့ ဒီလကုန်ပြီးရင်တော့ ရခိုင်ဘက်ကို ခရီးထွက်စရာရှိပါတယ် ဒေါက်တာ''

ဒေါက်တာဖြူနုဖံမှာ စားပွဲရှိ လွတ်နေသည့်ထိုင်ခုံတွင် ဝင်၍ထိုင်လိုက်ရင်း သူ့အား မတ်တတ်ရပ်လျက် ဦးညွှတ်ကာ ပြုံးရွှင်ဖော်ရွေစွာ ဆီးကြိုနေသည့် ဂျပန်စစ်ဗိုလ် ယာမာဂူချိစံအား မသိမသာ ခေါင်းညိတ်၍ အသိအမှတ်ပြုလိုက်ရင်း . . .

''ကျွန်မ ဒေါက်တာဖြူနုဖံပါ၊ လိုအပ်တာရှိရင်ပြောပါ ဗိုလ်ကြီး၊ [တတ္တုဒိုင်းမ(စ်)] ကူညီပါရစေ ဗိုလ်ကြီး''

''အီရိုး အီရိုး . . . အာဂရိတော ဂိုဇိုင်းမရှိတ (အစစအရာရာအတွက် ကျေးဇူးအထူးတင်ပါတယ်) ဒေါက်တာဖြူနုဖံ''

တစ်ယောက်ကိုတစ်ယောက် ဂျပန်ဘာသာစကားဖြင့် ပြောဆိုနှုတ်ဆက်ကြပြီးသည်နှင့် ဒေါက်တာမင်းခေါင်နှင့်ရစ်ချပ်သွန်မဆင်တို့က ယာမာဂူချိစံ တွေ့ကြုံခဲ့ရသည့်အဖြစ်အပျက်ကို အကျဉ်းချုံး၍ ရှင်းပြပြောဆိုပေးခဲ့ကြသည်။

ယာမာဂူချိစံကလည်း သူ၏ဒိုင်ယာရီစာအုပ်အဟောင်းထဲတွင် မှတ်တမ်းတင်ထားခဲ့သည့် နေရာ၊ ဒေသ၊ မြေပုံညွှန်းနှင့် ဒီဂရီအမှတ်အသားများကို ဒေါက်တာဖြူနုဖံက အသေးစိတ်ရှင်းလင်းပြောပြနေပါ၏။ ဒေါက်တာဖြူနုဖံက ယာမာဂူချိစံ၏ ဒိုင်ယာရီအဟောင်းထဲမှ ဒီဂရီမြေပုံညွှန်းတို့ကို သေသေချာချာ ကြည့်ရင်း . . .

''အင်း . . . ဗိုလ်ကြီးရဲ့အမှတ်အသားက ဓါတ်အညွှန်းတစ်ခုကို ဒီဂရီနဲ့ မှတ်သားထားတာပေါ့နော်၊ ဒီစာအုပ်ထဲက အညွှန်းအတိုင်းဆိုရင်တော့ မြန်မာပြည်ထဲမှာ မဖြစ်နိုင်ဘူး၊ ကျွန်မ ခန့်မှန်းကြည့်ရသလောက်ဆိုရင် အရှေ့ပါကစ္စတန်ပိုင်နက် ဘင်္ဂလားအဝကျွန်း ဒါမှမဟုတ် ဘင်္ဂလားနယ်မြေထဲမှာ ဖြစ်ဖို့များတယ်''



''ဘင်္ဂလားအဝကျွန်း . . . ဟုတ်လား ဒေါက်တာ''

''ဟုတ်တယ်ဗိုလ်ကြီး၊ ဒေါက်တာတို့ပြောတဲ့ ရေမြေသဘာဝအနေအထား, မြေပုံအညွှန်းနဲ့ တွေ့ရှိရတဲ့ မြေအမျိုးအစားအတိုင်းသာဆိုရင် မြန်မာနိုင်ငံနဲ့ ထိစပ်နေတဲ့ ဘင်္ဂလားနယ်မြေဟာ အဖြစ်နိုင်ဆုံးအနေအထားပဲ ဗိုလ်ကြီး၊ နောက်ပြီး ဗိုလ်ကြီးရဲ့ လေကြောင်းမြေပုံညွှန်းခန့်မှန်းလတ္တီကျူ, လောင်ဂျီတွဒ်တွေအရဆိုရင်လည်း ပင်လယ်ပြင်ကိုဖြတ်ကျော်ပြီးလာခဲ့တဲ့လမ်းကြောင်းဟာ ဘင်္ဂလားအဝကျွန်းနဲ့ ရခိုင်ရိုးမကိုညွှန်ပြနေပါတယ်''

''ဒါနဲ့ ဒေါက်တာပြောတဲ့ ဘင်္ဂလားအဝကျွန်းဆိုတာ နယ်မြေအကျယ်ကြီးပဲလား ဒေါက်တာ''

''ကျယ်တာပေါ့ ဗိုလ်ကြီးရယ်၊ တကယ်တော့ ဘင်္ဂလားအဝကျွန်းဆိုတာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ တစ်ဖက်အစွန်းနားမှာတည်ရှိတာ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲမှာ ကျွန်မတို့ ရခိုင်လူမျိုးတွေ အများကြီး နေထိုင်ကြတယ်လေ၊ ဒါပေမဲ့ စစ်တကောင်းတောင်တန်းဒေသနဲ့ ဘင်္ဂလားအဝကျွန်းဘက်တွေမှာသာ အနေများကြတာပါ၊ စစ်တကောင်းကတော့ ရခိုင်ပြည်နယ် မောင်တောနဲ့နီးပြီး အဝကျွန်းဆိုတာကတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ တစ်ဖက်အစွန်မှာသာရှိပြီး မောင်တောနဲ့ ဝေးတယ်''

ယာမာဂူချိစံသည် ဒေါက်တာဖြူနုဖံ ရှင်းလင်းပြောပြနေသည်များကို စိတ်ဝင်တစား နားထောင်ရင်း လွန်ခဲ့သော သုံးနှစ်ကျော်ကျော်ခန့်ဆီက သူကိုယ်တိုင် စစ်လေသူရဲတစ်ဦးဘဝနှင့် မောင်းနှင်ခဲ့သည့်လေယာဉ်လမ်းကြောင်းကို မှန်းဆ၍ ကြည့်နေမိသည်။ ရွှေဒိုင်းကျယ်ကြီးတစ်ခုနှင့် မဝေးလှသော (အဝါရောင်တောင်ကုန်း) တစ်ခုကိုပါ

www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့သျှက် မြင်ယောင်လာပါ၏။

ဒေါက်တာမင်းခေါင်နှင့် ရစ်ချပ်သွန်မဆင်တို့ကမူ ဆေးတံနှင့် ဆေးပြင်းလိပ်ကိုယ်စီခဲလျက် တိတ်ဆိတ်စွာ နားထောင်နေကြသည်။ ထိုစဉ် ဒေါက်တာဖြူနုဇံ၏ စကားသံက ထွက်ပေါ်လာခဲ့ပြန်ပါ၏။

"ဒါပေမဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ ဘင်္ဂလားပင်လယ်အော်ကြီးကို ကွေ့ဝိုက်ပြီး လက်ကောက်ဝတ်သဏ္ဍာန် တည်ရှိနေတာကြောင့် ရခိုင်ပြည်နယ်ကနေ ပင်လယ်ပြင်ကြီးကို ဖြတ်ကျော်သွားရင်း အဝကျွန်းဆိုတာ သိပ်တော့ မဝေးလှဘူးပေါ့ ဗိုလ်ကြီး၊ ဒါကြောင့်လည်း ရခိုင်ပြည်နယ်ကနေ အဝကျွန်းဘက်ကို လှေသမ္ဗန်တွေနဲ့ မကြာခဏ ဆိုသလို သွားလာကူးသန်းနေကြတာပေါ့"

"နောက်ပြီး ကျွန်မငယ်ငယ်တုန်းက ရခိုင်ပြည်နယ်ထဲမှာ နေခဲ့ဖူးတာဆိုတော့ ဗိုလ်ကြီးမြင်တွေ့ခဲ့ရတယ်ဆိုတဲ့ (အဝါရောင် တောင်ကုန်း) နဲ့ ပတ်သက်ပြီး ကြားဖူးနားဝရှိထားတာ တစ်ခုရှိတယ်၊ ကျွန်မရဲ့ အဘိုး ပြောပြခဲ့ဖူးတာပါ၊ ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလို ဆိုပေမယ့် ဗိုလ်ကြီး မြင်တွေ့ခဲ့ရတဲ့ (မြေဝါတောင်ကုန်း) နဲ့ တိုက်ဆိုင်နေတာကြောင့် အမှန်တကယ်များရှိနေလေသလားဆိုတဲ့ အတွေးစိတ်ကူးမျိုး ဝင်လာမိပါတယ်"

ထို့နောက်မှာတော့ ဒေါက်တာဖြူနုဇံပြောပြသော (မြေဝါတောင်) သို့မဟုတ် အဝါရောင်တောင်ကုန်းနှင့်ပတ်သက်သော ဒဏ္ဍာရီဆန်ဆန် ဇာတ်လမ်းတစ်ပုဒ်တွင် ယာမာဂူချီစံတို့အားလုံး စီးမျောနစ်ဝင်သွားကြပါတော့သည်။

☼ ☼ ☼

## အခန်း (၇)
## အဝါရောင်ပုံပြင်တစ်ပုဒ် ပြောကြားခြင်း

ဒေါက်တာဖြူနုဇံ မွေးဖွားခဲ့ရာ ဇာတိတန်းတင်ရွာကလေးသည် ရခိုင်ရိုးမတောင်ခြေ တောင်စွယ်တောင်တန်းတစ်ခုနှင့် ထိစပ်လျက်ရှိပြီး ရခိုင်ရိုးမကြီးနှင့် ခဲတစ်ပစ်ခန့်လှမ်းသည်ဖြစ်ရာ ရွာနှင့် သုံးမိုင်ခန့်အကွာတွင် လွန်စွာနက်ရှိုင်းသိပ်ခေါင်လှသော တောနက်ကြီးများ အဆင့်ဆင့်ရှိပါချေ၏။

ထို့ပြင် မြင့်မားသိခေါင်လှသော ရောမတောင်စွယ်တောင်တန်းများကြားမှ ယှက်ဖြာစီးဆင်းနေကြသည့် စမ်းချောင်းငယ်လေးများနှင့် မတ်စောက်သော လျှိုမြောင်အထပ်ထပ်တို့ကြားတွင် မထင်မှတ်ဘဲ ရောက်ရှိသွားခဲ့သည်ဆိုပါလျှင် မချမသွေ စိတ်ချောက်ချားမှုတို့က မိမိကိုယ်မိမိ ပြန်လည်၍ သွေးပျက်ချောက်ချားစေသည်အထိ ခြောက်လှန့်နေပေလိမ့်မည်။ နေ့လယ်နေ့ခင်းပင် နေခြည်မထိုးနိုင်လောက်အောင် နက်ရှိုင်းထူထပ်သော တောနက်ကြီးထဲတွင် ငှက်သံကျေးသံတို့မှလွဲ၍ ဘာဆိုဘာမျှ မကြားရ၊ အစဉ်ထာဝရ တိတ်ဆိတ်ချောက်ချားစွာပင် ရှိနေပါချေ၏။

ဒေါက်တာဖြူနုဇံ၏ အဘိုးဖြစ်သူ၏ ဖခင်ကြီးက တောပျော်မုဆိုးကြီးတစ်ဦးဖြစ်သည်။ နာမည်က ဘိုးသာဒွန်း၊ ရခိုင်ရိုးမတစ်ခွင် ပြုပြစ်ငမ့်မျှ ခြေရာထပ်အောင် မွှေနှောက်နိုင်သည့် မုဆိုးကျော်ဖြစ်သည်။ တစ်နေ့တွင် ညီဖြစ်သူ စံဒွန်းဖြူနှင့်အတူ တောလည်ထွက်ကြစဉ် သဲသဲမဲမဲ ရွာချလာသော မိုးနှင့် ရင်ဆိုင်တိုးခဲ့ရပါချေ၏။

အချိန်ကညနေခင်းနေဝင်ရီတရောချိန် ဖြစ်သည်မို့ မိုးခိုရန်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ပြေးမိပြေးရာပြေးရင်း တောင်ကုက်ပျောရွက်အမိုးတစ်ဖက်ရပ်တဲလေးအောက်တွင် ညီအစ်ကိုနှစ်ယောက် မိုးခိုခဲ့ကြရသည်။ သို့သော် လုံခြုံစွာ အကာအကွယ်ကိုမူ အပြည့်အဝ မပေးနိုင်ရှာပေ။ ညဦးအချိန်သို့ ရောက်ရှိလာသောအချိန်မှာတော့ အဆက်မပြတ် ရွာသွန်းနေသည့် မိုးကြောင့် အတော်ကလေး ကသိကအောင့်ဖြစ်ရသည်။ အိပ်၍လည်း မရ၊ မိုးစိုစို ငုတ်တုပ်ထိုင်လျက် မိုးနတ်မင်းကြီးကိုသာ မိုးတိတ်ပေးပါရန် ဆုတောင်းပေးနေရပါတော့သည်။

''ငါပြောသလို ရေပုတ်စခန်းကိုသာ အရောက်သွားခဲ့ရင် ဒီလိုဒုက္ခမျိုး ကြုံရမှာမဟုတ်ဘူး စံဒွန်းဖြူ။ နင် ကလေးနေလို့ အခုလို ရေပုတ်စခန်းမှာပဲ သောင်တင်နေရပြီ''

''ဒါတော့ ဒါပေါ့ သာဒွန်းရယ်၊ ဒါပေမဲ့ ငါတို့ တစ်မနက်လုံး လျှောက်လာရတဲ့ ခရီးကိုလည်း ပြန်ကြည့်ဦးလေ၊ ဆက်ရက်ချောင်းကနေ ဒီအရောက် လျှောက်ခဲ့ကြတာ၊ နည်းတဲ့ခရီးရှည်ကြီး မှတ်လို့''

တကယ်တော့ ဘိုးသာဒွန်းသွားလိုသည့် ရေပုတ်စခန်းသည် (၂) မိုင်ခရီးခန့်သာလျှင် ဝေးကွာသော်ငြား ပင်ပန်းကြပြီဖြစ်၍ နားနေလိုခြင်း၊ ခရီးလယ်တွင် ''ဆားကျင်း'' တစ်ခုကို တွေ့ခဲ့ရခြင်းကြောင့် နံနက်စောစော ဆားကျင်းသို့သွားကာ သားကောင်ပစ်ခတ်လိုခြင်းကြောင့် ဤစခန်းတွင် ညအိပ်နားနေခဲ့ခြင်းဖြစ်သည်။

မိုးကားမစဲ ရွာမြဲဖြစ်သည်။ မိုးလင်းလျှင် မိုးတိတ်ဖို့အရေးကြီးသည်။ သို့မှသာ ဆားကျင်းသို့ သွားရောက်၍ သားကောင်ပစ်ခတ်နိုင်မည် မဟုတ်ပါလား။ ဆားကျင်းဆိုသည်မှာ အငန်ဓာတ်ရှိသော မြေဖြစ်၏။ ထိုဆားကျင်းများရှိရာသို့ တောကောင်များလာရောက်၍ စားတတ်ကြသည်။ ထိုဆားကျင်းတွင် သွားရောက်စောင့်ဆိုင်းပစ်ခတ်လျှင် သားကောင်တစ်ကောင်ရရန် သေချာပေသည်။

မကြာမီ မိုးသည် တဖြည်းဖြည်း ပါးလာပါ၏။ သန်းခေါင်ယ



ကျော်သည်နှင့် လုံးဝမိုးတိတ်သွားပါလေတော့သည်။ သို့သော် မိုးသာတိတ်သွားသည်။ သူတို့နှစ်ယောက် လုံးဝအိပ်စက်၍ မရပါလေ။ ညဦးယံက သဲသဲမဲမဲ ရွာထားသောမိုးကြောင့် တစ်ဖက်ရပ်တဲလေးထဲတွင် မိုးရေတို့ဖြင့် စိုရွှဲနေကြခြင်းကြောင့် ဖြစ်ပါ၏။

မိုးမိထားခြင်းဒဏ်၊ လေတိုက်ခတ်ခြင်းဒဏ်တို့ကြောင့် နှစ်ယောက်သား ခိုက်ခိုက်တုန်မျှ ချမ်းနေကြသည်၊ ထို့ကြောင့် စံဒွန်းဖြူက လွယ်အိတ်ထဲတွင် ထည့်လာသည့် အရက်ပုလင်းကို ထုတ်ကာ ရေပင်မရောတော့ဘဲ ငုပ်ခနဲ မော့ချလိုက်သည်။ ပြီးလျှင် သူ၏အစ်ကိုဖြစ်သူ ဘိုးသာဒွန်းအား လက်ဆင့်ကမ်း၍ ပေးလိုက်ပါ၏။

ဘိုးသာဒွန်းကလည်း ခိုက်ခိုက်တုန်မျှ ချမ်းနေသည်မို့ ပုလင်းထဲမှအရက်ကို နှစ်ကျိုက်ခန့်မော့၍ သောက်လိုက်သည်။ လည်ချောင်းတစ်လျှောက် ပူခနဲ၊ ရှိန်းခနဲ ဖြစ်သွားပြီး တစ်ကိုယ်လုံး ရှိန်းဖိန်းကာ နွေးထွေးသွားပါ၏။ ယခုမှ နှစ်ယောက်သား နေသာထိုင်သာ ရှိသွားကြပါတော့သည်။

''အားပါး ... အခုမှပဲ တစ်ကိုယ်လုံး နွေးသွားတော့တယ်ဟေ့''

ယခုတော့လည်း ကောင်းကင်ပြင်သည် မိုးရိပ်မိုးသားများ ကင်းစင်လျက် ကြည်ကြည်လင်လင် ဖြစ်နေပါချေပြီ။ လရောင်အလင်းက သစ်ပင်ကြီးငယ်များကြားမှ ထိုးဖောက်ဝင်ရောက်လာသဖြင့် စခန်းပတ်ဝန်းကျင်တစ်ဝိုက် မှုန်ဝါးဝါး မြင်နေရသည်။

ညီအစ်ကိုနှစ်ယောက် အိပ်စက်၍ မရနိုင်တော့သဖြင့် စကားပြောလိုက် အရက်သောက်လိုက်နှင့် အချိန်ဖြုန်းနေကြရပါ၏။ ထိုစဉ်ဆိုးနားတွင် သဘာဝမဟုတ်သော ချိုးချိုးချွတ်ချွတ် အသံတစ်မျိုး ထိုးဝင်လာသည်မို့ ပတ်ဝန်းကျင်သို့ ဝေ့ဝဲကြည့်လိုက်သည်တွင် ...

''ဟာ''

သူတို့တဲကလေး ရှေ့မြေကွက်လပ်တစ်ဖက်ခြမ်းဘားတွင် မည်

www.burmeseclassic.com

www.burmeseclassic.com



သည့်အချိန်ကတည်းက ရောက်နေသည်မသိသော ကျားကြီးတစ်ကောင်ကို တွေ့မြင်လိုက်ရသဖြင့် ထိတ်ခနဲ ဖြစ်သွားပါ၏။

"ရှူး သာဒွန်း၊ တွေ့လား . . . ဟို ဟိုမှာ"

"အေး . . . တွေ့တယ် ဒွန်းဖြူ၊ ဒီကောင်ကြီး ဘယ်အချိန်ကတည်းက ရောက်နေတာလဲ မသိဘူး။ သတိထားနေဟေ့"

ဘိုးသာဒွန်းက ညီဖြစ်သူကို သတိပေးစကားပြောရင်း လက်ရှိ တော် တူမီးသေနတ်ကြီးကို အသာအယာ ဆွဲယူလိုက်သည်။ ကျားကြီးနှင့် သူတို့နားခိုရာတဲ၏ အကွာအဝေးမှာ ကိုက်သုံးဆယ်ခန့် ရှိမည်ထင်သည်။ မှုန်ဝါးဝါးလရောင် အလင်းအောက်တွင် ကျားကြီးက သူတို့နှစ်ယောက်အား ငုတ်တုတ်ကြီးထိုင်၍ ကြည့်နေသည်ကို အံ့သြထိတ်လန့်စွာ တွေ့မြင်နေရပါ၏။

"ဘယ် ဘယ်လိုလုပ်မလဲ သာဒွန်း . . . ပစ်ချလိုက်ရမလား"

"ဟာ . . . နေ နေ . . . ရမ်းပြီးမလုပ်နဲ့၊ ဒီကောင်ကြီးကို ကြည့်ရတာ ငါတို့ကို ဒုက္ခပေးမယ့်ပုံမရှိဘူး၊ သူ့ဟာသူ အေးအေးလူလူ ထိုင်နေတာကွ"

"အင်း . . . နင်ပြောတော့ ဟုတ်သလိုလိုပဲဟေ့၊ ဒါပေမဲ့ စောင့်တော့ကြည့်နေမှ ဖြစ်မယ်ထင်တယ်နော့"

စံဒွန်းဖြူက ပြောပြောဆိုဆိုနှင့် ခန္ဓာကိုယ်လှုပ်ရှားလိုက်သည်တွင် ကျားကြီးထံမှ တဟင်းဟင်းနှင့် မာန်သွင်းသံကြီးကို ကြားလိုက်ရပြီး မကြာမီ မြေတုန်ဟည်းလုမတတ် ဝေါင်းခနဲ ကျားဟိန်းသံကြီး ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့ပါတော့သည်။

'ဝေါင်း ဂရား . . ဝေါင်း ဓဝါင်း ဂါ ဝေါင်း ဝေါင်း'

တစ်ချိန်တည်းမှာပင် စခန်းပတ်ပတ်လည် အမှောင်ထုကြီးမှ ကျယ်လောင်စွာဖြင့် ဆက်တိုက် ထွက်ပေါ်လာသော ကျားဟိန်း များကို ထိတ်လန့်ချောက်ချားစွာ ကြားလိုက်ကြရပါလေ၏။ နှစ်ယောက်



သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြစဉ်မှာပင် အရပ်လေးမျက်နှာမှ ကျားဟိန်းသံကြီးများက ဆူညံစွာ ထွက်ပေါ်လာကြပြန်သည်ကော . . .။

'ဝေါင်း ဝေါင်း ဂရား ဝေါင်း'

အခြေအနေက မှုမမှန်ပါလေတော့။ အသံများ ထွက်ပေါ်လာရာဆီသို့ လှည့်ပတ်ကြည့်လိုက်တော့လည်း မှုန်ဝိုးဝါး လရောင်အောက်တွင် မည်သည့်သတ္တဝါတစ်ကောင်မျှ မတွေ့ရပါချေ။ ထို့ကြောင့် မူလက ဆောင့်ကြောင့်ထိုင်နေသည့် ကျားကြီးရှိရာသို့ လှည့်၍ကြည့်လိုက်ကြသည်တွင် . . .

"ဟာ"

"ဟင် . . . ဘယ်လိုဖြစ်တာလဲဟ"

ဘိုးသာဒွန်း ကိုယ့်မျက်စိကိုယ်ပင် မယုံနိုင်အောင် ဖြစ်သွားပါ၏။ ကျားကြီးသည် စောစောကထက် ပိုမို၍ ကြီးထွားလာသကဲ့သို့ တွေ့မြင်လိုက်ရသဖြင့် နှစ်ယောက်သား ဖဝေဖဝါ ဖြစ်သွားသည်။

"ဘယ်လိုလဲ သာဒွန်း . . . ကျားကြီးက ချက်ချင်းကြီး ကြီးလာသလိုပါလား"

"ဟုတ်တယ် ဒွန်းဖြူ . . . ဒါကြောင့် ငါစဉ်းစားနေတာ၊ တစ်ခုခုတော့ မှားနေပြီထင်တယ်ဟေ့"

'ဝေါင်း ဂရား ဝေါင်း ဝေါင်း ဂါး'

ထိုစဉ်မှာပင် အရပ်လေးမျက်နှာမှ ကျားဟိန်းသံများက ပို၍ ဆူညံစွာ ထွက်ပေါ်လာပြန်ပါတော့သည်။ ကြာလာတော့ မုဆိုး ဘိုးသာဒွန်း စိတ်မရှည်နိုင်တော့ပြီထင့် . . .။ လက်ထဲမှ တူမီးသေနတ်ကြီးနှင့် မိုးကောင်းကင်ထက်သို့ ထောင်၍ပစ်လိုက်သည်။

'ဒိန်း'

ပြင်းထန်သောယမ်းအားပေါက်ကွဲသံကြီးကြောင့် စခန်း ပတ်

www.burmeseclassic.com

www.burmeseclassic.com



ပတ်လည်မှ ဆူညံစွာ ဟိန်းဟောက်နေကြသည့် ကျားမာန်ဖီသံကြီးများ တိတ်ဆိတ်ငြိမ်သက်သွားကြသည်။ သို့တိုင်အောင် မူလလက်စွဲ ကျားကြီးကမူ ငုတ်တုတ်ဆောင့်ကြောင့်ထိုင်လျက် ပိုနေမြဲ ကျားနေမြဲ နေရာမှ တုတ်တုတ်မျှ မလှုပ်။

"သတိထား ဒွန်းဖြူ . . . အခြေအနေ သိပ်မကောင်းဘူး၊ ငါ ဒီကောင်ကြီးကို တည့်တည့်ချိန်ပြီး ပစ်လိုက်တော့မယ်"

ပြောပြောဆိုဆိုနှင့် မှဆိုးကြီးဘိုးသာဒွန်းက သူ၏လက်ထဲမှ တူမီးသေနတ်ကြီးဖြင့် ကျားကြီးရှိရာသို့ တည့်မတ်စွာချိန်ရွယ်လိုက်ပြီး ပစ်ချလိုက်သည်။

'ဒိန်း' 'ဝေါင်း ဂါး'

ယမ်းပေါက်ကွဲသံနှင့်အတူ ကျယ်လောင်သော ကျားဟိန်းသံကြီးထွက်ပေါ်လာပြီး ဆောင့်ကြောင့်ထိုင်နေသည့် ကျားကြီးမှာ နောက်ကျွမ်းပစ်ကာ အမှောင်ထုအတွင်းသို့ ပြေးဝင်ပျောက်ကွယ်သွားပါလေတော့သည်။ တစ်ချိန်တည်းမှာပင် ဆူညံသော ကျားဟိန်းသံကြီးများနှင့် တော်လည်းသံကြီးများ ထွက်ပေါ်လာပြီး လေပြင်းတိုက်သံများက တဝေါဝေါနှင့် ဆူညံစွာ တိုက်ခတ်လာခဲ့ကြသည်။

'ဝေါ ဝေါ ဝုန်း ဂရောင်း ဝေါ ဝုန်း ဖျောင်း ကျိုင်း'

တဝေါဝေါနှင့်အော်မြည်လာသည့် လေပြင်းမုန်တိုင်းတိုက်ခတ်သံများ၊ သစ်ပင် ဝါးပင်ကြီးတို့ တဖြောင်းဖြောင်းနှင့် လဲပြိုကျသံများကို အဆက်မပြတ် ကြားနေရပါ၏။ တောကောင်ကြီးငယ်တို့ တဝုန်းဝုန်းပြေးလွှားသံကြီးများက တောကို သွေးပျက်ချောက်ချားစေသည်သို့ . . .။

"တွေ့လား ဒွန်းဖြူ . . . ဒါ ဒါ မရိုးသားဘူးကွ"

"ဒါ ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ"

"ဘာမှ လုပ်လို့မရဘူး၊ ဟောဒီ တစ်ဖက်ရပ်တဲလေးထဲမှာပဲ မိုးလင်းတဲ့အချိန်ထိ နေကြရုံပဲ ရှိတော့တယ်၊ မကြာမီ ဒီအသံတွေ



အားလုံး ငြိမ်သွားကြလိမ့်မယ်"

ဟုတ်သည်။ မှဆိုးကြီးဘိုးသာဒွန်း ပြောသကဲ့သို့ပင် မကြာမီမှာပင် ထိုအော်သံဟစ်သံများမှ တစ်စ တစ်စဖြင့် တိုးတိမ်ပျောက်ကွယ်သွားကြပါလေတော့သည်။

အချိန်မည်မျှကြာသွားသည် မသိ . . .၊ အဝေးတစ်နေရာမှ ကြက်ဖတွန်သံကြားလိုက်ရပြီးနောက်မှာတော့' အရုဏ်ဦးနေခြည်က တဖြည်းဖြည်း တွန်းဖယ်ဝင်ရောက်လာကြသည်။ မကြာမီ ကျည်ကျည်ကျာကျာ ကျေးငှက်အော်မြည်သံများနှင့်အတူ နိုးမတောကြီးသည် သက်ဝင်နိုးထလာခဲ့ပါတော့သည်။

✲ ✲ ✲

## အခန်း (၈)

## ရွှေမျက်နှာရှင်သခင်မနှင့် အဝါရောင်ပုံပြင်

ညဥ့်က တစ်ညလုံး မအိပ်ရသဖြင့် ငိုက်မျဉ်းနေသည့်ကြားမှ မှဆိုးကြီးဘိုးသာဒွန်းတို့ကို တစ်ဖက်ရပ်တဲလေးထဲမှ ထွက်လာခဲ့ကြသည်။ ထူးထူးခြားခြား ဘိုးသာဒွန်း၏ စိတ်တို့က လေးလံနေသည်သို့။

"သွားကြမယ်လေ၊ ဆားကျင်းဘက်ကို သားကောင်သွားပစ်ရအောင်လား"

စံဒွန်းဖြူက ပြောလိုက်သည့်တိုင် ဘိုးသာဒွန်းမှာ ခပ်ငိုင်ငိုင်နှင့် တစ်စုံတစ်ရာကို စဉ်းစားနေလေသည်သို့ . . .။ အတန်ကြာမှာ စကားသံ လေးလေးကြီးဖြင့် . . .

www.burmeseclassic.com

www.burmeseclassic.com



"ညာက ကြုံတွေ့ရတာကို သိပ်သဘောမတွေ့ဘူးကွ၊ ငါတို့ဒီခန်းကနေ အမြန်ဆုံးနောက်ပြန်လှည့်ကြရင် ကောင်းမယ်ထင်တယ်"

"ဟာ နင်ကလည်း မုဆိုး မဟုတ်တာကျနေတာဘဲ၊ အယူသီးနေသေးတယ်၊ ကဲ . . . လာပါကွာ၊ တောထဲကို ရောက်ပြီးခါမှ သားကောင်တစ်ကောင်မှ မပါဘဲ လက်ဗလာနဲ့ ပြန်သွားရတာ နင် သိုက်ကျမှာပေါ့"

စံဒွန်းဖြူ၏စကားကြောင့် သာဒွန်းဖြူမှာ စိတ်လက်မပါစွာဖြင့် ဆားကျင်းရှိရာဘက်သို့ ထွက်လာခဲ့ကြသည်။ နာရီဝက်သာသာခန့် လျှောက်ရသေး၏။ ဆားကျင်းရှိရာသို့ ရောက်ရှိလာကြသည်။ ဆားကျင်းနှင့် မနီးမဝေးတွင်ရှိသည့် ခန်းတောလေးအတွင်းမှနေ၍ ဆားလာ၍ လျက်ကြမည့် သားကောင်များကို ငြိမ်သက်စွာ ချောင်းမြောင်းနေကြပါ၏။

'ကျွိ ကျွိ ကျလိ ကျွိ'

မကြာမီ ဆားကျင်းရှိရာသို့ တောဝက်တစ်အုပ် တကျိကျိနှင့် ရောက်ရှိလာကြသည်။ ဘာ့ကြောင့်ရယ်မသိ၊ ထိုတောဝက်တစ်အုပ်က ဘိုးသာဒွန်းခေါင်းယမ်းလျက် လက်ရှောင်လိုက်သည်။ တောဝက်အုပ်သည် ဆားကျင်းမြေတို့ကို တစ်ဝကြီး စားသောက်ပြီး ဆူညံသော အသံများပြုကာ ထွက်သွားကြသည်။

ထို့နောက် ဒင်ကြီးငှက်တစ်အုပ်၊ တောကြောင်တစ်ကောင် စိတ်ရှည်ရှည်ဖြင့် စံဒွန်းဖြူတို့ ဆက်၍စောင့်ကြသည်။ မကြာ လျှို့စပ်တက်ဆီမှ ဂျီ (ချေ) တစ်ကောင် ဆားကျင်းမြေရှိရာသို့ လျှော လာသည်ကို စံဒွန်းဖြူတွေ့လိုက်ရသည်ကြောင့် . . .

"သာဒွန်း . . . ဟို ဟိုမှာ လာနေပြီ"

စံဒွန်းဖြူ တံတောင်နှင့်တွက်၍ သတိပေးလိုက်သဖြင့် ငို မျှော်နေသည့် ဘိုးသာဒွန်းဆားကျင်းရှိရာသို့ လှမ်းကြည့်လိုက်သည်



ဂျီ (ချေ) တစ်ကောင်သည် ဆားကျင်းရှိရာသို့ ရောက်လာကာ ဆားငန်ရည်ကို ငုံ၍ သောက်နေပါ၏။ ထို့ကြောင့် လက်ထဲမှ တူမီးသေနတ်ကို အသာအယာ မောင်းတင်လိုက်ပြီး ထိုချေငယ်ရှိရာသို့ ထိုးချိန်လိုက်သည်။

ပစ်မှတ်ငြိမ်သည်နှင့် မောင်းထိန်းခလုတ်ကို အသာအယာ ဆွဲညှစ်မည့်အလုပ်တွင် . . .

'ဝေါင်း ဂါး"

ကျားတစ်ကောင်၏ မာန်ဖီဟိန်းဟောက်သံကြောင့် ကွေးညွတ်လုဆဲဆဲ လက်ညှိုးလေးကို မောင်းထိန်းခလုတ်ပေါ်မှ ဖယ်ခွာလိုက်ပြီး အသံလာရာသို့ ကဲကြည့်လိုက်သည်တွင် . . .

"ဟာ"

"အိုး . . . ဟို ဟို ဟိုကောင်ကြီး"

လွန်စွာကြီးမားလှသော ကျားကြီးတစ်ကောင်က သူတို့၏ လက်ယာဘက် ကျောက်တောင်ကြားမှ ခါးကြီးကို ယမ်းခါလျက် ဆားကျင်းရှိရာသို့ တိုးဝင်လာသည်ကို အံ့ဩစွာ တွေ့မြင်လိုက်ရသည်။

"သာ သာဒွန်း . . . ဟို ဟို ညာကအကောင်ကြီးပဲ မဟုတ်လား"

"အင်း . . . ဟုတ်တော့ဟုတ်တယ်၊ ဒါပေမဲ့ ဒီကျားကြီးက ဘပြည်းပြည်းနဲ့ အကောင်ကြီးက ကြီးကြီးလာနေတယ် ဒွန်းဖြူ သတိထား ငါ့အရိပ်အခြည်ကိုကြည့်ပြီးနေ"

ထိုစဉ်မှာပင် ပို၍ အံ့ဩဖွယ်ရာ မြင်ကွင်းတစ်ခုကို မယုံကြည်ဖွယ် တွေ့မြင်လိုက်ကြရပြန်ပါသည်။ ကျားကြီးသည် ဘိုးသာဒွန်း ပစ်ခတ်ရန် ချိန်ရွယ်ထားသည့် ချေ (ဂျီ) ကောင်နားသို့ တိုးကပ်လာပြီး အတူယှဉ်ရပ်ကာ ဆားကျင်းမြေကို အားပါးတရ လျက်စားနေကြလေသည်။ ထူးဆန်းလှပါချေ၏။

တကယ်ဆိုလျှင် တောကောင်ငယ်များသည် ကျားသတ္တဝါများ၏ အစာပင် မဟုတ်ပါလား။ ယခုမူ သူစားသောက်ရမည့် သားကောင်

www.burmeseclassic.com

www.burmeseclassic.com



နှင့်ပင် ယှဉ်တွဲ၍ ဆားငန်မြေကို စားနေကြသည်မှာ အံ့ဖွယ်မြင်ကွင်းပင် ဖြစ်ပါချေတော့သည်။ ဘိုးသာဒွန်း ခေါင်းကို ခါယမ်းလိုက်သည်။

"ဒီနေရာကနေ အမြန်ဆုံး ပြန်ထွက်ကြတာ အကောင်းဆုံးပဲ ထွန်းဖြူ။ ကြာရင် အန္တရာယ်ရှိလာနိုင်တယ်"

အခြေအနေကို တွက်ဆသွားမိသော "ဘိုးသာဒွန်း" သည် ထိုနေရာမှ အမြန်ဆုံး ထွက်ခွာရန် ပြင်ဆင်လိုက်ပါ၏။ သို့သော် ဘိုးသာဒွန်းတို့ နောက်ကျသွားခဲ့ပါပြီ။ ဆားကျင်းမြေကို ငုံ၍ လျက်နေသည့် ကျားကြီးက မည်သို့ စိတ်ကူးပေါက်သွားခဲ့သည်မသိ။

တစ်ချီတည်း 'ဝေါင်း' ခနဲ မာန်ဖီဟိန်းဟောက်ကြီးမားလှ သော ဦးခေါင်းကြီးကို ဖျတ်ခနဲ လှည့်လာပြီး ဘိုးသာဒွန်းတို့ရှိရာသို့ လှမ်းခနဲ ခုန်ဝင်လိုက်သည်။

'ဝေါင်း ဂါး' ..'ဒိန်း'

စံဒွန်းဖြူက လက်ထဲမှ တူမီးသေနတ်ဖြင့် ကြောက်ကန် ကန်၍ ပစ်လိုက်သည်။ သို့သော် ကျားကြီးကိုမထိ၊ ကြောက်လန့် တကြ နောက်ဆုတ်လိုက်စဉ် သေနတ်ဒင်နှင့် နွယ်နှင့်ချိတ်မိကာ လက်ထဲ သေနတ်က လျှောခနဲ လွတ်ထွက်သွားသည်။

"ဟာ"

သို့သော် စံဒွန်းဖြူသေနတ်ကို ပြန်လှည့်၍ မယူနိုင်။ ခနေတော တစ်ဖက် ဘိုးသာဒွန်း ထွက်သွားရာနောက်သို့ လျင်မြန်စွာ ပြေးထွက် လာခဲ့သည်။ ယခုတော့ ရိုးမ၏ မှဆိုးကျော်နှစ်ဦးမှာ မုဆိုးဘဝမှ သား ကောင်ဘဝသို့ တစ်လှည့်တစ်ပြန် ရောက်ရှိသွားခဲ့ကြပါချေပြီ ကော

နာရီဝက်ခန့် နှစ်ယောက်သား ပြေးထွက်လာခဲ့ကြသည် တောနက်ကြီးထဲသို့ပင် ရောက်ရှိလာခဲ့ကြသည်။ ဤရခိုင်ရိုးမတစ်ခ သည် ဘိုးသာဒွန်းတို့ မှဆိုညီနောင် ကျက်စားဖူးသော နေရာမျ ဖြစ်သည်။ တော၏အထာကိုလည်း သိသည်။ တော၏မာယာကိုလ



ကျွမ်းသည်။ သို့သော် ယခု သူတို့ရောက်ရှိနေသောနေရာမှာမူ သူတို့ မရောက်ဖူးကြသေးသော နေရာသစ်ပုံစံမျိုး တွေ့နေရသည်မို့ ဘိုး သာဒွန်း ခေါင်းကုတ်နေမိသည်။

"ဘယ်လိုလဲ ဒွန်းဖြူ ... ဒီနေရာက ဘယ်လိုနေရာမျိုးပါလိမ့် ဒီရခိုင်ရိုးမထဲမှာ ငါတို့နှစ်ယောက် မရောက်ဖူးတဲ့နေရာဆိုလို့ ရှိမယ်တောင် မထင်မိဘူး။ အခုတော့ ထူးထူးဆန်းဆန်း ဟာ ... နင့် နင့် မျက်နှာ"

"ဟင် ... ဘာ ဘာ ဘာဖြစ်လို့လဲ၊ ဘာဖြစ်တာလဲ"

ရုတ်တရက် သူ၏မျက်နှာကို လက်ညှိုးကြီးထိုး၍ အံ့သြတကြီး ဖြစ်နေသည့် ဘိုးသာဒွန်းကို အလန့်တကြား မေးလိုက်စဉ်မှာပင် ဝါ တာတာနှင့် အဝါရောင်ယှက်သန်းနေသည့် ဘိုးသာဒွန်း၏မျက်နှာကြီးကို စံဒွန်းဖြူ တွေ့မြင်လိုက်ရသည်။

"ဟင် ... နင့်မျက်နှာကြီးကလည်း ဘယ်လိုဖြစ်တာလဲ၊ နနွင်းခဲ ကြီးကို ဝါထိန်နေ နေ ဟာ ... လက်တွေရော ဟို ဟို ခြေ ခြေထောက် တွေမှာရော ဝါ ဝါထိန်လို့ပါလား"

"အေး ... နင်လည်း အတူတူပဲ၊ တစ်ကိုယ်လုံးကို နနွင်းခဲ ချောင် ပေါက်နေပြီဟ၊ ထူး ... ထူးဆန်းလိုက်တာ"

ဟုတ်သည် ...။ သူတို့ ယခုရောက်ရှိနေသော နေရာမှာ ခရေခန်းသွားသည့် ချောင်းကောတစ်ခု၏အလယ်တွင် ရောက်ရှိနေကြ ပါ၏။ ပတ်ဝန်းကျင်ရှိ မြေပြင်အနေအထားကလည်း ပြေပြစ်ပြန့်ပြူးနေ သည်။ ခရောင်းချိုင့်ဝှမ်းမရှိ၊ သစ်ရိုပ် ဝါးရိုပ်တို့ အတန်ငယ် ကျဲပါးသည်။ အရပ်လေးမျက်နှာလုံး ညှိုမှိုင်းနေသည့် တောင်စဉ်တောင်တန်းအဆင့် ဆင့်က တံတိုင်းကြီးများသဖွယ် ကာရံထားကြသည့်သို့ ...။

"အံ့သြဖို့ကောင်းလိုက်တာကွာ၊ လူစင်စစ်က ကိုယ်ရောင်ကိုယ် ဝါတွေ ထွက်နေသလိုပဲဟော့၊ ငါတို့ အမြင်တွေများ မှားနေကြသလား"

ပြောပြောဆိုဆိုနှင့် ဘိုးသာဒွန်းက မျက်စိနှစ်လုံးကို ပွတ်သပ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ မည်သို့မျှ မထူးခြားပါ။ ထို့ကြောင့် ဝန်းကျင်တစ်ဝိုက်သို့ လှည့်ပတ်ကြည့်လိုက်ပြန်သည်။

"ဟာ ... ဟိုမှာ ဟိုမှာ သစ်ရွက်တွေရော သစ်ပင်တွေပါ ဝါထိန်နေတာပါလား၊ အံ့သြစရာပဲဟေ့"

ဟုတ်သည်၊ ဤရေပျောက်ချောင်းကောလေး၏ ပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့မှန်သမျှ အဝါရောင် အရောင်အဆင်းသို့ ပြောင်းလဲလျက်ရှိကြသည်မှာ ဘယ့်အတွက်ကြောင့်ပါနည်း။ သည့်ကြားထဲ သူတို့ညီအစ်ကိုနှစ်ယောက်စလုံးပင် လူဝါများ ဖြစ်နေကြသည်။ မျက်နှာ ခြေလက်များနှင့် အသားပေါ်သည့်နေရာများအားလုံးသည် နနွင်းတုံးကြီး သဖွယ် ဝါဝါထိန်လျက် ရှိကြပါချေပြီကော ...။

ဒွန်းဖြူမှာ မကျေမနပ်ဖြစ်နေသည်မို့ သူ၏ခြေထောက်အောက်ရှိ ချောင်းကောထဲမှ သဲမှုန်တစ်ဆုပ်ကိုပင် ဆုပ်ယူကိုင်ကြည့်လိုက်သေးသည်။ ရိုးအလှသော ရွှံ့နိုင်တောသူတောင်သားမှုဆိုးများပီပီ ရေပျောက်ချောင်းကောအတွင်းရှိ သဲမြေဝါဝါလေးတွင် ရောနှောပါနေသည့် ရွှေမှုန်ရွှေစလေးများကို တန်ဖိုးကြီးသော ရွှေဒြပ်စင်များအဖြစ် မသိရှိနိုင်ကြပါချေပြီကော။

ထိုနေရာတွင် တစ်နာရီနီးပါးမျှ ဝဲလှည့်အချိန်ကုန်နေပြီး ကျားကြီးရန်မှ အေးငြိမ်းသွားခဲ့ပြီဖြစ်သဖြင့် နှစ်ယောက်သား ဝက်ပါတောနက်ကြီးထဲမှ ပြန်လည်၍ ထွက်လာခဲ့ကြသည်။ တော၏အခြေအနေက ပုံမှန်မဟုတ်သဖြင့် အပြန်လမ်းခရီးတစ်လျှောက်လုံး မည်သည့်သားကောင်မျှ ပစ်ခတ်ခြင်းမပြုရန် ဆုံးဖြတ်လိုက်ကြသည်။

ဤသို့ဖြင့် နောက်တစ်နေ့ နေ့လယ်ခင်းတွင် ရခိုင်ရိုးမ၏ စခန်းတစ်ခုဖြစ်သော ရေပုတ်စခန်းသို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။ ကံအားလျော်စွာ ရေပုတ်စခန်းတွင် တောတောင်အနှံ့ လှည့်လည်သွားလာနေသည့် ရသေ့ကြီးတစ်ပါးနှင့် ဘိုးသာဒွန်းတို့ ဆုံတွေ့ခဲ့ကြပါ၏



ရေနွေးကြမ်းသောက်ကြရင်း စံဒွန်းဖြူက လမ်းတွင် ကြုံတွေ့ခဲ့ကြရသော ထူးခြားဖြစ်စဉ်များကို ပြောပြလိုက်သည်တွင်။

"အင်း ... ဒကာကြီးတို့က ရွှေမျက်နှာရှင်သခင်မရဲ့ကိုယ်ရံတော် နတ်ကျားကြီးနဲ့ ဆုံခဲ့ကြတာ ဖြစ်မယ်ထင်တယ်"

"ဘယ် ဘယ်လိုရသေ့ကြီး ... နတ်ကျား ... ဟုတ်လား။ ရွှေမျက်နှာရှင် သခင်မရဲ့ နတ်ကျား ဟုတ်လား"

စံဒွန်းဖြူက တစ်ကြိမ်တစ်ခါမျှမကြားဖူးသော အကြောင်းအရာများမို့ အံ့သြတကြီးနှင့် ရသေ့ကြီးအား မေးမြန်းလိုက်ခြင်း ဖြစ်ပါ၏။

"ဟုတ်တယ်လေ၊ ဒကာကြီးတို့ နားခိုခဲ့တဲ့နေရာက မှန်ကူညီနောင်စခန်းနဲ့ ကျောက်တံခါးစခန်းကြားက လျှိုကြီးထဲမှာမဟုတ်လား"

"အင်း ... ဟုတ်မယ်ထင်တယ်၊ ကျောက်ပလ္လင်ကြီးနားက တစ်ဖက်ရပ်တဲလေးထဲမှာ တစ်ညအိပ်ခဲ့ရတာ ရသေ့ကြီးရေ"

ဘိုးသာဒွန်း၏စကားကြောင့် ရသေ့ကြီးမှာ အံ့သြစိုးရိမ်သွားဟန်ဖြင့် ...

"ဘုရားရေ ... အဲ အဲဒီနေရာက ရွှေမျက်နှာသခင်မရဲ့နယ်မြေအစပ် နတ်ကွန်းစင်နေရာကွဲ၊ အဲဒီကျင်းမှာ ဘယ်သူမှ စခန်းမချရဲကြဘူး၊ ညမအိပ်ရဲကြဘူး၊ ဩော် ... ဒကာကြီးတို့ညီနောင်နှစ်ယောက်က တကယ့်နတ်ကွန်းစင်နေရာမှာမှ စခန်းချ ညအိပ်ခဲ့ကြတာကိုး"

"ကျုပ်တို့လည်း ဘယ်သိပါ့မလဲ ရသေ့ကြီးရယ်၊ တစ်ဖက်ရပ်တဲလေးနဲ့ မိုးလုံမှာပဲဆိုပြီး ညအိပ်စခန်းချလိုက်ကြတာပေါ့"

"ဟင်း ဟင်း ဟင်း ... ကံသီပေလို့ပေါ့ ဒကာကြီးရယ်၊ အဲဒီတစ်ဖက်ရပ်တဲလေးက ရွှေမျက်နှာသခင်မရဲ့ နယ်စပ်နတ်ကွန်းစင်လေးကွဲ၊ ဒါကြောင့် ဟိုနတ်ကျားကြီးက ဒကာကြီးတို့ကို လမ်းမှာ ထုတ်နေတာကိုး၊ တော်သေးတာပေါ့ ... ပြင်းပြင်းထန်ထန် ဘာမှ မဖြစ်ခဲ့တာ အများကြီး ကံကောင်းသွားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီး၏ ပြောစကားများကြောင့် စံဒွန်းဖြူတစ်ယောက် ကြက်သီးမွေးညင်းများပင် တဖြန်းဖြန်း ထသွားကြလေသည်သို့ . . .။

ဤသို့ဆိုလျှင် နတ်ကျားကြီးရန်ကို ရှောင်တိမ်းရင်း မျက်စိလည် လမ်းမှားကာ ရောက်ရှိခဲ့သော (အဝါရောင်တောင်ကုန်း) သည် ရသေ့ကြီး ပြောသည့် ရွှေမျက်နှာရှင်သခင်မ ပိုင်ဆိုင်ရာ ထူးဆန်းသော "လျှို့ဝှက် နယ်မြေဒေသထူးကြီး" တစ်ခု ဖြစ်နေလေမည်လား ဆိုသည်ကိုတော့ မည်သူမျှ မသိလိုက်နိုင်ကြပါချေပြီတည်း။

☼ ☼ ☼

## အခန်း (၉)

## လျှို့ဝှက်ချက်များနှင့် လူတစ်ယောက်

အခန်းထဲတွင် တင်္ကျူးနီးယားဆေးနံ့သင်းသင်းက စီးမျောဝေ့ဝဲလျက် ဒေါက်တာဖြူနုဖံ၏ စကားဆုံးသွားသည့်တိုင် ဂျပန်စစ်ဗိုလ်လေး ယာမာဂူချိစုက ငေးငေးငိုင်ငိုင် ရှိနေဆဲ . . .။

ရစ်ချပ်သွန်မဆင်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး စားပွဲပေါ်မှ ရောက်လာသည့် နွားနို့ပူပူပျစ်ပျစ်တစ်ခွက်ကို ဒေါက်တာ ဖြူနုဖံရှေ့သို့ အသာတွန်းပို့လိုက်ကာ . . .

"ကိုင်း . . . စကားပြောရတာ မောသွားပြီထင်တယ်၊ ဟော ဒီခွက်နွားနို့ပူပူလေး သုံးဆောင်လိုက်ပါဦး ဒေါက်တာ"

"ကျေးဇူးပဲ မစ္စတာရစ်ချပ်"

ဒေါက်တာဖြူနုဖံ ရစ်ချပ်သွန်မဆင်ကြီးကို ကျေးဇူးတင်စကား



ပြောပြီး နွားနို့ခွက်ကလေးကိုကိုင်ကာ တဖူးဖူးနှင့်မှုတ်ရင်း တစ်ကျိုက် မျှ သောက်လိုက်ပါ၏။ ထိုအချိန်အထိ ယာမာဂူချိစံ စကားမပြောနိုင် သေး။ သူ၏အသွင်အပြင်မှာ တစ်စုံတစ်ရာကို ချိတုံချတုံ ဖြစ်နေသကဲ့ သို့ . . .။ ထိုအခိုက် ဒေါက်တာမင်းခေါင်ထံမှ စကားသံတချို့ ထွက် ကျလာကြသည်။

"အင်း . . . ဖြူနုဖံက ရှိုင်သူလေးဆိုတော့ ဟိုလေ . . . ရသေ့ ကြီး ပြောသွားခဲ့တဲ့ "ရွှေမျက်နှာရှင်သခင်မ" ဆိုတဲ့ မင်းသမီးလား, ဘုရင်မလား . . . အဲဒီအကြောင်းကိုများ တစ်စွန်းတစ်စလောက် မသိဘူး လား ဖြူနု"

"ဟင်း ဟင်း . . . ဘယ်လိုပြောရမလဲ၊ ရွှေမျက်နှာရှင်သခင်မရဲ့ အဏ္ဏပတ္တိသမိုင်းကြောင်းနဲ့ ဆက်စပ်ပြီးကြည့်ရင် သိတယ်လို့ ပြောလို့ ရပေမယ့် တကယ်တမ်း သမိုင်းကြောင်းကို သိရှိနိုင်ဖို့ဆိုတာ အချိန် တော့ ယူရလိမ့်မယ်ထင်တယ် ဒေါက်တာ"

ဒေါက်တာဖြူနုဖံက ဂျပန်လူမျိုးတစ်ဦးရှေ့တွင် အကြောင်းစုံ ကို ဖွင့်ဟမပြောလိုသည်ထင့် . . .။ စကားကို အဖွင့်အပိတ်နှင့် ဖြေဆို လိုက်ခြင်းဖြစ်ကြောင်း ဒေါက်တာမင်းခေါင်က ရိပ်စားမိလိုက်သည်။ ဒေါက်တာမင်းခေါင်နည်းတူပင် ယာမာဂူချိစံကလည်း နားလည်လိုက် သည်ထင့် . . .။ သူ၏ရင်တွင်းမှ သိလိုသမျှ ဆန္ဒအမှန်ကို မျှိုသိပ်ကာ ပြုံးချိုသောမျက်နှာဖြင့် ဒေါက်တာဖြူနုဖံကိုကြည့်ကာ . . .

"ဟိုက် . . . အာရိဂတော ဂိုဇိုင်းမတ် (ကျေးဇူးအထူးတင်ပါ တယ်) ဒေါက်တာ၊ အခုလို အသေးစိတ်ရှင်းပြပြောဆိုပေးတဲ့အတွက် လည်း ကျေးဇူးအထူးတင်ပါတယ်၊ ရှေ့လာမယ့်အပတ် တနင်္ဂနွေလောက် မှာ ဒေါက်တာနဲ့ထပ်ပြီး ဆုံတွေ့ချင်ပါသေးတယ်၊ အဲဒီအခါကျရင်လည်း ဒီထက်ပိုပြီး (မြေဝါတောင်) နဲ့ပတ်သက်တာတွေကို ရင်းရင်းနှီးနှီး ဆွေးနွေးချင်ပါသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



“ရပါတယ် ဗိုလ်ကြီး၊ ကျွန်မ “ဘောင်ဒရီလမ်း၊ ခြံအမှတ် ( ... ) မှာ နေပါတယ်၊ ဟို မိုးညင်းတောရကျောင်းနဲ့ မျက်နှာချင်းဆိုင်ပေါ့၊ ဟောဒီမှာ ကျွန်မရဲ့လိပ်စာကတ်ကလေး”

“ဟိုက် ... ကျေးဇူးပါ ဒေါက်တာ”

ထို့နောက်မှာတော့ အိမ်ရှင် ရစ်ချပ်သွန်မဆင်၏ဇနီး တည်ခင်းဧည့်ခံသော မြန်မာ့ရိုးရာအစားအစာများကို အားလုံး တစ်စုတစ်ဝေးတည်း စားသောက်ကြသည်။ ရစ်ချပ်သွန်မဆင်၏ဇနီးမှာ စေတနာကောင်းခြင်း၊ အချက်အပြုတ် အကြော်အလှော်ကောင်းခြင်း၊ ခြံထွက်သီးနှံများသာဖြစ်ခြင်းတို့ကြောင့် လွန်စွာမှ စားသောက်၍ကောင်းကြပါလေ၏။

သို့သော် ထိုဝိုင်းတွင် တစ်ချက်တစ်ချက် တွေဝေစွာဖြင့် တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေသည့် ဂျပန်စစ်ဗိုလ် ယာမာဂူချိစံတစ်ယောက် ထူးထူးခြားခြားငြိမ်သက်နေသဖြင့် ဒေါက်တာမင်းခေါင် မသိမသာ အကဲခတ်နေမိသည်။

ထိုနေ့ညနေ သုံးနာရီခန့်တွင် အားလုံးကို နှုတ်ဆက်ကာ ယာမာဂူချိစံမှာ သူ၏ကားလေးနှင့် ကိုယ်တိုင်မောင်းကာ ပြန်သွားပါလေတော့သည်။ ကျန်ရစ်ခဲ့သည့် ဒေါက်တာမင်းခေါင်၊ ဒေါက်တာဖြူနုဖံနှင့် ရစ်ချပ်ကြီးတို့ သုံးယောက်မှာ ခြံထဲတွင် လမ်းလျှောက်ရင်း စကားပြောနေကြပါ၏။

“ဒါနဲ့ဒေါက်တာ ယာမာဂူချိစံကို ဘယ်လိုမြင်ပါသလဲ”

ဒေါက်တာဖြူနုဖံမေးလိုက်သည့်အချိန်တွင် ဒေါက်တာမင်းခေါင်မှာ သူ၏ဒန်းဟီးလ်ဆေးတံကို မီးညှိနေချိန်ဖြစ်သဖြင့် အတန်ကြာမျှ စောင့်ဆိုင်းနေရပါ၏။ ဒေါက်တာမင်းခေါင် ဆေးတံကို မီးအောင်ညှိပြီး တစ်ချက်နှစ်ချက်မျှ ရှိုက်ဖွာလိုက်သေးသည်။ အတန်ကြာ

“ဖြူနုဖံမေးတဲ့မေးခွန်းကို ပြည့်စုံအောင်ဖြေမှ ဖြစ်မယ်ထင်တယ်၊ အင်း ... ယာမာဂူချိစံဟာ ဂျပန်လူမျိုးတစ်ယောက်ပဲ၊ ကျွန်



တိုင်းပြည်ကို ဖက်ဆစ်အုပ်ချုပ်ရေးနဲ့ ဖိနှိပ်အုပ်ချုပ်နေတဲ့ ဂျပန်စစ်တပ်က အရာရှိတစ်ယောက်ပဲ ဖြစ်တယ်၊ ဒါပေမဲ့ သူဟာ ရိုးသားဖြောင့်မတ်တဲ့ လူသားတစ်ယောက်၊ တာဝန်နဲ့လူမျိုးအရ စစ်အရာရှိတစ်ဦး ဖြစ်နေပေမယ့် စစ်ကိုမုန်းတီးစက်ဆုပ်တဲ့, တရားမျှတခြင်းကို လိုလားတဲ့, ကျူးကျော်စစ်ကို မကြိုက်တဲ့ လူတစ်ယောက်ပဲ ဖြူနုဖံ ရစ်ချပ်ကြီးကို အင်္ဂလိပ်သူလျှိုစပိုင်လို့ စွပ်စွဲပြီး ဂျပန်ကင်ပေတိုင်လက်ကို အပ်မယ့်ဆဲဆဲမှာ ကင်ပေတိုင်ဗိုလ်မှူးနဲ့ အတိုက်အခံပြောပြီး ရစ်ချပ်ကို ကယ်တင်ပေးခဲ့တယ်၊ အခုကိစ္စမှာ သူဟာ အဲဒီ (အဝါရောင်နယ်မြေ) ကို အတော်လေး သိချင်နေပုံရတယ်၊ ဒါကြောင့် ဖြူနုဖံနဲ့ တွေ့ပေးလိုက်တာပေါ့”

“ဟုတ်ပါတယ် ဒေါက်တာ၊ သူဟာ ဂျပန်စစ်ဗိုလ်တစ်ယောက်ဖြစ်ပေမယ့် သူ့ရှေ့မှာ မတရားနှိပ်စက်တာတို့ အနိုင်ကျင့်တာမျိုးတို့ဆိုရင် ရဲရဲဝံ့ဝံ့နဲ့ တားမြစ်ဟန့်တားပေးတဲ့ စစ်ဗိုလ်တစ်ယောက်ပေါ့၊ ဂျပန်တွေဟာ ကျုပ်တို့တိုင်းပြည်ကို မတရားသဖြင့် အုပ်ချုပ်သိမ်းပိုက်ထားကြတယ်၊ ဒါတွေကို ပြန်ပြီးတော်လှန်တိုက်ထုတ်ကြဖို့ မျိုးချစ်တော်လှန်ရေးသမားတွေ ပြင်ဆင်နေကြတာကိုလည်း ယာမာဂူချိစံ သိတယ်၊ သဘောလည်းပေါက်တယ်၊ အဲ ... သူပြောတာ တရားသောစစ်အောက်မှာ ရှုံးနိမ့်သွားရမှာပဲတဲ့၊ ဒါဟာ စစ်မှန်တဲ့ သဘောတရားပါပဲတဲ့လေ၊ ပြောရမယ်ဆိုရင်တော့ ယာမာဂူချိစံဟာ အခြေအနေအရ စစ်ဗိုလ်,စစ်သားဘဝကို ရောက်နေရပေမယ့် ကျုပ်နားလည်သလိုပြောရရင် သူ့ရဲ့မျက်လုံးထဲမှာ ရက်စက်တဲ့, သွေးဆာတဲ့အရိပ်အယောင်တွေကို လုံးဝမတွေ့ရဘူး ဒေါက်တာ”

နှင်းဆီပန်းခင်းကို ဖြတ်တိုက်လာသော ညနေခင်းလေနုအေးထဲတွင် သင်းပျံ့သော နှင်းဆီရနံ့များက စီးမျောလျက်။ ထိုရနံ့သင်းသင်းလေးကို ဒေါက်တာဖြူနုဖံ နှစ်ခြိုက်စွာ ရှူရှိုက်လိုက်ရင်း ...

“ဒါပေမဲ့ ရိုးသားမှု၊ ပွင့်လင်းမှုရှိတယ်ဆိုတဲ့ ယာမာဂူချိစံမှာ အခုချိန်အထိ ကျွန်မတို့မသိသေးတဲ့ လျှို့ဝှက်ချက်ကြီးတစ်ခု ရှိနေသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ကျွန်မကပြောလိုက်ရင်''

''ဟင်း ဟင်း ဟင်း . . . သိပ်သေချာတာပေါ့ ဖြူနုဖွံ့ ဒါပေမဲ့ မစိုးရိမ်ပါနဲ့၊ မကြာခင် ယာမာဂူချီစံကိုယ်တိုင် သူထိန်ချန်ထားတဲ့ လျှို့ဝှက်ချက်ကို သူကိုယ်တိုင် ဖွင့်ဟဝန်ခံလာပါလိမ့်မယ်၊ အင်း . . . သူ့မှာလည်း လူမျိုးခြားဆိုတဲ့ ပညတ်ချက်ကြီးက သူ့ရဲ့ ပင်ကိုစိတ်ကို ရံဖန်ရံခါ ဖုံးလွှမ်းသွားလေ့ရှိတတ်တော့ သူကိုယ်တိုင် တော်တော်လေး ချင့်ချိန်တွေးဆနေပုံရတယ် ဖြူနုဖွံ့''

''ဟုတ်တယ် ဒေါက်တာ၊ . . . ဒါ့ကြောင့်လည်း သူ့ဆီက လျှို့ဝှက်ချက် ပွင့်ထွက်လာအောင် ရွှေမျက်နှာရှင်သခင်မရဲ့ လျှို့ဝှက်နယ်မြေ အကြောင်းကို ကျွန်မ အရိပ်အမြွက်လောက်ထုတ်ပြီး ပြောလိုက်တာပါ ဒေါက်တာ''

အရွက်စိတ်စိတ်နှင့် ပိန္နဲသီးများ ပြွတ်သိပ်ကာ သီးနေသည့် ပိန္နဲပင်ကြီးတစ်ပင်အောက်တွင် ခေတ္တ နားခိုလိုက်ရင်း ပြောလိုက်သော စကားသံကြောင့် ဒေါက်တာမင်းခေါင် ဖြူနုဖွံ့ရှိရာသို့ လှည့်ကြည့်လိုက်သည်။ ပြီးမှ ပါးစပ်မှ ဒန်းဟီးလ်ဆေးတံကို အသာချွတ်လိုက်ကာ . .

''အင်း . . . ပြောရမယ်ဆိုရင်တော့ ယာမာဂူချီစံ ဒီလောက် သဲသဲမဲမဲ ဖြစ်နေပုံကိုကြည့်ရင် ဒီ (အဝါရောင်တောင်ကုန်း) ကိစ္စဟာ အထင်နဲ့တော့ ဟုတ်လောက်မယ်မထင်ဘူး ရစ်ချပ်၊ သူ့မှာ နိုင်နိုင်မာမာ သိထားတာ တစ်ခုတော့ရှိရမယ်၊ အဲဒီကိစ္စဟာလည်း မကြာခင် သူကိုယ်တိုင် လိုလိုလားလားနဲ့ ဖွင့်ဖပြောလာပါလိမ့်မယ်၊ ဖြစ်နိုင်ခြေရှိတာက မကြာခင် ကျုပ်တို့တစ်တွေ ခရီးများ ထွက်ကြရမလား၊ မသိဘူးဗျို့''

''ဟင်း ဟင်း . . . လုပ်လိုက်လေ ဒေါက်တာကြီးရဲ့၊ ကျုပ်ကလည်း တစ်နေ့တစ်နေ့ ဒီမြို့ကြီးထဲမှာပဲ ပိတ်လှောင်နေရတာမို့ ခြေဆန့်လက်ဆန့် ခရီးရှည်လေးတစ်ခု ဒါမှမဟုတ် စွန့်စွန့်စားစား ခရီးကြမ်းလေးတစ်ခုလောက်နဲ့ ဆုံချင်နေတာ ဒေါက်တာရေ . . . ဟင်း ဟင်း''



ထိုစဉ်အချိန်ကာလကမူ ယာမာဂူချီစံနှင့်ပတ်သက်၍ ထွက်ရည့်ခရီးစဉ်လမ်းကြောင်းတွင် ဒေါက်တာဖြူနုဖွံ့ပါ အတူထွဲ၍ မြန်မာပြည်၏ အနောက်ဘက်အစွန်းဆုံးသော မြို့ကြီးတစ်မြို့မှတစ်ဆင့် ရေခြားမြေခြား လျှို့ဝှက်နယ်မြေကြီးတစ်ခုအတွင်းဆီသို့ သက်စွန့်ဆံဖျား သွားရောက်ကြရမည်မှန်း မည်သူမျှ မသိရှိနိုင်ကြပါချေပြီတည်း။

✵ ✵ ✵

## အခန်း (၁၀)

## ဖွင့်ဟဝန်ခံလာသော အမှန်တရားများ

သို့သော် တကယ်တမ်း ဂျပန်စစ်ဗိုလ် ယာမာဂူချီစံနှင့် ဒုတိယအကြိမ် တွေ့ဆုံခွင့်ရတော့ တနင်္ဂနွေသို့တိုင် မရောက်ပါလေတော့။ ဗုဒ္ဓဟူးနေ့ညနေပိုင်းတွင် ဒေါက်တာမင်းခေါင်၊ ရစ်ချပ်သွန်မဆင်တို့နှင့်အတူ ဒေါက်တာဖြူနုဖွံ့နေထိုင်ရာ ဘောင်ဒရီလမ်းမှနေအိမ်သို့ ရောက်ရှိလာခဲ့ကြသည်။

ယာမာဂူချီစံကိုယ်တိုင် တယ်လီဖုန်းနှင့် ဒေါက်တာဖြူနုဖွံ့အား ကြိုတင်၍ချိန်းဆိုကာ ဒေါက်တာမင်းခေါင်နှင့် ရစ်ချပ်သွန်မဆင်တို့အား သူနှင့်တစ်ပါတည်း ခေါ်ဆောင်လာခဲ့ခြင်းပင် ဖြစ်ပါ၏။ ခြံထဲသို့ ကားကို ချိုးကွေ့ဝင်လိုက်သည်နှင့် သစ်ခွပန်းများ ဝေဝေဆာဆာ စိုက်ထားသော သစ်ခွခြံလေးများကို ကျော်ဖြတ်ကာ အစိမ်းနုရောင် နှစ်ထပ်တိုက်လှလှလေးကို တွေ့မြင်လိုက်ကြရသည်။

ကြိုတင်၍ ချိန်းဆိုထားသဖြင့် ဒေါက်တာဖြူနုဖွံ့ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



တိုက်တံခါးဝမှ ဆီးကြိုစောင့်နေပါ၏။

"တစ်ခါတည်း ဧည့်ခန်းထဲကို ကြွပါ ဗိုလ်ကြီး"

"ဟို ကျွန်တော့်ကို ယာမာဂူချိစံလို့ ရင်းရင်းနှီးနှီး ခေါ်စေချင်ပါတယ် ဒေါက်တာ"

စကာတည်းက ယဉ်သကိုဆိုသကဲ့သို့ ကိုရွှေဂျပန်စစ်ဗိုလ် ယာမာဂူချိစံက ဧည့်ခန်းထဲသို့မရောက်မီမှာပင် သူ၏မခွဲခြားသော ပင်ကိုစိတ်ရင်းကို ပြဆိုလိုက်သည်သို့ ...။

တစ်ဆက်တည်းမှာပင် သံဘာဂျာတံခါးဖွင့်ထားပေးသည့်တိုင် အထဲသို့ မဝင်သေးဘဲ ပေါ်တီကိုအောက်မှာ မြင်တွေ့နေရသည့် ခြံဝင်း ထဲမှ သစ်ခွခြုံကျယ်ကြီးကို စိတ်ပါဝင်စားစွာ ကြည့်နေပါ၏။

ခြံဝင်းအတွင်း၌ သစ်ခွပန်းများကို စိုက်ပျိုးထားရာ တစ်ခြံလုံး သစ်ခွပန်းများဖြင့် ဝေဝေဆာဆာ ရှိလေသည်။ ခြံဝင်းအလယ်လောက် တွင် တိုင်များထောင်၍ စိုက်ထားသော သဇင်ပန်းများမှာ ဝေဝေဆာ ဆာ ဖူးပွင့်ကြလျက် ရှိပါ၏။ ထို့ပြင် ပန်းတော်တော်များမှာ မျိုးစပ်၍ စိုက်ပျိုးထားသဖြင့် အချို့ပန်းများမှာ မည်သည့်ပန်းမျိုးဖြစ်မည်ကိုပင် မသိရလောက်အောင် လှပဆန်းကြယ်လှသည်။

ဆောင်းရာသီ၌ သစ်ခွပန်းများ လှိုင်လှိုင်ပွင့်လေ့ရှိရာ သစ်ခွ ပန်းများ ပွင့်လန်းနေသည်ကို မြင်ရသောအခါ ယာမာဂူချိစံပင်မက ဒေါက်တာမင်းခေါင်နှင့် ရစ်ချုပ်သွန်မဆင်တို့ပါ များစွာသဘောကျသွား ကြသည်သို့ ...။

"ဒေါက်တာက သစ်ခွပန်းတွေကို တော်တော်လေး စိတ်ဝင် စားပုံရတယ်"

"ဩော် ...ပန်းဆိုတာ သဘာဝက ဖန်ဆင်းပေးထားတဲ့ အလှတရားပဲ၊ တန်ဖိုးထားတတ်ကြမယ်ဆိုရင် ပန်းတွေရဲ့ အလှနောက် ကွယ်မှာ ဒဿနတွေအများကြီး ရနိုင်ပါတယ် ယာမာဂူချိစံ"



ဒေါက်တာဖြူနုဖံ၏ စကားကြောင့် ယာမာဂူချိစံ သဘောကျ စွာ ပြုံးလိုက်သည်။ ထို့နောက် ...

"သီအိုရီမရှိတဲ့ အမှန်တရားတစ်ခုပေါ်မှာ အလှအပရဲ့ ဒဿန တရားတွေဟာ ဘယ်လိုများတည်တံ့မှာလဲ ဒေါက်တာ၊ ကျွန်မကတော့ သဘာဝယျမြင်ရတဲ့ အလှထက် သူ့ရဲ့နောက်ကွယ်က လျှို့ဝှက်ချက်တွေ ကိုပဲ စိတ်ဝင်စားပါတယ် ယာမာဂူချိစံ"

"လျှို့ဝှက်ချက်ဆိုတာ လူတစ်ယောက်ရဲ့ ငြိမ်သက်နေတဲ့စိတ် ကို နိုးထလာအောင် ဖမ်းစားနိုင်တဲ့ အရာတစ်ခုပဲ၊ ကျွန်တော်လည်း သဘာဝတရားရဲ့ လျှို့ဝှက်ချက်တွေကို စိတ်ဝင်စားပါတယ်၊ အဲဒါကြောင့် လည်း ဒေါက်တာတို့နဲ့ ဆွေးနွေးတိုင်ပင်ဖို့ ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်တာပါ"

ယာမာဂူချိစံ၏ နှုတ်ထွက်စကားကြောင့် ဒေါက်တာဖြူနုဖံက ဒေါက်တာမင်းခေါင်ထံ မသိမသာ လှည့်ကြည့်လိုက်သည်။ ဒေါက်တာ မင်းခေါင်ပေါ်တီကိုအောက်ရှိ အမျိုးအမည်မသိ အနီရောင်သစ်ခွပန်း တစ်ခက်ကို ကိုင်ကြည့်ရင်း ခေါင်းညိတ်အသိအမှတ်ပြုလိုက်သည်။

"ဒါဆိုရင်လည်း ယာမာဂူချိစံရဲ့ ဆန္ဒအမှန်ကို ကျွန်မတို့အား လုံး ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ပါတယ်ရှင်၊ ကိုင်း ... ကျွန်မရဲ့ စာကြည့်ခန်းထဲကို သွားကြရအောင်"

ထို့နောက် သပ်ရပ်သန့်ရှင်းလှသော ဧည့်ခန်းမကိုဖြတ်ကာ မဟော်ဂနီရောင် ပေါလစ်များ ဖိတ်ဖိတ်လက်နေသည့် ခမ်းနားထည်ဝါ သော စာကြည့်ခန်းမကြီးထဲသို့ ဝင်ရောက်လာခဲ့ကြသည်။ ဒေါက်တာ ဖြူနုဖံ၏ စာကြည့်ခန်းမလေးကလည်း တကယ့် ဂန္ထဝင်စာကြည့်တိုက် ကြီးတစ်ခုနှယ် စာအုပ်မျိုးစုံတို့ကို သူ့ဘာသာရပ်နှင့်သူ ခွဲခြားသတ်မှတ် ၍ စနစ်တကျ ထားရှိထားပါ၏။

ယာမာဂူချိစံမှာ စာအုပ်စီရိုကြီးများ။ စာအုပ်စင်ကြီးများဖြင့် စနစ်

www.burmeseclassic.com

www.burmeseclassic.com



တကျထားရှိသည့် ဒေါက်တာဖြူနုဖံ၏ စာပေချစ်မြတ်နိုးမှုကို တလေ တစားနှင့် ဂုဏ်ယူလိုက်သည်။

စာကြည့်စားပွဲဝိုင်းတွင် ထိုင်မိသည်နှင့် အိမ်ဖော်အမျိုးသမီး နှစ်ဦးက လင်ပန်းကိုယ်စီနှင့် ကော်ဖီခွက်နှင့်မုန့်များကို လာ၍ ချပေး ကြသည်။

"သုံးဆောင်လိုက်ကြပါဦး ဒေါက်တာ၊ စားသောက်ပြီးစီး ပဲ အေးအေးဆေးဆေး ပြောကြတာပေါ့၊ ကျွန်မဆီမှာလည်း ရှိ တစ်ဖက်မှာရှိကြတဲ့ ရွှေမျက်နှာရှင်သခင်မရဲ့ လျှို့ဝှက်ကမ္ဘာလေး ပတ်သက်ပြီး စုဆောင်းထားတဲ့ မှတ်တမ်းမှတ်ရာတွေ အသင့်ရှိနေ ပြီ ယာမာဂူချိစံ"

ဒေါက်တာဖြူနုဖံ၏စကားကြောင့် ယာမာဂူချိစံမှာ ထိုင်နေ မှ ထလိုက်ပြီး ဒေါက်တာမင်းခေါင်အား ဦးညွှတ်ဂါရဝပြုကာ . . .

"အရင်ဆုံး ဒေါက်တာ့ကို တောင်းပန်ပါတယ်၊ ကျွန်တော် ဟာ ဟို . . . ဘာပြောရမလဲ၊ ကိုယ်ကျိုး အင်း . . . အတ္တ အတ္တတ ကြောင့် မဟုတ်ဘဲ (မြေဝါတောင်ကုန်း) က လျှို့ဝှက်ချက်တစ်ခု ချန်လှပ်ထားခဲ့မိတာကို တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး ယာမာဂူချိစံ၊ ကျွန်တော်တို့အားလုံး နားလည် နိုင်ပါတယ်၊ ဒီလိုကိစ္စမျိုးတွေဟာ တစ်ခါတလေ မယုံကြည်နိုင်လော အောင် ထူးဆန်းမှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရတတ်လို့ ဘာကိုမှ ရေ ရာရာနဲ့ ခိုင်ခိုင်မာမာ ယူဆလို့ မရနိုင်ပါဘူး ယာမာဂူချိစံ"

"Oh No No No . . . မဟုတ်ဘူး ဒေါက်တာ၊ အဲသလို မရေရာတာမျိုးလည်း မဟုတ်ဘူး။ တကယ်တော့ အဲဒီနေရာကို ကျွန် တော်ကိုယ်တိုင် ရောက်ခဲ့တာပါ ဒေါက်တာ၊ နောက်ပြီး အဲဒီမြေ တောင် လျှိုထဲက မြေနိုင်ခဲတစ်တုံးတောင် ကျွန်တော် ရအောင် ယူလာ ခဲ့ပါသေးတယ်၊ ဒါတွေကို အခုမှပြောပြရတာကတော့ ကျွန်တော့်အတွေ



လုံလောက်တဲ့အချိန်, လုံလောက်တဲ့ယုံကြည်မှုတွေကို စောင့်နေရလို့ပါ"

ဤသို့ပင် ဖြစ်ရမည်ဟု ဒေါက်တာမင်းခေါင်တို့လူစုကလည်း ခေါင်းညိတ်ကာ မှတ်ချက်ပြုလိုက်ကြပါ၏။ စကားဝိုင်းသည် ခေတ္တမျှ တိတ်ဆိတ်သွားသည်။ ဂျပန်စစ်ဗိုလ် ယာမာဂူချိစံမှာ လက်ကိုင်ပဝါ တစ်ထည်နှင့် သူ၏မျက်နှာကို သုတ်နေပါ၏။ ဒေါက်တာမင်းခေါင်၊ ချစ်ချပ်သွန်းမဆင်နှင့် ဒေါက်တာဖြူနုဖံတို့သုံးယောက်တို့မှာ ယာမာဂူချိစံ ၏ နှုတ်ဖျားမှ ထွက်ကျလာမည့် (မြေဝါတောင်) ၏ လျှို့ဝှက်ချက် သို့မဟုတ် တကယ့်အဖြစ်မှန်ကို နားစွင့်နေကြလေသည်။

"တကယ်ဖြစ်ခဲ့တဲ့ ဖြစ်ရပ်အမှန်ကတော့ ကျွန်တော် မောင်းခဲ့တဲ့ လေယာဉ်ကို လှည့်ပြန်မယ်အလုပ် အဲဒီတောင်ပေါ်နေရာလေးတည့် တည့်မှာ ပျက်ကျခဲ့ရတာပါ၊ ရုတ်တရက်ဆိုတော့ သွေးရူးသွေးတန်းနဲ့ လေယာဉ်မီးမလောင်ခင် ဆင်းအပြေးမှာ မြေဝါတောင်ကုန်းပေါ်က မြေ နိုင်ခဲကြီးကြီးတစ်ခုကို ကောက်ယူပြီး ဘောင်းဘီအိတ်ထဲကို ထည့်ယူ လာနိုင်ခဲ့တယ် ဒေါက်တာ"

"ဒါဆိုရင် အဲဒီမြေစိုင်ခဲတုံးကြီးကို ယာမာဂူချိစံ ဘာလုပ်ပြီး ပြီလဲ၊ ဓာတ်ခွဲစမ်းသပ်မှုတွေရော လုပ်ကြည့်ပြီးပြီလား ဟင်"

"ဘယ်နေလိမ့်မလဲ ဒေါက်တာမလေးရယ်၊ ကျွန်တော် ဂျပန်ကို ပြန်ရောက်တာနဲ့ ဓာတ်ခွဲခန်းမှာ ချက်ချင်းဝင်ပြီး အဲဒီ မြေစိုင်ခဲတုံးကို စစ်ဆေးကြည့်တာပေါ့၊ ဟုတ်တယ် . . . အဲဒီမြေဝါဝါတွေထဲမှာ ရွှေမှုန် လေးတွေ ဖွေးနေတာပဲ၊ မြေသားထဲမှာ ရောနေတဲ့ သံဝါဝါလေးတွေကို ကြိတ်ချေကြည့်တော့လည်း အဲဒီကျောက်သားလေးတွေထဲမှာပါ ရွှေစ လေးတွေ ဖြစ်နေကြတယ် ဒေါက်တာမလေးရေ"

ယခုမှပင် ယာမာဂူချိစံ ပြောပြနေသည့် (မြေမှထွက်ပေါ်လာ သော အဝါရောင်အလင်းပြန်မှု) သို့မဟုတ် (မြေဝါတောင်) ပုံပြင်သည် သက်ဝင်လှုပ်ရှားလာခဲ့ပါချေပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ယာမာဂူချီစံ မြေစိုင်ခဲကြီးရခဲ့တဲ့ တောင်ဟာ နဂိုကတည်းက ရွှေရောင်ဝင်းနေခဲ့တာ မဟုတ်ဘူးလား"

"အင်း . . . အဲသလိုကြီးတော့ မဝင်းလက်နေဘူးလားလို့ အဲဒါတော့ သတိမထားမိလိုက်ဘူး။ နေဦး . . . တစ်ခုတော့ရှိတယ်၊ ကျွန်တော်က လေယာဉ်ပျက်ကျတော့ အမြန်ခုန်ထွက်လိုက်ရတယ်လေ၊ ကျွန်တော့်စိတ်ထဲမှာ လေယာဉ်ကြီးဟာ မီးလောင်ခါနီးမို့ ဝါဝင်းပြီး လင်းထိန်နေလိုက်တာလို့ ထင်လိုက်မိခဲ့တာ၊ နောက် တောင်အောက်ကို ပြေးဆင်းလာခဲ့တော့မှ ကျွန်တော့်ရဲ့လက်တွေ, ခြေထောက်တွေ, ဝတ်ထားတဲ့ အင်္ကျီဘောင်းဘီတွေ, ဖိနပ်တွေကအစ အကုန်လုံး ဝါဝင်းနေခဲ့တာကိုတော့ ပြေးရင်းလွှားရင်းနဲ့ သတိထားလိုက်မိခဲ့တယ်၊ အဲ . . . ထူးခြားတာက အဲဒီနေရာတစ်ခုလုံးမှာ လူရော, တောင်ရော, သစ်ပင်သစ်ရွက်တွေရော ဝါဝင်းနေတာကိုတော့ တွေ့လိုက်ရတယ်၊ ကျွန်တော် သတိထားမိတာကတော့ အဲဒီလို ထူးဆန်းတဲ့နေရာကို ကျော်လွန်လာခဲ့ပြီးမှ လေယာဉ်ပျံကြီးပေါက်ကွဲမြည်ဟည်းသံကြီးကို ကြားလိုက်ရတာပါ ဒေါက်တာ"

ထို့နောက်မှာတော့ တောထဲတောင်ထဲတွင် အငတ်ငတ် အပြတ်ပြတ်နှင့် ဒုက္ခရောက်ခဲ့ပုံ၊ မမျှော်လင့်ဘဲ လျှိုချိုင့်ဝှမ်းကြီးအလယ်တွင် မြန်မာလူမျိုးများနှင့် တူညီသော ထူးဆန်းသည့် မြန်မာကြီးများကို တွေ့ခဲ့ရပုံ ထိုမှတစ်ဆင့် တောင်ရိုး မိသားစုနှင့် တွေ့ရှိခဲ့ပြီး ကယ်တင်ခြင်းခံရပုံ၊ နောက်ဆုံး မြန်မာပြည်အတွင်းသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ဂျပန်စစ်တပ်နှင့်တွေ့ဆုံကာ မိခင်တပ်ရင်းသို့ ပြန်လည်ရောက်ရှိခဲ့ပုံများကို ယာမာဂူချီစံ စရေစေ့တွင်းကျ ပြောပြလိုက်ပါတော့သည်။

ထို့နောက် စီးကရက်ဘူးခန့်ရှိသော သေတ္တာငယ်လေးထဲ၌ သန့်စင်ပြီး ရွှေမှုန်လေးများကို ရစ်ချုပ်သွန်မဆင်အား ထုတ်၍ပြသလိုက်သည်။ ရစ်ချုပ်သွန်မဆင်မှာ ရွှေမှုန်စလေးများကို လက်ညှိုးနှင့်



လက်မ ညှပ်၍ ပွတ်သပ်ကြည့်နေပါ၏။ ဖေးစေးပိုင်ပိုင်ရှိလှသော သန့်စင်ရွှေမှုန်လေးများက သူ့တွင်ရှိသင့်ရှိအပ်သော ဂုဏ်သတ္တိတို့ကို ညွှန်းဆိုပြနေကြသည်သို့ . . . ။

"တစ်ဆိတ်လောက် ကျွန်တော့်ကို ရှင်းပြပေးပါဦး . . . ယာမာဂူချီ ယူလာခဲ့တဲ့ မြေစိုင်ခဲတုံးကနေ ဓာတ်ခွဲသန့်စင်ပြီး ရခဲ့တဲ့ ရွှေမှုန်ရွှေစလေးတွေဟာ ဒါ အကုန်ပဲလား ယာမာဂူချီစံ"

"ဟုတ်ပါတယ် ရစ်ချုပ်၊ ဒါ လက်သီးဆုပ်သာသာလောက်ရှိတဲ့ မြေစိုင်ခဲတုံးထဲက သန့်စင်ပြီးကျန်ခဲ့တဲ့ ရွှေမှုန်လေးတွေပဲ၊ ဒါလောက်ဆိုရင် ကျွန်တော်ကိုယ်တိုင် တွေ့ရှိခဲ့ရတဲ့ မြေဝါတောင်မှာ ဘယ်လောက်တောင်ကြီးမားတဲ့ ရွှေကြောကြီးရှိနိုင်မလဲဆိုတာ တွက်ဆကြည့်ရင် သိနိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့သွားရမယ့် နေရာဒေသဟာ မြန်မာနဲ့ဘင်္ဂလားနယ်စပ် ဖြစ်နေမလား ဆိုတာပဲ"

ယာမာဂူချီစံ၏ ဒွိဟသံသယအဆိုကို ဒေါက်တာဖြူနုဖ်က ဖြစ်နိုင်ခြေရှိသောစကားလုံးများဖြင့် ဖြေရှင်းပြလိုက်သည်။

"ဖြစ်နေမလားဆိုတာ မသေချာမရေရာတာကို ညွှန်ပြနေတာပဲ၊ ကျွန်မ,ပြောချင်တာက ယာမာဂူချီစံ ကြုံတွေ့ခဲ့ရတဲ့အဖြစ်ရယ်, ကျွန်မတို့ရဲ့ ဘိုးဘေးတွေ တွေ့ရှိခဲ့ရတဲ့ ရခိုင်ရိုးမတောင်တန်းတွေပေါ်က ထူးဆန်းတဲ့ မြေဝါတောင်ရယ်, ကျွန်မကိုယ်တိုင် မှတ်သားလေ့လာထားခဲ့တဲ့ သမိုင်းအချက်အလက်တွေရယ် ဒီသုံးခုကို ပေါင်းစည်းပြီး အဖြေထုတ်ကြည့်လိုက်မယ်ဆိုရင် လူသားတွေမသိနိုင်, မတွေ့နိုင်ကြသေးတဲ့, ထူးခြားတဲ့, တန်ဖိုးရှိတဲ့ အဖြေတစ်ခုခုတော့ တွေ့နိုင်လောက်မယ်လို့ ထင်တယ်၊ အဲဒီတော့ ဟောဒီက ကျွန်မ ရှာဖွေတွေ့ရှိထားတဲ့ သမိုင်းကြောင်းတစ်ခုကို အရင်ဆုံးလေ့လာကြည့်ရအောင်လား"

ထို့နောက်မှာတော့ ဒေါက်တာဖြူနုဖ်က သားရေအနားနှင့် ချုပ်ထားသည့် စာအုပ်ကြီးနှစ်အုပ်နှင့် အညိုရောင်ဖိုင်တွဲကြီးတစ်ခုကို စားပွဲ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ တင်လိုက်သည်။ ပြီးမှ . . .

"ယောဒီစာအုပ်မှတ်တမ်းတွေထဲမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၄၀၀) နီးပါးလောက်က မြန်မာနိုင်ငံရဲ့ အခြေအနေ, အုပ်ချုပ်တဲ့ဘုရင်မင်းမြတ်နဲ့ ပုန်ကန်ထကြွသူတွေရဲ့ မငြိမ်မသက်မှုတွေနဲ့ ရုပ်တည်နေရတဲ့ မြန်မာပြည်ကြီးရဲ့မြင်ကွင်းကို မျက်ဝါးထင်ထင် တွေ့ရပါလိမ့်မယ်၊ ဒီထက် သေချာအောင် ပြောရမယ်ဆိုရင် မြန်မာရာဇဝင်ကို နှစ်ပေါင်း (၃၉၀) ကျော်နောက်ပြန်လှည့်ကြည့်လိုက်ရင် မြင်ကွင်းတချို့ကို ကွက်ကွက်ကွင်းကွင်း မြင်ရမှာပါ၊ ပြောရရင်တော့ (၁၅၈၁) ခုနှစ် ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံ ကံတော်ကုန်ပြီးတဲ့နောက်ပိုင်းပေါ့ ဒေါက်တာမလေးရေ"

ဤသို့ဖြင့် ဒေါက်တာမင်းခေါင်၊ ရစ်ချပ်သွန်မဆင်နှင့် ဂျပန် စစ်ဗိုလ် ယာမာဂူချီစံတို့မှာ ဒေါက်တာဖြူနုဇံ ပြန်လည်ပြောပြနေသည့် မြေဝါတောင် သို့မဟုတ် ရွှေမျက်နှာရှင်သခင်မနှင့် ပတ်သက် ဆက်နွှယ်နေသည့် အတ္တုပတ္တိ ဇာတ်ကြောထဲသို့ စီးဝင်နစ်မျောသွားကြပါချေတော့သည်။

✲ ✲ ✲

## အပိုင်း (၂)

အကြောင်းအရာများအားလုံးထက်
ပိုမိုလွန်ကဲချီးကျူးရမည့် အချက်ကား ,
နှစ်ပေါင်း (၃၉၀) ကျော် တိုင်းတစ်ပါးလူမျိုးခြားများအလယ်
တွင် နေထိုင်ခဲ့ကြသော်လည်း (လုံးဝ သွေးနှောမခံ)
မျိုးရိုးဇာတိမာန် ထက်သန်လှခြင်းပင်တည်း
ထိုနယ်ပယ်ဒေသတွင် . . .
မြန်မာလူမျိုးဦးရေ တစ်သိန်းခွဲကျော်ရှိကြသည့်အနက်၊
လူမျိုးခြားတိုင်းတစ်ပါးသားနှင့် အိမ်ထောင်ပြုသော
အမျိုးသမီး၊ အမျိုးသားဟူ၍ တစ်စုံတစ်ဦးမျှ မရှိခဲ့။
ဇာတိပုညဂုဏ်မာနတို့ ပြင်းပြလှသော
အတုယူဖွယ် "မြန်မာလူမျိုးများ" ပင်တည်း။
ထိုကဲ့သို့ မျိုးရိုးဂုဏ်ကို စောင့်ထိန်းတတ်သော
မြန်မာပီသသော၊ ရိုးသားဖြောင့်မတ် ဖြူစင်ပွင့်လင်းသော
မြန်မာပြည်မှ မြန်မာလူမျိုးများနှင့် အသွေးတူ၊ အသားတူ၊
မြန်မာကြီးတစ်စုသည်၊
မြန်မာပြည်နယ်စပ်နှင့် ဘင်္ဂလားနယ်တို့၏
လုံခြုံစိတ်ချရသော လျှို့ဝှက်နယ်မြေတွင်
ယခုတိုင်ရှိနေကြဆဲပါဟု ဆိုလျှင် . . .။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

## တစ်ခါတုန်းက သမိုင်းမတင်ရှိသေးသည့် ရွာကြီးတစ်ရွာ

အချိန်က ၁၅၈၁ ခုနှစ်၊ ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံ ကံတော်ကုန်ပြီးနောက် သားတော်နန္ဒဘုရင်နန်းတက်စိုးစံသော ကာလ။

ဘုရင့်နောင်မင်းတရားကြီး လက်ထက်က တိုင်းပြည်နှင့် အဝှမ်း ဘာသာ သာသနာ နေလိုလလို ထွန်းလင်းတောက်ပပြီး နိုင်ငံတော်ကို တိုးချဲ့၍ နိုင်နင်းစွာ အုပ်ချုပ်နိုင်ခဲ့သဖြင့် တစ်နိုင်ငံလုံး တိုးတက်စည်ပင် ဝပြောခဲ့သည်။ သို့သော် သားတော်နန္ဒဘုရင် လက်ထက်တွင်မူ နိုင်ငံတော်ကို တိုးချဲ့ရန်ဝေးစွ ရှိပြီးပြည်နယ်များကိုပင် နိုင်နင်းစွာ ထိန်းသိမ်း အုပ်ချုပ်နိုင်စွမ်း မရှိခဲ့ပါချေ။

နန္ဒဘုရင်၏ အရည်အချင်းကိုကြည့်ကာ ညီတော်၊ သားတော်များက ပုန်ကန်ထောင်ထားခြားနားခဲ့ကြသည်။ ဘုရင်ဖြစ်လာကတည်းက ရှိသင့်ရှိထိုက်သော လက်ရုံးရည် နှလုံးရည်တို့ မပြည့်စုံသော နန္ဒဘုရင်မှာ ဖိဖိစီးစီးတိုက်ခိုက်လာကြသော ပုန်ကန်ခြားနားသူများအား နိုင်နင်းအောင် မနှိမ်နင်းနိုင်ခဲ့ပေ။ ဤသို့ဖြင့် ဖခမည်းတော် ဘုရင့်နောင် မင်းတရားကြီး တည်ထောင်ထားခဲ့သော နိုင်ငံတော်ကြီးသည် သားတော် နန္ဒဘုရင်လက်ထက်တွင် ယိုယွင်းပျက်စီးခဲ့ရပါတော့သည်။

ပုန်ကန်ခြားနားသူများထဲမှ တောင်ငူမြို့စား မင်းရဲသီဟသူ သည် ရခိုင်ဘုရင် မင်းရာဇာကြီးနှင့် မဟာမိတ်ဖွဲ့ ပူးပေါင်းကာ နန္ဒ ဘုရင်ကို နာလန်မထူနိုင်အောင် တိုက်ခိုက်ခဲ့ကြသည်။

ဤသို့ဖြင့် ၁၅၉၉ ခုနှစ်တွင် နိုင်ငံတော်အလုံး ပျက်သုဉ်း၍ ရခိုင်ဘုရင် မင်းရာဇာကြီးနှင့် တောင်ငူမြို့စားတို့က နန္ဒဘုရင်အား အပြီး



အပိုင် အောင်နိုင်ခဲ့ကြသည်။ ရခိုင်ဘုရင် မင်းရာဇာကြီးသည် ရွှေငွေ ကျောက်သံပတ္တမြားနှင့် နန်းသုံးတော်ဝင်ရတနာပစ္စည်းများကို ယူငင် သိမ်းဆည်းသွားရုံမျှမက နန္ဒဘုရင်နှင့် ယိုးဒယားမင်းသမီးတို့မှ ဖွားမြင် သော သားတော်နှစ်ပါး၊ သမီးတော်တစ်ပါးနှင့် နောက်လိုက်နောက်ပါ ဟံသာဝတီပြည်သား အိမ်ထောင်စုပေါင်း (၃၀၀၀) ကျော်တို့ကိုပါ ရခိုင် ပြည်သို့ ခေါ်ဆောင်သွားခဲ့သည်။

ရခိုင်ဘုရင်မင်း ရာဇာကြီးသည် နန္ဒဘုရင်၏သမီးတော်အား မိဖုရားမြှောက်ကာ သားတော်နှစ်ပါးအနက် သားတော်ကြီးဖြစ်သူ မောင် စောပန်အား ၎င်း၏သမီးတော်နှင့် လက်ဆက်ပေးပြီးလျှင် ရခိုင်ပြည် အနောက်ပိုင်းရှိ (စစ်တကောင်း၊ နဝခအီဘူကာဂန်ချ်) နယ်များကို အုပ် ချုပ်ရသည့် နယ်စားအဖြစ် ချီးမြှောက်ခဲ့လေသည်။

ထို့ကြောင့် "မောင်စောပန်" သည် ခရစ် ၁၆၁၄ ခုနှစ်တွင် ဟံသာဝတီမှ လိုက်ပါလာခဲ့သော မွန်မြန်မာအမျိုးသား အိမ် ထောင်စုပေါင်း (၃၀၀၀) ကျော်တို့နှင့်အတူ ဘင်္ဂလားနယ်အတွင်းသို့ အခြေချကာ သွားရောက်နေထိုင်လေတော့သည်။ လွန်ခဲ့သောနှစ်ပေါင်း (၃၉၀) ကျော်ခန့်က မြန်မာအမျိုးသားတို့ ဘင်္ဂလားနယ်မြေအတွင်းသို့ ပထမဦးဆုံးအကြိမ် အတည်တကျ သွားရောက်နေထိုင်ခဲ့ကြခြင်း ဖြစ် သည်။

သို့သော် ထိုဒေသတွင် အေးချမ်းစွာ နေထိုင်ကြရခြင်းတော့ မဟုတ်ပါချေ။ ထို ဘင်္ဂလားနယ်မြေထဲတွင် တန်ခိုးထွားလျက်ရှိသော လူမျိုးများနှင့် ပေါ်တူဂီတို့အား အကြိမ်ကြိမ် မောင်းနှင်တိုက်ထုတ် ခဲ့ရသေးသည်။ နောက်ဆုံး မြန်မာဘုရင် ဘုရင့်နောင်၏ သွေးမျိုး ဆက်ပီပီ ရဲစိတ်ရဲမာန်အပြည့်ဖြင့် မဂိုလူမျိုးများနှင့် ပေါ်တူဂီလူမျိုးများကို အပြီးတိုင် အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့သည်။

ထို့ကြောင့် ရခိုင်ဘုရင် မင်းရာဇာကြီးသည် ရှမ်းရည်ထူးချွန်

www.burmeseclassic.com

www.burmeseclassic.com



လှသည့် မောင်စောပန်အား (ဗိုလ်မင်းကြီး) ဟူသောဘွဲ့ထူးဖြင့် ချီးမြှောက်တော်မူလျက် ထို (ဗိုလ်မင်းကြီး) ဘွဲ့ထူးအား မျိုးရိုးစဉ်ဆက်ဆက်ခံခွင့်ကိုပါ ပေးအပ်ချီးမြှောက်တော်မူခဲ့သည်။

ဤသို့ဖြင့် မောင်စောပန် (ဗိုလ်မင်းကြီး) ၏ နောက်အစဉ်အတိုင်းဆက်ခံကြသော သားတော် (ဗိုလ်မင်းကြီးပုလဲဖြူ)၊ ၎င်း၏သားတော် (ဟာရီညို)၊ ၎င်း၏မြေးတော် (ဗိုလ်မင်းကြီးကောင်းလှဖြူ) ၏လက်ထက်အထိ ဗိုလ်မင်းများသည် မဂိုများနှင့် အကြိမ်ကြိမ် တိုက်ပွဲဆင်နွှဲကြရာ ငါးဆက်မြောက်ဗိုလ်မင်းဖြစ်သော ကောင်းလှဖြူ၏လက်ထက်သို့ရောက်သောအခါ မဂိုများ၏အင်အား အပြီးပိုင် ဆုတ်ယုတ်လျက် ဗြိတိသျှအင်္ဂလိပ်တို့ အနိုင်အမာ တန်ခိုးထွားလာခဲ့ကြပါတော့သည်။

ထိုသို့ ဗြိတိသျှများ တန်ခိုးကြီးလျက်ရှိသော [illegible] ခုနှစ်တွင် ဗိုလ်မင်းကြီးကောင်းလှဖြူသည်လည်း မဂိုရန်များကြောင့် ခေတ္တဆုတ်ခွာနေခဲ့ရာမှ စစ်တကောင်းနယ်မြေသို့ ပြန်လည်၍ အခြေချမိခဲ့သည်။ သို့သော် ယခင် ဗိုလ်မင်းများလက်ထက်က နေထိုင်ခဲ့သော နေရာများတွင် အိန္ဒိယအမျိုးသားများ ဝင်ရောက်ကာ အခြေချနေထိုင်သည်ကို တွေ့ရှိရသဖြင့် မြောက်တက်သို့ ရွှေ့ခဲ့ကြပြန်ရာ ယခု (စစ်တကောင်းတောင်တန်း) ဟုခေါ်သော ဒေသသို့ ရောက်ရှိလာခဲ့ကြရသည်။

စင်စစ် ဤ (စစ်တကောင်းတောင်တန်းဒေသ) သည် နေထိုင်အခြေချရန် သင့်လျော်သောအရပ်ဒေသမျိုး မဟုတ်ပေ။ လျှိုမြောင်စိမ့်စမ်း ချိုင့်ဝှမ်းများ ပေါများ၍ ငှက်ဖျားရောဂါ ထူပြောခြင်း၊ ခေါင်းဖြတ်တတ်သော လူရိုင်းများ ပိုင်းရံလျက်ရှိခြင်း စသော မကောင်းသောအဂါရပ်များနှင့်ပြည့်စုံသော အရပ်ဒေသမျိုးဖြစ်သည်။

သို့သော်လည်း ဗိုလ်မင်းကြီးကောင်းလှဖြူနှင့် သူ၏နောက်လိုက် ဗိုလ်ပါများသည် မလျှော့သောဇွဲသတ္တိဖြင့် ရဲရဲနီသော သွေးတို့ဖြင့်ရင်းနှီးကာ ကြုံတွေ့သမျှ အန္တရာယ်ဟူသမျှတို့ကို နည်းမျိုးစုံ တိုက်



သနက်ဗျူဟာမျိုးစုံတို့ဖြင့် တွန်းလှန်တိုက်ထုတ်ကာ

(ရှာတော်) ဟု အမည်တွင်သော ဗိုလ်မင်းနေထိုင်ရာ မင်းနေပြည်တော်ကို တည်ထောင်ကာ ထိုမြို့မှပင် အရပ်ရပ်ကို [illegible]နှစ်တကျအုပ်ချုပ်တော်မူခဲ့သည်။

ဤသို့ဖြင့် ဗိုလ်မင်းကြီးကောင်းလှဖြူသည် နယ်ပယ်တစ်ဝန်းအား အေးချမ်းစွာ အုပ်ချုပ်စိုးစံလျက်ရှိရာ ၎င်းလက်ထက်မှစ၍ ဗြိတိသျှအစိုးရက ဗိုလ်မင်းကြီးအုပ်ချုပ်စိုးစံသော ဗိုလ်မင်းတောင်နယ်မြေကိုအသိအမှတ်ပြုခဲ့လေသည်။ ကောင်းလှဖြူကွယ်လွန်ပြီးနောက် သက်တင်ဖြူ (၁၈၁၁–၁၈၄၀)၊ ထို့နောက် တူတော် "ကောင်းလှညို" (၁၈၄၀–၁၈၆၆)။ နောက် ညီတော် မောင်ဖြူ (၁၈၆၆–၁၈၇၅)၊ ၎င်းနောက် ညီတော် သက်နှင်းညိုက နောင်တော်၏အရိုက်အရာကို ဆက်ခံခဲ့ရာ ထိုဗိုလ်မင်းကြီးလက်ထက်တွင် ဗြိတိသျှအစိုးရက (ဂျေအက်စ်အမ်)ခေါ် ကျက်သရေဆောင် ရွှေစလွယ်ဘွဲ့ကို ချီးမြှင့်ခဲ့လေသည်။

၁၉၀၁ ခုနှစ်တွင် တူတော် စောလှဖြူက ဗိုလ်မင်းကြီးအရာဆက်ခံ၍ ထို့မှတစ်ဆင့် ညီတော် မောင်သာညို (၁၉၀၆–၁၉၂၃)၊ တူတော် ကျော်ဇံဖြူ (၁၉၂၃–၁၉၃၃)၊ သားတော် ကျော်ဇောသန် (၁၉၃၃–၁၉၅၉) အထိ အဆင့်ဆင့် အုပ်ချုပ်စိုးစံခဲ့ကြရာ ယခု နောက်ဆုံးဗိုလ်မင်းမှာ ကျော်ဇောသန်၏ညီ မောင်ရွှေဖြူ ဖြစ်လေသည်။ ထိုဗိုလ်မင်းတစ်ဆက်နှင့်တစ်ဆက် ပြောင်းလဲရာတွင် မြန်မာပြည်မှ တချို့သော မြန်မာဘုရင်များနည်းတူ ခမည်းတော် နတ်ရွာစံ ကံတော်ကုန်လျှင် သားတော်များသာ အစဉ်လိုက် မင်းမဖြစ်ဘဲ ညီတော်၊ တူတော်၊ မြေးတော် စသည်ဖြင့် ဆက်ခံကြသကဲ့သို့ ဗိုလ်မင်းကြီးဆက်များသည်လည်း ထိုနည်းတူပင် ဆက်ခံခဲ့ကြသည်။

စင်စစ် ဗိုလ်မင်းတောင်နယ်မြေဒေသသည် ပွင့်နွှာချောင်ကျ

www.burmeseclassic.com

သော မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံနယ်ခြား၊ အတွင်းဘက်နေရာ၌ တည်ရှိသော နယ်ပုန်း (လူ၍ဝှက်နယ်မြေကြီး) တစ်ခုနယ် ဖြစ်တည်နေပါ၏။ ထို့ကြောင့် ကမ္ဘာကြီးနှင့်ဝေးကွာလွန်းနေသည့်နယ် တိုးတက်ဖွံ့ဖြိုးမှုအဝဝ နှောင့်နှေးကြန့်ကြာလျက် ထီးထီးကြီးကျန်ရစ်ခဲ့သည်သို့ ဖြစ်နေပါ၏။

ထိုအကြောင်းကို ရိပ်စားနားလည်သည့် မျိုးချစ်စိတ် ဓာတ်မာန် လွန်စွာထက်သန်သည့် ခေါင်းဆောင်ကောင်း အလောင်းအလျာတစ်ဦး (၁၉၂၃) ခုနှစ်တွင် ပေါ်ပေါက်လာခဲ့သည်။ ထိုသူမှာ လက်ရှိ အုပ်ချုပ် ကျောက်ရှိသည့် ဗိုလ်မင်းကြီး "ကျော်ဖြူ" ၏သားကြီးဖြစ်သူ "စံထွန်းဖြူ" ဆိုသည့် မင်းသားငယ်တစ်ဦး ဖြစ်ပါ၏။ "စံထွန်းဖြူ" မှာ အမျိုးသားရေး တွင် လွန်စွာ အမြင်ကျယ်သူတစ်ယောက်လည်း ဖြစ်ပြီး မိမိတို့လူမျိုး တစ်စုသည် ဤနယ်မြေ၊ ဤဒေသတွင် ကြာရှည်နေထိုင်၍ အဆင်ပြေ မည်မဟုတ်သည်ကို ကြိုတင်၍ ရှုမြင်သုံးသပ်နိုင်ခဲ့သည်။

ထို့အတူ အမိနိုင်ငံ (မြန်မာပြည်) သို့ ပြန်လည်ခြေချနိုင်ရန် အတွက် အစ်မတော်ဖြစ်သူ "စံနှောင်းညို" နှင့်အတူ အမြဲတမ်း မျှော်မှန်း ကာ ကြံစည်တွေးတောနေခဲ့ကြသည်။ ဤအရေးကိစ္စတွင် အစ်မတော် ဖြစ်သည့် "စံနှောင်းညို" က အားကိုးရသည်။ ရုပ်ရည်အဆင်းကလည်း အခြားသောမိန်းမပျိုလေးများနှင့်မတူ ရွှေအဆင်းကဲ့သို့ ဝင်းဝါစိုလင် လျက် ဉာဏ်ရည်ဉာဏ်သွေးကလည်း ထက်မြက်သည်။ တရားမျှတ ခြင်းနှင့် လွတ်လပ်စွာ တွေးခေါ်မြော်မြင်တတ်ခြင်းတို့ကို သဘောကျ သည်။ အမှန်တရားကို လေးစားသည်။

ထိုကောင်းမြတ်သော အရည်အချင်းတို့ကို မောင်ဖြစ်သူ "စံထွန်းဖြူ" က သဘောကျအတုယူသည်။ မြန်မာပြည်နေရာတိုင်းလိုလို ပင် ယခုခေတ်တွင် တွေ့မြင်ရန် ခဲယဉ်းလှသော မြန်မာပီသလှသည့် မြန်မာကြီးများကို ဤဒေသတွင် တွေ့မြင်ရမည်ဖြစ်ပါ၏။



မျက်နှာအသွင်အပြင် အဝတ်အဆင်သည်သာ မြန်မာပီသကြသည် မဟုတ်ဘဲ ပင်ကိုပကတိ ရိုးဖြောင့်ဖြူစင်သည့် စိတ်နှလုံး၊ လိုက်လိုက်လှဲလှဲ ဖော်ရွေသည့် အမူအရာများပါ မြန်မာပီသလှပေသည်။ ပြောဆိုသုံးနှုန်းသော ဘာသာစကားမှာ ရခိုင်ပြည်နှင့် နီးကပ်၍ တစ်ကြောင်း၊ ပထမဗိုလ်မင်းကြီးစောပန်နှင့်အတူ လိုက်ပါလာကြသော ရခိုင်ပြည်မှ ရခိုင်သားများ၏ လွှမ်းမိုးခြင်းခံရ၍ တစ်ကြောင်း၊ ရခိုင်စကားဆန်ဆန် ဖြစ်ရသော်လည်း မယုံနိုင်စရာ မြန်မာ့ဝေါဟာရ ပေါရာဏများ များစွာပါဝင်နေလျက် ရခိုင်လူမျိုးများပြောသော ရခိုင်စကားနှင့်များစွာ ကွဲပြားခြားနားလျက်ရှိသည်။

အထူးထင်ရှားသောအရာမှာ မြန်မာလူမျိုးတွင်သာ တွေ့ရှိရသည့် ဂါရဝတရား ပြည့်ဝလှခြင်းပင်တည်း။ နယ်သူနယ်သားများအား ၎င်းတို့ကိုးကွယ်ယုံကြည်သော၊ ရှိသေလှသော ဗိုလ်မင်းကြီးမိသားစု အပေါ်၌သာ မဟုတ်ဘဲ အောက်လက်ငယ်သားအချင်းချင်းပင် ကြီးသူကို ငယ်သူက ထူးထူးခြားခြား ပြောရလောက်အောင်ပင် ရှိသေပျပ်ဝပ်ခြင်းပင် ဖြစ်သည်။

ဗိုလ်မင်းကြီးမိသားစုအပေါ်တွင်မူ မိသားစုထဲမှ တစ်စုံတစ်ယောက်နှင့် လမ်းတွင် မတော်တဆ ဆုံတွေ့ခဲ့ကြသည့်အခါ မြေပေါ်တွင် ဝပ်တွားလျက် ၎င်းတို့ကို ကျော်လွန်၍ မသွားမချင်း ဦးခေါင်းများပင် မော့၍မကြည့်အောင် လေးစားကြည်ညိုကြသည်။ ထိုကဲ့သို့သော အဖြစ်မျိုးမှာ မလိုလားအပ်သော ပဒေသရာဇ်စနစ်၏ အမွေအနှစ်ဟု ဆိုနိုင်သော်လည်း၊ ယခုကဲ့သို့သော (ဒိမုက္ကရေစီခေတ်) တွင်မူ ထူးခြားသော ဂါရဝတရားအနေဖြင့် နှစ်သက်ဝမ်းမြောက်လှပေသည်။

ထို့ပြင် မြန်မာပြည်တွင်း၌ ကွယ်ပျောက်လျက်ရှိသော ရိုးရာ ဓလေ့ကျေးမှုများမှာ သူတို့ထံတွင် လုံးဝမပျောက်မပျက်သေးချေ။ ... အကျအချိန်အခါတွင်လည်း လူကြီးသူမတို့အား ဆွေမျိုးများနှင့်

www.burmeseclassic.com



ခြင်း၊ အခါတွင်းကာလပတ်လုံး ဝတ်ဖြူစင်ကြယ်ဖြင့် သီလဆောက် တည်ခြင်း၊ လူကြီးသူမများအား ခေါင်းဆေးပူဇော်ခြင်း။ ဘုရားကျောင်း ကန်များသို့ သွားရာတွင်လည်း မိမိအိမ်မှ စတင်၍ ထွက်စဉ်ကတည်းက ဖိနပ်ချွတ်ထွက်သော ဓလေ့ရှိခြင်း၊ ဝါဝင်ဝါထွက်များကို မဆိုထားနှင့် တစ်အိမ်မှတစ်အိမ် ကူးသန်းလည်ပတ်ကြလျှင် ပြန်ခါနီးတွင် အိမ်တွင် ရှိသော လူကြီးသူမတို့အား ဦးနှိမ်ကန်တော့ပြီးမှ ပြန်သောဓလေ့ရှိခြင်း ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်ရာတွင်လည်း ယုံကြည်မှုသဒ္ဓါတရား လွန်စွာ ထက်သန်လှခြင်းတို့ပင်တည်း။

ထိုအရာများထက် ပိုမိုလွန်ကဲချီးကျူးရမည့်အချက်ကား နှ ပေါင်း (၃၉၀) ကျော် လူမျိုးခြားအလယ်တိုင်းတစ်ပါးကြားတွင် နေထိုင် ခဲ့ကြသော်လည်း (လုံးဝသွေးနှောမခံ) မျိုးရိုးဇာတိမာန်ထက်သန်လှခြင်း ပင်တည်း။

ဗိုလ်မင်းထောင်နယ်၌ လူဦးရေစာရင်းသိမ်းခဲ့ကျော်ရှိသည့် အနေ လူမျိုးခြားနှင့် အိမ်ထောင်ပြုသော အမျိုးသမီး အမျိုးသားဟူ၍ တစ်စုံတစ်ယောက်မျှ မရှိခဲ့။ ဇာတိပုည ဂုဏ်မာနပြင်းပြလှသောသူမျာ ပင်။ ထိုသို့ မျိုးရိုးဂုဏ်ကို စောင့်ထိန်းတတ်သော မြန်မာပီသသော ရိုးသားဖြောင့်မတ်ဖြူစင်ပွင့်လင်းသော မြန်မာပြည်မှ မြန်မာလူမျိုးများ အသွေးတူအသားတူ မြန်မာကြီးတစ်စုသည် နိုင်ငံရပ်ခြား လျှို့မြော ချိုင့်ဝှမ်းထူထပ်သော ,လျှို့ဝှက်ကမ္ဘာတစ်ခုတွင် သီးခြားကမ္ဘာငယ် တစ်ခုနှယ် ဖြစ်တည်နေခဲ့သည် မဟုတ်ပါလား။

ထိုထိုသော အကြောင်းများကြောင့် ဗိုလ်မင်းကြီးကျော်ဖြူ၏ သားကြီး စံထွန်းဖြူနှင့်သမီးကြီး စံနှောင်းကြိုတို့မှာ လျှို့ဝှက်ကမ္ဘာငယ် သီးခြားကမ္ဘာငယ်လေးထဲမှ ရုန်းထွက်ရန် ကြိုးစည်ကြိုးစားနေကြခြင်း ဖြစ်ပါ၏။

သို့သော် ကံကြမ္မာသည် စံထွန်းဖြူနှင့်စံနှောင်းညိုတို့ အသ



နှမနှစ်ဦးဘက်တွင် ရှိမနေကြပြီထင့် . . .။ အကယ်၍ စံထွန်းဖြူသည် သော သားတော်ကြီးဖြစ်သည့်အတိုင်း ခမည်းတော်၏အရိုက်အရာကို ဆက်ခံခွင့်ရရှိခဲ့မည်ဆိုလျှင် . . .

ထိုအချိန်ကပင် ဗိုလ်မင်းထောင်၏ရာဇဝင်သည် တစ်မျိုးတစ်ဖုံ ပြင်ဆင်ပြောင်းလဲသွားခွင့် ကြုံကြိုက်ခဲ့ရပေလိမ့်မည်။ သို့သော် "စံထွန်း ဖြူ" သည် ခမည်းတော် ဗိုလ်မင်းကြီးကျော်ဖုံဖြူ အနိစ္စမရောက်မီ ၁၉၃၁ ခုနှစ်ထဲမှာပင် အမြော်အမြင်ကြီးသော ခေါင်းဆောင်ကောင်းတို့၏ သွားရာလမ်းအတိုင်း မလိုလားသူတစ်စု၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရရှာပေတော့သည်။

ဤတွင် နောက်ဆက်တွဲ အန္တရာယ်ရှိလာနိုင်သည့် သမီးကြီး "စံနှောင်းညို" မှာ သူမ၏လူယုံတော် တချို့တစ်ဝက်နှင့်အတူ ဗိုလ်မင်း ထောင်နယ်မြေထဲမှ ရှောင်တိမ်းထွက်ခွာသွားပါချေတော့သည်။

သို့ဖြင့် ခမည်းတော် ဗိုလ်မင်းကြီးကျော်ဖုံဖြူ ကွယ်လွန်သွား သောအခါ ညီအလတ်ဖြစ်သူ "ကျော်ဇောသန်" က ခမည်းတော်၏ အရိုက်အရာကို ဆက်ခံခွင့်ရခဲ့သည်။ သို့သော် ဗိုလ်မင်းကြီးကျော်ဇော သန်မှာ နောင်တော် (စံထွန်းဖြူ) ကဲ့သို့ နိုင်ငံရေးအမြင် ထက်သန်သူ မဟုတ်၊ မိမိ၏ နယ်ပယ်အား တရားနှင့်အညီ အေးချမ်းသာယာစွာ အုပ်ချုပ်နိုင်ရန်ကိုသာ အားထုတ်သူဖြစ်ပါချေ၏။

ဗိုလ်မင်းထောင်နယ်မြေမှ တိမ်းရှောင်ထွက်ခွာသွားခဲ့သော "စံနှောင်းညို" မှာ စစ်တကောင်းတောင်တန်းကြီးများကြားရှိ "မြေဝါ တောင်" သို့မဟုတ် (မြေပေါ်မှ ထွက်ပေါ်လာသော အဝါရောင် အလင်းပြန်မှု) ရှိသော ထူးဆန်းသည့် နယ်မြေထဲသို့ မျက်စိလည် လမ်းမှားကာ နယ်ကျွံ၍ ရောက်ရှိလာခဲ့ကြပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)
## ရွှေမျက်နှာရှင်သခင် ဟု ဘွဲ့မည်နှင်းအပ်ခြင်း

မမျှော်လင့်ဘဲ တောင်စဉ်၊ တောင်တန်း အထပ်ထပ်ကာရံထားသည့် နယ်မြေ၊ ပြန့်ပြူးညီညာသောမြေမျက်နှာပြင်နှင့် ခယောင်းချိုင့်ဝှမ်းမရှိ၊ အကျယ်အဝန်းအားဖြင့် တောင်မှမြောက်သို့ လေးမိုင်၊ အရှေ့မှ အနောက်သို့ ငါးမိုင်ကျော်ခန့်အတွင်း၌ မြေပြင်သည် တောင်ခြေထက် ပေတစ်သောင်းကျော်ခန့် မြင့်မားလျက် မြေမျက်နှာပြင် သည် ကျက်ထားသကဲ့သို့ လွှန်စွာညီညာလျက် ရှိသည်ကို ထူးဆန်းစွာ တွေ့ရှိကြရသည်။

မြေပြင်အနေအထားက ညီညာပြန့်ပြူးသလို သစ်ပင်ဝါးပင်များ၏ ပေါက်ရောက်မှုအနေအထားကလည်း လွန်စွာ ထူးဆန်းအံ့ဩဖွယ်ကောင်းလှပါ၏။ ကျွန်း၊ ပျဉ်းကတိုးများအပြင် စကားစိမ်း၊ စကားဝါ၊ သဇင်၊ ဇီယာ၊ ဘုဉ်းမသိမ် စသည့် ဆေးဖက်ဝင်သော သစ်ပင်များမှာ တစ်ညီတည်းတည်း ပေ (၂၀) ခန့်မြင့်သော အနေအထားများဖြင့် လူသူမပြုမပြင်ဘဲ ပေါက်ရောက်နေသလို မြေမျက်နှာပြင်တစ်လျှောက်၌ လိုဏ်ခေါင်းများ၊ ဂူများ၊ စမ်းချောင်းငယ်များနှင့် ပြည့်နှက်လျက် ရှိပေ၏။

ထို့ပြင် ရေမရှိသော စမ်းချောင်းကောတစ်နေရာတွင် ထူးခြားသော မြေသားဖွဲ့စည်းမှုနှင့် တောင်တန်းငယ်လေးတစ်ခုကဲ့သို့ မို့မောက်တက်နေသည့် (ရွှေရောင်အဆင်းကဲ့သို့ ဝင်းဝါနေသည့် မြေသား) အဝါရောင်တောင်ကုန်းတစ်ခုကိုလည်း ထူးထူးခြားခြား တွေ့ရှိရသည်။ ထိုအဝါရောင်တောင်ကုန်း၏ ထူးခြားချက်မှာ ထိုတောင်ကုန်းပေါ်ရှိ သက်



မဲ့ အရာဟူသမျှ အဝါရောင် ယှက်သန်းနေကြခြင်းပင်တည်း။ ထိုတောင်ကုန်းပေါ်သို့ လူတက်ရောက်သွားလျှင်လည်း လူတစ်ကိုယ်လုံး ဝင်းဝါထိန်လင်းသွားကြသည်။ ထိုကဲ့သို့ပင် ကျွဲ၊ နွား၊ ကျား၊ ကျားသစ်သည့် သတ္တဝါများသည်လည်းကောင်း၊ သစ်ရွက် သစ်ခက်၊ သစ်ပင်မြက်ပင် စသည်တို့သည်လည်းကောင်း ထူးထူးခြားခြားပင် ဝင်းဝါထိန်လင်းနေသည့် အဝါရောင်များသို့ ပြောင်းလဲသွားကြသည်မှာ ပဟေဠိဆန်သော ပုစ္ဆာတစ်ပုဒ်ကဲ့သို့ ဖြစ်နေပါ၏။

သို့သော် သိပ်ကြာကြာမစဉ်းစားရပေ။ နှလုံးရည် ဉာဏ်ရည်ထက်မြက်သော "စံနှောင်းညို" နှင့် ဦးရိုးတော် ဘိုးစံဒွန်းတို့၏ စစ်ဆေးတွေ့ရှိချက်များအရ ဤနေရာ၊ ဤဒေသတွင် တန်ဖိုးမဖြတ်နိုင်သော ရွှေကြော၊ ရွှေသိုက်ကြီးတစ်ခု လျှို့ဝှက်စွာ တည်ရှိနေကြောင်း သိရှိလိုက်ကြရပါတော့သည်။ ဤကမ္ဘာမြေတွင် ယခုကဲ့သို့ အလှပဆုံး မြေသားဖွဲ့စည်းမှုဖြင့် တောင်တန်းငယ်လေးတစ်ခုသဖွယ် မြေပြင်သို့ မို့မောက်တက်နေသည့် ရွှေကြောရှိသည့် (ရွှေသိုက်) နေရာဒေသမျိုး လွန်စွာရှားပါးလှပါ၏။

"သိပ်ပြီး အံ့ဩစရာကောင်းသလို အင်မတန်မှလည်း ထူးခြားတဲ့နယ်မြေတစ်ခုပါပဲ သခင်မလေး၊ ပထဝီသဘောတရားအရ လျှို့ဝှက်မြှုပ်တည်နေတဲ့ အချက်ကတစ်ချက်၊ ဘူမိဗေဒသဘောတရားအရ အတွင်းက ပါဝင်ဖွဲ့စည်းထားတဲ့ ဒြပ်ဝတ္ထုတွေ များလွန်းလို့ အပေါ်ယံမြေမျက်နှာပြင်နားအထိအရောက် အရောင်ပြန် (အဝါရောင် အလင်းတန်း) တက်နေတာက တစ်ချက်ဆိုတော့ ဒီနေရာ ဒီဒေသဟာ တကယ့်ကို ထူးခြားဆန်းကြယ်တဲ့ နေရာထူးနေရာမြတ်ကြီးတစ်ခုပဲ၊ အင်း . . . ဦးရိုးတော်အထင်ပြောရရင် ဒီနယ်မြေဟာ အောင်မြေ အောင်ရပ်တစ်ခုနဲ့တောင် ထင်မြင်မိပါတယ် သခင်မလေး"

ဦးရိုးတော် ဘိုးစံဒွန်းမှာ ငယ်စဉ်ကတည်းကပင် စံဒွန်းပြုနှင့်

www.burmeseclassic.com

www.burmeseclassic.com



စံနှောင်းညိုတို့ မောင်နှမကို သွန်သင်ထိန်းကျောင်းခဲ့ရသူတစ်ဦး ဖြစ်သကဲ့သို့ လိမ္မာရေးခြားရှိရန် အသိပညာတိုးတက်တတ်မြောက်စေရန် အာစရိဆရာတစ်ဦးနှယ် သင်ပြဆုံးမခဲ့သည့် လက်ဦးဆရာလည်း ဖြစ်ပါ၏။ ထို့ကြောင့် ခမည်းတော်ရင်း ဗိုလ်မင်းကြီးကျော်ဖံဖြူကဲ့သို့ပင် သူတို့မောင်နှမနှစ်ဦးအား သားသမီးအရင်းသဖွယ် ချစ်ခင်မြတ်နိုးခဲ့သည်။ ဗိုလ်မင်းထောင်နယ်မြေအတွက်လည်း ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်စေရန်အတွက် ရည်ရွယ်ချက်ကြီးကြီးဖြင့် မြေတောင်မြှောက်ပေးခဲ့သူ ဖြစ်ပါချေ၏။

သို့သော် အယူအဆမတူ ကွဲပြားကြသော၊ တိုးတက်သော ပြောင်းလဲမှုမရှိသော၊ အမြင်ကျဉ်းမြောင်းကြသော လူတစ်စုကြောင့် ခမည်းတော် "ဗိုလ်မင်းကြီးကျော်ဖံဖြူ" ၏ သံသယဝင်ခြင်းကို မလွှဲမရှောင်သာဘဲ ခံခဲ့ရသည်။ နောက်ဆုံးသစ္စာဖောက်တစ်စု၏ လျှို့ဝှက်စွာ ကြံစည်သတ်ဖြတ်ခြင်းကိုပင် ဆိုးဝါးစွာ ခံစားခဲ့ကြရသည့်နောက်မှာတော့ ဦးရီးတော် ဘိုးစံဒွန်းနှင့် စံနှောင်းညိုတို့မှာ ဗိုလ်မင်းထောင်နယ်မြေထဲမှ တိမ်းရှောင်ထွက်ပြေးခဲ့ကြရသည်အထိ ဖြစ်ခဲ့ရသည် မဟုတ်ပါလား။

"အင်း၊ နတ်သိကြားတွေကများ ဖန်ဆင်းပေးလိုက်တာလား မသိပါဘူး ဦးရီးတော်ရယ်၊ ဒီလိုထူးဆန်းရှားပါးပြီး အဖိုးတန်လှတဲ့ နေရာဒေသမျိုးတွေဟာ ဆိုင်ရာပိုင်ရာ နတ်မင်းကြီးတွေလိုမျိုး ဒါမှမဟုတ် ဒေသခံလူမျိုးတွေကို ကြည်ဖြူလက်ခံရင် လွယ်လွယ်နဲ့ တွေ့ရမှာဖြစ်သလို မကြည်ဖြူရင်လည်း လွယ်လွယ်နဲ့ မတွေ့နိုင်တဲ့ နတ်ဝှက်သလို ကွယ်ပျောက်နေလေ့ရှိတယ်လို့လည်း သိရတယ် ဦးရီးတော်"

"သိပ်ဖြစ်နိုင်တာပေါ့ သခင်မလေးရယ်၊ ဒါကြောင့် ဒီနေရာဒီတောင်ကုန်းကို အစောင့်အရှောက်တွေနဲ့ ဂရုတစိုက်စောင့်ရှောက်ပြီး



ဟာဒီနယ်မြေထဲမှာပဲ ဦးရီးတော်တို့တစ်တွေ လျှို့ဝှက်စွာ နေထိုင်ကြမယ်၊ အချိန်တန်လို့ ကသိုလ်ကံအလှည့်သင့်ခဲ့ရင် ဦးရီးတော်တို့ တိုင်းပြည်အတွက် ဒီလိုတန်ဖိုးမဖြတ်နိုင်တဲ့ ရွှေသိုက်ရွှေကြောကြီးကို အပ်နှံရမယ် သခင်မလေး"

မြင့်မြတ်သော ရည်ရွယ်ချက်နှင့် အမိမြန်မာနိုင်ငံသို့ ပြန်လည်ခြေချနိုင်ခွင့်ရရန် အမြဲကြံစည်ကြိုးစားလျက် ရှိကြသည့် ဦးရီးတော်ဘိုးစံဒွန်းနှင့် စံနှောင်းညိုသခင်မလေးတို့ကဲ့သို့ မြန်မာကြီးများသည် မြိုင်ရပ်ခြားတိုင်းတစ်ပါးနယ်မြေထဲရှိ လျှို့ဝှက်သီးခြားကမ္ဘာလေးတစ်ခုထဲမှ ရည်ရွယ်ချက်ကြီးကြီးနှင့် မျှော်မှန်းတမ်းတနေကြပါသည်ဟု ဆိုပါချင် . . . ။

ထိုစဉ်မှာပင် ပုန်းညက်ပင်တန်းအဆုံးရှိ ကုန်းမို့မို့ထက်တွင် ထိုးခနဲ လက်သွားသည့်သဏ္ဌာန်တစ်ခုကို နေခြည်အလင်းတွင် ဖျတ်ခနဲ တွေ့လိုက်ရသဖြင့် . . .

"ဟင်"

"ဟာ ဟို ဟိုမှာ"

သခင်မလေး စံနှောင်းညိုနှင့် ဘိုးစံဒွန်းတို့မှာ ရုတ်တရက် မြင်တွေ့လိုက်ကြရသည့် မြင်ကွင်းကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ တစ်ဆက်တည်းမှာပင် ဤကဲ့သို့သော မြိုင်ရပ်ခြားတိုင်းတစ်ပါး နယ်မြေထဲတွင် ဖြစ်နိုင်ပါမည်လား ဟူ၍လည်း ဇဝေဇဝါ ဖြစ်နေမိသည်သို့ . . . ။

မြင်တွေ့လိုက်ရသည့်အရာကား ချုံနွယ်ပိတ်ပေါင်းများကြားမှ ရှုရောင်ဝင်းသွားသည့် ရုပ်ပွားတော်မြတ်ကြီးတစ်ဆူကို တွေ့မြင်လိုက်ခြင်းပင်တည်း။ ကိုက် (၂၀၀) ကျော်အကွာအဝေးမှ မြစ်သဖြင့် သေချာသဲကွဲစွာ မမှုရသေးသော်လည်း ဉာဏ်တော်အမြင့်မှာ မျက်နှာ နှင့်ပင် (၇) ပေခန့်ရှိသည်ဟု မှန်းဆမှုမြင်ကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . ဟို ရှေ့က ကုန်းတော်ပေါ်မှာ ရုပ်ပွားတော်တစ်ဆူ လား ဦးရီးတော်"

"ဟုတ် . . . ဟုတ်တယ် သခင်မလေး။ ဘယ်လိုကြောင့် ဘယ်လို ဒီလောက်နက်ရှိုင်းတဲ့တောကြီးမျက်မည်းထဲမှာ ဒီလို ရုပ်ပွားတော်မြတ်ကြီးက ရှိနေရတာလဲ"

နှစ်ယောက်သား အံ့သြစိတ်ကို မျိုသိပ်ကာ ကမူကုန်းထိပ် ချုံနွယ်တချို့ ပိတ်ဖုံးနေသည့်အပြင် အပေါ်မှလည်း ကျောက်စွယ်ကြီး တစ်ခုက မိုးထားသကဲ့သို့ တည်ရှိနေသည့် ရုပ်ပွားတော်မြတ်ကြီးဆီသို့ မပြေးရုံတမယ် သွက်သွက်ကလေး လျှောက်လာကြသည်။ သူတို့ နောက်မှ ရံရွှေတော်အချို့နှင့်လက်နက်ကိုင် မြန်မာကြီးများက ထက်ကြပ် မကွာ လိုက်ပါလာခဲ့ကြသည်။

"အလိုလေး . . . တကယ့်ကို ရွှေစင်ရွှေသား ရုပ်ပွားတော်မြတ် ကြီးပဲ သခင်မလေး၊ ချုံနွယ်တွေကိုသာ ဖယ်ရှားလိုက်ရင် ဘယ် လောက်များ ကြည်ညိုဖွယ်ရာ ကောင်းလိုက်မလဲလေ"

"ဟဲ့ ဟဲ့ ရဲမက်တော်တို့ . . . ဟောဒီ ရုပ်ပွားတော်ကြီး တွယ်ငြိနေတဲ့ ချုံနွယ်ပိတ်ပေါင်းတွေကို အမြန်ဆုံး ရှင်းလင်းကြ ဟဲ့၊ ဒီနေ့ကတော့ တကယ့်ကို ကုသိုလ်ကံထူးတဲ့ နေ့ထူးနေ့မြတ် ပဲ ဦးရီးတော်"

စံနှောင်းညိုသခင်မလေး၏ အမိန့်နှင့် နောက်ပါအခြွေအရံ များမှာ ပါလာသော ဓားလှံလက်နက်များနှင့် ရုပ်ပွားတော်မြတ်ကြီး ဖုံးအုပ်နေသည့် ချုံနွယ်များကို ခုတ်ထွင်ပယ်ရှင်း၍ နေကြသည် ဦးရီးတော် ဘိုးစံဒွန်းနှင့် သခင်မလေး စံနှောင်းညိုတို့က လက် လေးများချီလျက် တစ်စတစ်စ ရုပ်လုံးပေါ်လာပြီဖြစ်သော ရုပ်ပွား မြတ်ကြီးကို ဝမ်းမြောက်ဝမ်းသာ ဖူးမြော်ကြည်ညိုကြရင်း . . .

"ကြည့်စမ်းပါဦး ဦးရီးတော်ရယ် . . . စံနှောင်းတစ်သ



က်ကိုယ် ဒီလိုရုပ်ပွားတော်မျိုး တစ်ခါမှ မတွေ့ဖူးဘူး၊ ကံကောင်းလိုက် တာ၊ ကေန္တ . . . အောင်မြေအောင်နန်းနေရာထူးကြီးမို့ နတ်သိကြားတွေ ကများ ဖန်ဆင်းပြီး ပို့လွှတ်လိုက်တာများလား ဦးရီးတော်"

ရုပ်ပွားတော်မြတ်ကြီးမှာ မကိုဋ်တော် အပြည့်အစုံပါရှိပြီး မျက် နှာတော်၊ ပါးစပ်တော်များမှာ ပွင့်တော့မလို ဟတော့မလိုနှင့် အသက် ဝင်နေသည့်အလား ကြည်ညိုသပ္ပာယ်လှပေသည်။ ပတ်ဝန်းကျင် တွင် မည်သူတစ်ဦးတစ်ယောက်မျှ မရှိသော်လည်း တူရိယာတီးခတ် သံသဲ့သဲ့ကို ကြားနေရသည်သို့ . . .။

"ဟော . . . စောင်းတီးသံလိုလို၊ လေတိုက်သံလိုလိုနဲ့ တူရိ ယာတစ်ခုခု တီးခတ်သံကို ကြားနေရသလိုပဲ ဦးရီးတော်"

"အေး . . . ဟုတ်တယ်၊ ဦးရီးတော်လည်း ကြားလိုက်ရတယ်၊ ဒါပေမဲ့ ဒီနားတစ်ဝိုက်မှာ ဘယ်သူမှ မရှိကြဘူးလေ၊ ရံရွှေတော်တွေနဲ့ ရဲမက်တွေပဲ ရှိကြတာ"

ဟုတ်သည် . . .။ လေထဲတွင် တူရိယာစောင်းခတ်သံ ညင်းသွဲ့ သွဲ့က ဝဲခိုလွင့်မျော၍ လာသည်သို့ . . .။ သေသေချာချာ နားစွင့်ကြည့် လိုက်တော့ လေတိုက်သံသဲ့သဲ့ကိုသာ ကြားရသည်။ ရွှေရောင်ဝင်းနေ သည့် ရွှေသားရုပ်ပွားတော်မြတ်ကြီးကမူ အနီးကပ် ဖူးမြော်ကြည်ညိုလေ၊ မျှော်၍မဝလေ ဖြစ်နေသည်သို့ . . .။ နီလ၊ ပီတ၊ လောဟိတ ရောင်ခြည်တော် အနီးအလျှံများက ဦးခေါင်းတော်တစ်ဝိုက်စီကာ ရစ်ကာ သည့်ပတ်လင်းဖြာနေသည်မှာ ကျောက်ပြားအမိုးကြီးထိတိုင် လင်းဖြာနေ သည်ကို အံ့သြဘနန်း ဖူးတွေ့နေကြရပါ၏။

"အင်း . . . ဒီနေရာ၊ ဒီတောင်ကုန်းဟာ သခင်မလေးရဲ့ အောင် မြေအောင်နန်း အစစ်အမှန်ပဲ ဖြစ်မယ်၊ ပိုပြီးသေချာခိုင်မာသွားအောင် ရုပ်ပွားတော်ကြီးကို ပန်း ရေချမ်း ဆီမီးတွေ ကပ်လှူပူဇော်ပြီး အဓိဋ္ဌာန် ပြုကြည့်ပါလား သခင်မလေး၊ ဦးရီးတော်စိတ်ထဲမှာတော့ ရတနာသုံးပါးရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ကျေးဇူးကို ရည်မှန်းပြီး ပီတိဖြစ်နေရတယ် သခင်မလေး''

ဦးရှီးတော် ဘိုးစံဒွန်း၏စကားအတိုင်း စံနှောင်းညို့သခ မလေးသည် ရုံရွှေတော်များအား အနီးရှိ ပုန်းညက်၊ ဇီဖါ၊ အင်ကြ ပန်းများကို ခူးဆွတ်စေလျက် စမ်းချောင်းရေနှင့် ဆေးကြောသန့် စေသည်။ ကျောက်စက်မိုးမျှော်မှ စီးကျလာသော ကျောက်စက်ရေ ဖါးကျည်တောက်နှင့် ခံယူကာ ရွှေသားမုနိရုပ်ပွားတော်မြတ်ကြီးအ ပန်း ရေချမ်း ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ညနေခင်း၏ နေဝင်ဆည်းဆာတိမ်တောက်ချိန်တွင် ရွှေ မုနိရုပ်ပွားတော်မြတ်ကြီးမှ ရွှေရောင်အလင်းတန်းများက သခင်မ စံနှောင်းညို့၏ ဝါရွှေသော ခန္ဓာကိုယ်အသားအရေနှင့် ထိတွေ့ ရွှေရောင်အလင်းတန်းများက သခင်မလေး၏ကိုယ်မှ ယှက်ဖြာ လက်နေကြသည်သို့ . . . ။

ထို့ပြင် ဝင်းမွတ်ကြည်စင်သော သခင်မလေး၏ မျက်နှာ တွင် ရွှေရည်ရွှေစက်များ သွန်းပက်ထားသည့်နှယ်။ ရွှေအဆင်းရှိ မျက်နှာ သို့မဟုတ် ''ရွှေမျက်နှာရှင်သခင်မလေး'' တစ်ပါးနှယ် ခန့်ထည်စွာဖြင့် မုနိရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုလျ ရှိပါလေ၏။

အတန်ကြာမျှ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် မုနိရှင်တော် ကြီးအား ကြည်ညိုသဒ္ဓါပွား ပူဇော်ခိုးခိုက်ပြီးသည်နှင့် စံနှော သခင်မလေးမှာ အောက်ပါအတိုင်း သစ္စာအဓိဋ္ဌာန်ပြုကာ ရွ တိုင်တည်ပါတော့သည်။

''အို . . . လောကကို စောင့်ရှောက်အုပ်ကုန်သော လောက နတ်မင်းအပေါင်းနဲ့ ယခု မြေဝါတောင်ပိုင် ဘိုးဘိုးကြီးတို့အား တိုင် ၍ ကျွန်ုပ်စံနှောင်းညို့သခင်မလေး မှန်ကန်သောစကားကို ဆို

ဤဒေသ, ဤနယ်မြေ , ဤတောင်ကုန်းထက်ရှိ ရွှေသ



ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်ရာ နေရာထူးသည် ကျွန်ုပ်နှင့်စပ် ဆိုင်သော နေရာ သို့မဟုတ် အောင်မြေအောင်နန်းနေရာ အမှန်အမှန် ဖြစ်ပါက ဤလှို့ဝှက်သော ရွှေကြောရှိရာ ''မြေဝါတောင်'' နယ်မြေ ကြီးအား ကာကွယ်စောင့်ရှောက်နိုင်သောကိုယ် ဖြစ်ရပါစေသား။ သို့အတူ ကျွန်ုပ်နှင့်တကွသော ပြည်သူပြည်သားများသည်လည်း ဤလှို့ဝှက် သီးခြားကမ္ဘာတစ်ခုဖြစ်သော မြေဝါတောင်ထက်တွင် အေးချမ်းစွာ နေ ထိုင်ခွင့်ရပါစေသတည်း''

စံနှောင်းညို့သခင်မလေး၏ တိုင်တည်သစ္စာစကားဆိုပြီးသည် နှင့် ရွှေသားမုနိရုပ်ပွားတော်မြတ်ကြီး၏ ပါးစပ်တော်မှ ရောင်ခြည်တော် တချို့ကွန့်မြူးပေါ်ထွက်လျက် ကောင်းကင်ယံထက်သို့ လင်းဖြာ၍ တက် သွားကြသည်။ မျက်ဝန်းတော်မှလည်း ထူးခြားသော ပုလဲငွေရောင်ကဲ့သို့ အလင်းတန်းများ ယှက်ဖြာလင်းလက်သွားကြပြီး တစ်ချိန်တည်းမှာပင် ကောင်းကင်ယံထက်မှ 'ဝေါ' ခနဲ အော်မြည်သံကြီးနှင့်အတူ ကောင်းကင် တစ်ခုလုံး လင်းဖြာသွားသည့်အလင်းရောင်တန်းကြီးကို စံနှောင်းညို့ သခင်မလေးနှင့် နောက်လိုက်ဗိုလ်ပါအားလုံး မြင်တွေ့လိုက်ကြရပါတော့ သည်။

''ဟာ''

''အိုး ဟေး''

''ဟေး . . . ဥပါဒ်ပြန့်တယ်ဟေ့၊ ဥပါဒ်ပြန့်တယ်၊ နောက်မှာ အမြီးတန်းအရှည်ကြီးနဲ့ဟေ့၊ ကြည့်ကြပါဦး''

''အား . . . ဟုတ်တယ်ဟေ့၊ တစ်မိုးလုံး လင်းထိန်သွားပြီ အပ်ကျတာတောင် မြင်ရမတတ်ပါလားဟေ့''

ဆူဆူညံညံအသံများနှင့် တစ်ယောက်တစ်ခွန်း ဟစ်အော် ဆိုနေကြစဉ်မှာပင် ဖြူဖွေးလင်းလက်သော အလင်းတန်း ကောင်းကင်ထက်တွင် တစ်ပတ်ဝှေ့ကာ ပျံသန်းလိုက်ပြီး ''အုန်း''

www.burmeseclassic.com

www.burmeseclassic.com



မြေတုန်ဟည်းသွားစေသည့်အသံကြီးနှင့်အတူ ပျောက်ကွယ်သွားပါချေတော့သည်။

"ဟာ . . . တော်တော်ထူးဆန်းတာပဲ သခင်မလေး။ အဲဒီ အလင်းတန်းကြီးကျသွားတဲ့နေရာဟာ ရွှေကြောကြီးရှိတဲ့ တောင်ကုန်းနဲ့ တန်းနေတာပါပဲလား"

ဦးရိုးတော် ဘိုးစံဒွန်းနှင့် သခင်မလေး စံနှောင်းညိုတို့ တအံ့တဩနှင့် ပြောဆိုနေကြစဉ်မှာပင် စံနှောင်းညိုသခင်မလေး၏ ဝင်းဝါသော မျက်နှာထက်တွင်လည်း ရွှေရောင်ဘဝင်းဝင်းနှင့် လင်းလက်တောက်ပလာသဖြင့် အားလုံး အံ့ဩတကြီးနှင့် ငေးကြည့်နေကြသည်။

"ဟာ . . . သခင်မလေးရဲ့မျက်နှာကလည်း ရွှေရောင်တွေဝင်းနေတာပါလားဟေ့"

"ဟေး . . . ဟုတ်တယ်၊ ငါတို့သခင်မလေးရဲ့ အဓိဋ္ဌာန်ကြောင့် ရွှေမျက်နှာလေးက ဝင်းလက်သွားတာဟေ့"

"ဟေး . . . ဟုတ်တယ်ဟေ့၊ ရွှေမျက်နှာရှင်သခင်မလေး ကျန်းမာပါစေ"

"ရွှေမျက်နှာရှင်သခင်မလေး ချမ်းသာပါစေ၊ မြေဝါတောင်ကုန်းကို အုပ်ချုပ်မိုးစံနိုင်ပါစေ"

"ဟေး ဟေး ဟေး ဟေး ဟေး"

မြေဝါတောင်ကုန်းတစ်ခုလုံး မြေတုန်ဟည်းလုမတတ် ကျယ်လောင်စွာဟစ်အော်၍ ကောင်းချီးပေးလိုက်သော ပြည်သူများ၏ အော်ဟစ်သံကြီးများက ဆည်းဆာနေဝင်ချိန်တွင် ပဲ့တင်ရိုက်ခတ်သွားသည်။ ထိုအတူ သခင်မလေး စံနှောင်းညိုကိုလည်း "ရွှေမျက်နှာရှင်သခင်မ" ဟူ၍ ကောင်းချီးပေးကာ ဘွဲ့မည်ပေးလိုက်ကြပါတော့သတည်း။

❋ ❋ ❋

## အခန်း (၁၃)

## နှုတ်ဆက်လမ်းခွဲသွားသူတစ်ယောက် သို့မဟုတ်

အချိန်က ည (၉) နာရီခန့် ရှိပါပြီ။ လမ်းမာတ်မီးတိုင်များပင် ထွန်းထားကြသည်ကို စာကြည့်ခန်းပြတင်းပေါက်မှ လှမ်း၍တွေ့မြင်နေရသည်။ ညဦးပိုင်းသို့ ရောက်ရှိလာသည်မို့ ဘောင်ဒရီလမ်းအတွင်းဝယ် ကားအသွားအလာနည်းသွားသလို လူသွားလူလာလည်း မရှိသလောက် ဖြစ်သွားကြပါ၏။

ဒေါက်တာဖြူနုဖ်၏ စာကြည့်ခန်းထဲမှာတော့ လူသားလေးယောက်တို့က အတွေးကိုယ်စီနှင့် ငြိမ်သက်လျက်ရှိကြသည်။ ဒေါက်တာဖြူနုဖ်ပြောပြခဲ့သည့် ဘုရင့်နောင်မင်းတရား နတ်ရွာစံပြီးနောက် မြန်မာနိုင်ငံ၏ ရာဇဝင်သမိုင်းကြောင်းနှင့် တစ်ပြည်ခြားမြို့ငယ်စွန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံကြရသည့် နန္ဒဘုရင်၏သားတော်၊ သမီးတော်များမှတစ်ဆင့် သန္ဓေတည်ခဲ့သော "မြန်မာရွာကြီးတစ်ရွာ သို့မဟုတ် မြန်မာကြီးများ သီးခြားနေထိုင်လျက်ရှိကြသည့် "မြေဝါတောင်ဒေသ" မှ ရွှေမျက်နှာရှင်သခင်မ၏ ရာဇဝင်ဇာတ်ကြောင်းက ပြီးဆုံးသွားခဲ့သည့်တိုင် သက်ဝင်စီးမျောနေကြသည်သို့ . . .။ အတန်ကြာမှ ဂျပန်စစ်ဗိုလ်ယာမာဂူချိစံထံမှ စကားသံတချို့ ထွက်ကျလာခဲ့သည်။

"ဒါဆိုရင် ဒေါက်တာပြောခဲ့တဲ့ "ရွှေမျက်နှာရှင်သခင်မ" နဲ့ နယ်မြေဟာ မြန်မာပြည်နယ်စပ်နဲ့ ဘင်္ဂလားနယ်ကြားက စစ်တကောင်းတောင်တန်းပေါ်မှာ ရှိပြီးများနေတာပေါ့နော်၊ ကျွန်တော့်လေယာဉ် ပျက်ကျခဲ့တဲ့ နယ်မြေဟာလည်း အဲဒီ စစ်တကောင်းတောင်တန်းပေါ်မှာပဲ ဖြစ်နိုင်များသွားပြီ၊ သေချာတာကတော့ အဲဒီ မြေဝါတောင်ကုန်းဟာ အစ

www.burmeseclassic.com



ရွှေကြောထွက်တဲ့နယ်မြေပဲ ဒေါက်တာ''

''မဟုတ်သေးဘူး ယာမာဂူချိစံ၊ အခုကြုံတွေ့ခဲ့ရတဲ့ အဲဒါဖြ
အပျက်ဟာ တော်တော်လေးထူးဆန်းတဲ့အပြင် တိုက်ဆိုင်မှုတွေနဲ့လည်
တူညီနေကြတာ တွေ့ရတယ်၊ ဒါပေမဲ့ အဲဒီမြေဝါတောင်ဟာ သူတို့နိုင်
သူတို့ရေမြေနဲ့ သူတို့ပိုင်တဲ့ သယံဇာတတွေလားဆိုတာ သေသေချာချာ
စုံစမ်းစစ်ဆေးရဦးမယ်၊ ကံကောင်းခဲ့ရင်တော့ အဲဒီ ''မြေဝါတောင်''
ဟာ ကျွန်တော်တို့ရဲ့ပိုင်နက်နယ်မြေထဲမှာ ဖြစ်သွားခဲ့ရင်တော့ အတိုင်
ထက်အလွန်ပေါ့ ယာမာဂူချိစံရယ်''

ဒေါက်တာမင်းခေါင်က ယာမာဂူချိစံနားလည်နိုင်ရန်အတွက်
အသေးစိတ် ရှင်းလင်းပြောပြနေပါ၏။ ရစ်ချုပ်သွန်မဆင်ပင် ရခိုင်ပြည်
နယ်၊ စစ်တကောင်းဒေသနှင့် မြေဝါတောင်တို့ ယှက်နွယ်မှုတို့ကို အသေး
အချာ လေ့လာစမ်းစစ်လျက်ရှိသည်။

''ဟုတ်ပါတယ် ဒေါက်တာ . . . ကျွန်တော် ဒီရွှေသိုက်ကို ရှာ
ချင်တယ်ဆိုတာကလည်း ကိုယ့်ရဲ့ အတ္တလောဘတစ်ခုတည်း အတွက်
မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့စိတ်ထဲမှာတော့ ကိုယ့်ရဲ့လက်နဲ့ အဲဒီမြေဝါ
က ရွှေကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ခဲ့ဖူးလေတော့ တကယ်လို့များ ကျွန်
တော်တို့ရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် အဲဒီမြေဝါတောင် ရွှေကြော
ကြီးကို တွေ့ရှိခဲ့မယ်ဆိုရင် ကမ္ဘာမှာ မြန်မာဆိုတဲ့အမည်မျိုး သမိုင်းမှ
မှတ်တမ်းထင်ထင်နဲ့ ကမ္ဘာ့ထိုးနိုင်ကောင်းရဲ့ဆိုတဲ့ အတွေးလည်း
ဝင်လာ မိလို့ပါ ဒေါက်တာ''

''နေပါဦး ယာမာဂူချိစံ . . . ကျွန်တော် သိချင်တာတစ်ခု
ယာမာဂူချိစံ တွေ့ခဲ့ရတယ်ဆိုတဲ့ မြန်မာလူမျိုးတစ်ခုအကြောင်းပဲ
ဘာဖြစ်လို့လဲဆိုတော့ ဒေါက်တာဖြူနုဇံရဲ့ ရခိုင်ဘုရင် မင်းရာဇာကြီးရဲ့
ရာဇဝင်သမိုင်းကြောင်းနဲ့ သွားပြီး ဆက်စပ်နေလို့ ယာမာဂူချိစံရဲ့ တွေ့
ဆချက်တွေ မှန်နိုင်မယ်လို့ ကျွန်တော်ယူဆမိတယ်၊ ဒါဆိုရင် မြန်



နိုင်ငံရဲ့ မြန်မာပြည်ပွား မြန်မာလူမျိုးတစ်စုဟာ မြိုင်ရပ်ခြားက တိုင်းတစ်ပါး
နယ်မြေထဲမှာ ယခုအချိန်ထိ ရှိနိုင်သေးတယ်ဆိုတဲ့ အဖြေဟာ ရာနှုန်း
ပြည့် မှန်ကန်လောက်တယ်၊ အဲဒီတော့ ဒီရွှေကြောခရီးစဉ်ကို ယာမာဂူချိစံ
ဘယ်လိုများ စီစဉ်ချင်သလဲ''

ဒေါက်တာမင်းခေါင်၏ အမေးစကားကြောင့် ဂျပန်စစ်ဗိုလ်
ယာမာဂူချိစံ တစ်ယောက်အတန်ကြာမျှ ငြိမ်သက်သွားသည်။ ပြီးမှ . .

''ကျွန်တော့်ဆန္ဒအမှန်ကိုမေးတာဆိုရင်တော့ အဖြေရ တော်
တော်ခက်ခဲတဲ့ မေးခွန်းတစ်ခုပါပဲ၊ ဒါပေမဲ့ ကျွန်တော့်ရဲ့ ရပ်တည်ချက်
ကတော့ ရှင်းပါတယ်၊ ကျွန်တော် မြေပေါ်မြေအောက် သယံဇာတပစ္စည်း
တွေနဲ့ ပထဝီသဘောတရားအရ လျှို့လျှို့ဝှက်ဝှက် တည်ရှိနေတဲ့ ဒြပ်ထု
ပစ္စည်းတွေကို စွန့်စားရှာဖွေကြည့်ချင်တဲ့ဆန္ဒတစ်ခုတည်းပဲ ရှိပါတယ်''

ဂျပန်စစ်ဗိုလ် ယာမာဂူချိစံ၏ စိတ်ရင်းအမှန်က လောဘ
ဒေါသ၊ မောဟဆို၍ မြူတစ်မှုန်မျှ ကပ်ငြိခြင်းမရှိခြင်းကို ညွှန်ပြနေသည့်
သို့ . . .။ နောက်ဆုံးတော့ ဒေါက်တာမင်းခေါင်တို့လူစု ''မြေဝါတောင်''
နှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်ကြသည်။ ခရီးထွက်နိုင်မည့် အချိန်
ကာလကိုတွက်ဆကြသည်။ အားလုံးထဲတွင် အရေးကြီးဆုံးက ဂျပန်
စစ်ဗိုလ် ယာမာဂူချိစံပင် ဖြစ်ပါ၏။

တိုင်းရေးပြည်ရေးအခြေအနေက ငြိမ်သက်ခြင်းမရှိ ဗြိတိသျှ
မျိုးချစ်တော်လှန်ရေးသမားများက အင်္ဂလိပ်နှင့် မဟာမိတ်ပြကာ မြန်မာ
မြေပေါ်မှ ဂျပန်ဖက်ဆစ်တို့ကို မောင်းထုတ်နိုင်ရန် ကြိုးစည်
လျက်ရှိကြသည်။ ထို့ကြောင့် ဂျပန်ဖက်ဆစ်တို့ကလည်း အခြေအနေ
သည့်ထက်ပို၍ ဆိုးဆိုးဝါးဝါးမဖြစ်စေရန် ဖိဖိစီးစီး ကိုင်တွယ်
ပါသော်လည်း သုံးနှစ်နီးပါး ဖက်ဆစ်ဂျပန်တို့၏ ရက်စက်
ဖိနှိပ်ညှဉ်းပန်းမှုများကို မခံစားနိုင်ကြတော့သည် မြန်မာမျိုးချစ်
လှန်ရေးသမားများ အခွင့်အခါကောင်းကို စောင့်စားနေကြပါ

www.burmeseclassic.com

www.burmeseclassic.com



စစ်ရေးစစ်ရာ မငြိမ်မသက် ဖြစ်နေခြင်းကြောင့် ဒေါက်တာမင်းခေါင်တို့၏ မြေဝါတောင်ခရီးသည် တိကျသေချာစွာ ရက်သတ်မှတ်၍ မရကြသေးပေ။ ဂျပန်စစ်ဗိုလ် ယာမာဂူချိစံကိုယ်တိုင်ပင် ဒေါက်တာမင်းခေါင်နှင့် မတွေ့ဆုံဖြစ်ကြပါလေတော့။

ဆင်ပြောင်ကြီး အမြီးကျမှ တစ်နေလေပြီလားဟု။ ဖွဲနပဲကြီးစွာဖြင့် လုံ့လစိုက်ထုတ်လျက် ကြိုးစားခဲ့ရှာသော ဂျပန်စစ်ဗိုလ် ယာမာဂူချိစံမှာ သူကိုယ်တိုင် စတင်ခဲ့သော "မြေဝါတောင်" ဇာတ်လမ်းတွင် ဆက်လက်၍ ပါဝင်လှုပ်ရှားနိုင်ပါဦးမည်လားဆိုသည်မှာ မသေချာမရေရာပါလေတော့။

စင်စစ် ယခုကဲ့သို့သော ပွင့်လင်းရာသီခန့်တွင် ခရီးထွက်နိုင်ရန် အကြမ်းဖျင်းစီစဉ်ထားခဲ့ကြသည်။ ယာမာဂူချိစံကိုသာငဲ့၍ မနေလျှင် ပြာသို၊ တပို့တွဲလများထဲတွင် ရခိုင်ဒေသဘက်ဆီသို့ စတင်၍ ခရီးဆန့်နိုင်ရန် အကြမ်းဖျင်းစီစဉ်ဆွေးနွေးပြီးကြပြီဖြစ်သည်။

သို့သော် မြန်မာပြည်၏ စစ်ရေးအခြေအနေက တစ်စထက်တစ်စ ဆိုးဝါးလာခဲ့ကြပြီး ၁၉၄၅ ခုနှစ်၊ မတ်လ (တပေါင်းလ) ထဲသို့ ရောက်ရှိလာခဲ့ချိန်မှာတော့ မြန်မာတစ်ပြည်လုံး ကျူးကျော်နယ်ချဲ့ဖက်ဆစ်ဂျပန်များကို မြန်မာမျိုးချစ်တော်လှန်ရေးသမားများ စည်းလုံးညီညွတ်စွာ တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

ထို့ပြင် ပျောက်ကျားစစ်ဆင်ရေးဖြင့်လည်း စစ်ပွဲဆင်နွှဲခဲ့ကြသဖြင့် ဂျပန်တို့၏ရိက္ခာဂိုဒေါင်၊ လက်နက်တိုက်များ မီးဟုန်းဟုန်းတောက်လောင်ပျက်စီးခဲ့ရပြီး ဂျပန်ဖက်ဆစ်များ ပရမ်းပတာ ဖြစ်ကုန်ကြသည်အထိ "အထိနာ"ခဲ့ကြသည်။ အင်္ဂလိပ် မဟာမိတ်စစ်လေယာဉ်ပျံများကလည်း ကောင်းကင်ယံမှ ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် ရန်သူဂျပန်များမှာ အကျအဆုံးများစွာဖြင့် သူတို့ ခြေကုပ်ယူထားကြသည့် မြို့များမှ ဆုတ်ခွာထွက်ပြေးခဲ့ကြသည်။



ထိုအချိန်တွင် ဂျပန်စစ်ဗိုလ်ယာမာဂူချိစံထံမှ လူယုံမှတစ်ဆင့်ပေးပို့လိုက်သောစာတစ်စောင်ကို ဒေါက်တာမင်းခေါင်တို့ လက်ခံရရှိခဲ့သည်။ ထိုစာထဲတွင် . . .

*ဒေါက်တာမင်းခေါင် . . .*

*မှလသတ်မှတ်ထားတဲ့ အစီအစဉ်အတိုင်း "မြေဝါတောင်ခရီးစဉ်" ကို ဆက်လက်ပြီး လှုပ်ရှားကြပါ။ ကျွန်တော့်ကို စောင့်မနေနဲ့တော့။ ကံမကုန်သေးရင်တော့ ပြန်ပြီး ဆုံချင်ပါသေးတယ်။ ဒေါက်တာဖြူနုဖုံနဲ့ ရစ်ချပ်ကြီးတို့ကိုလည်း ပြောပြလိုက်ပါ။*

*"အီဂိုး အီဂိုး အာဂရိတော ဂိုဖိုင်းမရှိတ"*

*အစစအရာရာအတွက် ကျေးဇူးအထူးတင်ပါတယ်။*

*"ယာမာဂူချိစံ"*

တပ်မဟာ (၃) ခေတ္တ၊ ရန်ကုန်။

တိုတိုနှင့်ထိရောက်သောစာကြောင်းအချို့ကိုသာ ဖတ်ခဲ့ရပြီးနောက်ပိုင်းတွင် ဂျပန်စစ်ဗိုလ် ယာမာဂူချိစံနှင့် လုံးဝမတွေ့ခဲ့ရပါလေတော့။ မြန်မာပြည်၏ စစ်ရေးအခြေအနေကလည်း မဟာမိတ်တို့၏ လေယာဉ်ဗုံးကြဲချသံ၊ မျိုးချစ်တော်လှန်ရေးသမားများ၏ တိုက်ပွဲခေါ်သံများနှင့် ဆူညံရှုပ်ထွေးလျက် ရှိပါ၏။

ဖက်ဆစ်ဂျပန်တပ်များသည် ဘုရားကုန်းလမ်းဆုံမှသည် ဆုတ်လမ်းနှစ်ခုကို ရွေးချယ်၍ ဆုတ်ခွာခဲ့ကြသည်။ တစ်ခုသောဆုတ်လမ်းမှာ တာဝတောတန်းအရှေ့မှ သုံးခွ–ခရမ်းသို့သွားသည့် လမ်းမကြီး။ နောက်တစ်လမ်းက ကျောက်တန်းမှစတင်သည့် ရေကြောင်းခရီးနှင့် ပင်လယ်ဘက်သို့ ဦးတည်၍ဖောက်ထွက်သည့်လမ်းဟူ၍ ဆုတ်လမ်းနှစ်ခုမှ ဆုတ်ခွာခဲ့ကြသည်။

ဖက်ဆစ်ဂျပန်များမှာ လက်နက်ကြီးများအသုံးပြုကာ ဆုတ်ခွာရေးထက် အောင်မြင်စွာနိုင်ရေးကိုသာ အားပြုလျက် ဆုတ်ခွာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဆုတ်ခွာရာလမ်းကြောင်းနောက်သို့ မဟာမိတ် လေယာဉ်ပျံများက ထက်ကြပ်မကွာ ဗုံးမိုးရွာချခဲ့ရာ ဖက်ဆစ်ဂျပန်များမှာ အလောင်း မျှပင် မကောက်နိုင်ကြဘဲ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးကြပါတော့သည်။

မထူးတော့ပြီမို့ ဒေါက်တာမင်းခေါင်တို့လူစုမှာလည်း စစ်မီးလျှံ တဟုန်းဟုန်းတောက်လောင်နေသည့် မြို့တော်ရန်ကုန်ကို စွန့်ခွာခဲ့ကြသည်။ စစ်ဘေးစစ်ဒဏ်မှလည်း ရှောင်တိမ်းရင်း မြေဝါတောင်ခရီးစဉ်ကိုလည်း စမ်းသပ်ရှာဖွေကြရင်း ဒေါက်တာမင်းခေါင်တို့လူစု ရခိုင်ဘက်သို့ ခရီးဆန့်ခဲ့ကြပါတော့သည်။

❋ ❋ ❋

## အခန်း (၁၄)
## စစ်မီးလျှံကြားမှ အနောက်ဘက်ဆုံးမြို့များဆီသို့

ရခိုင်ပြည်နယ်အတွင်းရှိ မောင်တောမြို့သည် မြန်မာနိုင်ငံ၏ အနောက်ဘက် အစွန်ဆုံးကျသော မြို့တစ်မြို့ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ခြားစည်းရိုးသာခြားသော မြို့တစ်မြို့ဖြစ်သည်။ မောင်တောခရိုင်တွင် မြို့ကြီးအနေဖြင့် မောင်တောမြို့၊ ဘူးသီးတောင်မြို့နှစ်မြို့သာရှိသည်။ နှစ်မြို့နယ်တစ်ခရိုင်ဖြစ်သော နယ်စပ်မြို့ဒေသဖြစ်သည်။

စစ်ကာလအတွင်းမို့ မဟာမိတ်လေယာဉ်ပျံများကို ကြောက်ရ သဖြင့် လမ်းများထက်တွင် ကားသွားလာကင်းရှင်းလျက် ရှိပါ၏။ ဂျပန်တို့ကလည်း လေကြောင်းရန်ကို ကြောက်ကြသဖြင့် ညဘက်များ တွင်သာ စစ်လမ်းကြောင်းမှ ဆုတ်ခွာနေကြသည် မဟုတ်ပါလော။



ပုံမှန်အတိုင်းသာ မောင်တောမြို့သို့သွားမည်ဆိုလျှင် ရန်ကုန် စစ်တွေသို့လည်းကောင်း၊ စစ်တွေမှ ဘူးသီးတောင်သို့လည်းကောင်း ာရောက်ရမည်ဖြစ်ပါ၏။ ဘူးသီးတောင်မှ မောင်တောမြို့သို့ ကားနှင့် ားရသည်။ ကားလမ်းမှာ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ခဲ့ပြီး နောက် အစောဆုံးဖောက်ခဲ့သော လမ်းဖြစ်သည်။ ကားလမ်းမှာ နွေမိုး ာင်း သွားလာနိုင်သော်လည်း မိုးရာသီတွင် လမ်းမှာ လွန်စွာ ဆိုးဝါး ပါ၏။

ဘူးသီးတောင်မြို့နှင့် မောင်တောမြို့တို့သည် (၁၇) မိုင်ခန့် ာ ကွာဝေးသော်လည်း သက်နုတောင်များကို ပတ်၍ ဖောက်လုပ်မှု ားကြောင့် မြေ မကြာခဏ ပြိုကျခြင်း၊ လမ်းပိတ်ခြင်းများ ဖြစ်လေ့ ထ ရှိသည်။ ယခုမူ စစ်ဘေးစစ်ဒဏ်ကြောင့် ကားသွားကားလာ ်လင်း၍နေပြီး စစ်ရှောင်သူ၊ စစ်ပုန်းသူများသာ မလွှဲမရှောင်သာ သွားလာနေကြသည်ကိုသာ တွေ့ရှိရသည်။

ဒေါက်တာမင်းခေါင်တို့လူစုမှာ စုစုပေါင်း ငါးယောက်သာရှိ ည်။ ဒေါက်တာမင်းခေါင်၊ ရစ်ချပ်သွန်မဆင်၊ ဒေါက်တာဖြူနုဖုံနှင့် ထမ်းသမား (၂) ယောက်တို့ ဖြစ်ကြသည်။ လက်နက်ခဲယမ်း အပြည့် ၊ ရိက္ခာခြောက်တချို့နှင့် ရစ်ချပ်သွန်မဆင်၏ ဓာတ်ခွဲကိရိယာ ူသာ သယ်ဆောင်လာခဲ့ကြသည်။ ခရီးလမ်းကမူ ဒေါက်တာဖြူနုဖုံက ဆောင်သဖြင့် သွားရေးလာရေး မခက်ခဲလှ။ လူအများ ရိပ်စားမိမည် သဖြင့် သာမန် စစ်ဘေးစစ်ဒဏ်ပုန်းရှောင်သူများနှင့် ရောနှော၍ ထွက်လာခဲ့ကြခြင်းဖြစ်သည်။

မြေမျိုး၍ လူမျိုးမပျောက်၊ လူမျိုးမှလူမျိုးပျောက်နိုင်သည့် ဆို ချက်ကို ဤအစွန်အဖျားဒေသများတွင် တွေ့နိုင်သည်ဖြစ်ပါ၏။ က်တာဖြူနုဖုံက ဘူးသီးတောင်မှ ကားတစ်စီးကို သီးသန့်ငှား ာင်တောခရီးစဉ်ကို တောင်ခဲ့သည်။ သက်နုတောင်တစ်လျှောက် မောက်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားသော လမ်းဖြစ်သဖြင့် လမ်းဘေးတစ်ဖက်တစ်ချက်တွင် လျှိုမြောင်စိမ့်စမ်းများကို တွေ့ရသည်။ လျှိုမြောင်များ ပေါသဖြင့် ရေစီး ရေလာကောင်း၍ လမ်းတစ်လျှောက် တံတားငယ်လေးများကို များပြားစွာ တွေ့ရပါ၏။

"အင်း ... စစ်သာမဖြစ်ခဲ့ဘူးဆိုရင် သွားရေးလာရေး အေး အေးချမ်းချမ်း သွားလို့ရနိုင်တယ်၊ အခုတော့ စစ်ဆုတ်လာတဲ့ ဂျပန်ရန် ကြောက်ရ၊ မဟာမိတ်တပ်တွေရဲ့ လေယာဉ်ပျံကိုကြောက်ရနဲ့ ပြည်သူ တွေမှာ ဒုက္ခတော်တော်ရောက်ကြရရှာတယ် ဖြူနုဖဲရေ"

"ဟုတ်တယ် ဒေါက်တာ၊ ကျွန်မတို့ဘက်က စစ်ဆုတ်သွား လမ်းကြောင်း သိပ်မကျလို့သာပေါ့၊ တချို့မြို့နယ်တွေမှာဆိုရင် စစ် လာတဲ့ ဂျပန်တွေရဲ့ ရမ်းကားတဲ့ဒဏ်တွေကို တော်တော်လေး ခံစား ရတယ်"

ဒေါက်တာဖြူနုဖဲနှင့် စကားလက်ဆုံကျနေစဉ်မှာပင် ကားလေး က ပြေပြစ်စွာဖောက်လုပ်ထားသည့် တောင်တက်လမ်းပေါ်သို့ ရောက် ရှိလာခဲ့သည်။ မကြာမီ ရှေ့မှမောင်းနှင်နေသည့် ကားသုံးလေးစီး ရပ် သွားသဖြင့် ဒေါက်တာမင်းခေါင်တို့၏ ကားပါ ရပ်တန့်လိုက်ရသည်။

"ဘယ်လိုဖြစ်တာလဲ ဖြူနုဖဲ၊ ရှေ့မှာ တောင်ပြိုလို့များလား ရှေ့က ကားတွေအားလုံး ထိုးရပ်သွားကြပြီ"

"ဒီရာသီမှာ မြေပြိုတာတို့၊ တောင်ပြိုတာတို့ မဖြစ်နိုင် ဒေါက်တာ၊ အန္တရာယ်တစ်ခုခုများ တွေ့နေလို့ ကားတွေပိတ်နေကြ ဖြစ်မယ်"

ဒေါက်တာဖြူနုဖဲ ကားပေါ်မှဆင်းလိုက်ပြီး ပတ်ဝန်းကျင် ခရီးသွားတစ်ဦးနှင့် မေးမြန်းစပ်စုလိုက်မှ အမှန်တရား ထွက်ပေါ်လာ သည်။ မေယုတောင်တန်းပေါ်မှ ဆင်းလာကြသည့် ဆင်တစ်အုပ် ကြော လမ်းပိတ်နေခြင်းဖြစ်ကြောင်း သိလိုက်ရသည်။



"လမ်းပေါ်မှာ ဆင်အုပ်ဖြတ်နေလို့တဲ့ ဒေါက်တာ၊ ဟို မေယု တောင်တန်းပေါ်ကနေ ဆင်းလာကြတဲ့ဆင်တွေလေ၊ ဆင်တွေကို မထိ ခိုက်ရအောင်ဆိုပြီး ကားတွေက စောင့်ပြီးမောင်းပေးတယ် ဒေါက်တာ"

ဒေါက်တာဖြူနုဖဲ၏စကားကြောင့် ရစ်ချုပ်သွန်မဆင်နှင့် ဒေါက် တာမင်းခေါင်တို့က မှိုင်းညို့ညို့တောင်တန်းကြီးများဆီသို့ လှမ်းမျှော် ကြည့်လိုက်ကြသည်။ မေယုတောင်တန်းသည် စားရေရိက္ခာများ ပေါများ သည့်အတွက် ဆင်များနှင့် အခြားသောတောရိုင်းတိရစ္ဆာန်များအတွက် နိုရာ တောင်တန်းကြီးတစ်ခု ဖြစ်ပါ၏။ စင်စစ် မေယုတောင်တန်း သည် ဟိမဝန္တာတောင်တန်း၏အဆက်ဖြစ်သဖြင့် ဟိမဝန္တာဆင်များ သွားလာကျက်စားသည့် နေရာလည်း ဖြစ်သည်။

မော်တော်ကားများ ဆက်လက်၍မောင်းနှင်လာခဲ့ရာမှ တောင် ကိုဖောက်၍ ပြုလုပ်ထားသည့် လိုဏ်ခေါင်းငယ်လေးများအတွင်းမှ ဖြတ် သန်း၍ လာခဲ့ရသည်။ ထိုလိုဏ်ခေါင်းငယ်မှာ (၁၂) ပေခန့်အမြင့်ရှိပြီး ပေ (၉၀) ကျော်ရှည်လျားသည်။ ဥမင်လိုဏ်ခေါင်းမှာ တောင်အမြင့်ပေါ် တွင် တည်ရှိ၍ ဥမင်မှ ပြန်ထွက်ချိန်တွင် တောင်အဆင်းလမ်းလေး ဖြစ်သွားပါ၏။ ဤမျှဘက်သို့ ရောက်ဖူးခြင်းမရှိကြသေးသည့် ဒေါက်တာ မင်းခေါင်နှင့် ရစ်ချုပ်သွန်မဆင်တို့မှာ ပြောင်းလဲသွားသော သဘာဝ ရေမြေတောတောင်မြင်ကွင်းများကို မျှော်ငေးကြည့်ရင်း စိတ်ကြီးဖြစ်နေ သည်ကိုပင် မေ့လျော့နေခဲ့ကြပါတော့သည်။

ထို့နောက် တံတားကြီးနှစ်စင်းနှင့် ဆောင်းနှင်းနွေတွင် ရေမရှိ သော်လည်း မိုးရာသီတွင် ကြောက်စရာကောင်းလောက်အောင် ရေစီး သန်လှသည့် တောင်ကျချောင်းတချို့ကို ဖြတ်ကျော်ခဲ့ကြသည်။ ရေစီး သန်သည် ဆင်တစ်ကောင်လုံးပင် မျောပါသွားနိုင်လောက်အောင် ပြင်း ထန်သည်။ ထိုလိုဏ်ခေါင်းလေးနှင့် လိုဏ်ခေါင်းကြီးကို ၁၉၈၁ ခုနှစ်တွင် (မာတင်) ကုမ္ပဏီမှ ဖောက်လုပ်ခဲ့ပါချေ၏။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ခေါင်းကြီးအတွင်းဝယ် ရေစီးကြောင်းများကြောင့် အပျက်အစီးများလှသည်။ ထို့ကြောင့် အန္တရာယ်ကင်းရှင်းရေးအတွက် မီးထိုး၍ မောင်းနှင်ကြရသည်။ မောင်တောသို့သွားသည့်ကားလမ်းမှာမူ တောင်ကမ်းပါးယံကို ပတ်၍ ဖောက်လုပ်ထားပြီး ချောင်းကြီးတစ်ခုနှင့်အပြိုင် တည်ရှိနေပါ၏။

မောင်တောမြို့တွင် စေတီပုထိုးများစွာကို တွေ့ကြရသော်လည်း လမ်းတွင် အများအားဖြင့် ဘင်္ဂါလီလူမျိုးများကိုသာ တွေ့နေရသည်။ မောင်တောမြို့တွင် မောင်တောမြို့မှ ဘင်္ဂလားဒေ့ရှ်သို့ သွားသော မြစ်ဆိပ်ရှိသည်။ ၎င်းမြစ်ဆိပ်တွင် စစ်ဆေးရေးဂိတ်တစ်ခုလည်း ရှိပါ၏။ နယ်စပ်စစ်ဆေးရေးဂိတ်သည် တစ်ဖက်နိုင်ငံမှ ဝင်လာသော မော်တော်ဘုတ်များ၏ အဝင်/အထွက်ကို စစ်ဆေးသည့်နေရာလည်း ဖြစ်သည်။ စစ်ဆေးရေးဂိတ် မျှော်စင်မှကြည့်လျှင် တစ်ဖက်နိုင်ငံရှိ တိုက်တာအဆောက်အအုံများကို မှုန်ဝါးဝါး မြင်တွေ့ရသည်။

လမ်းတွင် ဆင်ရိုင်းများနှင့် မကြာခဏ ကြုံတွေ့နေရသဖြင့် ခရီးအတန်ငယ်ဖင့်သည်မှအပ အနှောင့်အယှက်တစ်စုံတစ်ရာမျှ မတွေ့ရသဖြင့် ဒေါက်တာမင်းခေါင် အသာအယာ သက်ပြင်းချလိုက်ပါ၏။ ဤသို့ဖြင့် ခရီးလမ်းပန်းအခက်အခဲများကြားမှ ကျော်လွှားဖြတ်သန်းလာခဲ့ကြပြီး နောက်ဆုံးတွင် မြင့်မားမတ်စောက်လှသော ရခိုင်ရိုးမတောင်တန်းကြီးများနှင့် ခဲတစ်ပစ်သာသာခန့်ပင် မရှိသော ဒေါက်တာမြင့် နေထိုင်ခဲ့ရာ "ရွာဟောင်းရွာ" လေးသို့ ရောက်ရှိလာခဲ့ပါချေတော့သည်။

ထိုအချိန်တွင် နေလုံးနီနီကလည်း အနောက်ဘက်တောင်ကုန်းထက်တွင် မေးတင်နိုနားလျက်ရှိပါချေပြီတည်း။ ထိုအချိန်တွင်…



ထိုအချိန်တွင် မြန်မာပြည် စစ်လမ်းကြောင်းတစ်နေရာတွင် ဗိုလ်မှူးကြီးတကာနာဦးစီးသော ဂျပန်ဆုတ်ခွာစစ်များနှင့် မျိုးချစ်တော်လှန်ရေးသမားတို့၏ ပျောက်ကျားစစ်ဆင်ရေးတို့ ထိပ်တိုက်တွေ့ကြသည်။ ဂျပန်စစ်ကြောင်းအဖို့ ကံဆိုးသည်မှာ ဗြိတိသျှမဟာမိတ်လေယာဉ်ပျံများမှလည်း လေကြောင်းမှ ဗုံးကြဲ၍ တိုက်ခိုက်ကြသဖြင့် ရှေ့မျက်နှာနှစ်ဖက်ကြားတွင် အလူးအလဲ ခံစားနေကြရပါ၏။

ထိုစစ်ကြောင်းထဲတွင် ဗိုလ်ကြီးယာမာဂူချီစံ၏ စစ်ကြောင်းလည်း ပါရှိသဖြင့် လေကြောင်းပစ်ခတ်မှု၊ ဗုံးကြဲမှုများအောက်မှ ရုန်းထွက်ဆုတ်ခွာခဲ့ကြရင်း ဗိုလ်မှူးကြီးတာကာနာ၏ တပ်မကြီးတစ်ခုလုံး ပျထိနာခဲ့ကြရသည်။ ထို့ပြင် စစ်ကြောင်းမှာလည်း အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲကာ ဆုတ်ခွာစစ်ကြောင်း ပျက်စီးကာ ကစဉ့်ကလျား ဖြစ်သွားခဲ့ကြသည်။

ထို့ကြောင့် ဂျပန်ဗိုလ်မှူးကြီး တာကာနာသည် စုစည်းရမိသမျှ ဂျပန်စစ်သားများနှင့် တရကြမ်းဆုတ်ခွာခဲ့ရသည်။ နဂိုမူလရည်ရွယ်ထားခဲ့သော စစ်ကြောင်းမဟုတ်တော့၊ မဟာမိတ်တို့၏ လေကြောင်းရန်နှင့် ပျောက်ကျားစစ်သားများ၏ ရန်ကြောင့် ဂျပန်စစ်ကြောင်းကြီးမှာ တစ်စုစီတစ်ဖွဲ့စီကွဲကာ နီးစပ်ရာ အကာအကွယ်များအတိုင်း ဆုတ်ခွာခဲ့ကြရသည်။

ဗိုလ်ကြီးယာမာဂူချီစံပါဝင်သည့် စစ်ကြောင်းသည် မိုင်တစ်ရာကျော်ဆယ်ခန့်အတွင်းသို့ စွန့်စား၍ဝင်ရောက်ခဲ့ကြပြီး ရထားလမ်းအတိုင်း ဆုတ်ခွာခဲ့ကြပါ၏။ လမ်းတွင်တွေ့ကြရသည့် ကုန်ကား (၂) စီးကို စီးကာ ကုန်ပစ္စည်းများကို အောက်သို့ချစေပြီး သူ၏ ဂျပန်စစ်သားများကို တင်ဆောင်ကာ ဆုတ်ခွာစစ်ကို ပြန်၍ အသက်သွင်းခဲ့သည်။ ယင်းအချိန်တွင် ရခိုင်ရိုးမဘက်သို့ ရောက်မှန်းမသိ ရောက်ရှိလာခဲ့ပါလေတော့

www.burmeseclassic.com

www.burmeseclassic.com



မြန်မာတော်လှန်ရေးသမားများနှင့် မပျော်လင့်ဘဲ ရင်ဆိုင်တိ ခဲ့ကြသဖြင့် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်ကြရာတွင် ယာမာဂူ တို့ဘက်မှ အကျအဆုံး များခဲ့ကြရပြန်သည်။ ယာမာဂူချီစံအပါအဝ အသက်ရှင်ကျန်ရစ်ကြသူအားလုံး မိုင်တစ်ရာကျော် အကွာအဝေးတွ ရှိသည့် ဂျပန်တပ်မကြီးတစ်ခုနှင့် သွားရောက်ပူးပေါင်းရန် ဆက်သွ ရေး ရေဒီယိုမှတစ်ဆင့် အမိန့်လက်ခံရရှိခဲ့သည်။

သို့သော် လောလောဆယ်မှာတော့ သူတို့နောက်မှ ထက်ကြ မကွာ လိုက်လံချေမှုန်းနေသည့် တော်လှန်ရေးသမားများ၏ အန္တရာ ကို ဗိုလ်မှူးကြီးတာကာနာတို့ ရင်ဆိုင်နေကြရပါ၏။ အဆိုးဆုံးမှာ ပြောက်ကျားစစ်ဆင်ရေးဟုခေါ်သည့် ချုံပုတ်သစ်ပင်များကြားမှ မကော ဆိုးဝါး တဖွဲ့ဖွဲ့ကောင်များနှယ် ရုတ်ခြည်းထွက်ပေါ်၍ တိုက်ခိုက်ကြ ဖျတ်ခနဲ လျင်မြန်စွာ ပျောက်ကွယ်သွားကြလေ့ရှိသည့် မြန်မာမျိုး တော်လှန်ရေးစစ်သားများပင် ဖြစ်သည်။

ထို့ကြောင့် ဗိုလ်မှူးကြီးတာကာနာက ဆုတ်ခွာရေးလ ကြောင်းကို ပြောင်းကာ လမ်းထွင်လျက် လမ်းသစ်များမှ ဆက်လ ချီတက်ခဲ့ကြသည်။ မဟာမိတ်လေယာဉ်နှင့် တော်လှန်ရေးသမားမျ အန္တရာယ်မှ ကင်းဝေးခဲ့ရသော်လည်း ခရီးမတွင်ခြင်း၊ ရိက္ခာပြတ် ခြင်း၊ ရောဂါဘယများခြင်းတို့ဖြင့် ရင်ဆိုင်ကြုံတွေ့ကြရပြန်သည် မ ပါလား။

တောထဲတွင်သာ ပေါက်ရောက်လေ့ရှိသော မျှစ်၊ သင် သစ်ရွက်များနှင့် သားကောင်အချို့ကိုသာ အားကိုးခဲ့ကြရသည်။ ထို ရိက္ခာမျိုးကလည်း ရန်သူများနှင့် ကင်းဝေးချိန်မှသာ ရှာဖွေနိုင်ကြ အချိန်ကြာလာသည်နှင့် ဂျပန်စစ်သားအချို့မှာ ရောဂါဆိုးမျ အာဟာရပြတ်ကာ ကယောင်ချောက်ချားပင် ဖြစ်လာခဲ့ကြသည်

"မဖြစ်တော့ဘူး ယာမာဂူချီစံ . . . ငါတို့ လမ်းဟောင်



န်တက်ပြီး တပ်မကြီးနဲ့ ပြန်ပြီးပူးပေါင်းဖို့ ကြိုးစားမှဖြစ်တော့မယ်၊ ပေမဲ့ ရဲဘော်တွေ တော်တော်လေး အာဟာရပြတ်နေကြပြီ ဒီ တစ်ခါ တွေ့ရင် အခြေအနေကြည့်ပြီး ဝင်ကြမယ်၊ ရွာဆက်ပြတ်လို့ အခြေ နေ စိတ်ချရရင် တစ်ပတ်လောက်နားရင် နားကြမယ်"

"ဟုတ်ကဲ့ပါ ဗိုလ်မှူးကြီး"

ဗိုလ်ကြီးယာမာဂူချီစံအား အမိန့်သာပေးရသည်။ လက်တစ် မ်းတွင်ရှိနေကြသော မြန်မာတော်လှန်ရေးသမားများ၏ အန္တရာယ်မှ တ်မြောက်ရန် ကြိုးစားကြရပေဦးမည်။ ထို့ကြောင့် နောက်ဆုံးတွင် မျှောင်ကိုသာ အားကိုးလျက် အန္တရာယ်ကြားမှ ရုန်းထွက်လာခဲ့ကြ သည်။

ဤသို့ဖြင့် ဗိုလ်မှူးကြီးတာကာနာတို့မှာ တစ်တောဝင် တစ်ချုံ တိုး တစ်နေဝင် တစ်နေထွက်နှင့် ခရီးနှင်ရင်း . . .။

BURMESE CLASSIC .com

## အခန်း (၁၅)

## ဂျပန်တို့၏ စစ်ဆုတ်ခွာရာလမ်းကြောင်းမှ

'ဝုတ် ဝုတ် ဝုတ် ဝုတ်'

ခွေးဟောင်သံသဲ့သဲ့က တောင်ခြေဘက်မှ ကြားလိုက်ရသဖြင့် မှူးကြီးတာကာနာ ခေါင်းထောင်ထလာပြီး ဗိုလ်ကြီးယာမာဂူချီစံအား ကြည့်လိုက်သည်။ ခွေးဟောင်သံကြားရလျှင် ရွာရှိရမည်ဟု က်ဆလိုက်သည်။ တောင်ခြေပတ်လမ်းကြောင်းအတိုင်း ဆင်းလာကြ

www.burmeseclassic.com

www.burmeseclassic.com



ပြီး မကြာမီ မီးခိုးငွေ့များလွင့်ပျံနေသည့် တောင်ခြေရွာတစ်ရွာကို ယာမ ဂူချီစံတို့ မြင်တွေ့လိုက်ကြရသည်။

"ဟောဟိုမှာ ရွာတစ်ရွာတော့ တွေ့ပြီ၊ ဗိုလ်မှူးကြီး ရွာ နည်းနည်းခေါင်တော့ ဟို ... ရန်သူတွေတော့ ရှိပုံမရဘူး"

"ကောင်းပြီ ... အခြေအနေကြည့်ပြီး ရွာထဲကိုဝင်ကြမယ် သတိတေ မလစ်ကြစေနဲ့"

ဤသို့ဖြင့် ယာမာဂူချီစံ၏ ဂျပန်တပ်ခွဲလေးက တောင်ခြေ ရွာအတွင်းသို့ ရုတ်တရက် ဝင်ရောက်လာခဲ့ကြသည်။ ရိက္ခာပြတ် အငတ်ဘေးနှင့် ကြုံတွေ့လာခဲ့ရသည့် ဂျပန်စစ်တပ်မှာ ရွာအတွင်း ဘီလူးသရဲစီးသကဲ့သို့ ဝင်ရောက်လာကြသည်။

'ဝုတ် ဝုတ် ဝုတ် ဝုတ်'

မည်းမည်းမြင်တိုင်း ထိုးဟောင်လေ့ရှိသည့် ရပ်ကျော်ရွာ ကျေ ခွေးသုံးလေးကောင်တို့က ပုပုကွကွနှင့် ကိုးရိုးကားယားနိုင်လှ သော ဂျပန်ပုပများကို မျက်စိနောက်လာသည်ထင့် ...။ ရူးရူးဝါးဝါး ထိုးဟော ကြလေတော့သည်။

'ဝုတ် ဝုတ် ဝုတ် ဝုတ်'

"ဟာ ခူးရကား ဟား"

'ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း'

သို့သော် ကြာကြာဟောင်ခွင့်မရလိုက်ကြ။ ရိုင်ဖယ်သေနတ် သုံးလေးချက် ထွက်ပေါ်လာပြီးနောက် ခွေးဟောင်သံများ ပျောက်ကွယ် သွားကြပါချေ၏။ ရပ်ကျော်ရွာကျော် ခွေးသုံးလေးကောင်မှာ ဂျပန်စစ် သားများ၏ သေနတ်ပြောင်းဝတွင် ဇီဝိန်ချုပ်သွားကြပါတော့သည်။

ဆူဆူညံညံ ထွက်ပေါ်လာသည့် သေနတ်သံများ ကြားရပြီး သည့်နောက်မှာတော့ တောင်ခြေရွာတစ်ရွာလုံး မီးကို ရေနှင့်သတ်လိုက် သကဲ့သို့ ငြိမ်ကျသွားခဲ့ပါတော့သည်။ ထို့နောက်မှာတော့ အိမ်ခြေ (



ခန့်ရှိသော တောင်ခြေရွာကလေးသည် လူသံရော၊ ခွေးသံပါ တိတ်ဆိတ် ငြိမ်သက်သွားခဲ့ပါချေပြီကော။

ထွက်ပေါ်လာသည့် အသံများကတော့ ကွိကွိကွကွနှင့် ဂျပန် စစ်သားများ၏ တစ်အိမ်ဆင်း တစ်အိမ်ထက် အိုးလှန်ခွက်လှန်သံများ၊ ကြက်ခြံ ဝက်ခြံများအတွင်းသို့ ဝင်ရောက်၍ ကြက်ဝက်များကို ဆွဲကာ သတ်ဖြတ်ချက်ပြုတ်နေကြသည့် အသံများကိုသာ ဝရုန်းသုံးကား ကြားနေကြရပါတော့သည်။

ရွာသူရွာသားများမှာမူ ဂျပန်စစ်သားများ၏ လုပ်ရပ်ကို ရပ် ကြည့်နေရုံမှလွဲ၍ အသက်ပင် ပြင်းပြင်းမရှူဝံ့ကြ။ မကြာမီ ရွာသူကြီး ဖြစ်ဟန်တူသည့် အသက် (၆၀) ကျော်ခန့်ရှိ အသားညိုညို လူကြီး တစ်ဦးနှင့် အခြားအမျိုးသားကြီးလေးငါးယောက်တို့မှာ ဗိုလ်မှူးကြီး တာကာနာ၏ရှေ့တွင် ငြိမ်သက်စွာ ရပ်နေကြပါ၏။

"ဒီမှာ ဘိရုမာ ++++++++ +++++"

ကိုယ်လုံးကိုယ်ထည် ပုပုဝဝ၊ နှုတ်ခမ်းမွေးတိုနံ့နံ့ မျက်မှန် အဝိုင်းလေးတပ်ဆင်ထားသည့် ဂျပန်ဗိုလ်မှူးကြီး တာကာနာက ရွာ လူကြီးများအား စုဝေးစေကာ ကွိကွိကွကွနှင့် အော်ဟစ်အမိန့်ပေးနေပါ ၏။ ရွာသူကြီးများမှာ ဂျပန်စကားကို ဟုတ်တိပတ်တိ မတတ်ကြသော် လည်း သုံးနှစ်ခန့် ဂျပန်လက်အောက်တွင် နေထိုင်ခဲ့ကြရသည်မို့ နားရည် ဝနေပြီဟု ဆိုရမည် ဖြစ်ပါ၏။

ထို့ကြောင့် ဂျပန်ဗိုလ်မှူးကြီးတာကာနာ၏ စကားကို သူတို့ နားလည်သလို ဘာသာပြန်လိုက်သောအခါ ဤဂျပန်တပ်ခွဲငယ်လေး သည် ဤတောင်ခြေရွာကလေးတွင် ခုနစ်ရက်ခန့်မျှ စခန်းချကာ နေ ထိုင်ကြမည်ဖြစ်ကြောင်းကို ရွာသူကြီးများ နားလည်သဘောပေါက် သွားကြပါတော့သည်။

မကျေနပ်သည်ကတော့ တောင်ခြေရွာလေးဖြစ်သော "ရေ

www.burmeseclassic.com

www.burmeseclassic.com



ပုတ်မြောင်" ရွာတစ်ရွာလုံးပင်ဖြစ်ပါ၏။ ခေတ်ကာလ အခြေအနေအ ဂျပန်တို့ကို မြန်မာတစ်နိုင်ငံလုံး မုန်းတီးကြသည်။ ထိုအထဲတွင် ရေပုတ် မြောင်ရွာစွန်တွင် နေထိုင်သည့် အမေထွားက ပို၍မုန်းတီး စက်ဆုပ် သည်။ သည်ဂျပန်တွေကြောင့် သားသေ လင်ဆုံး၊ ညီ အစ်ကို မောင်နှ မိသားစုတစ်ကွဲတစ်ပြားစီ ဖြစ်ခဲ့ကြရသည်။

သည် ဂျပန်တွေကြောင့် လင်ယောကျ်ားဖြစ်သူ ဦးကျော်ဖံနှ မောင်ဖြစ်သူ ရွှေကျော်ဒွန်းတို့ ချွေးတပ်ဆွဲသည့်အထဲတွင် ပါသွားကြ ရသည်။ ဂျပန်တို့၏ လူမဆန်စွာ နှိုင်းစေမှုဒဏ်ကြောင့် သေကောင် ပေါင်းလဲ ခံစားကြရပြီးနောက်ဆုံးတွင် လူ့လောကကို စောစီးစွာ ကျေ နိုင်းသွားခဲ့ကြရသည်။ ထို့ကြောင့် ဂျပန်အဝင်တွင် အမေထွားတစ် ယောက် မမျှော်လင့်ဘဲ မုဆိုးမဘဝသို့ ရောက်ရှိသွားခဲ့ရခြင်း ဖြစ်သည်

သို့သော် ထိုမျှလောက်နှင့် အမေထွားတစ်ယောက် ဂျပန်တို့ ကို စိတ်မနာနိုင်သေးပေ။ ထို့ထက်ပို၍ ဆိုးသည်က အားကိုးအားထာ ပြုနေရသည့် တစ်ဦးတည်းသော သားငယ် "သာဒွန်းဖံ" အား အင်္ဂလိ အလိုတော်ရိ သတင်းပေးသူ စပိုင်ဟု အပြစ်ရှာ ဖမ်းဆီးသွားခဲ့ခြင်းကို ခံလိုက်ရပြန်ပါ၏။ တကယ်တော့ ထိုကဲ့သို့ ဖမ်းဆီးခံလိုက်ရခြင်းသည် သေတွင်းသို့ တွန်းပို့လိုက်သည်နှင့် အတူတူပင်။

နာမည်ကျော် "ကင်ပေတိုင်စခန်း" သို့ သာဒွန်းဖံကို ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည့်နေ့မှစ၍ သားဖြစ်သူ၏ မျက်နှာကိုလည်းကောင်း သတင်းစကားကိုသော်လည်းကောင်း လုံးဝမကြားရ၊ မမြင်ရပါလေ တော့။ ဤသို့ဖြင့် နောက်ဆုံးတွင် အမေထွားတစ်ယောက်တည်း ဓေ နည်းငါးပမာ ဆင်းရဲဒုက္ခကြားတွင် ကျန်ရစ်ခဲ့ပါချေတော့သည်။ ထိုနေ့ ထိုအချိန်မှစ၍ ဂျပန်ဆိုလျှင် ယောင်၍မျှပင် လှည့်မကြည့်ချင်ပါလေ တော့။ ဂျပန်စစ်သားများအပေါ်တွင်လည်း အကြီးအကျယ် စိတ်နာသွား ခဲ့ရပါလေတော့သည်။



ယခုလည်းကြည့် . . . စစ်ရှုံးသူကိုရွှေဂျပန်တို့က အေးအေး ဆေးဆေး ထွက်ခွာမပြေးကြသေးဘဲ သူတို့၏ရွာထဲတွင် ရက်တစ်ပတ်ခန့် နှန်းစံကြလိမ့်ဦးမည်ဟု သိရသည်။ ဘာတွေ ဒုက္ခပေးကြဦးမည် မသိ။ အနို ကိုရွှေဂျပန်တို့ ဒုက္ခပေးချက်က အမေထွား၏မိသားစု ကစဉ့်ကလျား ဖြစ်ရုံမျှမက စီးပွားရေးကပ်ပါ ပျက်လုနီးပါး ဆိုက်ခဲ့ရသည်။ စင်စစ် ဂျပန်ဝင်ကတည်းက တစ်နိုင်ငံလုံး စီးပွားရေး၊ လူမှုရေးကအစ ချွတ်ခြုံ ကျနေလျက်ရှိပါ၏။

လင်ယောကျ်ား အိမ်ထောင်ဦးစီး ဦးကျော်ဖံရှိစဉ်အခါကမူ အမေထွားတို့မိသားစု အိမ်ကြီးရခိုင်ဖြင့် တင့်တောင့်တင့်တယ် နေနိုင်ခဲ့ ပါသော်လည်း ယခုတော့ အမေထွားဘဝက အားကိုးရာမဲ့ မုဆိုးမ ဘဝဖြင့် အထီးကျန်စွာ ရပ်တည်နေခဲ့ရသည်။ ခိုကိုးရာမဲ့ အရွယ်လွန် အမေထွား၏ဘဝက ယခင်လို မနေနိုင်တော့။ နေရသည်က ရွာစွန် ရွာဖျား၊ အမေထွားအိမ်ပြီးလျှင် လယ်ကွင်းများသာ ရှိတော့သည်။

BURMESE CLASSIC .com

အိမ်ဆိုသည်မှာလည်း ပြင်သူဆင်သူမဲ့သဖြင့် တဲသာသာပင် ရှိတော့သည်။ ထို့ထက်ပို၍ဆိုးသည်က အမေထွား၏ စားရေးသောက် ရေးပင်ဖြစ်ပါ၏။ အရွယ်ကို မုဆိုးမအမေထွားအနေဖြင့် ထမင်းတစ် လုပ်ကို ပင်ပန်းဆင်းရဲစွာ ရှာဖွေ၍ မစားသောက်နိုင်ရှာတော့။ လင် ယောကျ်ားလက်ထက်က ကျန်ရစ်ခဲ့သော လယ်သုံးလေးကေခန့်ကို အငှားချကာ ရရှိလာသော သီးစားခလေးဖြင့် တစ်နှစ်ပတ်လုံး၏ စားရေး သောက်ရေးကို ခြိုးခြံစွာ ဖြေရှင်းရသည်။ သို့သော် လုံလောက်ခြင်း မရှိသဖြင့် ရွာမှပေးစာကမ်းစာကိုပါ လက်ဝါးဖြန့်ကာ စားသောက်နေရ သည် မဟုတ်ပါလား။

ရပ်ရွာကလည်း အမေထွားအား ပစ်ထားသည်တော့ မဟုတ် ပါ။ သို့သော်လည်း တစ်ချိန်တုန်းက လင်ယောကျ်ား မောင်ဖွား သား တို့ ခြံရံကာ လယ်ယာကျွဲနွားကအစ ငွေကြေးအဆုံး ပုပင်ကြောင့်ကြမှ

www.burmeseclassic.com

www.burmeseclassic.com



ကင်းစွာဖြင့် နေထိုင်ခဲ့ရသော အမေထွားအဖို့ လက်ရှိ အထီးကျန် အရွယ်လွန် မုဆိုးမဘဝသည် အရှင်လတ်လတ် ငရဲတွင် ကျခံနေ သည့်နှယ်ပါတည်း။

"အမေထွား အမေထွား"

ရုတ်တရက် တဲရှေ့မှပေါ်ထွက်လာသောအသံကြောင့် ရောက် တတ်ရာရာ အတွေးလွန်နေသည့် အမေထွား၏ အတွေးစတို့ ပျက် ပြယ်သွားကြသည်။ လှမ်းကြည့်လိုက်တော့ ရွာသူကြီးဦးထွန်းဖေ၏ လက် ကတုံးတောင်ဝေ့း သာကျော်နှင့် ဂျပန်စစ်သား လေးငါးယောက်တို့ကို မြင်တွေ့လိုက်ရသည်။

အကောင်းမသေသေးသည့် စိတ်ဒဏ်ရာက ဂျပန်စစ်သားများ ကို တွေ့လိုက်ရသည်နှင့် ထောင်းခနဲဖြစ်သွားကာ တဲရှေ့သို့ အမေ ထွား ထွက်လာခဲ့သည်။ ရှေ့ဆုံးမှ ဂျပန်စစ်ဗိုလ်ဖြစ်ဟန်တူသူက အမေ ထွား၏သွင်ပြင်ကို အကဲခတ်သလို စူးစူးစိုက်စိုက် ကြည့်နေပါ၏။

"ဟဲ့ ဘာကိစ္စရှိလို့လဲ သာကျော်"

"ဪ . . . ဟောဒီ ဂျပန်စစ်ဗိုလ်ကြီးက ရွာလုံခြုံရေးအတွက် အမေထွားရဲ့ ခြံထဲမှာ စခန်းချမလို့တဲ့၊ ဟိုး ရွာအရှေ့ဘက်မှာ တစ်ဖွဲ့ ရွာအနောက်ဘက်အစွန်ဆုံးမှာရှိတဲ့ အမေထွားခြံထဲမှာ တစ်ဖွဲ့ စော တဲ့ အမေထွား"

သာကျော်၏စကားအတိုင်းဆိုလျှင် အမေထွားငြင်းဆန်၍ နိုင်။ ယခုကိစ္စသည်လည်း သူ့အား အသိပေးခြင်းမျှသာဖြစ်ကြော ဂျပန်လက်အောက်တွင် သုံးနှစ်နီးပါး ရှင်သန်ကြီးပြင်းလာခဲ့ရသည့် အမေ ထွားတစ်ယောက် နားလည်ရိပ်စားမိသည်။ ထို့အတွက် ခေါင်းညိ လက်ခံရုံမှတစ်ပါး အခြားမရှိပါလေ။

ထို့နောက် သာမောင်ကပင် ဦးဆောင်၍ ဂျပန်စစ်သားများ ခေါ်ကာ အမေထွား၏ ခြံကြီးထဲတွင် လှည့်ပတ်ကြည့်ကြသည်



ရွာအနောက်ဘက်လယ်ကွင်းများကို ရှင်းလင်းစွာ မြင်တွေ့ရသည့် နားခြံအလွတ်တဲရှေ့သို့အရောက်တွင် ဂျပန်စစ်ဗိုလ်က ဘာပြောလိုက် သည် မသိ သာကျော်က ခေါင်းတညိတ်ညိတ်နှင့် ပြန်လည်၍ ပြောဆိုနေသည်ကို အမေထွား မြင်နေရပါ၏။

"အင်း . . . ကြည့်ရတာ ဒီဂျပန်စစ်ဗိုလ်က ဗမာစကား တတ်ပုံ ရတယ်၊ အို . . . ဘာပဲဖြစ်ဖြစ် ဒီဂျပန်ကောင်တွေနဲ့ ငါထိပ်တိုက် မတွေ့ အောင်နေရမှာပဲ၊ အင်း . . . ရက်တစ်ပတ်လောက်ကတော့ အောင့်အီးပြီး နေမှ ဖြစ်မယ် . . . ဟင်း"

အမေထွားမှာ သက်ပြင်းတစ်ခုကို မောပန်းစွာချရင်း ကျောက် ရုပ်တစ်ရုပ်နှယ် ငေးမောကာသာ ကြည့်နေမိပါလေ၏။ မကြာမီ သာ မောင်မှာ ဂျပန်စစ်ဗိုလ်ကို ဦးညွှတ်မတတ် နှုတ်ဆက်၍ ပြန်သွားပါလေ တော့သည်။

❂ ❂ ❂

## အခန်း (၁၆)

## အာဃာတအမုန်းတရားအောက်မှ သံယောဇဉ်ကြိုးတစ်ချောင်း

"ကျွန်တော့်နာမည်က ယာမာဂူချိစံလို့ခေါ်ပါတယ် အမေ"

ရုတ်တရက်မို့ အမေထွားပင် လန့်ဖျပ်ကာသွားသည်သို့ . . ။ ခင်စစ် အမေထွားက ခြံဝန်းထဲမှ ဂျပန်စစ်သားများနှင့် မျက်နှာချင်း ဆိုင်လို၍ တဲထဲမှာပင် တစ်ယောက်တည်း တုံဏှိဘာဝေ နှုတ်ဆိတ်

www.burmeseclassic.com

www.burmeseclassic.com



လျက် ရှိနေပါ၏။ သို့သော်လည်း နှုတ်ဆိတ်မနေနိုင်သူကို ရွှေဂျပန် စစ်ဗိုလ်က ရည်မွန်ပီသသော မြန်မာစကားနှင့် နှုတ်ဆက်လာသည်မို့ အံ့အားသင့်ကာ လန့်ဖျပ်သွားခဲ့ခြင်းပင် ဖြစ်ပါ၏။

"ဟင် . . . မင်း မင်း မြန်မာစကား တတ်တယ် . . . ဟုတ်လား"

"ဟုတ်ပါတယ် အမေ . . . ကျွန်တော်ဟာ အခြေအနေအရ လက်နက်ကိုင်ပြီး စစ်တိုက်နေရပေမယ့် ဘူမိဗေဒပညာရှင် အင်ဂျင် နီယာတစ်ယောက်ပါ အမေ၊ မြန်မာစကားကို သဘောကျပြီး မြန်မာ လူမျိုးတွေကို ချစ်ခင်ရင်းနှီးချင်ကဲ့ သူတစ်ယောက်ပါ အမေ"

တဲလေး၏ဝါးပိုးတိုင်ကို ကိုင်ကာ နှစ်လိုဖွယ်ပြောနေသည့် ဂျပန်စစ်ဗိုလ်ကို ခေတ္တမျှ ငေးကြောင်ကြည့်နေမိပြီးမှ သတိရသွားကာ အမေထွား၏ မျက်နှာမှာ တင်းမာခက်ထန်သွားသည်သို့ . . .။

"အို . . . သွား သွား၊ နင်တို့ဂျပန်စစ်သားတွေအားလုံး အတူတူ ပဲ၊ လူမဆန်အောင် ရက်စက်တတ်ကြတဲ့သူတွေ၊ နင်တို့ကြောင့် ငါ့မှာ သားသေ, လင်ဆုံးနဲ့ နောက်ဆုံး အခုလို မှဆိုးမဘဝနဲ့ အထီးကျန်နေ ခဲ့ရတာ . . . သွား သွား"

အမေထွားမှာ တဲပေါက်ဝမှ ဂျပန်စစ်ဗိုလ်ကို မောင်းနှင်ထုတ် လိုက်ပြီး တဲနောက်ဖေးဘက်သို့ ဝင်သွားပါလေ၏။ ဂျပန်စစ်ဗိုလ် ယာမာ ဂူချီစံမှာ စိတ်မကောင်းစွာဖြင့် တဲလေးကို ကျောခိုင်းကာ ထွက်ခွာလာ ခဲ့သည်။ ထို့နောက် ခြံအတွင်းရှိ ဂျပန်စစ်သားများအား အော်ဟစ် အမိန့်ပေးကာ တစ်စုံတစ်ရာကို ခိုင်းစေနေပါချေ၏။

ယာမာဂူချီစံ၏ အမိန့်ကြောင့်ထင့် . . .။ ဂျပန်စစ်သား ယောက်မှာ ကျောပိုးအိတ်များနှင့် သေနတ်များကို တစ်နေရာတွင် ချထားလိုက်ကြပြီး ပေါက်တူးငယ်လေးများကို ကိုင်စွဲကာ အမေထွား ခြံထောင့်ဆီသို့ ထွက်ခွာသွားကြသည်။

သူတို့ ဘာတွေလုပ်ကိုင်နေကြသည်ကို တဲအတွင်းမှ အမေထွား



မသိမသာ အကဲခတ်ကြည့်နေပါ၏။ ခြံထောင့်ရှိ ဂျပန်စစ်သားများမှာ ခါးစောင်းခန့်အနက်ရှိသည့် ကျင်း (၅) ကျင်းကို တူးနေကြသည်ကို တွေ့နေရသည်။ ထိုကျင်းငယ်လေးများတူးပြီးသည်နှင့် ယာမာဂူချီစံက သူ၏ ဂျပန်စစ်သားများကိုခေါ်ကာ တစ်စုံတစ်ခုကို အချိန်အတန်ကြာမျှ ပြောဆိုနေပါ၏။ ထို့နောက် လယ်ကွင်းများဘက်သို့ လက်ညှိုးတထိုးထိုး ခေါင်းတခါခါနှင့် ဂျပန်စစ်သားများကို အထပ်ထပ်အခါခါပြောဆိုနေသည် ကို အမေထွား တွေ့မြင်နေရသည့်တိုင် မည်သို့မျှနားမလည်နိုင်ခဲ့ပါချေ။

စင်စစ် ဂျပန်စစ်ဗိုလ် ယာမာဂူချီစံ ဦးဆောင်သော ဂျပန်စစ် သားများကို အမေထွားခြံထဲတွင် ကင်းချထားခြင်းမှာ အကြောင်းမဲ့ မဟုတ်ပေ။ ခေတ်ကာလအခြေအနေက မြန်မာတစ်နိုင်လုံး လှုပ်နေ လေအောင်း မြင်းဖောင်းမကျန် ဂျပန်တို့ကို တစ်ခဲနက် တော်လှန် တိုက်ခိုက်နေကြသောအချိန်ပင် မဟုတ်ပါလား။

ထို့ကြောင့် ဂျပန်စစ်သားများအနေဖြင့် မဟာမိတ်တပ်များ၏ အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်မည့်အန္တရာယ်ကို ကြိုတင်ကာကွယ် နေကြခြင်းပင် ဖြစ်ပါ၏။ ထို့ကြောင့်လည်း ရွာအစွန်တွင်ရှိသော အမေ ထွား၏ခြံကို ရွေးချယ်ကာ ကတုတ်ကျင်းများတူးခြင်း၊ ရန်သူများ ဝင်လာ ပါက ကြိုတင်တိုက်ခိုက်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းများကို လုပ်ကိုင် နေကြခြင်းပင်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဂျပန်ကိုမုန်းသော အမေထွားတစ်ယောက် သူမုန်းတီးသော ဂျပန်စစ်သားများနှင့်အတူ (၇) ရက်ခန့် စခန်းသွားရ တော့မည်မို့ မည်သည့်စကားမျှ မပြောတော့ဘဲ တေမိထုံးကာ နှုတ်လုံးမှု ကာသာနေတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။

သို့သော် သည်တစ်ကြိမ်တော့ ကံကြမ္မာက အမေထွားအား မျက်ရယ်ပြုခဲ့လေပြီထင့် . . .။ အခြေအနေက အမေထွားထင်သလို မဖြစ်လာခဲ့ပါချေ။ ရေပုတ်မြောင်ရွာကလေး၌ ဂျပန်တပ်ခွဲစခန်းချနေသည်

www.burmeseclassic.com

www.burmeseclassic.com



မှာ နှစ်ရက်ခန့်ရှိပြီး ဖြစ်သည်။ ထိုရက်များအတွင်း အမေထွားတစ်ယောက် ဂျပန်စစ်သားများနှင့် ခပ်ကင်းကင်းနေထိုင်ခဲ့ပါ၏။

သို့သော် အမေထွား မကောင်းနိုင်သူကား ဂျပန်စစ်ဗိုလ် ယာမာဂူချီစံပင်ဖြစ်သည်။ တကယ်တော့လည်း အမေထွား၏မျက်စိထဲတွင် ယာမာဂူချီစံကို ကြည့်ရသည်မှာ ထူးခြားနေသည်ဟု ထင်မိသည်။ မိမိ ကြုံတွေ့ခဲ့ရသော ဂျပန်စစ်သားမြောက်မြားစွာတို့သည် ကြမ်းတမ်းရိုင်းပျ သလောက် ယာမာဂူချီစံမှာမူ ထူးထူးခြားခြား ယဉ်ကျေးသိမ်မွေ့သော စရိုက်လက္ခဏာ ရှိပါ၏။

ကြည့်ပါ ...။ နံနက်မိုးသောက် အလင်းရောက်သည်နှင့် ယာမာဂူချီစံကိုယ်တိုင် ပြုတ်ထားသည့် ဆန်ပြုတ်ပူပူနွေးနွေးလေးကို မိမိစားဖို့အတွက် ဦးဦးဖျားဖျား လာပို့နေပြီ ဖြစ်ပါ၏။

"အမေ ... အမေ့အတွက် ကျွန်တော် ဆန်ပြုတ်ပူပူလေး လာပို့တာပါ အမေ၊ သောက်လိုက်ပါဦး"

"အိုး ... မသောက်ချင်ပါဘူး၊ ပြန်ယူသွားပါ ယာမာဂူချီ"

အမေထွားက လက်သင့်မခံ ပြတ်ပြတ်တောင်းတောင်းပင် ပြန် ဆိုလိုက်သည်။ သို့သော် အချည်းနှီးပင်ဖြစ်ပါ၏။ ယာမာဂူချီစံက သယ်ယူ လာသည့် ဆန်ပြုတ်ပန်းကန်လေးကို ဖွန်းလေးနှင့်မွှေကာ စိတ်ရှည် လက်ရှည်ပင် သောက်ရန် ပြောဆိုနေသည်မို့ အမေထွားတစ်ယောက် အခက်ကြုံနေရပါချေပြီကော။

"ခော် ... ခက်လိုက်ပါဘိ ယာမာဂူချီရယ်၊ နင်တို့နဲ့ ကင်းကင်း ရှင်းရှင်း နေချင်ပါတယ်ဆိုခါမှ ... ဟင်း"

တကယ်တော့လည်း ပင်ကိုစိတ်ထားနူးညံ့သိမ်မွေ့သော မြန်မာ လူမျိုးအမေထွားတစ်ယောက်အဖို့ ယာမဂူချီစံ၏ စေတနာကို ဆန့်ကျင် လက်၍ မျက်ကွယ်ပြု၍ မရပါလေတော့။ နောက်ဆုံး အားနာပါးနာနှင့် လက်ခံယူလိုက်ပြီး ဆန်ပြုတ်တစ်ဖွန်းလောက် ခပ်၍ မြည်းကြည့်လိုက်



သည်။ ချိုဆိမ့်ပူနွေးသော ဆန်ပြုတ်၏အရသာက အမေထွား၏ လျှာဖျားတွင် ဆိမ့်ဆိမ့်လေးနှင့် စွဲသွားခဲ့လေပြီထင့် ...။

"ရော် ... တော်တော်ကောင်းတဲ့ ဆန်ပြုတ်ပါလား၊ ဒီဂျပန် ဆန်ပြုတ်ပြုတ်တာ တော်တော်လေး ကျွမ်းကျင်ပုံပဲ"

ဤကဲ့သို့သော ဆန်ပြုတ်အရသာမျိုးနှင့် ကင်းဝေးနေခဲ့သည်မှာ ကြာပြီဖြစ်ပါ၏။ အမေထွားတစ်ယောက် တစ်ဖွန်းမှနှစ်ဖွန်း၊ နှစ်ဖွန်းမှ သုံးလေးဖွန်းဖြင့် နောက်ဆုံး ခေါင်းပင်မဖော်တော့ဘဲ သောက်လိုက်သည်မှာ ဆန်ပြုတ်တစ်ပန်းကန်လုံး ပြောင်သလင်းခါသွားပါချေ၏။

ယာမာဂူချီစံမှာ အမေထွားကိုကြည့်ကာ ပီတိဖြစ်နေသည်သို့။ နောက်ဆုံး တစိုးတစိမျှ မကျန်တော့သော ဆန်ပြုတ်ပန်းကန်လေးကို ကိုင်ကာ ယာမာဂူချီစံတစ်ယောက် တဲပေါ်မှဆင်းသွားပါလေတော့သည်။

ယာမာဂူချီစံ၏ ဆန်ပြုတ်အစွမ်းကား လွန်စွာ ခရီးပေါက်သွားသည်ဟုဆိုရမည်ထင့် ...။ ထိုဆန်ပြုတ်တစ်ပန်းကန်ကြောင့် ဂျပန်များကို ကမ္ဘာမကျေအမုန်းတို့ဖြင့် ရန်ငြိုးသိုဖွဲ့ထားသည့် အမေထွား၏ အမုန်းအငြိုးတို့သည်ပင် ပြေလျော့ကျလုနီးပါး ဖြစ်သွားခဲ့ရသည်။

အမေထွားအပေါ်တွင် ယာမာဂူချီစံ၏ဆက်ဆံပုံမှာ မိခင်ရင်းတစ်ယောက်နှယ် ပြုစုလုပ်ကိုင်ပေးနေသည့်သို့ ...။ အမေထွား၏ ဝေယျာဝစ္စမှန်သမျှ ယာမာဂူချီစံက အောက်ခြေသိမ်းမှအစ အကုန်လုပ်ပေးသည်။ အမေထွား၏ စားရေးသောက်ရေးမှန်သမျှ ယာမာဂူချီစံက တာဝန်ယူထားသည်။ အမေထွားနှင့် ယာမာဂူချီစံတို့ ဆက်ဆံပုံကို ကြည့်ကာ တစ်ရွာလုံးက အမေထွားကို သားတစ်ယောက်ကောက်ရထားသည်ဟုပင် ပြောဆိုကုန်ကြသည်အထိ ယာမာဂူချီစံက ဂရုတစိုက် ချက်ပြုတ်ကျွေးမွေးနေပါလေ၏။

အမေထွား အနွေးထည်အဖြစ်ဝတ်ရန်အတွက် ဂျပန်အင်္ကျီတစ်ထည်ကိုလည်းပေးခဲ့ပါသေးသည်။ စင်စစ် ယာမာဂူချီစံတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်နိုင်ငံတွင် ကျန်ရစ်ခဲ့ရှာသည့် မိခင်ကြီးကို အောက်မေ့လွမ်းဆွတ်က
အမေထွားကို သူ၏မိခင်ရင်းသဖွယ် အခွင့်ရခိုက် ကျွေးမွေးပြုစုပေးနေ
ခြင်းပင် ဖြစ်ပါ၏။

"ဒါ ကျွန်တော့်ရဲ့ အမေပဲ အမေထွား (အိုခါးစန် အိုခါးစန်)"

တစ်နေ့တွင် ယာမာဂူချီစံက သူ၏အင်္ကျီအိတ်ထဲမှ ဝါကြင်ကြ
ဓာတ်ပုံတစ်ပုံကို အမေထွားအား ထုတ်ပြသည်။ ဓာတ်ပုံထဲမှ ဂျပန်ရိုး
ဝတ်စုံနှင့် ဝတ်ဆင်ထားသည့် အသက် (၆၀) ကျော်ခန့် ဂျပန်အမျိုးသမ
ကြီးသည် အံ့သြဖွယ်ရာကောင်းလောက်အောင် အမေထွားနှင့် တူညီနေ
သည်မှာ ထူးဆန်းသော တိုက်ဆိုင်မှုတစ်ခုပင်လေလားဟု ...။

"ဪ ... ဒါကြောင့် ဒင်းကလေးက ငါ့ကို ဂရုတစိုက်
ပြုစုနေတာကိုး။ အင်း ... သူတို့မှာလည်း နိုင်ငံရပ်ခြားကနေ မိခ
ဖဝေ လာခဲ့ကြရှာတာပါလား"

ယခုမှပင် ယာမာဂူချီစံ၏ ဖြူစင်သော စိတ်ရင်းအမှန်ကို အမေ
ထွား နားလည်သဘောပေါက်သွားရပါလေ၏။ သည်တော့လည်း အ
နှင့်ဝေးနေသော သားတစ်ယောက်နှင့် သားကိုလွမ်းဆွတ် တမ်းမ
ရှာသည့် အထီးကျန်မိခင်တစ်ယောက်တို့၏ မမြင်နိုင်သော သံယော
ကြိုးတို့က တဖြည်းဖြည်းရစ်ချည်နှောင်ဖွဲ့လာခဲ့ပါချေပြီတည်း။

မြတ်ဗုဒ္ဓ၏ မေတ္တာတရားသည် အရာရာကို အောင်မြင်
စွမ်းရှိသည်ဟု လက်ခံယုံကြည်မည်ဆိုလျှင် ကမ္ဘာမကြေ အမုန်းအ
အာဃာတများဖြင့် ဖွဲ့တည်ထားသည့် အမေထွား၏ အမုန်းသံသ
သည် ယာမာဂူချီစံ၏ ကြင်နာနွေးထွေးသော မေတ္တာရိပ်အောက်
တစ်စစီ တစ်ဖဲ့စီ ပျက်သုဉ်းသွားခဲ့လေပြီလားဟု ...။

သည်နေ့ ယာမာဂူချီစံတို့ ဂျပန်တပ်ခွဲ ရေပုတ်မြောင်ရွာ
သို့ ရောက်ရှိလာကြသည်။ (၆) ရက်မြောက်သောနေ့ နောက်
တစ်ရက် နှစ်ရက်ခန့်ကြာလျှင် ဂျပန်တပ်ခွဲတစ်ခုလုံး ရေပုတ်မြော



ထွက်ခွာသွားကြပေတော့မည်။

ထို့ကြောင့်ပင်လေလား မသိ။ ဂျပန်စစ်သားများသည် နံနက်
စော ဆွမ်းခံပြန်ချိန်လောက်ကတည်းက လှုပ်လှုပ်ရွရွ ဖြစ်နေကြပါ
ရွှေကိုင်းမျက်မှန်ဝိုင်းကလေး တပ်ဆင်ထားသည့် ဂျပန်ဗိုလ်မှူးကြီး
တာကာနာသည်ပင် ကြွက်အော်သံကဲ့သို့ တကျိကျိမြည်နေသော အသံ
က်တစ်လုံးအနီးတွင် တကုပ်ကုပ်နှင့် အလုပ်ရှုပ်နေသည်။ မည်သည့်
ကြောင်းဟူ၍ မသိရ။ သို့သော် ဂျပန်စစ်သားအားလုံးလိုလို ကောင်း
ပေါ်သို့ ခေါင်းတမော့မော့၊ နားတစွင့်စွင့် လုပ်နေကြပါ၏။ တကယ်
တော့ ရေပုတ်မြောင်ရွာထဲရှိ ဗိုလ်မှူးကြီးတာကာနာ၏ ဂျပန်စစ်သား
သော လှုပ်လှုပ်ရွရွ ဖြစ်နေကြသည် မဟုတ်။ အမေထွား၏ ခြံဝင်းထဲရှိ
ကြီးယာမာဂူချီစံတို့ လုံခြုံရေးကင်းအဖွဲ့သည်လည်း ပျာယာခတ်ကာ
က်စိမျက်နှာပျက်နေကြသည်သို့ ...။

ခြံအတွင်းသို့ ဝင်ချည်ထွက်ချည်နှင့် အလုပ်များနေကြသည့်
မာဂူချီစံတို့ ဂျပန်စစ်သားများကို ကြည့်ရင်း အမေထွားအတွေး
တ်ကူးတို့လည်း ဂနာမငြိမ်ဖြစ်နေကြပါ၏။

"ရော် ... ဒီကောင်လေးတွေ ဘာတွေဖြစ်နေကြတာလဲ မသိ
မနက်ကတည်းက ခြံထဲကို ဝင်လိုက်ထွက်လိုက်နဲ့ အင်း ...
စ်ခုခုတော့ တစ်ခုခုပဲ"

နောက်ဆုံးခြံအစပ်ရှိ ကတုတ်ကျင်းများရှိရာသို့ သွားကာ
မာဂူချီစံကို မေးမြန်းကြည့်တော့မည်ဟု ကြံရွယ်နေစဉ်မှာပင် ညို
နေသော ကောင်းကင်ထက်မှ တဝေါဝေါနှင့် အော်မြည်လာသံကို
တ်လန့်တကြား ကြားလိုက်ရသည်။

'ဝေါ ဝေါ ဝေါ ဝေါ'

ဟုတ်သည် ...။ ရွာ၏ အရှေ့ဘက်ကောင်းကင်ယံထက်မှ
ပ်ပုပ်အရောင်အဆင်းရှိသည့် လေယာဉ်ပျံကြီးနှစ်စီးက ရွာ့တရက်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည်ကို တွေ့မြင်လိုက်ရသည်။

သို့သော် ဤမြင်ကွင်းမျိုးက အမေထွားအဖို့ သိပ်ပြီး မထူ ဆန်းတော့။ ဂျပန်များ မြန်မာနိုင်ငံသို့ စတင်ဝင်ရောက်ခဲ့စဉ်က ရေပု မြောင်ရွာ၏ ဝေဟင်ယံတွင် ဂျပန်လေယာဉ်များနှင့် အင်္ဂလိပ်လေယာ များ အပြန်အလှန် တိုက်ပွဲဆင်ခဲ့သည်ကို မြင်ခဲ့ရဖူးပြီဖြစ်ပါ၏။ ထို့ကြေ မိမိအနေဖြင့် မတုန်လှုပ်တော့။ မိမိအသက်အရွယ်အားဖြင့် သေရမ ဆိုပါက သေပျော်နေသည့်အရွယ်သို့ ရောက်ရှိနေပြီ မဟုတ်ပါလား

သို့သော်လည်း . . .

တကယ်တမ်း ဆောက်တည်ရာ မရဘဲ သွေးပျက်ထိတ်လ နေသူများကတော့ ဂျပန်ဗိုလ်မှူးကြီး တာကာနာတို့ ဂျပန်စစ်သားမျ ပင်တည်း။ လေယာဉ်ပျံသံကြားသည်နှင့် ကတုတ်ကျင်းများထဲသို့ ဝ ပုန်းကွယ်နေကြခြင်းပင်။ ဂျပန်စစ်သားများ ပုန်းကွယ်နေကြသည် လည်း အဆိုးတော့မဆိုသာပါချေ။ လေယာဉ်ပျံနှစ်စီးက ခပ်နိမ့်နိမ့်ပြ တဝေါဝေါအသံပေးမြည်ဟည်းကာ ရေပုတ်မြောင်ရွာပေါ်သို့ သုံးကြိမ် ယှည့်ပတ်၍ ဝဲပျံနေကြသည်။

'ဝေါ ဝေါ ဝေါ ဝေါ ဝေါ'

သူတို့၏ ပုံစံက တစ်စုံတစ်ရာကို သဲသဲမဲမဲ ရှာဖွေနေကြသ သို့ . . .။ ယာမာဂူချိစ်တို့ လုံခြုံရေးကင်းအဖွဲ့မှာ ကတုတ်ကျင်းထဲ တုတ်တုတ်မျှ မလှုပ်ကြ။ ဟုတ်သည်။ လေယာဉ်ပျံနှစ်စီး ပျံသန်းမှ တကယ့်ကို သဲသဲမဲမဲနှင့် ကြောက်ခမန်းလိလိပင်။ မြေပြင်ထက်ရှိ သ ထိပ်ဖျားများနှင့် ထိလုမတတ်။ ဆိုရပါလျှင် ထန်းတစ်ဖျားအမြင့်မှ ပျံ ကာ "ရေပုတ်မြောင်" ရွာအတွင်းသို့ လှည့်ပတ်ကြည့်ရှုနေကြသ

ထိုအဖြစ်အပျက်ကို ဂျပန်စစ်သားများသာမက ရေပုတ်မြေ တစ်ရွာလုံးလည်း ရင်တမမ အသည်းတယားယားနှင့်။ မကြ လေယာဉ်နှစ်စီးမှာ ရခိုင်ရိုးမတောင်တန်းများကို ကျော်နိုင်းကာ မြ



ကြီးဘက်သို့ ဦးတည်၍ ပျံသန်းထွက်ခွာသွားကြသည်။ ထိုအခါကျမှပင် တစ်ရွာလုံး သက်ပြင်းချနိုင်ကြပါတော့သည်။

စင်စစ် ထိုလေယာဉ်ပျံ ညိုပုပ်ပုပ်ကြီးနှစ်စီးမှာ ဒုတိယကမ္ဘာ စစ်အတွင်းက မြန်မာတို့ပါးစပ်ဖျားတွင် ရေပန်းစားခဲ့သော "ကျွဲညို နောင်" ဟုနာမည်ကျော်ခဲ့သော မဟာမိတ်တို့၏ ဗုံးကြဲစစ်လေယာဉ် နှစ်စီးပင် ဖြစ်ပါတော့သတည်း။

ထိုအချိန်တွင် . . .

❂ ❂ ❂

## အခန်း (၁၇)

## အနောက်ဘက်မြို့ရိုးဆီမှ ပဟေဠိပုစ္ဆာများ

ထိုအချိန်တွင် ရခိုင်ပြည်နယ်၊ မောင်းတောမြို့၏ သုံးမိုင်ခန့် အကွာသည့် "ရွာဟောင်းကုန်း" ရွာကလေးတွင် ဖေါက်တာ မင်းခေါင် ဦး လူစုခက်ခက်ခဲခဲနှင့် ရောက်ရှိနေခဲ့ကြပါ၏။ စင်စစ် ထိုရွာဟောင်း ကုန်းရွာလေးသည် အိမ်ခြေတစ်ရာခန့်ရှိသော ရွာကြီးတစ်ရွာဖြစ်ပြီး ဖေါက်တာဖြူနုဖံ၏ ဂျက်မြူပ်ဇာတိရွာကလေးလည်းဖြစ်သည်။ သစ်ကြီး ဝါးကြီးများဖြင့် ခိုင်ခန့်စွာဆောက်လုပ်ထားသည့် အိမ်မြင့်ကြီးတစ်လုံး ပေါ်တွင် ဖေါက်တာမင်းခေါင်တို့လူစုနှင့် ရွာလူကြီးဦးဖွန်ဖြူတို့ စကား ပြည့် ပြောဆိုနေကြပါ၏။

"ဒီလိုရှိတယ် ဆရာကြီးရဲ့ . . . ဘင်္ဂလားအဝကျွန်းဆီဘက ကော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ ဟိုဘက်အစွန်အဖျားမှာရှိတယ်၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ဘင်္ဂလားဒေ့ရှ်နယ်ထဲမှာလည်း ကျုပ်တို့ရှိုင်းလူမျိုးတွေ အများကြီး ရှိ ကြတာပေါ့၊ များသောအားဖြင့်တော့ စစ်တကောင်းတောင်တန်းနဲ့ ဘင်္ဂ လားအဝကျွန်းဘက်မှာတော့ ပိုပြီးများတာပေါ့ကွယ်၊ စစ်တကောင်း ကတော့ ငါတို့မောင်တောနဲ့ နီးပြီး ဘင်္ဂလားအဝကျွန်းကတော့ မောင် တောနဲ့ ဝေးတယ်''

ရွာလူကြီးဦးဒွန်းဖြူက အသက် (၆၀) ကျော်ခန့်ရှိပါ၏။ သူ၏ အနီး ခေါင်းရင်းဘက်တွင် ထိုင်နေသူကတော့ ဦးဒွန်းဖြူ၏ဖခင်ကြီး အသက် (၉၅) နှစ်ခန့်ရှိပြီဖြစ်သည့် ဘိုးဖံကွန်းဆိုသူ ဖြစ်ပါ၏။ ဘိုးဖံ ကွန်းမှာ ဇရာထောက်ပြီးဖြစ်သော်လည်း မျက်စိမှုန်သည်မှလွဲ၍ တောင် ဝှေးတစ်ချောင်းနှင့် သွားလာနေဆဲပင် ဖြစ်ပါ၏။ ယခုလည်း ခေါင်းရင် ဘက်တွင် ကွမ်းတမြုံ့မြုံ့နှင့် ဝါးနေရာမှ ဒေါက်တာမင်းခေါင်တို့ သိချင် သည့် အကြောင်းအရာတချို့ကို ဝင်ရောက်ပြောဆိုလိုက်သည်။

''အင်း . . . ဒီလိုရှိတယ် လူကလေးတို့ရဲ့ နင်တို့သိချင်တဲ့ ''မြန်မာကြီးတွေ'' ရဲ့ နယ်မြေဆိုတာ အဘသိသလောက်ပြောရရင် အဲဒီနေရာမျိုးရှိတယ်လို့ ကြားဖူးခဲ့ကြတာကွဲ့၊ တိတိကျကျ ရေရေ ရာရာတော့ ဘယ်သူမှ သိမိကြမှာမဟုတ်ဘူး၊ သမိုင်းအထောက်အထား တွေ ရှိပေမယ့် နှစ်ပေါင်း (၉၀၀) နီးပါးလောက် ကြာပြီဆိုတော့လည်း ရှိချင်လည်းရှိမယ်၊ မရှိတော့ရင်လည်း မရှိနိုင်တော့ဘူးပေါ့ . . . ဟင်း ဟင်း . . . ငါ့မြေး ဖြူနုဖံက အဲဒီသမိုင်းကြောင်းရာဇဝင်ကို မြေလှန် ပြီး စုံစမ်းနေတာနော်၊ အဲဒီကိစ္စဟာ အခုလိုအချိန်မှာတော့ ဒဏ္ဍာရီ လိုလို၊ ပုံပြင်လိုလိုတောင် ဖြစ်နေပါပြီကွယ်''

''ဟုတ်တော့ဟုတ်တာပေါ့ အဘရယ်၊ ဒါပေမဲ့ တကယ်လို့ များ ရှိနိုင်ခဲ့ဦးမယ်ဆိုရင် အဲဒီနေရာဒေသဟာ ဘယ်နယ်မြေ၊ ဘယ် အရပ်ဒေသလောက်မှာ ရှိနိုင်မလဲဆိုတာ အနီးစပ်ဆုံးလောက်တော့ သိချင်လို့ပါ အဘ''



ဒေါက်တာမင်းခေါင်က ဘိုးဖံကွန်းဘက်သို့ လှည့်ကာ ရနိုင် သမျှ အချက်အလက်တို့ကို စိတ်ရှည်ရှည်နှင့် မေးမြန်းစုံစမ်းနေပါ၏။

''အိမ်း . . . လူကလေးတို့က ဖွဲကောင်းကောင်းနဲ့ သိချင်တယ် ဆိုရင်တော့လည်း ပြောပြရတာပေါ့ကွယ်၊ ဖြူနုဖံရဲ့အထောက်အထား တွေအရဆိုရင်တော့ စစ်တကောင်းတောင်တန်းကြီးရဲ့ တစ်နေရာရာမှာ ရှိနေနိုင်တာပေါ့၊ ခက်တာက စစ်တကောင်းတောင်တန်းတွေပေါ်မှာက အန္တရာယ်ပြုနိုင်တဲ့ တောကောင်ကြီးတွေ, သဘာဝအန္တရာယ်တွေနဲ့ ခေါင်းဖြတ်လူရိုင်းတွေလည်း ရှိကြတယ်ဆိုတော့ လူကလေးတို့အတွက် အန္တရာယ်သိပ်များလွန်းတယ်လို့ အဘထင်တယ်၊ ကံကောင်းထောက်မ လို့ အဲဒီ ''မြန်မာကြီး''တွေကို တွေ့ရမယ်ဆိုရင်တောင် သူတို့ရဲ့ အရိုး စွဲနေတဲ့ အယူအဆတွေနဲ့ဆိုရင် မိတ်ဆွေမဖြစ်ဘဲ ရန်သူတွေတောင် ဖြစ်သွားနိုင်တယ် လူကလေး''

''အင်း . . . ဒီကိစ္စတွေက အဘတို့ ငယ်ငယ်တုန်းကတည်းက ကြားဖူးနေတဲ့ ပုံပြင်တစ်ပုဒ်လို ဖြစ်နေတယ်၊ အဲဒီမှာ လူတွေ, တိရစ္ဆာန် တွေတောင် အသွေးအရောင်ပြောင်းနိုင်တဲ့ မြေဝါတောင် (ရွှေတောင်) လို ထူးဆန်းတဲ့တောင်တန်းတွေလည်း ရှိနေတယ်လို့ ပြောကြသေးတယ်၊ ဒါပေမဲ့ တကယ်တမ်းသွားပြီး ရှာဖွေကြတော့ တောထဲမှာ မျက်စိလည် လမ်းမှားပြီး ငှက်ဖျားတွေမိ, ဘာတွေမိနဲ့ နောက်ဆုံး လူလုံးကြီး ချည့် ပြန်ရောက်လာကြတဲ့သူတွေလည်း ဟိုရွာ ဒီရွာမှာ တစ်ယောက်စ နှစ် ယောက်စတောင် ရှိကြတယ်''

''ဟို ဟို . . . အဲ အဲဒီလူတွေရော အဘ၊ ကျွန်တော်တို့ တွေ့လို့ရနိုင်မလားဟင်''

''အင်း . . . နင်တို့ကိုပြောရင်လည်းယုံမှာမဟုတ်ကြဘူး ဒါပေမဲ့ ခက်တာက အဲဒီမြေဝါတောင်လို့ခေါ်တဲ့ ရွှေတောင်ကို ရောက်ခဲ့ကြ တဲ့သူတိုင်း သက်ဆိုးမရှည်ကြဘူးကွဲ့၊ နောက်တစ်ခေါက် ပြန်ပြီးသွား

www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ ကြီးဝါးပြောဆိုကြရင်းနဲ့ ငှက်ဖျားမိတာလိုလို၊ ဘာလိုလို ကယောင်ကတမ်းတွေ အော်ဟစ်ပြီး သေဆုံးသွားကြတာပဲ လူကလေ ရေ''

ရစ်ချပ်သွန်မဆင်မှာ ဘိုးဖဲကွန်း၏စကားကြောင့် ပန်းနုစ် ဟွန့်လိုက်ရင်း သူ၏ ဆေးပြင်းလိပ်ရှည်ကြီးကို မီးညှိရှိုက်ဖွာနေပါ စိတ်ထဲကလည်း ထိုမြေဝါတောင်သို့ မဖြစ်မနေ သွားချင်စိတ်တို့ တဖွားဖွားနှင့်။

''မယုံမရှိနဲ့ လူကလေးတို့ရေ ... ဒီလိုထူးဆန်းတဲ့နေရာအေ မျိုးတွေဟာ ဆိုင်ရာပိုင်ရာ နတ်တွေ၊ အစောင့်အရှောက်တွေ ရှိထ ကြလေတော့ သူတို့လက်မခံရင် မကြည်ဖြူရင်လည်း လွယ်လွယ်ကူ နဲ့ မတွေ့နိုင်ကြဘူးကွဲ့၊ အင်း ... ပြောရမယ်ဆိုရင် နတ်ဝှက်တ နတ်ကွယ်တယ်ဆိုတဲ့ အယူအဆတွေနဲ့ ယုံကြည်စွဲလမ်းမှုတွေ တစ်ခါတလေ မြေကြီးကိုယ်တိုင်က သာမန်မြေသားမျိုး မဟုတ် သိပ်ပြီးတန်ဖိုးကြီးထိုက်တန်လွန်းနေပြန်ရင်လည်း မှော်ဝင်သလိုမျိုး ကြီးမှာ အစွမ်းသတ္တိထူးတွေလည်း ရှိတတ်တယ်၊ နောက်ပြီး ကျိုရှ အစွမ်းသတ္တိသဘောတရားမျိုးတွေလည်း ရှိချင်ရှိနေနိုင်တာပဲလေ သာမန်တွေ တွေ့ရ မြင်ရဖို့ဆိုတာက ကုသိုလ်ကံဆိုတာကလည်း အ ပါနေလေတော့ စဉ်းစဉ်းစားစားနဲ့ ချိန်ဆပြီး လုပ်ကိုင်ကြရင် မမှား ဘူးပေါ့ကွယ်''

''အင်း ... အဘပြောတဲ့အတိုင်းဆိုရင် မြေဝါတောင်နဲ့ ကြီးတွေဟာ စစ်တကောင်းတောင်တန်းတွေပေါ်မှာ ရှိနေတယ်ဆို ကို ညွှန်ပြနေတယ်၊ ကိုယ့်ရဲ့ကုသိုလ်ကံနဲ့ ပါရမီထူးတွေနဲ့ တိုက် ရင် ရှာဖွေတွေ့ရှိနိုင်မယ်လို့လည်း ပြောချင်ပုံရတယ်၊ ဒီနေရာမှာ တော်ပြောချင်တာလေး တစ်ခုရှိတယ်၊ စစ်တကောင်းတောင်တ ပေါ်မှာ ကျွန်တော်တို့နဲ့ သွေးတူသားတူ မြန်မာကြီးတွေနဲ့ ရွှေ



ပြီးတစ်ခုဟာ လျှို့လျှို့ဝှက်ဝှက်နဲ့ တည်ရှိနေတယ်ဆိုတာရယ်၊ ရိုးသား ဝင်ကြတဲ့ ဒေသခံတိုင်းရင်းသားတွေ ဂရုမပြု၊ သတိမထားမိကြတာ ကြောင့် သူမသိ ငါမသိဘဲ ဖြစ်နေကြတာလား၊ ဒါမှမဟုတ်ရင် ကိုယ့်ရေ သယံဇာတဖြစ်နေလို့ မသူတော်တွေ၊ လောဘသားတွေရဲ့လက်ထဲကို ရောက်ရှိသွားစေချင်လို့ မြေစောင့်နတ်တွေ၊ တောင်စောင့်နတ်မင်းကြီး တွေက မတွေ့ရှိနိုင်အောင် ကွယ်ဖျောက်ထားကြတာလား ...၊

နောက်တစ်ခုက ဗုဒ္ဓအယူဝါဒအရ နောင်ပွင့်တော်မူဦးမယ့် ရားရှင်အတွက် ပူဇော်လှူဒါန်းဖို့အတွက်တော့ တောင်စောင့်နတ်မင်း တွေက တစ်တောလုံး၊ တစ်တောင်လုံးကို ဖုံးကွယ်ဖျောက်ပစ်ထားတာ ဆိုတာတွေက ဒွိဟသံသယမေးခွန်းတွေ ဖြစ်သွားပြီ၊ အဲဒီတော့ အဖြေကို တိတိကျကျသိချင်တာရယ်၊ နောက်ပြီး ကံကောင်းထောက်မ များ ကျွန်တော်တို့ရဲ့ သွေးမျိုးဆက် မြန်မာကြီးတွေကိုများ တွေ့ခဲ့မယ် ရင်ဆိုတဲ့ အတွေးတွေနဲ့ ကျွန်တော်တို့ခရီး ထွက်ချင်တာပါ အဘရယ်''

ဒေါက်တာမင်းခေါင်၏ ချက်ကျလက်ကျ ရှည်လျားစွာ ပြော ဆွေးနွေးလိုက်သည့်စကားကြောင့် ဘိုးဖဲကွန်းနှင့် ရွာလူကြီးဦးဒွန်းဖြူ မှာ တပြုံးပြုံးနှင့် သဘောကျနှစ်ခြိုက်နေကြသည်သို့ ...။

ထိုအခိုက် ဒေါက်တာဖြူနုဖိက အခါးရည်တစ်အိုးနှင့် ဆတ် ခြောက်ဖုတ်နှင့် မန်ကျည်းချဉ်တို့ကို တွဲလျက် လာ၍ချသည်။ မွှေး သော လက်ဖက်ခြောက်ရနံ့ကို သင်းသင်းလေး ရှူရှိုက်မိလိုက်ပါ၏။

''အဘရယ်၊ သိပ်ပြီး ရှည်ရှည်ဝေးဝေးတွေနဲ့ ဒေါက်တာတို့ လှည့်ပတ်မနေပါနဲ့တော့လား၊ အဘရဲ့စိတ်ထဲမှာလည်း စစ် ကောင်း တောင်တန်းတစ်နေရာမှာရှိတဲ့ လျှို့ဝှက်သီးခြားကမ္ဘာက မာကြီးတွေကို တွေ့ချင်နေတာမဟုတ်လား''

''ဟင်း ဟင်း ... ငါ့မြေးက ကြိုတင်ပြီး သိနေရဲ့ နဲ့ လို့ မေးနေရတာလဲကွယ်၊ သမိုင်းကြောင်းတွေက အ ကယ်

www.burmeseclassic.com

www.burmeseclassic.com



ညွှန်ပြနေတာရယ်၊ ဟို . . . သာဒွန်းတို့ညီအစ်ကို မျက်မြင်ကိုယ်တွေ့
တွေ့ခဲ့ရတဲ့ မြေဝါတောင်ရယ်၊ နောက်ပြီး ဟောဒီက လူကလေး
ပြောပြခဲ့တဲ့ ဂျပန်စစ်ဗိုလ်တစ်ယောက်လက်နဲ့ ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်
ခဲ့တဲ့ ရွှေကြောသိုက်ဆိုတဲ့ မြေဝါတောင်နဲ့ သူကိုယ်တိုင်တွေ့ခဲ့ရ
"မြန်မာကြီး" တွေရယ်၊ အားလုံးပေါင်းစုပြီး အဖြေထုတ်လိုက်ရင် ငါ
မြန်မာပြည်နယ်စပ် ဒါမှမဟုတ် အရှေ့ပါကစ္စတန် (ဘင်္ဂလားဒေ့
ဒါမှမဟုတ် စစ်တကောင်းတောင်တန်းတစ်နေရာရာမှာ ငါတို့ရဲ့ ..
ဆက်မြန်မာကြီးတွေနဲ့ ရွှေကြောသိုက်တစ်ခုဟာ မလွဲမသွေ ရှိနေပြီဆို
အဖြေထွက်လာတယ်လေ"

ဟုတ်သည်၊ အခြေအနေအရပ်ရပ်သည် မြေဝါတောင်နှင့် ..
ဝှက်ကမ္ဘာမှ မြန်မာကြီးများတို့အကြောင်းရင်းမှာ ဒဏ္ဍာရီပုံပြင် မဟု
ကြောင်း သက်သေပြနေကြသည်သို့ . . .။

ထိုစဉ် ရွာလူကြီး ဦးဒွန်းဖြူက သောက်လက်စ ဝါးဆေး
ရှည်ကြီးကို ပါးစောင်တွင် ခဲထားရာမှ ဖြုတ်လိုက်ပြီး . . .

"ဒီမှာ . . . ဆရာကြီးတို့သွားခဲ့ရင် လမ်းပြတစ်ယောက်က
လိုမှာအမှန်ပဲ၊ အဲဒီတော့ ဖြူနုဖံ ဟို . . . နင့်ဦးကြီးဖိုးရွှေကျော်ကို
သွား၊ ဒီကောင် တစ်နေ့ကပဲ ရိုးမပေါ်က အမဲလိုက်ပြီး ဆင်းလာ
ကြားတယ်"

"ဟုတ်ကဲ့ပါ ဦးကြီး . . . ဒီနေ့မနက်ပဲ ဆတ်သားခြောက် ..
ယူရင်း ဦးကြီးရွှေကျော်နဲ့ တွေ့ခဲ့ပြီးပါပြီ၊ သူကလည်း ဖြူနုတို့နဲ့
လိုက်ချင်တယ်လို့ပြောတယ်၊ အဲဒါ ဒီတစ်ပတ်ထဲမှာ ခရီးထွက်
လိုအပ်တာတွေ ပြင်ဆင်ကြရင်းနဲ့ ဒေါက်တာနဲ့ ဦးကြီးရွှေကျော်တို့
လမ်းကြောင်းရွေးချယ်ကြလိမ့်မယ် ဦးကြီး"

ဒေါက်တာဖြူနုဖံက ရွာလူကြီးဦးဒွန်းဖြူကို ရှင်းပြပြောဆို
ပါ၏။ ဒေါက်တာဖြူနုဖံ၏စကားကြောင့် ကွမ်းတမြုံ့မြုံ့ဝါးနေသည့် ..



ကွန်းက အနီးရှိ ထွေးခံတွင် ကွမ်းထွေးလိုက်ပြီး . . .

"အေး . . . ကောင်းတယ် ငါ့မြေး၊ အဲဒီဖိုးရွှေကျော် ရောက်လာ
ရင် အဘဆီကို လွှတ်လိုက်စမ်း၊ ဟို . . . ဘိုးသာဒွန်းတို့ညီအစ်ကို
သွားဖူးတဲ့လမ်းကြောကို သူ့ကိုပြောပြရမယ်၊ အေး . . . တစ်ခုတော့
လူကလေးတို့ကို မှာချင်တယ်၊ အဲဒီ စစ်တကောင်းတောင်တန်းတွေပေါ်မှာ
အင်မတန်ကြောက်စရာကောင်းတဲ့ တောင်ငှက်ဖျားဆိုတာ ရှိတယ်၊ အဲဒီ
တောင်ငှက်ဖျားက သွက်ချာပါဒ တစ်ကိုယ်လုံးလိုက်သလို ဖြစ်တတ်
တယ်၊ စကားမေးလည်း မရတော့ဘူး။ အဆိုးဆုံးကတော့ ဝမ်းပါလိုက်
လာတယ်၊ ဒါကို မသိနားမလည်ကြတဲ့သူတွေက ရိုးမအရှင်ကြီးဖမ်းစား
တာတို့, တောင်ပိုင်အရှင်ကြီး ဖမ်းစားတာတို့ ဆိုပြီးပြောကြတယ်၊
ဆေးဝါးကအစ ပြည့်ပြည့်စုံစုံ ယူသွားကြကွဲ့ . . . ကြားလား"

အသက် (၈၀) ကျော် ရေ့မိနောက်မီ အဘိုးအို၏ သတိပေး
စကားများကို ဂရုတစိုက် နားထောင်ရင်း ထိုနေ့က "စစ်တကောင်း
တောင်ခရီးစဉ်" အတွက် လိုအပ်သည့် လက်နက်ခဲယမ်း ရိက္ခာ ဆေးဝါး
များမှအစ တိုင်ပင်ဆွေးနွေးကြရင်း ခရီးထွက်ရန် စိုင်းပြင်းနေကြပါ
လေတော့သည်။

ထိုအချိန်တွင် . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)
## မမြင်နိုင်သော သံယောဇဉ် ပုံပြင်တစ်ပုဒ်

ထိုအချိန်တွင် . . .

ဂျပန်စစ်ဗိုလ်ယာမာဂူချိစ်မှာ အမေထွားရှေ့ မြေပြင်ပေါ်တွင် ဒူးတုပ်ထိုင်ချလိုက်ပြီး သူ၏နဖူးပြင်နှင့် မြေကြီးကို ထိလုမတတ် သုံးကြိမ် ဦးညွှတ်နေပါ၏။ အမေထွား သဘောပေါက် နားလည်လိုက်ပါပြီ၊ ယာမာဂူချိစ်တို့ သွားကြပေတော့မည်၊ ထို့ကြောင့် မိမိကို လာရောက်ဂါရဝပြုကာ နှုတ်ဆက်နေခြင်း ဖြစ်ပေလိမ့်မည်။

"နှုတ်ဆက်ဂါရဝပြုခဲ့ပါတယ် အမေ၊ ဒီအတောအတွင်းမှာ ကျွန်တော်တို့ကို ရန်သူတွေလို သဘောမထားဘဲ ခိုလှုံခွင့်ပေးခဲ့တာကို ကျေးဇူးတင်မိပါတယ်၊ (အိမ်ရှိ အိမ်ရှိ အာဂရိတော အိုဗိုင်းမရှိတာ အိုခါးစမ့်) အစစအရာရာအတွက်လည်း ကျေးဇူးအထူးတင်ပါတယ် အမေ"

ယာမာဂူချိစ်တို့ အချိန်သိပ်ရဟန်မတူ။ မျက်ရည်ဝဲသော မျက်လုံးများနှင့် ကတိုက်ကရိုက် နှုတ်ဆက်ကာ ကျောခိုင်းထွက်ခွာသွားကြသည်။ ယာမာဂူချိစ်တို့ တစ်ကိုယ်လုံး သစ်ရွက်သစ်ခက်များ ချည်နှောင်ထိုးစိုက်ထားကြသည်။ စင်စစ် ယာမာဂူချိစ် တစ်ယောက်တည်း မဟုတ်ပေ၊ ဂျပန်စစ်သားများအားလုံး သစ်ပင်အသေးစားလေးများပမာ ဖြစ်နေကြပါ၏။

မကြာမီ ဂျပန်တပ်ခွဲတစ်ခုလုံး အမေထွား၏တဲရှေ့မှ အစုလိုက်အဖွဲ့လိုက် ဆုတ်ခွာနေကြပြီဖြစ်သည်။ တကယ်တမ်း ယာမာဂူချိစ်နှင့် ခွဲခွာရတော့မည်ဆိုတော့လည်း အမေထွားရင်ထဲတွင် ဆို့နင့်ကြေကွဲလျက် မျက်ရည်များပင် စီးကျနေလေသည်လား မပြောတတ်။



သြော် . . . မမြင်နိုင်သည့် သံယောဇဉ်နှောင်ကြိုးများက တင်းခွန်းလှုပ်ခါချေပြီတည်း။ ထိုအချိန်အထိ အမေထွားတစ်ယောက် တုတ်တုတ်မျှ မလှုပ်သေး။ မြင်တွေ့နေရသေးသည့် ယာမာဂူချိစ်တို့ ဂျပန်စစ်သားများကို ငေးမောကြည့်နေဆဲ။

ယာမာဂူချိစ်တို့ ဆုတ်ခွာပုံက သက်သက်သာသာ မဟုတ်။ ချောင်ကြိုချောင်ကြားများတွင် ကပ်ကာ၊ ခိုကာနှင့် ပုန်းလျှိုးကွယ်လျှိုး ဆုတ်ခွာနေကြခြင်းဖြစ်သည်။ ဆိုရပါလျှင် သစ်ပင်အငယ်စားကလေးများ ရွေ့လျားနေကြသည်သို့ . . .။

"ဘာကြောင့်များ သူတို့တစ်တွေ ခိုးကြောင်ခိုးဝှက် ဆုတ်ခွာနေကြရတာလဲ၊ ဘယ်သူတွေ အနီးနားမှာရှိနေကြလို့ ဒီလိုမျိုး သွားလာနေကြရတာလား"

သို့သော် ဗိုလ်မှူးကြီး တာကာနာကိုယ်တိုင် ဦးစီးသော ဂျပန်တပ်ခွဲဆုတ်ခွာသည်မှာ မြန်ဆန်လှသည်ဟု ဆိုရမည်ဖြစ်သည်။ အချိန်ပိုင်းလေးအတွင်းမှာပင် ရေပုတ်မြောင်ရွာကလေးနှင့် အတော်အတန်ဝေးသော နေရာသို့ရောက်ရှိသွားကြပြီဖြစ်ပါ၏။ ဤနယ်မြေတွင် ထူထပ်သော သစ်တောကြီးများနှင့် လွင်ပြင်ချိုင့်ဝှမ်းတချို့ ရှိကြသည်။ ခပ်လှမ်းလှမ်းတွင် ကိုက်နှစ်ရာခန့်ရှိသော လွင်ပြင်ကျယ်တစ်ခုကိုပါ ဗိုလ်မှူးကြီး တာကာနာမြင်တွေ့လိုက်ရသည်။

ထိုလွင်ပြင်ကို ကျော်လွန်လျှင် ထူထပ်သောတောအုပ်ထဲသို့ ရောက်ရှိမည်ဖြစ်ပါ၏။ ထိုတောအုပ်အတွင်းသို့ ရောက်ရှိခဲ့လျှင် ခရီးဆက်ရသည်မှာ လုံခြုံမှုအပြည့် ရှိကြမည် မဟုတ်ပါလား။

သို့သော် တကယ့်ပစ္စက္ခ အခြေအနေမှာတော့ စစ်ဗျူဟာအရ ရှေ့မှလွင်ပြင်သည် သတ်ကွင်းသဖွယ် တည်ရှိနေပါလေ၏။ ထို့ကြောင့် ထိုလွင်ပြင်ကို ဗိုလ်မှူးကြီးတာကာနာက အပြေးတက် အတင်ဖြတ်ခိုင်းသည်။ ယာမာဂူချိစ်တို့အားလုံး ကျယ်ပြောလှသောလွင်ပြင်ကျယ်ကို

www.burmeseclassic.com

www.burmeseclassic.com



အပြေးဖြတ်ကြပါ၏။

သို့သော် လွင်ပြင်ကျယ်အလယ်ခန့်သို့အရောက်တွင် ကောင်းကင်ယံထက်မှ ထွက်ပေါ်လာသော လေယာဉ်သံများကြောင့် ဂျပန်စစ်သားများ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြပါတော့သည်။

"ဟိုင်း ခူးရကား . . . လေယာဉ်ပျံ၊ လေယာဉ်ပျံ"

သို့သော် ယာမာဂူချိစ်တို့ နောက်ကျသွားကြပါချေပြီ။ စစ်ဗျူဟာ မြောက် ဆုတ်ခွာနေကြလင့်ကစား ကွင်းပြင်သတ်ကွင်းတွင် ကျရောက်နေကြသည့်မို့ ကျွဲညီနောင်လေယာဉ်နှစ်စီး၏ ချေမှုန်းပစ်ခတ်မှုကို လည်စင်း၍ ခံကြရပါတော့သည်။

'ဝုန်း ဒက် ဒက် ဒက် ဝုန်း ဂျိမ်း'

မဟာမိတ်တို့၏ ကျွဲညီနောင်လေယာဉ်နှစ်စီးပေါ်မှ ကြဲချလိုက်သော ဗုံးပေါက်ကွဲသံ၊ စက်သေနတ်သံများက မြေတုန်ဟည်းခမန်း ဆူညံစွာ ထွက်ပေါ်လာကြသည်။ ဝေဟင်နှင့်မြေပြင် အားပြိုင်စစ်ခင်းပွဲက စတင်ခဲ့လေပြီဖြစ်ပါ၏။

'ဒက် ဒက် ဒက် ဒက် ဝုန်း ဂျိမ်း'

'ဒိုင်း ဒိုင်း ဒက် ဒက် ဒက် ဝုန်း'

ကျွဲညီနောင်လေယာဉ်နှစ်စီး၏ အစွမ်းပြချက်က ကြောက်ခမန်းလိလိပါပေ၊ ဂျပန်တပ်ခွဲရောက်ရှိနေသည့်နေရာက အကာအကွယ်မရှိသည့် ကွင်းပြင်ထီးထီး။ သည်တစ်ချီတော့ ဂျပန်တို့က အကြီးအကျယ် အထိနာခဲ့ပါပြီ။ တောင်ခြေလွင်ပြင် ကွင်းကြီးတစ်ခုလုံး တဝုန်းဝုန်း တဂျိမ်းဂျိမ်းနှင့်မြည်ဟည်းကာ ကမ္ဘာပျက်ခမန်း ဖြစ်နေကြသည်။

တောင်ခြေလွင်ပြင်မှာတော့ မီးဟုန်းဟုန်းတောက်လောင်လျက်။ ကွင်းပြင်တစ်ခုလုံး မီးခိုးလုံးများ ဖုံးလွှမ်းသွားကြသည်။ မကြာမီ ကျွဲညီနောင်လေယာဉ်နှစ်စီးနှင့် ဂျပန်တပ်ခွဲ၏ တိုက်ပွဲက ပြီးဆုံးသွားခဲ့ပါချေပြီ။ မည်သူနိုင်၍ မည်သူရှုံးသွားခဲ့လေသည်မသိ။ တောင်ခြေ



လွင်ပြင်ကျယ်ကြီးထဲမှာတော့ မီးဟုန်းဟုန်းတောက်လောင်လျက် ကမ္ဘာပျက်သကဲ့သို့သာ ကျန်ရစ်ခဲ့ပါတော့သည်။

✲

"အမေ . . . အမေ အိုခါးစန်"

ရုတ်တရက် ကြားလိုက်ရသော အသံတစ်ခုကြောင့် အမေထွားတစ်ယောက် အိပ်ပျော်နေရာမှ ဆတ်ခနဲ လန့်နိုးလာခဲ့သည်။ ကြားလိုက်ရသည်က ယာမာဂူချိစ်၏ ခေါ်နေကြအသံ။

"ဘယ်လိုဖြစ်တာလဲ . . . ဒါ ဒါ ယာမာဂူချိရဲ့အသံပဲ၊ ငါ အိပ်ပျော်နေရင်းများ အိပ်မက်မက်နေတာများလား၊ ဒါမှမဟုတ် ရာမာဂူချိတစ်ယောက် အသက်ဘေးနဲ့များ ကြုံနေရလား . . . ဘုရား ဘုရား"

ယာမာဂူချိစ်၏ခေါ်သံကြောင့် လန့်နိုးလာခဲ့ရသည့် အမေထွားမှာ ပြန်၍ အိပ်စက်၍မရပါလေတော့၊ သန်းခေါင်ကြက်များပင် တသောသောနှင့်တွန်နေကြပြီဖြစ်ပါ၏။ သို့သော် အမေထွားမှာမူ မျက်စိကြောင်နေဆဲ။ သို့နှင့် ယာမာဂူချိစ်အတွက် ဆုမွန်ကောင်းများ တောင်းပေးရင်း တောင်တောင်အီအီတွေးကာ ပြန်လည်၍ မှေးခနဲ အိပ်ပျော်သွားလေသည်လား မသိ။

တစ်စုံတစ်ရာကို သဲသဲမဲမဲထိုးဟောင်နေသော ခွေးဟောင်သံ ဆူဆူဝါးဝါးကြောင့် လန့်ဖျပ်ကာ နိုးလာရပြန်သည်။

'ဝုတ် ဝုတ် ဝုတ် ဝူး ဝုတ်'

ထူးထူးခြားခြားနှင့် ဆူဆူဝါးဝါး ထိုးဟောင်နေသည့် ခွေးဟောင်သံကြောင့် အမေထွား အိပ်ရာမှ ကပျာကယာ တဲရှေ့သို့ လှ[illegible]လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ယာ ယာ မာ ဂူ ချီ"

တွေ့မြင်လိုက်ရသည့်မြင်ကွင်းကြောင့် သူ့မျက်စိကိုသူ မယုံကြည်နိုင်အောင် ဖြစ်သွားမိသည်။ ဟုတ်သည် ...။ ယာမာဂူချီး တစ်ယောက် အမေထွားထံသို့ ညိုးငယ်နေသော မျက်နှာထားဖြင့် ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ယာမာဂူချီစံကို တွေ့မြင်လိုက်ရသဖြင့် အမေထွားခမျာ ထခုန်လုမတတ်ပင် ဝမ်းသာသွားမိသည်။

"ယာမာဂူချီ သား ... အမေ့ဆီဝင်လာခဲ့လေ"

အမေထွားက ဝမ်းသာအားရနှင့် လှမ်းခေါ်လိုက်သည့်တိုင် တံခါးဝရှေ့မှ ယာမာဂူချီစံက မလှုပ်တလှုပ်နှင့်၊ အသက်ဝိညာဉ်ကင်းမဲ့နေသည့် လူတစ်ယောက်နှယ်။

"ကျွန်တော် အမေ့ကိုလာပြီး နှုတ်ဆက်တာ၊ အခု ကျွန်တော် ဟို ရခိုင်ရိုးမဘက်က စစ်တကောင်းတောင်တန်းကြီးရှိရာကို သွားတော့မှာမို့ အမေ့ကို လာပြီးနှုတ်ဆက်တာပါ၊ အဲဒီမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ရွှေကြာသိုက်ကြီးရှိတယ် အမေ၊ အဲဒီရွှေကြာသိုက်ကြီးကို ရှာတွေ့ရင် အမေ့ဆီကို ကျွန်တော်ပြန်လာခဲ့ပါ့မယ်၊ သွားပြီ အမေရေ"

အမေထွားမှာ ယာမာဂူချီစံပြောဆိုနေသည့် စကားအဓိပ္ပာယ်ကို နားမလည် နဝေတိမ်တောင်နှင့်။ စစ်တကောင်းတောင်ဆိုတာလည်း ပါသည်။ ရွှေကြာသိုက်ဆိုတာလည်း ပါသည်။ သို့သော် သူ နောက်ဆုံး ကြားလိုက်ရသည့်စကားကိုပင် အမေထွား ပီတိဖြစ်နေပါ၏။

ဟုတ်သည် ...။

ယာမာဂူချီစံက ရွှေကြာသိုက်ကြီးတွေ့ခဲ့ရလျှင် အမေ့ထံသို့ ပြန်လာခဲ့မည်ဟု ပြောသွားခဲ့သည် မဟုတ်ပါလား။

ဖျတ်ခနဲ အမေထွားသတိဝင်လာတော့ ယာမာဂူချီစံမှာ အရုပ် ထုထဲသို့ တစ်စတစ်စ တိုးဝင်ပျောက်ကွယ်သွားပြီဖြစ်သည်။ ထိုအခါ



ယာမာဂူချီစံကို ဟစ်အော်ခေါ်ငင်ရန် သတိရသွားသည်ထင့် ...။ အိပ်ရာမှ ကမန်းကတန်း ကုန်း၍ထကာ ယာမာဂူချီစံကို အော်ဟစ်ခေါ်ငင်လိုက်သည်။

"ယာမာဂူချီစံ ယာမာဂူချီ ယာမာဂူချီ"

စိတ်ဆန္ဒအရသာ ခေါ်လိုက်ရသည်။ အမေထွား မျက်စိထဲတွင် ဘာကိုမျှ မမြင်ရတော့။ ပိန်းပိတ်အောင်မှောင်နေသော အမှောင်ထုကြီးကိုသာ မြင်နေရသည့်မို့ လန့်ဖျပ်ကာ ဟစ်အော်မိလိုက်သည်။

"အား"

အမေဟွားတစ်ယောက် ချွေးစီးများပြန်ကာ အိပ်ပျော်နေရာမှ လန့်နိုးလာခဲ့ပါ၏။ ထိုအခါမှ အမေထွားတစ်ယောက် အိပ်မက် မက်နေကြောင်း သတိထားလိုက်မိသည်။ သို့သော် ထိုအချိန်တွင်မှ ရွာတောင်ပိုင်းမှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံကြီးများကိုသာ အမေထွား ထူးထူးခြားခြား ကြားလိုက်ရပါတော့သတည်း။

✲ ✲ ✲

## အခန်း (၁၃)

## အနီဗွာရှံစစ်လမ်းကြောင်းမှ လွတ်မြောက်လာသူ

"ယာမာဂူချီ ယာမာဂူချီ"

ဟိုးအဝေးကြီးမှ ခေါ်သလိုလို အနီးမှ ခေါ်သလိုလိုနှင့် ကြွင်နာသော သံစဉ်တစ်ခုက ဝေးသွားလိုက် နီးလာလိုက်နှင့် ယာမာဂူချီစံ မျက်လုံးအစုံကို အားယူ၍ ဖွင့်ကြည့်လိုက်တော့ အမြင်တွေရဲ့တွေ

www.burmeseclassic.com

www.burmeseclassic.com



က ဝေဝေဝါးဝါး။ သူ၏ အကြားအာရုံထဲဝယ် တဝုန်းဝုန်း တကျိမ်းကျိမ်းနှင့် ဆူညံသော ပေါက်ကွဲသံကြီးများကို ပဲ့တင်ထပ်မျှကြားနေရဆဲ

အမြင်အာရုံထဲမှာမူ ငှက်ပျောပင်ကို ဓားနှင့်ခုတ်ပိုင်းလိုက်သကဲ့သို့ တဝုန်းဝုန်းနှင့်လဲကျသေဆုံးသွားကြရသည့် သူ၏ညီတော်နောင်တော် ဂျပန်စစ်သားများနှင့် နီရဲသော အနီဗွာရုံသွေးနီရောင် ပလယ်ကြီး။ ထို့နောက် ကယ်ပါယူပါနှင့် တစာစာအော်ညည်းနေကြသည့် ညည်းတွားအော်ဟစ်သံကြီးများ။ ထို့နောက် ထို့နောက် တဝုန်းဝုန်းနှင့် ပါးမျိုလောင်မြိုက်လျက်ရှိသော မီးတောက်မီးလျှံကြီးများ။

စက်သေနတ်ပစ်ခတ်သံ၊ ဗုံးကြဲတိုက်ခိုက်သံများကြားမှ ငဲသားများနှယ် အကာအကွယ်မဲ့ အသက်ပျောက်သွားကြရှာသည့် သူ၏ညီရင်းနောင်ဘွားများ၊ စစ်၏ခါးသီးရက်စက်လှသော အနိဋ္ဌာရုံများကြားရှန်းထွက်ပြေးလွှားလာခဲ့သည်များကို ရုပ်ရှင်ပိတ်ကားပေါ်တွင် ကြည့်နေရသည့်ပမာ တရေးရေးမြင်ယောင်လာမိပါသည်။

"အား အီး . . . ကျွတ် ကျွတ်"

ယာမာဂူချိစ် သူ၏ခန္ဓာကိုယ်ကို အနည်းငယ် လှုပ်ရှားလိုက်သည်နှင့် ညာဘက်ခြေထောက်ဆီမှ နာကျင်မှုဝေဒနာက အသည်းနိုက်မျှ ခံစားလိုက်ရသည်မို့ သတိလက်လွတ် ညည်းညူဟစ်အော်လိုက်မိသည်။ တစ်ချိန်တည်းမှာပင် ဝေဝါးနေသည့် အမြင်အာရုံ ကြည်လင်စေရန်အတွက် မျက်လုံးအစုံကို အားယူ၍ ဖွင့်ကြည့်လိုက်သည်။

"အား . . . ငါ ငါ ဘယ်ကိုရောက်နေတာလဲ၊ ဒါ ဒါ ဘယ်နေရာ ဖြစ်နိုင်မလဲ"

ယာမာဂူချိစ် သတိရလာပြီမို့ သူ၏ခေါင်းကို အလုပ်ပေးလိုက်သည်။ ဖျတ်ခနဲ သတိရလိုက်သည်က လေယာဉ်ပျံသံနှင့်အတူ အဆက်မပြတ် ပစ်ခတ်လိုက်သော စက်သေနတ်သံ၊ ဗုံးကြဲတိုက်ခိုက်သံများကြားယောင်လာခဲ့သည်။



ထို့နောက် မြင်မကောင်းအောင် အတုန်းအရုံးနှင့် ဖွဲခဲ့ကျ ခဲ့သေဆုံးသွားကြသော သူ၏ ရဲဘော်ရဲဘက်များ တဝုန်းဝုန်း တကျိမ်းကျိမ်းနှင့် ကြဲတိုက်ခိုက်မှုအောက်တွင် ဂျပန်စစ်သားများ၏အလောင်းများအဆိုအတွင်းမှာပင် မြင်မကောင်းအောင် အလောင်းချင်းထပ် သွားခဲ့ပါပြီတော့။

ယာမာဂူချိစ်ကိုယ်တိုင်ပင် ထိုတိုက်ခွင်းလှိုင်းမြင်ထဲမှ အသည်းအသန် ရှန်းထွက်ခဲ့ရသည်။ ကျွန်းများဖျက်ခမန်း ထောင်းလေးမှာမှ အကျအောင် ပစ်ခတ်နေသောကြားမှ အသက်လုကာ ထွက်ပြေးခဲ့သည်။ သို့တိုင်အောင် စက်သေနတ်ကျည်ဆန်တစ်တောင့်က ယာမာဂူချိစ်၏ ညာဘက်ခြေထောက်ကို ရုပ်၍ ထိမှန်သွားခဲ့သေးသည်။ သူ မည်မျှကြာကြာ ပြေးထွက်လာခဲ့သည်မသိ၊ ဘယ်ရောက်၍ ဘယ်ပေါက်ခဲ့မှန်းမသိ၊ သွေးများ ရွှဲနစ်လျက် နာကျင်ကိုက်ခဲလာသော ခြေထောက်ဆက်ရာကြောင့် နောက်ဆုံး ကျောက်လိုဏ်ဂူတစ်ခုအနီးတွင် ဗုန်းခနဲ လဲပြိုကျသွားကာ သတိလစ်မေ့မြောသွားခဲ့ခြင်းပင် ဖြစ်ပါချေ၏။

သတိရလာတော့ ချင်တွေပူပြီ၊ ရေငတ်ခြင်းဒဏ်ကို ခံစားလိုက်ရသည်။ ထို့ကြောင့် သူ၏ခန္ဓာကိုယ်အနှံ့ လွယ်ထိနေသော လက်အံမြင့် စမ်းသပ်ရှာဖွေလိုက်သည်။ ခါးတွင် လှံစွပ်ဓားမြှောင်တို့ တစ်ချောင်း၊ လယ်မြေအိမ်မြောင်၊ ရေဘူးနှင့်ပစ္စတိုတစ်လက်တို့ကို ကိုင်တွယ်သိတွေ့မိသည်။

"အား . . . တော်သေးတာပေါ့၊ ရေဘူးရော သေနတ်ရော မြေရှင်းပျောက်မသွားရပြတ်ကျမကျန်ရစ်ခဲ့လို့"

ထို့နောက် ရေဘူးကို ဖြုတ်ယူလိုက်ပြီး ရေကိုတစ်ခွက်မျှသောက်ပစ်လိုက်သည်။ ရေနှင့်ထိတွေ့ခွင့်ရသဖြင့် ခန္ဓာကိုယ်တစ်ခုလုံး အားဆိုးသွားသည်သို့ . . .။ သူရောက်ရှိနေသည့် နေရာတဝိုက်သို့ လှည့်ကြည့်သည်။ စက်ရှိဝါးသောတောနှင့် မြင့်မားသော

www.burmeseclassic.com

www.burmeseclassic.com



တောင်စဉ်အထပ်ထပ်က ပိုင်းရံပတ်လျက်၊ ကွက်တိကွက်ကြား မြင် တွေ့နေရသည့် ပြာလဲ့လဲ့ ကောင်းကင်တွင် မိုးတိမ်များက ပြေးလွှား နေကြသည်။

သူတို့စစ်ရှုံး ဂျပန်တပ်ခွဲသည် မဟာမိတ်လေယာဉ်နှင့် မျိုးချစ် တော်လှန်ရေးသမားများ၊ ဗမာ့တပ်မတော်များကို ရှောင်တိမ်းရုတ်ခွာ လာခဲ့ရာမှ ဦးတည်ချက် လွဲချော်ကာ ရခိုင်ရိုးမဘက်သို့ ရောက်ရှိလာခဲ့ ကြခြင်းဖြစ်သည်။ ထိုစဉ် ယာမာဂူချိစံ၏အာရုံထဲတွင် ဒေါက်တာ မင်းခေါင်နှင့် မြူနုဖုံတို့ကိုပါ မြင်ယောင်လာမိသည်။ တစ်ဆက်တည် မှာပင် ရခိုင်ရိုးမတောင်ကြောနှင့် စစ်တကောင်းတောင်တန်းပေါ်ရှိ ရွှေကြာသိုက်ကိုပါ အမှတ်ရလာမိခဲ့သည်။

"ဟော ... ငါ ရောက်နေတဲ့နေရာဟာ စစ်တကောင်းတောင် တန်းနဲ့ ဘယ်လောက်ဝေးနေသေးလဲ၊ ငါ လေယာဉ်ပျံ ပျက် ကျခဲ့တဲ့နေရာဟာ ဒီ ဒီတောင်ကုန်းပေါ်မှာလား။ ဒါဆိုရင် ဒေါက်တာ မင်းခေါင်တို့လည်း ဒီနေရာတစ်ဝိုက်ကို ရောက်လာနိုင်ကြတာပဲ၊ သူတို့ ငါ မဆုတ်ခွာခင် တနဲ့ရေးပြီး အကြောင်းကြားခဲ့သေးတာပဲ၊ စစ်တ ကောင်းတောင်ကြောနဲ့ ရွှေသိုက်နဲ့ မြန်မာကြီးတွေရဲ့ သီးခြားကျွန် သူတို့လှုပ် မလွဲမသွေလာပြီ၊ ရှာဖွေကြမှာသေချာတယ်၊ ဒါ ဒါဆို ငါလည်း သေလွန်တော်ခုခုတော့ မဖြစ်မနေ ကြိုးစားပြီး ရှာကြည့်ရ မယ်"

ထို့နောက် မြေထောက်မှသေနတ်ဓားရာကို စမ်းကြည့် လ မောင်းကိုပြကာ စနစ်တကျ ပတ်တီးစည်းနှောင်လိုက်သည်။ ထို့နောက် ရော့။ လုံချည်၊ ဓားမြှောင်လမ်းပြဖိနပ်မြောင်းနှင့် ပစ္စတိုသေနတ်ကို အား ကိုးကာ စတင်၍ လှုပ်ရှားခဲ့ပါတော့သည်။

ငါးတောင်ထုတောင်ချောင်းနှင့် အမိုပြကာ ယာမာဂူချိ တော ပတ်လမ်းကြောလေးအတိုင်း တမြည်းမြည်း တက်လာခဲ့ပါ၏။ ပတ်



ကွင်းရေမြေအနေအထားများကို ကြည့်သော်လည်း ယာမာဂူချိ မှတ်မိ သို့ဖြင့် ယာမာဂူချိစံ၏ အသိအာရုံတွင် လမ်းပြဖိနပ်မြောင်းကို ဖျတ်ခနဲ သတိရလိုက်မိသည်။

"ဟာ မှတ်ပြီ ... လမ်း လမ်းပြ ဖိနပ်မြောင်း"

ချက်ချင်းပင် လမ်းပြဖိနပ်မြောင်းကိုဖြုတ်ကာ လက်ရှိတည်ရာ အရပ်ကို ရှာဖွေကြည့်လိုက်သည်။ ထို့နောက် သူကိုယ်တိုင် မှတ်သား ထားခဲ့သည့် ရစ်ချပ်စကားအညွှန်း။ လောင်ဂျီတွတ်၊ လတ်တီကျူ စကားတို့ဖြင့် တွက်ချက်ကာ အဖြေရှာကြည့်မိသည်။

"ဟော ... ဟောဒီနေရာ ငါ ငါ လေယာဉ်ပေါ်မှာ ခန့်မှန်းပြီး မှတ်သားခဲ့တဲ့ လောင်ဂျီတွတ်စကားတွေနဲ့ အခုလက်ရှိနေရာနဲ့ သိပ် ကွာပါလား။ ဒါ ဒါ ဒါဆိုရင် စစ် စစ်တကောင်းတောင်တန်းကို ရောက်ဖို့ အနောက်ဘက်ကို တော်တော်လေး တိုးဝင်ရဦးမယ်၊ ဟား ... ငါ့ အတွက်တော့ အဆိုးထဲက အကောင်းဆုံးပေါ့။ လုံးဝ လက်လျှော့လိုက် ပြီလို့ မှတ်ယူထားတဲ့ ရွှေကြာသိုက်ကြီးနဲ့ တစ်ခါတုန်းက မြန်မာကြီး တွေရဲ့ လျှို့ဝှက်နယ်မြေထဲကို ငါ နောက်တစ်ခေါက် ပြန်ပြီးရောက်ရ ဦးမှာပါလား"

ယာမာဂူချိ၏ ရင်များပင် တဒိတ်ဒိတ်နှင့် ခုန်လာပါ၏။ ထူးဆန်း ထောက်ကြမှာသည့် ယာမာဂူချိစံအား ရွှေကြာဖိနပ်မက်လမ်းကြောင်း ပေါ်သို့ မရောက်ရောက်အောင် တွန်းပို့ပေးလိုက်သည့်သို့ ...။

သို့သော် ခါချဉ်ကောင်မာန်ကြီးကာ တောင်ကြီးမြို့မည်ကြီးရယ် နေသော်လည်း လက်တွေ့ပစ္စုပ္ပန်အခြေအနေမှာမူ အင်အားပြတ်လပ်၍ ကြာရှည်လေးမြင့်စွာပင် မတတ်တတ်မရပ်နိုင်ရှာသည့် ယာမာဂူချိစံတင် ယောက် မျှော်လင့်ခြင်း၊ ဖိနပ်မက်ကမ္ဘာသို့တိုင် ရောက်ရှိနိုင်ပါမည်လော။

မြေထောက်မှ ဒဏ်ရာကြောင့် မကြာခဏ လဲပြိုကျသည့်ပြင် ဗိုက်ထဲတွင်၊ ခရီးမပေါက်နိုင်ခဲ့၊ သို့သော် ရွှာတစ်ရွာ ရှိရာသို့ ကယ်

www.burmeseclassic.com

www.burmeseclassic.com



စိုင်ရှစ်ဆိုစ်ယောက်ယောက်နှင့်များ တွေ့နိုင်လေမည်လားဟု...
အခဲတွေးတိုက်ကူးဖြင့် ချုံစောင်းကာ တရွေ့ရွေ့နှင့် ခရီးဆက်လာခဲ့ပါ...
တစ်ခုသော ညနေစောင်းတွင် မီးခိုးတလူလူနှင့် ယာတဲလေးတစ်လုံး...
တောင်ခါးပန်းတစ်ခုတွင် ယာမာကူမျိုးစုံ မြင်လိုက်ရသည်။

"ဟာ ... ဟိုမှာ ယာ ယာတဲလေးတစ်လုံး"

ထိုအချိန်တွင် ယာမာကူမျိုးစုံမှာ ခြေထောက်မှ သေနတ်...
ကြီးဖြင့် အများတကာ တုန်တုန်ယင်ယင် ဖြစ်နေပါ၏။ သူ၏ခို...
တွင် ဤကဲ့သို့သော မီးခိုးတလူလူ ထွက်နေသည့် ယာခင်းတဲလေး...
ပျံ့နှံ့ သုံးလေးနှစ်ခန့်က ကြုံတွေ့ခဲ့ဖူးသလိုလို မြင်ယောင်နေမိသည်...
ဟိုတိတ်တယ် ... ငါ ငါ ဒီလိုမြင်ကွင်းမျိုး ယာတဲလေး...
ဟိုးရှေ့နှစ်တွေ သုံးလေးနှစ်လောက်က ကြုံ ကြုံတွေ့ တွေ့ ...
ဟီး ဟီး ဟီး"

ယာမာကူမျိုးစုံတစ်ယောက် အမှုးအထဲကြောင့် ဝါးတော...
ပြေထောက်ရှုပင် ရပ်နိုင်တော့ဘဲ မြေရာတွင်ပုံပင် ဝုန်းခနဲ ပြိုကျသွား...
၏။ ထို့နောက် သည်တစ်ကြိမ် လဲကျသွားချိန်မှာတော့ ယာမာကူ...
တစ်ယောက် လုံးလုံးသတိလစ် မေ့မြောသွားခဲ့ပါတော့သည်။

☼

တစ်ရုပ်ပြီးတစ်ရုပ် ထပ်ဆင့်ကာ ရစ်ပိုက်ပတ်ရစ် ဝိုင်းနေသ...
တောင်ကြီးတောင်ငယ်များဖြင့် တောင်တံတိုင်း၊ အထပ်ထပ်ဖြင့်ပြီး...
မြန်မာပြည်၏ အနောက်ဘက်အစွန်ဆုံးသောဒေသဖြစ်သည့် ...
တောင်တန်းကြီးသည် နယ်ခြားမြို့ခြားအဝေးရှိ ...
အောက်တွင် ယိမ်းနွဲ့လှုပ်ရှားနေသကဲ့သို့ ... ။



ထို့ပြင် မြူနှင်းမှုန်များကြားဝယ် ပေါ်ချည်တစ်ခါ မြုပ်ချည်တစ်လှည့်ဖြင့် တစ်မျိုးတစ်ဘာသာလုပနေသည့် သဘာဝပန်းချီကားတစ်ချပ်အသွင်လည်း ဆောင်နေလေသည်သို့ ... ။ သို့သော် အနီးကပ်ကြည့်မည်ဆိုလျှင် ပြာမှိုင်းညို့ဆိုင်းနေသော သစ်တော ဝါးတောကြီးများ၊ တောင်စဉ်တောင်တန်း အဆင့်ဆင့်များနှင့် လျှိုမြောင်ချိုင့်ဝှမ်းရှုတ်ခွန် စိမ့်စမ်းများဖြင့် တမူထူးခြားစွာ လှပနေသည့် သဘာဝ ပန်းချီကားကြီးဖြစ်နေခြင်းကာ ချထားသည့်နယ်ပါတည်း။

တောင်ကြိုတောင်ကြားများအတွင်း ကတ်သီးကတ္တီးသတ်တောက်ကာကွေ့ကာ ဖောက်လုပ်ထားသည့် သေးငယ်လှသော ကူတစ်ကိုယ်စာလမ်းကလေးများက ရေးရေးမှုန်မှုန်နှင့် တောင်ကြား၊ တောင်ခါးပန်း၊ လျှိုမြောင်ချိုင့်ဝှမ်းများအတွင်း ကွေ့ကောက်စီးမျောနေသည့် ချောင်းလက်တက်ကလေးများနှင့် တွေ့မြင်နေကြရသည်။

ထိုမှန်ဝါးဝါးခရီးလမ်းကြောင်း ကောက်ကောက်ကွေ့ကွေ့တွင် တရွေ့ရွေ့နှင့် ခရီးနှင်နေကြသည့် ခရီးသွားတစ်စုကမူ ဆောင်းနှင်းသက်ကျန်နှင့် မြူငွေ့များကြားမှ ရည်မှန်းချက်ရှိရာသို့ ဦးတည်ကာ ဘိုးဝင်လျှောက်လှမ်းနေကြပါ၏။ ဆောင်းနှင်းလေတဟူးဟူး တိုက်ခတ်နေသဖြင့် နက်မှောင်ရှည်လျားသော ဆံနွယ်လေးများက လေထဲတွင် လွင့်ပျံမေ့မြောနေကြသလို ဖြူဝင်းသော အသားအရေတွင် ထူထဲသော မဲဆွယ်တာအင်္ကျီမွမွ ဘောင်းဘီရှည်အနက်နှင့် ကျောပိုးအိတ်တစ်လုံးကို လွယ်ကာ တောင်တက်ခရီးကို တရွေ့ရွေ့နှင်လျက်။

သူမ၏နောက်မှ ရစ်ချုပ်သွန်မဆင်က ဒသုံးမ (၃၅၇) မဂ္ဂနပ်ရိုင်ဖယ်သေနတ်တစ်လက်ကို ကိုင်ဆွဲလျက် အထမ်းသမားနှစ်ယောက်နှင့်အတူ လိုက်ပါလာပါ၏။ ရှေ့ဆုံးမှာတော့ ဒေါက်တာမင်းခေါင်နှင့် လမ်းပြမုဆိုး ဖိုးရွှေကျော်တို့က လက်နက်ကိုယ်စီနှင့် တောင်တက်ခရီးလမ်းကို နှင်နေကြပါ၏။ သူတို့အားလုံး မြန်မာပြည်နယ်စပ်နှင့် ဘင်္ဂလားနယ်စပ်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရှိ စစ်တကောင်းတောင်တန်းကြီးရှိရာသို့ ဦးတည်လျက် ခရီးနှင် နေကြခြင်းဖြစ်ပေသည်။

တဖြည်းဖြည်း တောတောင်ထူထပ် နက်ရှိုင်းလာသဖြင့် မျောက် ညီ၊ မျောက်နီနှင့် မျောက်လွှဲကျော်အုပ်များကို သစ်ပင်သစ်ကိုင်း ရှယ် ဖါန်းများကြားတွင် ခုန်လွှားဖြတ်သန်း ကူးလူးနေကြသည်ကိုလည်း ကောင်း၊ အုပ်လိုက်သင်းလိုက်ဖွဲ့၍ လှုပ်ရှားသွားလာနေကြသော တော ဆင်ရိုင်းအုပ်ကြီးများနှင့် ပြောင်အုပ်ကြီးများကလည်း၊ တော၏ ထူထပ် နက်ရှိုင်းမှုကို ညွှန်းဆိုဖော်ကျူးပြသနေကြသည်သို့ . . . ။

ဤတောင်ပေါ်သို့မတက်ခင် လွန်ခဲ့သော သုံးရက်ခန့်က တောင်ခြေတွင် သူတို့လူစု နားနေခိုက် မဟာမိတ်တို့၏ လေယာဉ်ပျံ သံနှင့် တဝုန်းဝုန်းမြည် ပုံကြဲတိုက်ခိုက်သံများကို ခပ်သဲ့သဲ့မျှ ကြားလိုက် ခဲ့ရသေးသည်။ ထိုစဉ်က အမှတ်မထင် ဒေါက်တာမင်းခေါင်၏ စိတ် ထဲတွင် ဂျပန်စစ်ဗိုလ် ယာမာဂူချိစ်ကို သတိရနေမိသေးသည်။

တကယ်တော့ သည်ခရီးစဉ်ကို ယာမာဂူချိစ် အစဖော်ပေး သဖြင့် ဒေါက်တာဖြူနုမံ၊ ရစ်ချပ်သွန်မဆင်တို့နှင့် ပူးပေါင်းကာ အပြေး ခိုကြခြင်းပင်၊ ယခုတကယ်တမ်း (မြေပါတောင်ခရီးစဉ်) ထွက်လာခဲ့သော အချိန်မှာတော့ ယာမာဂူချိစ်တစ်ယောက် သူတို့နှင့်အတူ မလိုက်ပါနိုင်။ ဂျပန်လူမျိုး၊ ဂျပန်စစ်သားတစ်ယောက် ဖြစ်သော်လည်း စစ်ကို မုန်းတီးသူ တစ်ယောက်၊ ရိုးသားဖွင့်လင်းသူတစ်ယောက် ဖြစ်သည့်အပြင် နှစ်လို မင်ဖွယ်ကောင်းသောသူတစ်ယောက်လည်း ဖြစ်ပါချေ၏။

ယခုလိုအချိန်တွင် စစ်မှုထမ်းရေးဝါဒီ ယာမာဂူချိစ်တစ်ယောက် စစ်၏ အနိဋ္ဌာရုံအောက်တွင် ဘဝဆုံးပါးသွားခဲ့ပြီလား။ သို့တည်းမဟုတ် အန္တရာယ်ကြားမှ လွတ်မြောက်ကာ ဘေးရန်ကင်းသည့်အရပ်တွင် ရောက် ရှိနေသည်လားဆိုသည်ကိုတော့ ဘုရားသခင်မှတစ်ပါး မည်သူမျှ မသိနိုင် ပါချေပြီတည်း။



တဖြည်းဖြည်းမြင့်တက်လာသော တောင်စွယ်ခါးပန်းအတက် တွင် လမ်းမရှိတော့သဖြင့် လမ်းပြမုဆိုး ဖိုးရွှေကျော်က သူ၏ ဒူး လေးကြီးကို ပခုံးထက်တွင် ကွယ်လိုက်ပြီး ဓားမကိုင်စွဲကာ တောရှင်း၍ လမ်းထွင်ကာ ချီတက်ခဲ့ကြသည်။

ထို့ကြောင့် ဒေါက်တာမင်းခေါင်က သူ၏ ဒသသမ (၄၅၀) နှစ်လုံးပြူးရိုင်ဖယ်ကို သော့ဖွင့်ကာ သတိနှင့် ပတ်ဝန်းကျင်ကို မျက်ခြည် မပြတ် အကဲခတ်ရင်း လိုက်ပါလာပါ၏။ အန္တရာယ်ဆိုသည်က ပြော မရနိုင်။ အထူးသဖြင့် သူတို့မကျွမ်းဝင်သော နေရာစိမ်းစိမ်း၊ တော စိမ်းစိမ်းတွင် သတိထားနိုင်မှ တော်ကာကျမည် မဟုတ်ပါလား။

ဟုတ်သည် . . . ။ ရွာခံလမ်းပြမုဆိုး ဖိုးရွှေကျော်ပင် သည် တောင်ကြားတွင် အမဲမလိုက်ဝံ့။ တောကြမ်းသည်၊ နတ်ကြီးသည်ဆို၍ ရှောင်ရှားလေ့ရှိပါ၏။ ထို့ကြောင့် ရွာခံလမ်းပြမုဆိုး ဖိုးရွှေကျော်ပင် ခပ်ရွံ့ရွံ့။

မရွံ့၍ မဖြစ်၊ ဘိုးဖဲကွန်းပြောသလိုသာဆိုလျှင် ဘိုးသာခွန်းတို့ ညီအစ်ကို နတ်ကျားကြီး အလိုက်ခံရသည့်နယ်မြေကြီး ဖြစ်နေသည် မဟုတ်ပါလား။ သည်တော့ သည်နယ်မြေက ကွင်းပိုင်မောင်နှမ ပိုင် ဆိုင်သည့် တောဖြစ်သည်။ ကုလားစကားမပြောရ၊ မတ်တတ်ရပ်လျက် ကျင်ငယ်မစွန့်ရ၊ စကားကျယ်ကျယ်မပြောရ၊ ညစ်ညမ်းသောစကား မပြောရ စသည့် ပညတ်ချက်များဖြင့် လုံးဝအမှားမခံသည့် နယ်မြေတစ်ခု ဖြစ်ပါ၏။

ထို့ကြောင့် လမ်းပြမုဆိုး ဖိုးရွှေကျော်မှာ မလိုအပ်ဘဲ စကား အပိုမပြော၊ ခရီးတွင်ရေးကိုသာ ဦးစားပေးသည်။ ဤသို့ဖြင့် တစ်နေ ဝင်၊ တစ်နေထွက် ခရီးဆက်ခဲ့ကြရာမှ တစ်ခုသောနံနက်ခင်းတွင် တောင် ခါးပန်းစောင်းတစ်နေရာ၌ မီးခိုးတလူလူနှင့် ယာတဲငယ်တစ်လုံးကို အတော်ဝေးဝေးမှ လှမ်း၍ တွေ့မြင်လိုက်ကြပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှူး ... မိုးရွှေကျော်၊ ဟိုတောင်ခါးပန်းစောင်းမှာ ယာတဲလေး တစ်လုံးတွေ့တယ်"

မိုးရွှေကျော်မှာ တစ်ဖက်တောင်စောင်းသို့ ကြည့်နေရာမှ ဒေါက်တာမင်းခေါင်၏စကားသံကြောင့် လှည့်၍ ကြည့်လိုက်သည် ဖြစ်သည်။ မီးခိုးငွေ့များ ယှက်သန်းနေသည့် ယာတဲယယ်လေးတစ်လုံး ကို သူတို့အားလုံး တွေ့မြင်လိုက်ကြရပါ၏။

"ဪ ... ဒါ တောင်ရိုး မိသားစုတွေရဲ့ တောင်ယာတဲ ပဲ။ ဒီလိုမျိုးတဲလေးတွေက တောင်ကြား တောင်ခါးပန်းတွေမှာ တစ်လုံး နှစ်လုံးစ တွေ့ရတတ်တယ် ဆရာကြီး"

"ဪ ... ဒီလိုမျိုးတွေလည်း ရှိတတ်တာပကိုး"

"ဟုတ်တယ် ဒေါက်တာ၊ ကျွန်မတို့ ဒေသအခေါ်အရတော့ တောင်ရိုးလူမျိုးတွေလို့ ခေါ်ကြတယ်၊ သူတို့မိသားစုလေးတွေနဲ့အတူ အခုလိုတောင်ကြားတွေ၊ တောင်ခါးပန်းတွေမှာ တောင်ယာလုပ်ပြီး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ စားသောက်နေထိုင်လေ့ရှိကြတယ် ဒေါက်တာ"

ဒေါက်တာဖြူနဖက ဒေါက်တာမင်းခေါင်အနီးသို့ လျှောက်လာပြီး တောင်ရိုး တို့၏ နေထိုင်စားသောက်ပုံကို ရှင်းလင်းပြောပြနေပါ၏။ ထို့နောက် ဒေါက်တာဖြူနဖနှင့် မိုးရွှေကျော်တို့ ဦးဆောင်၍ တောင်ခါးပန်းမှ မီးခိုးတလူလူ ထွက်နေသည့် ယာတဲရှိရာသို့ တိုးဝင်လာခဲ့ကြပါတော့သည်။ ထိုအချိန်တွင် ...

* * *

## အခန်း (၂၀)

## ပျောက်သောလမ်းမှ ပြန်လာသူများ

ထိုအချိန်တွင် ...

"ဟိုက် အားရိုက်တော့ ဂိုဖိုင်းမစ် (ကျေးဇူးအထူးတင်ပါတယ်) ဦးတို့ရယ်။ ကျွန်တော့်ရဲ့အသက်ကို ကယ်ခဲ့တာ နှစ်ကြိမ် နှစ်ခါတောင် ရှိတော့ ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူး ခင်ဗျာ"

တိုက်ဆိုင်မှုဟုဆိုရလေမည်လား သို့တည်းမဟုတ် ကံကြမ္မာ ကလှည့်ဆရာကြီး၏ မယုံကြည်နိုင်ဖွယ် ပဉ္စလက်မြှောက်တစ်ခုလေ ဟုဆိုရမည်လား။ ဤယာတဲယယ်လေးမှ တောင်ရိုးလူမျိုးမိသားစုသည် လွန်ခဲ့သော သုံးလေးနှစ်ခန့်က ဦးယာမာဂူချီ၏အသက်ကို ဤယာတဲလေး အတွင်း ကယ်တင်ပေးခဲ့ဖူးသေးပါ၏။ ထိုစဉ်က လှေယာဉ်ပျက်ကျခဲ့စဉ် ဦးသည် ရာသွားနေရင်းမှ အင်တင်တင်အဖြစ်ပြတ်ဖြစ်နေခဲ့ရာမှ ယခု တောင်ရိုးလူမျိုးမိသားစုများနှင့်တွေ့ကာ ကျေးဇူးပြုကာ ကယ်တင်ပေးခဲ့သဖြင့် တောနက်ထဲတွင် ခွေးသေတကေ မသေဆုံးခဲ့ခြင်းဖြစ်သည်။

ယခု ဒုတိယအကြိမ် မြေတောက်တွင် သေနတ်ဒဏ်ရာကြီးနှင့် မျှော်တက်ကာ တောင်ယာတဲတွင် သတိလစ်လဲကျနေသည့် ယာမာဂူချီကို တွေ့ရှိကာ ကယ်တင်ပေးခဲ့ရပြန်သည် မဟုတ်ပါလား။

ခုသည်မှာ အိမ်မှုရေးငြိမ်းခြင်း ဖြစ်သည်။ သူတို့တွင် အသက်နှစ်ဆယ်ကျော်ခန့် သားတစ်ယောက်နှင့် ဆယ့်ငါးနှစ်သမီးအရွယ် သမီးပျိုတစ်ယောက်လည်း ရှိကြသည်။

စိတ်ရင်းသဘောထား ဖြူစင်သလောက် ရိုးသားပွင့်လင်းပြီး အထူးသဖြင့် လောဘ၊ ဒေါသ၊ မောဟစိတ် နည်းပါးကြသည်။ ယာမှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်သော စပါးကို ဆုံနှင့်ထောင်းကာ ဆန်ဖွပ်သည်။ ဓိုက်ခင်းများမှ အသီးအနှံများနှင့် တစ်ခါတစ်ရံ ယာခင်းများကို လာရောက်ဖျက်ဆီးလေ့ရှိသော တောဝက်များကိုသာ ပစ်ခတ်စားသောက်လေ့ရှိကြသည်။

ယာမာဂူချိုစံမှာ ထိုယာတဲမှာပင် (၅) ရက်ခန့် သေနတ်ဒဏ်ရာကို ဆေးကုသရင်း သောင်တင်နေပါ၏။ အသီးအရွက်တချို့နှင့်ရော ကျိုထားသည့် ဆန်ပြုတ်ကြောင့် ယာမာဂူချိုစံမှာ အားအင်များ ပြန်လည် ပြည့်ဖြိုးလာသည်။ ဖိုးမှုရောင်းကိုယ်တိုင် သုတ်ခြေသလုံးမှ ဒဏ်ရာကို ဆေးရွက်များစည်း၍ ဂရုတစိုက် ပြုစုကုသပေးသဖြင့် ဒဏ်ရာမှာ သက်သာပျောက်ကင်းစပင် ပြုနေပါပြီ။

ယာမာဂူချိုစံမှာ ဒဏ်ရာသက်သာပျောက်ကင်းသည့်နှင့် ခု တွေ့ရှိခဲ့ရာ ရွှေကြာသိုက်ကြီး (မြေဝါတောင်) နှင့် မြန်မာကြီးများ နေထိုင်ကြသည့် သီးခြားကမ္ဘာသို့ သွားရောက်ရှာဖွေရန် ကြံစည်ထား၏။ ထိုအကြောင်းကို ဖိုးမှုရောင်းအား မေးမြန်းကြည့်မိတော့ ခေါင်းကို တွင်တွင်ခါယမ်းလျက် . . .

"အိုး . . . မသွားနဲ့ မသွားပါနဲ့၊ အဲဒီနေရာက မြေဝါတောင် ဘိုးဘိုးကြီးပိုင်တဲ့နယ်မြေ၊ အားကြီးကြမ်းတယ်၊ နောက်ပြီး ဟို ခေါင်း ဖြတ်တဲ့လူရိုင်းတချို့လည်း ရှိတယ်၊ နင် အဲဒီကိုမသွားရင် ကောင်းမယ်"

"အင်း . . . မသွားနဲ့ဆိုရင်လည်း မသွားပါဘူး ဖိုးမှုရယ်၊ ဟိုတစ် ခါ ပြေးရင်းလွှားရင်းနဲ့ ရောက်ခဲ့ဖူးလို့ အဲဒီနေရာက နည်းနည်း ထူးဆန်းတာကြောင့် ဖိုးမှုကို မေးကြည့်တာပါ"

"အေး . . . ဟုတ်တယ်၊ အင်မတန်ကြောက်စရာကောင်းတဲ့ နယ်မြေကြီးဟ၊ ငါတောင် တစ်ခါမျက်စိမှောက်ပြီး ရောက်သွားခဲ့သေး တယ်၊ အိုး . . . ဘာပြောကောင်းမလဲ၊ ငါ့တစ်ကိုယ်လုံး ဟို ဟို . . . နွှင်းတက်အရောင် ပြောင်းသွားတာ၊ အဲ အဲဒါနဲ့ ငါ မနည်းကြီး ထွက် ပြေးလာခဲ့ရတယ်၊ အေး . . . နင်လည်း အဲဒီနေရာကို ယောင်လို့တောင်



သွားနဲ့နော် ကောင်လေး"

လွှမ်းရှာရိုးအလှသော [illegible] ဖိုးမှုရောင်းပင် တည်း။ လူသားများ လွှမ်းရှာမက်မောသလောက် တန်ဖိုးထားကြရသည့် ရွှေမှုံရောင်စဉ်များဖြင့် လင်းလက်နေသည့်ရွှေနယ်မြေကို ကြောက်မက် ဖွယ်ရာ သတ္တဝါကြီးတစ်ကောင်ကဲ့သို့ စိုရိမ်ထိတ်လန့်နေသည်မှာ သူတို့ ၏ ရိုးသားဖြူစင်သလောက် ဗဟုသုတအားနည်းခြင်းများလေလားဟု ယာမာဂူချို တွေးနေမိပါလေ၏။

ဤသို့ဖြင့် (၆) ရက်မြောက် နံနက်ခင်းတစ်ခုမှာတော့ တောက်သားကင်နှင့် ဆန်ပြုတ်ကို နံနက်စာအာဟာရအဖြစ် ဝိုင်းဖွဲ့ကာ စားနေကြစဉ် မယ်ဖံ့မှုင့်၏ လက်ညှိုးညွှန်ပြမှုကြောင့် ယာတဲဆီသို့ လာနေကြသည့် လက်နက်ကိုင်တစ်စုကို မြူနှင်းမှုန်များကြားတွင် ခပ်ရေးရေး မြင်တွေ့လိုက်ရသည်။

"ဟား . . . ဟိုအဝေးလဲကောင်လေးရေ တဲဘက်ကို လူတစ်စု လာနေကြတယ်ဟ"

ဖိုးမှုရောင်း၏စကားသံကြောင့် ယာမာဂူချိုစံမှာ ဆန်ပြုတ် ပန်းကန်ကို ချကာ ဖျတ်ခနဲကြောင်တစ်ကောင်နှယ် ပြတင်းပေါက်အနီး သို့ ပြေးကပ်ကြည့်လိုက်သည်။

"ဟင် . . . ဟုတ်တယ်ဟ၊ လက်ထဲမှာ လက်နက်တွေနဲ့ဆို တော့ ဟို . . . မဟာမိတ်တစ်တွေလား။ တော်လှန်ရေးမဲ့ခော်တွေလား။ အို . . . ဘာပဲဖြစ်ဖြစ် ငါ့အတွက်တော့ အန္တရာယ်ဆိုတာ သေချာတယ်"

ဟုတ်သည် . . .။ မြူနှင်းဖွဲ့ဖွဲ့ကျနေသည့် မြင်ကွင်းထဲတွင် လက်နက်ကိုင်လေးငါးခြောက်ယောက်ခန့် ယာတဲရှိရာသို့ လျှောက်လာ ကြသည်ကို ယာမာဂူချို မြင်တွေ့လိုက်ရသဖြင့် ကိုယ်နှင့်မကွာ ဆောင် ထားသော ပစ္စတိုသေနတ်ကို ဖျတ်ခနဲ ဆွဲထုတ်လိုက်သည်။

"ဘာလုပ်မလို့လဲ ကောင်လေး . . . အခြေအနေ စောင့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဦးလေး၊ ငါတို့အတွက် အလကားနေရင်း အန္တရာယ်ဖြစ်နေမယ်''

သူ၏နောက်မှ ဒူးလေးကြီးတစ်လက် ကိုင်၍ ရောက်လာသည့် ဖိုးမူရောင်း၏စကားကြောင့် ယာမာဂူချီစံ၏ လှုပ်ရှားနေသောစိတ်သည် အနည်းငယ်တည်ငြိမ်သွားသည်သို့ ...။ အန္တရာယ်နှင့် စိန်ခြေပြုတတ်သော ကစားနေရသည့် ယာမာဂူချီစံအဖို့ သတိမလွှတ်ရန် လွန်စွာ အရေးကြီးသည် မဟုတ်ပါလား။

ထိုအချိန်တွင် ယာခင်းစပ်မှ လူတစ်စုသည် တစ်စုတစ်စ တဲနှင့် မနီးမဝေးသို့ပင် ရောက်ရှိလာကြပါချေပြီကော။ ထိုစဉ် မြတင်းဝအနီးတွင် ပစ္စတိုသေနတ်ကို အသင့်ချိန်ရွယ်လျက် ချောင်းမြောင်းကြည့်နေသည့် ယာမာဂူချီစံ၏ မျက်လုံးအစုံသည် ပြူးကျယ်သွားကြသည်။ ဖိုးနောက် လုံးဝ အံ့အားသင့်သွားသည့်မျက်နှာနှင့် နှုတ်မှ စကားသံ အချို့ ထွက်ကျသွားပြီး ပါးစပ်အဟောင်းသား ဖြစ်သွားပါတော့သည်။

''မာင် ... ဒေါက် ဒေါက် တာ ဖြူ နု ဖီ''

ထိုအချိန်တွင် တဲအပြင်မှ ခေါ်သံတချို့ ထွက်ပေါ်လာပါ၏။

''တဲရှင်တို့ တဲရှင်တို့ မရှိကြဘူးလား၊ တဲ ဟာ''

ဒေါက်တာဖြူနုဖီ၏ ခေါ်သံမှာ တစ်ပိုင်းတစ်စနှင့် ရပ်တန့်သွားပြီး တဲတံခါးဝတွင် ရုတ်တရက် ဘွားခနဲ မားမားကြီးပေါ်လာသည့် ဂျပန်စစ်ဝတ်စုံ အစုတ်အပြဲနှင့် ဂျပန်စစ်သား၏မျက်နှာကို ငေးကြောင် ကာ ကြည့်နေမိပါလေ၏။ အတန်ကြာမှ ...

''ဟင် ... ရှင် ရှင် ဟို ဟို ... ယာ မာ ဂူချီ စံ''

''ဟုတ်ပါတယ် ဒေါက်တာဖြူနုဖီ၊ ကျွန်တော် ယာမာဂူချီစံ ပါ။ လိုအပ်တဲ့အကူအညီကိုပြောပါ [တာဘှုဒိုင်းမ(စ်)]၊ ကူညီပါ့မယ် ဒေါက်တာ''

ပထမတော့ ဒေါက်တာဖြူနုဖီတို့အားလုံး အံ့သြမှင်တက်သွား ကြသည်။ နောက်မှ ဒေါက်တာဖြူနုဖီက အရင်ဦးဆုံး အသိဝင်လာ



သို့ အပြေးကလေး ဝင်ရောက်လာကာ ...

''အိုး ... တကယ် တကယ်ပဲ ယာမာဂူချီစံ ဖြစ်နေတာကိုး။ ... နေပါဦး ... ဘယ်လိုက ဘယ်လိုဖြစ်ပြီး ဒီနေရာကို ရောက်နေရ တာလဲဟင်''

''ဟုတ်တယ် ယာမာဂူချီစံ၊ ကျွန်တော်တောင် ရုတ်တရက် ဘယ်ကဂျပန်စစ်သားလဲဆိုပြီး သေနတ်မောင်းကွင်းတောင် ဆွဲမလို့ ဖြစ်နေပြီ''

ရစ်ချပ်သွန်မဆင်က သူ၏မြန်မာသံဝဲဝဲကြီးဖြင့် စကားကို လေးလေးပင်ပင်ပြောဆိုကာ ယာတဲတံခါးဝဆီသို့ လျှောက်လာပါ၏။ ဒေါက်တာမင်းခေါင်ကမူ စုတ်ပြဲပြဲတီသတီနေသည့် ယာမာဂူချီစံ၏ ဂျပန်စစ်ဝတ်စုံနှင့် ညာဘက်ခြေသလုံးမှ ပတ်တီးညိုညိုကိုကြည့်ကာ တစ်စုံတစ်ရာကို တွေးတောနေသည်သို့ ...။

ထိုစဉ် ယာမာဂူချီစံ၏နောက်ဘက်မှ ဒူးလေးကြီးကို တွဲ ယောင်းချကာ ထွက်လာသည့် တောင်ရိုးလူမျိုးသားကြီးတို့ပါ တွေ့မြင် လိုက်ရသည်နှင့် ဒေါက်တာမင်းခေါင် သဘောပေါက်နားလည်သွား သည်ထင့် ...။

''ဘယ်လိုဖြစ်တာလဲ ယာမာဂူချီစံ၊ ကေန္တ ဂျပန်စစ်ကြောင်း ကြီးဖြတ်အတိုက်ခံရလို့ ထွက်ပြေးလာခဲ့ရင်း ရခိုင်ရိုးမနဲ့လည်း မဝေး တာကြောင့် တစ်ယောက်တည်း စွန့်စွန့်စားစား ခွဲထွက်ပြီး (မြေဝါ တောင်) ကို ရှာမလို့လား ယာမာဂူချီစံ''

''ဟင်၊ ဟင်၊ ဟင်၊ ... ဒေါက်တာကတော့ တော်တယ်ဗျာ၊ ဆိုလိုရင်းကို တစ်ခါတည်း တန်းပြီး ပြောချလိုက်တာပဲနော်၊ ဒါပေမဲ့ ဒေါက်တာ့ရဲ့ အယူအဆ သီအိုရီက တစ်ဝက်မှန်ပြီး တစ်ဝက်မှား တယ်၊ ကိုင်း လာ ... တဲထဲကို ဝင်ကြပြီး ထောတဖြတ် နားကြည်းပေါ့ ပြီး ကျွန်တော်ရဲ့အဖြစ်အပျက်ကို သေချာပြောပြမယ်၊ ခြောက်နှစ်မှ ရောင်

www.burmeseclassic.com

www.burmeseclassic.com



...ဒါ ဒါ ကျွန်တော်နဲ့တစ်ဖွဲ့တည်းသားတွေပဲ၊ လမ်းမှားပြီး ရှုချ ကွဲသွားကြလို့ အခုမှပဲ ပြန်တွေ့ကြရတာပါ"

ယာမာဂူချိစ်မှာ ယာတဲ့ရှင် ဖိုးမှုရောင်းတို့သားစုနှင့် ဒေါက်တာ မင်းခေါင်တို့ကို မိတ်ဆက်ပေးလိုက်ရင်း စကားကို မယုတ်မလျှော့ အ ပေးပြောဆိုလိုက်သည်။

ဤသို့ဖြင့် ဒေါက်တာမင်းခေါင်တို့လူစုပ်၊ ဖိုးမှုရောင်းတော်တဲ့တွင် ခေတ္တယာယီ နိုနားရင်း ယာမာဂူချိစ်က သူကြုံတွေ့ ကြံစားခဲ့ရသည့် အဖြစ်အပျက်များကို ခရေစေ့တွင်းကျ ပြောပြနေပါတော့ သည်။ ကြုံတောင့်ကြုံခဲသော တိုက်ဆိုင်မှုဖြစ်ရပ်များသည် တစ်စုံတစ် သော အရာတစ်ခုနှင့် ထိတွေ့ခွင့်ရရှိစေရန် ကံကြမ္မာဇာတ်ဆရာ လှည့်ပတ်ဖန်ခါ ငင်လာခဲ့လေသည်လားဟု ...။

မည်သို့ပင်ဖြစ်စေ ကာယကံရှင်ဖြစ်သူ "ယာမာဂူချိစ်" က သူ နှစ်စဉ်အိပ်မက်ထဲတွင်ပင် ယောင်ယမ်းတမ်းတနေသည့် "ရွှေ တောင်နယ်မြေ" နှင့် လျှို့ဝှက်သီးခြားကမ္ဘာမှ မြန်မာကြီးများရှိရာ သွားရောက်မည့်ခရီးစဉ်အတွက် မယုံကြည်နိုင်ဖွယ် တိုက်ဆိုင်လှ သော ကံကြမ္မာကိုသာ အံ့သြနေမိပါချေပြီတည်း။

## အခန်း (၂၁)
## စစ်တကောင်းတောင်ကြောမှ သီးခြားကမ္ဘာတစ်ခု

တောင်နိုးနှင့်တိမ်၊ ရောယှက်လိမ်လျက်၊
တိမ်နှင့်တောင်နိုး တောင်ကိုမိုး၍

ဆိုသည့်ကဗျာ စာချိုးတစ်ပုဒ်ကဲ့သို့ ငွေနှင်းမြူတိမ်နှင့် တောင် တို့က တွေးလုံးရစ်ပတ်ကာ စစ်တကောင်းတောင်တန်းတစ်ခွင်လုံးအား မြုံရစ်သိုင်းထားကြသည်သို့ ...။

အိပ်တန်းတက်စ တောကြက်ဖတို့၏ အချီအချ တွန်ကျူးသံမှာ က်ခင်းနေခြည်နွေးနွေးအောက်တွင် ကြားရသူတို့၏ စိတ်နှလုံးကို ည်နူးစေပါ၏။ မျောက်ညိုအုပ်များသည် ဒေါက်တာမင်းခေါင်တို့၏ ကားပြောသံ၊ ချုံတိုးသံများကြောင့် အလန့်တကြားနှင့် သစ်ပင်၊ သစ် ကိုင်း နွယ်ဖန်းများပေါ်မှ ဖြတ်ကျော်ပြေးလွှားရင်း၊ တောမြိုင်နက်ကြီး တွင်းသို့ စုန်လွှားပုန်းရှောင်သွားကြသည်။

တောတောင်ထူထပ်သော ဒေသဖြစ်သဖြင့် တပေါင်းလကုန် လတိုင် မြူနှင်းများက ခပ်ပါးပါးမျှ ဝေ့ဝဲကျဆင်းနေဆဲဖြစ်ပါ၏။ မ်းပြမှဆိုးဖိုးရွှေကျော်က ဖိုးမှုရောင်း၊ လမ်းညွှန်လိုက် သွဲ့အတိုင်း အနောက်မှုးစူးသို့ တောချုံများကိုရှင်းလင်း၍ ချီတက် သည်။

နှင်းမြူတချို့ ဝိုင်းဖွတ်နေသော လမ်းကြောင်းတွင် သားကောင် ၏ ခြေရာအချို့ကို လတ်လတ်ဆတ်ဆတ် ထင်ရှားစွာ တွေ့မြင် ရပါ၏။ တစ်လက်မခန့်ရှိသော ကျိုခြေရာ၊ လက်မဖက်ရည်ပန်း ကို မှောက်၍ထားသလို ဖိုးခက်ခက်ဖြစ်နေသည့် တော

www.burmeseclassic.com

www.burmeseclassic.com



ခြေရာများ၊ သုံးလက်မ လေးလက်မခန့် အကျယ်အဝန်းရှိ အဖျား ချွန်နေသော ဆတ်ခြေရာများတွင် တစ်ချို့တစ်ချို့ သစ်ဆင်ကြီးများ ခြေရာနှင့် ကျားခြေရာကွက်ကြီးများကိုပါ တွေ့နေရသည်။

''သတိထား ဆရာကြီး၊ မော်ဒီမြောင်ခြေရာဟာ မှောင် လေးကတင် လမ်းကိုဖြတ်ကူးသွားတာဗျ။ နင်းထားတဲ့ မြက်ပင်တွေ တောင် မညိုးသေးဘူး။ ကြည့်ရတာ ''ထီးဂေါင်း'' နဲ့တူတယ်''

''ထီးဂေါင်း'' ဆိုသည်မှာ မြောင်အုပ်ထဲမှ သင်းကွဲနေသော မြောင်ထီးကြီးကို ဆိုလိုခြင်းဖြစ်သည်။ ဒေါက်တာမင်းခေါင်တို့လူစု နိမ့်ချော်၊ မြင့်ချော် ပြေးနေသည့် စစ်တကောင်းတောင်တန်းကြီး အနောက်ဘက်ခြမ်းကို နင်းကာတက်နေကြခြင်းဖြစ်သည်။

''တောင်ရိုးလူကြီးပြောတဲ့အတိုင်းဆိုရင် ရှေ့နှစ်မိုင်သာသာ လောက်မှာ ပထမကျောက်တံခါးကြီးကို တွေ့ရမယ် ဆရာကြီး။ ဘွက်ကတော့ သိမ်နက်လာပြီ၊ တောဖကောင်ကြီးတွေရှန်နဲ့ ဟို ခေါင်းဖြတ်လူရိုင်းကောင်တွေကို သတိထားရမယ် ဆရာကြီး''

ဝဲယာရှေ့နောက် မျက်စိရှင်ရှင်နှင့်ကြည့်ရင်း လမ်းပြကြီး ဒေါက်တာမင်းခေါင်အား ပြောဆိုခြင်းဖြစ်သည်။ ဒေါက်တာမင်းခေါင် မှတစ်ဆင့် နောက်မှ အဖွဲ့အား ထပ်မံ၍ သတိပေးမှာကြားလိုက်ပါ နေက အတော်ကလေး အရှိန်တက်လာသည်။ တောတစ်ပိုင်း နွတ်ပါ သည်။ တော်တော်လေးပြင်းပြင်းထန်ထန် ချီတက်လိုက်သည့်နှင့် နာရီနီးပါးခန့်အကြာတွင် ထီးထီးမားမား ကျောက်ဖျာကြီးတစ်ခု တော တောင်မတ်မတ်ကြီး ကာဆီးထားသည်ကို တွေ့မြင်လိုက်ကြရသည်။

''အဲဒါပဲ ဆရာကြီး၊ ဟို မိုးမှုရောင်းပြောလိုက်တဲ့ ကျောက် တံခါးဆိုတာပေါ့၊ ဒါဟာ ပထမကျောက်တံခါးကြီးပဲဖြစ်မယ်''

လေယာဉ်ယစ်ထဲတွင် တံခါးကြီးတစ်ချပ် တောင်မတ်ထားသလို မြင်လိုက်ရသဖြင့် ဒေါက်တာမင်းခေါင်တို့လူစု ခြေလှမ်းများ



ထက်လာကြသည်။ ထိုအခိုက် ရစ်ချုပ်ကြီးက သူ၏ နှစ်လုံးပြူးသေနတ် ကို လက်တစ်ဖက် သစ်ပင်အုပ်ဆီသို့ အသာထိုးချိန်ကာ မောင်းဖြုတ်ချ လိုက်သည်။

'ဒိန်း'

ဒေါက်တာမင်းခေါင် သေနတ်သံကြောင့် လှည့်၍ကြည့်လိုက် ချိန်တွင် အမြီးရှည်ရှည်နှင့် ပျံတက်သွားသည့် ဒေါင်းကြီးတစ်ကောင် ထွင်းယစ်၍ ကျလာသည်ကို တွေ့လိုက်ရသည်။ ထိုစဉ်မှာပင် နောက်ထပ် သေနတ်သံတစ်ချက် ထွက်လာပြီး အားယူ၍ ပျံသန်းအံ့ဆဲဆဲ ဒေါင်းကြီး တစ်ကောင် ဝေါခနဲ ပြုတ်ကျလာပြန်ပါ၏။

''အာ . . . ဟုတ်သဟ၊ ဒေါင်းကြီးနှစ်ကောင် တစ်ချီတည်း ဆန်းရတာပဲဟေ့''

လမ်းပြကြီးဖိုးရွှေကျော်က ဝမ်းသာအားရပြောဆိုရင်း ရစ်ချုပ် သွန်မထင် ပစ်ထည့်လိုက်သည့် ဒေါင်းကြီးနှစ်ကောင်ကို အမ်းအရ ပြေး၍ ကောက်ယူလိုက်သည်။

''အင်း . . . ကောင်းပါလေ့ရစ်ချုပ်ကြီးရယ်၊ ကနေ့ညနေစာ အတွက်ကတော့ ဒေါင်းသားနဲ့ ကောင်းကောင်းစားရပြီပေါ့''

ယာမာဂုချီစံက ဖိုးရွှေကျော် ကောက်ယူလာသည့် ဒေါင်းကြီး နှစ်ကောင်ကိုကြည့်ကာ ရစ်ချုပ်သွန်မဆင်အား ကောင်းချီးသြဘာပေး လိုက်ပါ၏။

ထိုစဉ်မှာပင် လမ်းတစ်ဖက်ရှိ လျှိုကြီးထဲမှ တဝေါဝေါ ပြေး လွှားသွားသော ခြေသံများ၊ ချိုတိုးသံကြီးများက တဝုန်းဝုန်းနှင့် ဆူညံစွာ ထွက်ပေါ်လာကြသည်၊ အကောင်အထည်ကိုကား မမြင်တွေ့ရ၊ လမ်းပြ ကြီးဖိုးရွှေကျော်က ထိုအသံများကို နားစွင့်ထောင်လိုက်ရင်း . . .

''တောဝက်အုပ်တွေ ဆရာကြီး၊ သားကောင်ကြီးတွေရဲ့ခြေသံ လည်းပါတယ်၊ ကျုပ်အထင် စောစောက တွေ့လိုက်ရတဲ့ခြေရာရှင်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်ထီးကြီးဖြစ်ဖို့များတယ်''

ထို့နောက်မှာတော့ နီးကပ်စွာ မြင်တွေ့လိုက်ရပြီဖြစ်သည့် ကျောက်တံခါးကြီးဆီသို့ ခပ်သွက်သွက် တက်လာခဲ့ကြသည်။ မကြာ သစ်ပင်ချုံနွယ်တောင်ကြားများအလယ်တွင် ထီးထီးမားမားကြီး ထော မတ်နေသည့် ကျောက်တံခါးကြီးရှေ့မှောက်သို့ ဒေါက်တာမင်းခေါင် လူစု ရောက်ရှိလာခဲ့ကြပါ၏။

ကျောက်တံခါးကြီးသည် လေးထောင့်မကျတကျ ရှည်မျော မျောနှင့် အကျယ်အဝန်းပေမှာ (၂၅၀) ပေခန့်ရှိပြီး အောက်ခြေ အကျယ် ပေငါးဆယ်၌ သဘာဝအလျောက် ဖြစ်တည်နေသော အပေါက်ကြီးတစ်ပေါက် တွေ့ရသည်။ ကျောက်တံခါးကြီး၏ ထုအ မှာ ပေ (၃၀) ခန့် ရှိပေလိမ့်မည်။

''အင်း . . . သဘာဝအလျောက် ဖြစ်တည်နေတဲ့ ကျောက်သ ထုကြီးဟာ တကယ့်ကို အံ့သြစရာကောင်းတာပဲ''

ရစ်ချပ်သွန်မဆင်နှင့် ယာမာဂူချီစံတို့က ကျောက်တံခါးကြီး ကျောက်သားအစအနတချို့ကို ဖဲ့ကာ ကြည့်ရှုစစ်ဆေးနေကြသည် ဒေါက်တာဖြူနုဖံက သူ၏ကင်မရာလေးနှင့် ကျောက်တံခါးကြီး ဓာတ်ပုံရိုက်နေပါ၏။

ထိုနေ့အဖို့ နံနက်စာကို ကျောက်တံခါးကြီးအနီးတွင် ေ သောက်လိုက်ကြသည်။ ကျောက်တံခါးကြီးတစ်ဖက်တွင် ကျောက် ကျောက်ကြားမှ စီးကျနေသည့် ကျောက်စက်ရေများက ရေကန်တ နယ် ဖြစ်တည်လျက် ရှိနေပါ၏။

သို့သော် ဒေါက်တာမင်းခေါင်၏စိတ်တွင် ထူးထူးခြားခြား ထိ ဆိတ်ငြိမ်သက်နေသည့် တောကြီးကို မနှစ်သက်သလို ခံစားနေရသ သို့။ ဒေါက်တာမင်းခေါင်နည်းတူပင် လမ်းပြကြီးဖိုးရွှေကျော်ကလည် ပတ်ဝန်းကျင်တစ်ဝိုက်အား လှည့်၍ကြည့်ရှုနေသည်ကို မြင်တွေ့နေရ



ထိုစဉ် တောင်ထိပ်တစ်နေရာဆီမှ ရိပ်ခနဲ လှုပ်ရှားမှုတစ်ခုကို ဒေါက်တာမင်းခေါင် မြင်တွေ့လိုက်ရသဖြင့် လည်ပင်းတွင် ဆွဲထားသည့် နှန်ပြောင်းနှင့် တောင်ထိပ်တစ်လျှောက်သို့ လိုက်လံကြည့်လိုက်သည်။

တောင်ထိပ်တစ်နေရာတွင် ကျောက်တုံးကြီးများနောက်မှ လုံ ညှိကိုင် ရန်သူတစ်စုကိုတွေ့လိုက်ရသည်။ ထိုစဉ် မှန်ပြောင်းမြင်ကွင်း ထဲတွင် တလှုပ်လှုပ်နှင့် ယိမ်းထိုးနေသည့် ကျောက်တုံးကြီးငယ်များကို တွေ့မြင်လိုက်ရသဖြင့် ဒေါက်တာမင်းခေါင် ထိတ်ခနဲ ဖြစ်သွားစဉ် . . .

''ဟာ ယာမာဂူချီစံ . . . ရစ်ချပ် . . . သတိထားဟေ့''

'ဝေါ ဝုန်း . . ဒလိန်း ကျိမ်း ဝုန်း'

ဒေါက်တာမင်းခေါင် ဟစ်အော်သတိပေးနေဆဲမှာပင် တောင် ထိပ်ဆီမှ ကျောက်တုံးကြီးငယ်များက ယာမာဂူချီစံနှင့် ဒေါက်တာဖြူနု ခံတို့ရှိရာ တောင်ခါးပန်းဆီသို့ တဝုန်းဝုန်းနှင့် လိမ့်ဆင်းကျလာကြသည် ကို ထိတ်လန့်တကြားတွေ့မြင်လိုက်ကြရသည်။

''ဟား . . . ကျောက် ကျောက်တုံးကြီးတွေ ကျလာတယ်ဟေ့ ပြေး ပြေး . . . တောင်ခြေကို ပြေးကပ်ကြ''

''ဟာ အိုး . . . အောင်မယ်လေး''

'ဝုန်း ဝေါ ဝေါ ဖျော ဒလိန်း ဝုန်း'

ဒေါက်တာမင်းခေါင်၏ အချိန်မီသတိပေးသံကြောင့် ဒေါက် တာဖြူနုဖံတို့အားလုံး တောင်ခြေရင်းရှိ ကျောက်နံရံကြီးတက်သို့ ကမျာ ကရာ ပြေးဝင်၍ ကပ်နေကြသည်။ တစ်ချိန်တည်းမှာပင် ကြီးမားလှသော ကျောက်တုံးကြီးငယ်များက တောင်ထိပ်မှနေ၍ တဝုန်းဝုန်းနှင့် လိမ့်ဆင်း ပြုတ်ကျလာကြပါတော့သည်။ အကယ်၍သာ စောစောက သူတို့ ဝိုင်းဖွဲ့ စားသောက်နေကြသည့်နေရာတွင်သာ ဆက်လက်၍ ရှိနေကြဦးမည်ဆို လျှင် ပြုတ်ကျလာသည့် ကျောက်တုံးကြီးများ၏အန္တရာယ်နှင့် မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ပါချေ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ကျောက်တုံးပြိုကျသံများ တိတ်ဆိတ်ငြိမ်သက်သွားကြသည်။ ပထမဆုံး မြေဝါတောင်ခရီးအတွက် အစောဆုံးရောက်ရှိလာသော အန္တရာယ်တစ်ခုပင် ဖြစ်သည်။

"အင်း . . . ဒါ ဒါ ဟိုလူရိုင်းကောင်တွေရဲ့ ကျောက်မောင်းဆင်တိုက်ခိုက်တာ ဖြစ်နိုင်တယ် ဆရာကြီး၊ ဒီကောင်တွေက လူသားတွေကို တောတွင်းတိရစ္ဆာန်တစ်ကောင်လို သဘောထားပြီး ထောင်ချောက်တွေ၊ သတ်ကွင်းတွေနဲ့ ထောင်ပြီးဖမ်းလေ့ရှိတယ် နော"

"ဒီလိုဆိုရင် စောစောက တောင်ထိပ်ပိုင်းမှာ ကျွန်တော်တွေ့လိုက်ရတဲ့ လူရိပ်တချို့ဟာ အဲဒီလူရိုင်းကောင်တွေများလား လမ်းပြကြီး"

"ဖြစ်နိုင်တယ် ဆရာကြီး၊ စောစောပိုင်းက ဟိုဆရာကြီး ပ... လိုက်တဲ့ သေနတ်သံနှစ်ချက်ကြောင့် အဲဒီလူရိုင်းကောင်တွေ ကျွ... တို့ကို ခြေရာခံမိသွားကြတာ"

ဒေါက်တာမင်းခေါင်မှာ လမ်းပြကြီးဖိုးရွှေကျော်၏စကား... ကြောင့် စဉ်းစားဟန်ပြုနေပါ၏။ ထိုအခိုက်သူတို့အနီးသို့ ယာမာဂူ... နှင့် ဒေါက်တာဖြူနုဖတို့ အားလုံး ရောက်ရှိလာကြသည်။ သူတို့ အား... စောစောက ကျောက်တုံးများ ပြုတ်ကျလာမှုကြောင့် အနည်း ငယ်... စိတ်လှုပ်ရှားနေကြသည်သို့။

"ဟုတ်တယ် ရစ်ချပ်ကြီးရေ၊ အခုချိန်ကစပြီး သေနတ်သံ... မလိုအပ်ရင် မထွက်စေနဲ့တော့ဗျာ၊ ရိက္ခာအတွက် ရတာမှန်ပေမယ့်... အန္တရာယ်ကို လက်ယပ်ခေါ်သလို ဖြစ်နေတယ်၊ အခု ဒုတိယမြော... ကျောက်တံခါးကြီးဆီကို ချီတက်ကြမယ်၊ အားလုံး အထူးသတိဝိ... ထားကြပါ"

"ခဏနေဦး ဒေါက်တာ . . . ကျွန်တော် လမ်းကြောင်းတချို့... ပြန်ပြီး သတိရလာတယ်၊ ဟုတ်တယ် . . . ဟောဒီ ကျောက်တံခါးကြီး... နေ အနောက်မြောက်ဘက်ကို တည့်တည့်သွားရင် ဟို ဟို . . . မြ...



ကြီးတွေရှိတဲ့နေရာကို ရောက်နိုင်တယ်၊ ဟောဟိုကွေ့က ကျောက်အမိုးပြားကြီးအောက်မှာ ကျွန်တော် တစ်ညအိပ်ခဲ့ရသေးတာ အမှတ်ရလာတယ်"

ယာမာဂူချီစံတစ်ယောက် လွန်ခဲ့သော လေးနှစ်ကျော်ကာလများဆီက လေယာဉ်ပျံပျက်ကျကာ အမှတ်မထင် ရောက်ရှိလာခဲ့သည့် နယ်မြေအတွင်းမှ နေရာတချို့ကို တရေးရေးနှင့် ပြန်လည်မြင်ယောင်လာမိခဲ့ခြင်းဖြစ်သည်။

"ဘယ်လိုလဲလမ်းပြကြီး . . . ယာမာဂူချီစံပြောတာနဲ့ ဖိုးမှုရောင်းပြောလိုက်တာ နီးစပ်မှုရှိရဲ့လား"

"ဖြစ်နိုင်တယ် ဆရာကြီး၊ ဒါပေမဲ့ အဲဒါ ဟို . . . ဖြူနု ပြောပြောနေတဲ့ "ရွှေမျက်နှာရှင်သခင်မ" ရဲ့ နယ်မြေဖြစ်မယ်ထင်တယ် ဆရာကြီး၊ ငါကြားဖူးတာကတော့ ရွှေမျက်နှာရှင်သခင်မရဲ့ သီးခြားကမ္ဘာဟာ အဝင်သာရှိပြီး အထွက်မရှိဘူးလို့ ကြားတယ်နော"

"အဲဒါက လောဘသားတွေအတွက် ပြောတာပ၊ ဖိုးရွှေကျော်၊ ကျွန်မတို့ကို လိုအပ်တဲ့အကူအညီပေးဖို့ ရောက်လာကြတဲ့ သူတွေကိုတော့ ရွှေမျက်နှာရှင်သခင်မ နားလည်ပေးနိုင်ပါလိမ့်မယ်၊ တကယ်ဆို သူတို့က ကျွန်မတို့ရဲ့ ပြည်မကြီးရှိရာကို အရောက်လာချင်ကြတဲ့ ကျွန်မတို့နဲ့ သွေးတူ မျိုးတူ မြန်မာလူမျိုးတွေပါပဲ၊ အကြောင်းကြောင်းတွေကြောင့်သာ လူသူမရောက်နိုင်တဲ့ လျှို့ဝှက်ကမ္ဘာမှာ သီးခြားနေထိုင်နေကြရတာ ဖြစ်မှာပါ ဖိုးရွှေကျော်"

ဒေါက်တာဖြူနုဖက သူသိနားလည်သလောက် လျှို့ဝှက်ကမ္ဘာမှ ရွှေမျက်နှာရှင်သခင်မအကြောင်းကို ရှင်းပြပြောဆိုလိုက်ပါ၏။ ယာမာဂူချီစံပင် အနည်းငယ် တွေဝေသွားသည်သို့ . . .။ စင်စစ် သူ၏ အိပ်မက်ကမ္ဘာ (မြေဝါတောင်) သည် ရွှေမျက်နှာရှင် သခင်မ၏ ပိုင်နက်နယ်မြေထဲတွင် ရောက်ရှိနေသဖြင့် စဉ်းစားချင့်ချိန်နေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ဘာပဲဖြစ်ဖြစ် အရေးကြီးတာက ငါတို့ ဒီနေရာကနေ အမြန်ဆုံးရှောင်ထွက်ကြမှဖြစ်မယ်၊ ဟို လူရိုင်းကောင်တွေဟာ ငါတို့ ရှိတဲ့နေရာကို သိသွားကြပြီဆိုတော့ ဒီနေရာဟာ အန္တရာယ်ရှိနိုင်တယ်"

ဒေါက်တာမင်းခေါင်၏ သတိပေးမှုကြောင့် ထိုကျောက်တံခါး ကြီးနေရာမှ ထွက်ခွာလာခဲ့ကြသည်။ ဦးတည်ရာကား ယာမာဂူချိုင့် ညွှန်ပြသော အနောက်မြောက်ဘက်စူးစူးဆီသို့။

ဟစ်နည်းဆိုရလျှင် ရာဇဝင်သမိုင်းကြောင်းထဲတွင်သာ မှတ်ခဲ့ သိခဲ့ရသည့် လွန်ခဲ့သော နှစ်ပေါင်း (၃၉၀) ကျော်မှ နန္ဒဘုရင်၏သွေး မျိုးဆက်တို့နေထိုင်ရာ "ရွှေမျက်နှာရှင်သခင်မ" ၏ လျှို့ဝှက်ကမ္ဘာငယ် လေးဆီသို့ . . .။

☼ ☼ ☼

## အခန်း (၂၂)
## နှစ်ပေါင်း (၃၉၀) ကျော်မှ သွေးမျိုးဆက်များရှိရာသို့

တောင်ရိုးလှမျှော် ယာခင်းရှင် ဖိုးမှုရောင်း၏ ယာတဲဆီမှ ထွက် ခွာလာကြပြီး လေးရက်မြောက်ခရီး၏ ညနေဆည်းဆာချိန် . . .။

မြူနှင်းတိမ်ငွေ့များဖြင့် အုပ်ဆိုင်းနေသော တောင်စဉ်တောင် တန်းကြီးများနှင့် နက်မှောင်စိမ်းရင့်လျက်ရှိသော သစ်တောအုပ်ကြီးများ က ဘယ်နေရာကြည့်ကြည့် တစ်မျှော်တစ်ခေါ်ကြီး တွေ့မြင်နေရပါ၏ စစ်တကောင်းတောင်ကြား၏ အနောက်ဘက်ခြမ်း တောင်ကြားလမ်း တွင် ရေးရေးဖုံ့ဖုံ့မျှ မြင်တွေ့ရသည့် လူသွားလမ်းဖုံ့ဖုံ့လေးက ဘက်လား



နှံ့နယ်စပ်ဆီသို့ ရှေ့ရှုနေလေသည်သို့ . . .။

တောင်ကြားလမ်း၏ ဘေးတစ်ဖက်တစ်ချက်ရှိ လျှိုကြီးနှစ်ခု အတွင်းသို့ အနည်းငယ် ဆင်း၍ ခြေရာခြေကြောင်းအချို့ကို လမ်းပြ ကြီး ဖိုးရွှေကျော်နှင့် ဒေါက်တာမင်းခေါင်တို့ စစ်ဆေးကြည့်ရှုနေကြ သည်။ ထိုစဉ် ဆည်းဆာလေရူးနှင့်အတူ သစ်ရွက်ခြောက်များကို ဖြတ်နင်းလျှောက်လာသည့် ခြေသံများနှင့် စကားပြောသံသဲ့သဲ့ကို ကြားလိုက်ရသည်မို့ . . .

"ရှူး . . . ဆရာကြီး ခြေသံတွေနဲ့ လူသံတချို့ကြားရတယ်၊ ဒီ ဟို . . . လူရိုင်းကောင်တွေလား မသိဘူး"

"ဟုတ်တယ်၊ ဘယ်သူဘယ်ဝါဆိုတာ မသိရခင် လျှိုထိပ်ပေါ် ပြန်တက်ပြီး စောင့်ကြည့်ကြမယ် လမ်းပြကြီး၊ ကဲ လာ . . . မြန်မြန် ပြန်တက်မယ်"

ဒေါက်တာမင်းခေါင်နှင့်လမ်းပြကြီး ဖိုးရွှေကျော်တို့ လျှိုထိပ် ပေါ်ရှိ ယာမာဂူချိုစံတို့နှင့် ပြန်၍ ပူးပေါင်းလိုက်ကြသည်။ ဒေါက်တာ မင်းခေါင်က တိတ်တိတ်နေရန် အချက်ပြလိုက်ပြီး သူကိုယ်တိုင်ကမူ မှန်ပြောင်းကိုထုတ်ကာ ရှေ့လျှိုကြီး၏ အဝင်ဝဆီသို့ ဂရုတစိုက် စောင့် ကြည့်နေပါ၏။

မကြာမီ လျှိုကြီးအတိုင်း လှံရှည်ကိုင်လူတစ်စု ဝင်ရောက် လာကြသည်ကို မှန်ပြောင်းမှတစ်ဆင့် ဒေါက်တာမင်းခေါင် တွေ့ရှိလိုက် သည်။

"ယာမာဂူချိုစံ . . . သေနတ်တွေ အသင့်ပြင်ထားကြ၊ လျှိုကြီး ထဲကို လူရိုင်းကောင်တွေ လှံရှည်ကြီးတွေနဲ့ ဝင်လာနေကြပြီ၊ ကျွန်တော် လှုပ်ရှားမှုကို စောင့်ကြည့်ပါ၊ မလိုအပ်ရင် ကျည်တစ်တောင့်တောင် မထွက်ပါစေနဲ့"

ဒေါက်တာမင်းခေါင်၏ သတိပေးစကားကြောင့် ယာမာဂူချိုစံ

www.burmeseclassic.com

www.burmeseclassic.com



ရင်ရှုပ်သွန်မဆောင်နှင့် ဒေါက်တာဖြူနုဖံတို့က အကာအကွယ်အသီးသီး ယူလိုက်ကြပြီး လျှိုကြီးဆီသို့ မျက်တောင်မခတ်စတမ်း ကြည့်နေကြ ပါ၏။

တစ်စတစ်စ မြင်ကွင်းက ပီပြင်လာပါ၏။ ရှေ့ဆုံးမှ လုံ ကိုင်လူရိုင်းကြီးလေးယောက်နှင့် အလယ်တွင် ကြိုးများတုပ်၍ ဖမ်း လာဟန်တူသည့် လူလေးငါးယောက်ခန့် သူတို့၏နောက်တွင် မြားစွဲကိုင်ထားသည့် လူရိုင်းတစ်စုကို ဒေါက်တာမင်းခေါင် တွေ့ လိုက်ရသည်။

"ဩော် . . . ဒီလူရိုင်းကောင်တွေက ဘယ်ကလူတစ်စုကို ဖမ်း ခေါ်လာကြတာလဲ မသိဘူး။ ကဲ လမ်းပြကြီး . . . အဲဒီသူတွေကို ကျွန်တော် တို့ ကယ်တင်မှဖြစ်မယ်၊ ကျွန်တော့်ဆီက သေနတ်သံကြားတာနဲ့ အ လူရိုင်းကောင်တွေကို ပစ်ကြပေတော့"

မကြာမီ လူရိုင်းမည်းမည်းကောင်ကြီးများမှာ စကားသံများ တွတ်ထိုးလျက် တောင်ကြားလမ်းအလယ်သို့ ရောက်ရှိလာကြသည် ဒေါက်တာမင်းခေါင်က ရှေ့ဆုံးမှ လှံရှည်ကိုင်လူရိုင်းထွားထွားကြီး သေချာစွာချိန်လျက် သေနတ်မောင်းကို ဖြုတ်ချလိုက်သည်။

'ဒိန်း'

'ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း'

"အ အား အီး အု"

ဒေါက်တာမင်းခေါင်ထံမှ သေနတ်သံထွက်ပေါ်လာသည်နှ သူ၏နောက်မှ ယာမာဂူချီစံတို့ကလည်း တက်ညီလက်ညီဖြင့် ဝိုင်း ပစ်ခတ်ကြရာတွင် လူရိုင်းကောင်များ အတုံးအရုံး လဲကျသွားကြသည် အချိန်က သိပ်မကြာလိုက်။ သေနတ်သံများ ငြိမ်ကျသွားသော အချိန် တော့ ကြိုးတုပ်ထားသော လူတစ်စုမှအပ ကျန်လူရိုင်းကောင်များ သွေးအလိမ်းလိမ်းနှင့် သေဆုံးကုန်ကြပါတော့သည်။



"ဟေး ဟေး . . . ငါတို့ကို မပစ်နဲ့ မပစ်နဲ့၊ ငါ ငါတို့က သခင်မလေးရဲ့ လူတွေပါ၊ ငါတို့ အဖမ်းခံခဲ့ရတဲ့သူတွေပါ၊ မပစ်ကြ ပါနဲ့"

ဖင်ဘူးတောင်းထောင်မတတ် အော်ဟစ်တောင်းပန်နေကြ သည့် စကားသံက ရခိုင်သံဝဲဝဲနှင့် တစ်မျိုးနားထောင်၍ပင် ကောင်းနေ သည်သို့။ ထိုစကားသံများကြောင့် ဒေါက်တာဖြူနုဖံ၏မျက်နှာသွင်ပြင် မှာ ဝင်းလက်သွားသည်သို့ . . . ။

ရုတ်တရက်တော့ ဒေါက်တာမင်းခေါင်တို့ နားမလည်ကြချေ။ ရခိုင်သံဝဲဝဲနှင့် ကြောက်လန့်တကြား အော်ဟစ်ပြောဆိုနေကြသဖြင့် စကားသံများက လုံးထွေးနေကြသည်။

"ဟာ . . . ဒါ ဒါ မြန် မြန်မာကြီးတွေ မြန်မာကြီးတွေ"

ဒေါက်တာဖြူနုဖံထံမှ ထွက်ကျလာသော အသံကြောင့် ဒေါက် တာမင်းခေါင် ဖျတ်ခနဲ သတိရကာ တုပ်နှောင်ထားသောကြိုးများကို ဖြည်နိုင်းလိုက်ပါ၏။ ထို့နောက် ဒေါက်တာဖြူနုဖံအနီးသို့ လျှောက်လာပါ ၏။

"အေး အေး . . . ဟုတ်တယ်၊ ငါ ငါတို့ကို မ မသတ်ပါနဲ့"

"အီး ဟီး ဟီး . . . မသတ်ကြပါနဲ့နော်၊ ဟီး အီး . . . ကြောက် လွန်းလို့ပါ"

တုန်တုန်ယင်ယင်နှင့် တောင်းပန်စကားပြောဆိုနေသည့် ယောကျာ်းကြီးနှစ်ဦးနှင့် မိန်းကလေး (၃) ဦးတို့အနီးသို့ တိုးကပ်လာ သည့် ဒေါက်တာဖြူနုဖံက မိန်းကလေးတစ်ဦး၏ခေါင်းကို ပွတ်သပ် လိုက်ပြီး . . .

"မကြောက်ကြပါနဲ့၊ နင်တို့ကို ဟို လူရိုင်းတွေလက်ထဲက နေ ကယ်တင်ပေးခဲ့တာပါ၊ ဒါကြောင့် ငါတို့ကို မကြောက်ကြပါနဲ့"

"ဟုတ်ပါတယ်၊ ခင်များတို့ကို ကျွန်တော်တို့ ရန်မပြုပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကဲ ရော့ ရော့ . . . ရေလည်းသောက်၊ အစာလည်းစားကြပါ''

ဒေါက်တာမင်းခေါင်က ထိုမြန်မာကြီးတစ်စုကို နွေးထွေးစွာ ဆက်ဆံ၍ ရေတိုက်ခြင်း၊ အစာကျွေးမွေးခြင်းတို့ဖြင့် မသိမသာ စည်းရုံးနေပါ၏။ သူတို့အထဲမှ လူကြီးဖြစ်ဟန်တူသည့် မြန်မာကြီးက ဒေါက်တာမင်းခေါင်နှင့် ဖြူနုဖုံတို့အား တလေးတစားနှင့် ဦးခိုက်ဂါရဝပြုကြရင်း . . .

''အေး . . . ငါတို့ကို အချိန်မီ ကယ်တင်ပေးတဲ့အတွက် အများကြီး ကျေးဇူးတင်တယ်၊ နို့မို့ဆိုရင် ဟို မရဏချောင်းဖျားဘက်ကို ဖမ်းပြီး ခေါ်သွားကြမယ်၊ ဟိုကျရင် ငါတို့ကို နှိပ်စက်ညှဉ်းပန်းပြီး အလုပ်တွေကို ခိုင်းတယ်''

''ဘာတွေခိုင်းကြတာလဲ ဦးကြီး''

''အို . . . တောင်ကြားထဲက လှိုဏ်ကြီးထဲမှာရှိတဲ့ ရွှေမှုန်ရွှေစတွေကို တူးခိုင်းတယ်၊ ကျင်ခိုင်းတယ်၊ နောက်ပြီး မဝရေစာ ဝရေစာ ကျွေးတယ်၊ ဒီထက်ဆိုးတာက အဲဒီနေရာက နတ်ကြီးတယ်၊ ခဏခဏ လူတွေ ကတုန်ကယင်ဖြစ်ပြီး သေကုန်ကြတာ များတယ်''

မရဏချောင်းဖျား ရွှေမှုန်ရွှေစဟူသော အသံတို့ကြောင့် ယာမာဂူချိစ်၏ မျက်လုံးများက ဝင်းလက်သွားသည်သို့ . . .။ သို့သော် မြန်မာကြီးများ၏ စကားအတိုင်းဆိုလျှင် ရွှေထွက်ရှိရာ ချောင်းသည် လူရိုင်းများ၏နယ်မြေထဲတွင် ရှိနိုင်သည်။

ထို့ကြောင့် ''ရွှေမျက်နှာရှင် သခင်မ'' ၏ နယ်သူနယ်သားများအား ဖမ်းဆီးကာ ရွှေကျင် ရွှေတူးသည့်နေရာများတွင် ခိုင်းစေနေခြင်း ဖြစ်ပေလိမ့်မည်။

''ဒါဆိုရင် ငါတို့က ဒီလူရိုင်းကောင်တွေကို တိုက်ခိုက်သုတ်သင်ပေးမယ်၊ ငါတို့ကို နင်တို့ရဲ့သခင်မဆီကို ခေါ်သွားပေးမလား''

''ဟာ . . . သိပ်ဖြစ်တာပေါ့၊ ငါတို့သခင်မက နင်တို့ကိုတွေ့ချင်နေပြီး ဝမ်းသာမှာ၊ ဘာဖြစ်လို့လဲဆိုတော့ တဖြည်းဖြည်း အင်အားကြီးလာတဲ့ လူရိုင်းခေါင်းဆောင် ဖလန်ရှီးရဲ့ရန်ကို ဖြေရှင်းချင်နေတာလေ''



''ဩော် . . . လူရိုင်းခေါင်းဆောင်က ''ဖလန်ရှီး'' တဲ့လား၊ သူတို့က ဘာလူမျိုးတွေလဲ''

''ဟိုတောင်ပေါ်နာဂ အဆက်အနွယ်ပဲ၊ ဒါပေမဲ့ ဖလန်ရှီးက သိပ်ရက်စက်တယ်၊ ပြီးတော့ ကြောက်စရာလည်း ကောင်းတယ်၊ အို . . . လက်ရဲဖက်ရဲနဲ့ သူဖမ်းထားတဲ့ အကျဉ်းသားတွေကိုပြေးရင် တစ်ခါတည်း ခေါင်းဖြတ်သတ်ပစ်တယ်လေ၊ ပြီးတော့ ကျာပွတ်နဲ့လည်း ရိုက်တယ်၊ ဒါ့ကြောင့် ငါတို့သခင်မက ဖလန်ရှီးကို မုန်းတီးနေတာပေါ့''

ဒေါက်တာဖြူနုဖုံက သိလိုသမျှတို့ကိုမေးရင်း သူတို့ စားသောက်ပြီးစီးသည်အထိ စောင့်ဆိုင်းနေပါ၏။ ထို့နောက်မှာတော့ ဒေါက်တာမင်းခေါင်တို့လူစုမှာ ''ရွှေမျက်နှာရှင်သခင်မ'' စံမြန်းနေထိုင်ရာ လှိုဏ်ဂူကမ္ဘာငယ်လေးဆီသို့ လိုက်ပါလာခဲ့ကြပါတော့သည်။

ယာမာဂူချိစ်၏ အတွေးအာရုံထဲမှာတော့ ရှေ့တွင် စောင့်ကြိုနေမည့် ရွှေမျက်နှာရှင်သခင်မ၏ လှိုဏ်ဂူကမ္ဘာလေးသည် သူ မျှော်လင့်တောင့်တသကဲ့သို့ ရွှေကြောသိုက်ကြီးနှင့် ဆုံတွေ့ရလေမည်လား။ သို့တည်းမဟုတ် ဖလန်ရှီးဆိုသည့် ခေါင်းဖြတ်လူရိုင်းကောင်နှင့် ဆုံတွေ့ရမည်လားဆိုသည်ကိုတော့ . . .။

☼

မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် ဒေါက်တာမင်းခေါင်တို့အားလုံး အံ့သြတကြီး ဖြစ်နေကြပါ၏။ ထူထပ်လှသော ဝါးရုံပင်

www.burmeseclassic.com

www.burmeseclassic.com



တောကြီးနှင့် အုပ်မိုးကွယ်ပျောက်နေသည့် ကျယ်ပြန့်လှသည့် လှိုဏ်ဂူကြီး တစ်ခုကို မြင်တွေ့လိုက်ရသကဲ့သို့ အရုပ်မြင့်မြင့်၊ ညိုမောင်းသော အသားအရေ ရခိုင်မျိုးနွယ်စုနှင့် ဆင်ဆင်တူသည့် လက်နက်ကိုင် အစောင့်များကို ကျောက်လိုဏ်ခေါင်း၊ ကျောက်စွယ်၊ ကျောက်ခံတွင်း ကြီးများတွင် ဟိုတစ်စု၊ သည်တစ်စု တွေ့မြင်နေရသည်။

သူတို့ ဝင်ရောက်လာခဲ့ကြသည့် ကျယ်ပြန့်ရှည်လျားလှသော ကျောက်လိုဏ်ဂူကြီးက မည်သည့်နေရာတွင် ဆုံးသည်မသိ၊ လှပသော ကျောက်စက်မိုးမျှော်များ၊ ကျောက်ပန်းဆွဲကြီးများ၊ ကျောက်စွယ် ကျောက်တိုင်ကြီးများက ဂူမျက်နှာကြက်ကို ခိုင်မတ်စွာ ထောက်ကန် ထားကြသည်သို့ ရှိနေပါ၏။

တစ်နေရာတွင် ကျောက်လိုဏ်ဂူအဝ ကျဉ်းသွားသည်နေရာ ထုထဲသော သစ်သားတံခါးချပ်ကြီးပိတ်ထားပြီး တံခါးရှေ့တွင် လက်နက် (လှံရှည်လေမြှား) များ ကိုင်ဆောင်ထားကြသည့် လူတစ်စုကို တွေ့လိုက် ကြရသည်။ ထိုလူစုထဲတွင် ခေါင်းဆောင်ဖြစ်ဟန်တူသည့် လူညိုကြီး ကြီးက . . .

"ဟော . . . ဘိုးရွှေကွန်းတို့ ရောက်လာကြပြီလား။ ဟိုလူတွေ တစ်ပြည်သားတွေ မှတ်တယ်၊ တစ်ဆိတ် ကျေးဇူးပြုပြီး သူတို့ ဆောင်ထားတဲ့ လက်နက်တွေကို ဒီနေရာမှာ ထားခဲ့ရပါမယ်၊ သခင်မ လုံခြုံရေးအတွက်ဆိုတာကို ရှင်းပြပေးပါ"

သူတို့အား ခေါ်ဆောင်လာသည့် "ဘိုးရွှေကွန်း" ဆိုသူက ဒေါက်တာမင်းခေါင်တို့အား ရှင်းပြလိုက်သဖြင့် လက်နက်ပစ္စည်းများ အထမ်းသမားနှစ်ဦးတို့ကို တံခါးဝတွင်ထားခဲ့ကြပြီး ဒေါက်တာမင်းခေါင် တို့ ကျောက်ဂူကြီးအတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ဤကျောက် လိုဏ်ဂူကြီးအတွင်းဝယ် "ရွှေမျက်နှာရှင်သခင်မ" နေထိုင်သည်ထင် ၏။ ဘိုးရွှေကွန်းဆိုသူက အကြီးအကဲတစ်ဦးနှင့်အတူ ညီလာခံဆောင်



ဆန်တူသော ကျယ်ဝန်းလှသော ကျောက်ဂူကြီးတစ်ခုထဲသို့ ခေါ်ဆောင် လာခဲ့သည်။

ထိုကျောက်ဂူခန်းမထဲမှာတော့ သားမွေးလည်း မဟုတ်၊ သားမွေးတမျှ နူးညံ့လှသော အစိမ်းရောင်ကော်ဇောကြီးကို ခန်းလုံးပြည့် ခင်းထားသည်ကို အံ့ဩစွာ တွေ့မြင်လိုက်ရသည်။ ကျောက်သားခန်းမ ကြီး၏နံရံတွင် လှပသောပန်းများကို ထုံးစိုက်ထားသည့် စိမ်းလဲ့လဲ့အရောင် ကျောက်ပန်းအိုးကြီးများရှိသည်။ ကျောက်သားခန်းမကြီးတစ်ခုလုံး ပန်းရနံ့များဖြင့် မွှေးပျံ့ကာ စိတ်ကြည်နူးဖွယ် ကောင်းလှပါ၏။

ကျောက်သားခန်းမကြီး၏အဆုံးတွင် အစိမ်းရောင်တောက်ပ သော ခန်းဆီးရှည်ကြီးများ ကာရံထားကြသည်။ ထိုခန်းဆီးကန့်လန့် ကာရှေ့တွင် အဖြူရောင်တောက်ပသည့် အဝတ်ဖြင့် ချုပ်လုပ်ထားသော အမြင့်တစ်တောင်ကျော်မျှ ရှိသည့် ဖုံ (ထိုင်ခုံ) တစ်ခုကိုပါ တွေ့မြင်ရ သည်။

ရှေ့ဆုံးမှ အကြီးအကဲကြီးနှင့် ဘိုးရွှေကွန်းတို့က ထိုဖုံရှေ့ ဘယ်ညာတည့် ငါးတောင်အကွာခန့်တွင် ဒေါက်တာမင်းခေါင်တို့အား ဒူး ထောက်ထိုင်စေသည်။ သူတို့ကိုယ်တိုင်လည်း ဒေါက်တာမင်းခေါင်တို့ ရှေ့မှ ဒူးတုပ်၍ ထိုင်ကြပါ၏။ လှံရှည်ကိုင် အစောင့်နှစ်ယောက်နှင့် ဒူးလေးကိုင် အစောင့်နှစ်ယောက်တို့က ဖုံတစ်ဖက်တစ်ချက် သုံးတောင်ခန့်အကွာတွင် ဒူးလေးဆွဲလျက် ရပ်နေကြပါ၏။

ကျန် ဂူလေးကိုင်များကား ဒေါက်တာမင်းခေါင်တို့၏နောက် မှ ဝိုင်းရံစောင့်ကြပ်နေကြသည်။ အားလုံး နေသားတကျ ထိုင်မိကြ သည်နှင့် ကြည်လင်သော မောင်းထုသံလေးကို ခန်းဆီးများကာရံထား သည့် အတွင်းခန်းဆီမှ ကြားလိုက်ရ၏။

'ဒူ ဂူ ဟူ ဟူ ဒူ'

မောင်းသံကြားလိုက်ရသည်နှင့် ဘိုးရွှေကွန်းက ဒေါက်တာ

www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်တို့အား ခေါင်းငုံ့နေရန်ပြောပြီး သူတို့ကိုယ်တိုင်လည်း ခေါင်းငုံ့နေကြသည်။ ယာမာဂူချီစံကမူ ခေါင်းငုံ့နေသော်လည်း အများသူငါကဲ့သို့ ပြားပြားဝပ်လျှိုးအောင်ကား မငုံ့ပါ။ ဒေါက်တာမင်းခေါင်နှင့် ယာမာဂူချီစံတို့၏ မျက်စိသည် အစိမ်းရောင်ကန့်လန့်ကာကြီး လှပ်ရှားသွားသည်ကိုလည်းကောင်း၊ ပြောင်လက်တောက်ပသည့် အဖြူရောင်ခြေနင်းကို စီးကာ ညင်သာသိမ်မွေ့စွာ လှမ်းလာပြီး အဖြူရောင်ထိုင်ခုံပေါ်တွင် ထိုင်လိုက်သည့် သခင်မလေး၏ ဖြူမွတ်လဲ့စင်လှပသော ခြေအစုံကို ကောင်းစွာ မြင်တွေ့လိုက်ရပါသည်။

ထိုအချိန်တွင် . . .

☼ ☼ ☼

## အခန်း (၂၃)
## ရွှေမျက်နှာရှင်သခင်မ နှင့် တွေ့ဆုံခြင်း

ထိုအချိန်တွင် . . .

"အကြီးအမှူးကြီး ဘိုးမင်းဖြူ"

ချိုလွင်၍ ကြည်လင်ချိုမြလှသော "ရွှေမျက်နှာရှင်သခင်မ"၏ အသံလှိုင်းစေတ်သံက ယာမာဂူချီစံ၏ ရင်အစုံကို ဖိန်းခနဲ လှုပ်ခတ်သွားစေသည်သို့ . . .။

"အမိန့်ရှိတော်မူပါ သခင်မ"

အကြီးအမှူးဘိုးမင်းဖြူဆိုသည့် အသက် (၆၀) ကျော်ခန့်ရှိသည့် ဖြူညီညီရင်ဖုံးတိုက်ပုံအင်္ကျီကဲ့သို့ ဝတ်ဆင်ထားသော ရွှေ



ထုံးကြီးနှင့် ပုဂ္ဂိုလ်ကြီးက ရိုကျိုးစွာ ဖြေကြားလိုက်သည်။

"ဟို ဘိုးရွှေကွန်းတို့မိသားစုကို ဟိုလူရိုင်းကောင် ဖလန်ဟီး လက်ထဲကနေ ကယ်တင်ခဲ့ကြတယ်ဆိုတာ အဘိုးရဲ့နောက်မှာ ခစားနေကြတဲ့ တစ်ပြည်သားတွေလား"

"မှန်ပါတယ် သခင်မ"

"ကောင်းပြီ အဘိုး . . . အခုဆိုရင် ဒီတစ်ပြည်သားတွေဟာ ငါတို့ရဲ့မျိုးနွယ်စုတွေကို ရန်သူတွေလက်ထဲကနေ ကယ်တင်ပေးခဲ့တယ်ဆိုတော့ ဘာပဲပြောပြော သူတို့ဟာ ငါတို့ရဲ့ကျေးဇူးရှင်တွေ ဖြစ်သွားကြပြီ၊ အဲဒါကြောင့် တစ်ပြည်သား ကျေးဇူးရှင်တွေရဲ့ မျက်နှာတွေကို ငါ ကြည့်လိုတယ် အဘိုး"

ချိုလွင်သာယာသလောက် ပြတ်သားသော သခင်မ၏အသံအဆုံးတွင် အကြီးအမှူး ဘိုးမင်းဖြူက ဘိုးရွှေကွန်းအား ခေါင်းငဲ့ပြလိုက်သည်။ ထို့ကြောင့် ဘိုးရွှေကွန်းက ဒေါက်တာမင်းခေါင်တို့အား လှည့်ကြည့်လိုက်ပြီး . . .

"ကြားလား . . . သခင်မက နင်တို့မျက်နှာကို မြင်ချင်လို့တဲ့၊ ချေ့တိုးပြီး မျက်နှာကို မော့ပြလိုက်ကြ"

ယာမာဂူချီစံမှာ နဂိုကတည်းက မော့ကြည့်ချင်နေသူဖြစ်၍ ဘိုးရွှေကွန်း၏ စကားမဆုံးမီမှာပင် မျက်နှာကိုမော့ကာ သခင်မလေးအား ကြည့်လိုက်သည်။

ဖြူစင်ဝင်းမွတ်နေသည့် မျက်နှာ၊ အချိုးအဆက်ကျလှသော ခန္ဓာကိုယ်သွယ်လျလျတွင် ငွေချည်မှျင်လေးများထိုးထားသည့် အဖြူရောင်ဝတ်စုံကို လုံခြုံစွာဝတ်ဆင်ထားသည့် သခင်မလေးကို ကြည့်နှင့်ရင်း အားပါးတရ ကြည့်လိုက်သည်။

"ဟင်"

သခင်မလေးနှင့်မျက်လုံးချင်းအဆုံတွင် ယာမာဂူချီစံ၏ ရင်

www.burmeseclassic.com

www.burmeseclassic.com



သည် ဒိန်းခနဲ ခုန်လှုပ်သွားသည်သို့။ ဟုတ်သည် ကြည်လင်ရွှန်းလဲ့သော သခင်မ၏ မျက်လုံးအစုံသည် ယာမာဂူချီစံအား စူးစိုက်ကြည့်လိုက်ခြင်းကို ခံရသည်နှင့် ယာမာဂူချီစံ၏ ရင်ထဲဝယ် သိမ့်သိမ့်တုန်ခါသွားပါ၏။ ယာမာဂူချီစံ၏မျက်လုံးများသည် ရွှေမျက်နှာရှင် သခင်မလေး၏ ကြက်သရေရှိလှသော မျက်နှာမှ မခွာနိုင်ပါတော့။

အနီးမှ ဒေါက်တာမင်းခေါင်က တစ်တောင်နှင့် မသိမသာတွက်လိုက်မှပင် ယာမာဂူချီစံတစ်ယောက် အသိဝင်လာကာ အကြည့်ကို ထိန်းချုပ်လိုက်ရသည်။ သို့တိုင်အောင် ဖြူဝင်းမွတ်စင်သည့် သခင်မလေး၏ ရုပ်ဆင်းသဏ္ဍာန်က ယာမာဂူချီစံ၏မျက်လုံးထဲမှ ပျောက်ပျက်၍ မရနိုင်တော့။ ယာမာဂူချီစံတစ်ယောက် လွန်စွာတောင်းလှဲသော အချိန်ပိုင်းလေးမှာပင် ရွှေမျက်နှာရှင်သခင်မလေး၏ ချစ်မိသွားလေပြီလား။

"သင်တို့ဟာ ငါ့မျိုးနွယ်စုကို ကယ်တင်စောင့်ရှောက်ခဲ့ကြ ငါ့ရဲ့ ကျေးဇူးရှင်တွေဖြစ်သွားကြပြီ၊ နောက်ပြီး သင်တို့မှာပါလာ မီးပေါက်လက်နက်ဆန်းတွေအကြောင်း၊ သူ့ရသတ္တိရှိကြတဲ့ အကြောင်း ဘိုးရွှေကွန်းပြောပြထားလို့ ငါ သိခဲ့ရပြီးပြီ၊ ဒါပေမဲ့ သင်တို့တ ယောက်ချင်းရဲ့အကြောင်းကို ငါသိချင်တယ်၊ ပြောလို့ရရင် ပြောပြကြ တစ်ပြည်သားတို့"

ရွှေမျက်နှာရှင်သခင်မ၏ အမိန့်မဆန်သော ချော့သောစကားကြောင့် ဒေါက်တာမင်းခေါင်က သူကိုယ်တိုင်မှစ၍ ဂျပန်စစ်ဗိုလ် ယာမာဂူချီစံ၊ ရစ်ချပ်သွန်မဆင်၊ ဒေါက်တာဖြူနုဖံ့နှင့် လမ်းပြ ဖိုးရွှေကျော်တို့နှင့် မိတ်ဆက်ပြောဆိုရင်း၊ လိုအပ်မည်ထင်သည်များကို ထိန်းထိန်းသိမ်းသိမ်းပြောပြနေပါတော့သည်။

ထိုကဲ့သို့ ရှင်းပြပြောဆိုနေစဉ်မှာပင် "ရွှေမျက်နှာရှင်သခင်မ" ၏ မျက်လုံးညိုညိုကြီးများက တစ်ချက် တစ်ချက် ယာမာဂူချီစံကို



ငေးဝဲရောက်ရှိသွားသည်ကို ဒေါက်တာမင်းခေါင် သတိထားလိုက်မိပါသည်။

"အမှန်တော့ ကျွန်မတို့ဟာ တစ်ပြည်သားတွေ မဟုတ်ပါဘူး သခင်မ မြန်မာပြည်ကြီးထဲမှာ အတူတကွ နေထိုင်ခဲ့ကြတဲ့ သွေးရင်းသားရင်း ညီအစ်ကိုမောင်နှမတွေပါ၊ ကျွန်မက မြန်မာရာဇဝင် သမိုင်းကြောင်းကို ဝါသနာအရ လေ့လာခဲ့တာဆိုတော့၊ ဟိုး လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၉၀) ကျော် ရခိုင်မင်းရာဇာကြီးလက်ထက်မှာ ဟံသာဝတီနေပြည်တော်က နန္ဒဘုရင်ကိုတိုက်ခိုက်ပြီး အဲဒီက မင်းသမီးတွေ, သားတော်သမီးတော်တွေနဲ့ ကျွန်ယုံတော်, စစ်သည်ရဲမက်တွေရယ်, ရွှေငွေကျောက်သံပတ္တမြားတွေရယ်ကို အရယူသိမ်းပိုက်ပြီး ရခိုင်ပြည်ကို ဖမ်းဆီးခေါ်ဆောင်လာခဲ့ရာကနေ ဟောဒီစစ်တကောင်းတောင်တန်းတွေပေါ်မှာ မြန်မာလူမျိုးတွေ ပျံ့နှံ့ပြီးရောက်ရှိလာကြတယ်လို့ သိရပါတယ် သခင်မ"

ဒေါက်တာဖြူနုဖံ့၏စကားကြောင့် ရွှေမျက်နှာရှင်သခင်မနှင့် အကြီးအမှူး ဘိုးမင်းဖြူတို့ကပါ ဆိတ်ဆိတ်ငြိမ်လျက် နားထောင်နေကြသည်။ သခင်မ၏မျက်နှာကလေးကမူ နားထောင်နေရင်းမှ ပြုံးယောင်ယောင်ပြုနေသည်သို့ . . . ။

"သမိုင်းကြောင်း အထောက်အထားတွေအရ ပြောရမယ်ဆိုရင် "ရွှေမျက်နှာရှင်သခင်မ" လေးတောင် နန္ဒဘုရင်ရဲ့မျိုးဆက် မကင်းဘူးလို့ ပြောရမယ်ထင်တယ်၊ တကယ်လို့ ဟောဒီ စစ်တကောင်းတောင်တန်းကြီးရဲ့တစ်နေရာရာမှာ နောက်ထပ် နန္ဒဘုရင်ရဲ့ မျိုးဆက်တွေ တည်ထောင်ထားခဲ့တဲ့ "ဗိုလ်မင်းထောင်နေပြည်တော်" ရှိနေသေးတယ်လို့ ကျွန်မကပြောရင် သခင်မလေးက ငြင်းဆန်နိုင်ပါ့မလား"

ဒေါက်တာဖြူနုဖံ့၏မေးခွန်းကြောင့် ရွှေမျက်နှာရှင်သခင်မလေးသာမက အကြီးအမှူး ဘိုးမင်းဖြူတို့ပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ တစ်ဆက်တည်းမှာပင် သခင်မလေးက ဒေါက်တာဖြူနုဖံ့

www.burmeseclassic.com

www.burmeseclassic.com



အား စေ့စေ့စူးစူးကြည့်လိုက်ပြီး ...

"သင် ဘယ်သူလဲ၊ သင့်ရဲ့စကားပြောဆိုသံက ရခိုင်တိုင်းရင်းသူအသံ ပေါက်နေတယ်၊ မြန်မာလူမျိုးပြည်မကြီးသား မဟုတ်ဘူး ထင်တယ်"

"ဟုတ်ပါတယ် ကျွန်မက မောင်းတောနယ်ရဲ့ အစွန်အဖျား ရခိုင်ရိုးမတောင်ခြေရွာလေးတစ်ရွာကပါ၊ ငယ်ငယ်လေးကတည်းက အသိဉာဏ်၊ ပညာမဖွံ့ဖြိုး မတိုးတက်သေးတဲ့ နယ်စွန်နယ်ဖျားက တိုင်းရင်းသားတွေရဲ့ လူနေမှုဘဝကိုကြည့်ပြီး သိမ်ငယ်သလို ခံစား တာနဲ့ ပညာတတ်တစ်ယောက်ဖြစ်အောင် ကျားကုတ်ကျားခဲ ကြိုးစား ခဲ့တာပါ"

နောက်ပြီး တိုင်းရင်းသားအချင်းချင်း သွေးတူစိတ်တူ လူမျိုး တစ်စုဟာ ဘာမှ သွေးမစပ်တဲ့ တိုင်းတစ်ပါးသားတွေရဲ့ နယ်မြေထဲမှာ သိမ်သိမ်ငယ်ငယ်နဲ့ နေကြရတဲ့ ဘဝတွေကို ကယ်တင်ချင်လို့ အခုလို ပညာတတ် ဒေါက်တာဘွဲ့ရအောင် ကျွန်မ ကြိုးစားခဲ့တယ်၊ အခု ကြိုးစား တဲ့အတိုင်းလည်း ဟောဒီကပုဂ္ဂိုလ်တွေနဲ့ ပူးပေါင်းပြီး စစ်တကောင်း တောင်တန်းပေါ်မှာ လှည့်လည်ပြီး ရှာဖွေနေကြတာပါ သခင်မ"

"အို ... ကောင်းလှတဲ့ စိတ်ဓာတ်၊ ရဲရင့်တဲ့ အတွေးအခေါ် လည်း ရှိပါပေတယ်၊ သင့်ရဲ့စိတ်ဓာတ်ကိုလည်း သခင်မရဲ့ မယ်မယ် ပထမရွှေမျက်နှာရှင်သခင်မ ဘွဲ့ရ မိုလ်မင်းထောင်နယ်မြေကို အုပ်စိုး တဲ့ မိုလ်မင်းကြီး ကျော်ဖုံဖြူရဲ့သမီးတော် "စံနှောင်းညို" ဟာ ထက် ထက်မြက်မြက်၊ ရဲရဲရင့်ရင့်နဲ့ ဓလေ့ထုံးစံ ရိုးရာအစွဲတွေကြားထဲက ထွက်ပေါက်ရှာဖို့ ကြိုးစားခဲ့ကြတယ် ...၊

အဲဒါကြောင့် သူ့ရဲ့မောင်တော်ဖြစ်တဲ့ "စံထွန်းဖြူ" နဲ့ တိုင်ပင် ကြပြီးဖြစ်မြောက်အောင် ကြံစည်ခဲ့ကြတယ်၊ မိုလ်မင်းထောင်နယ် မိုလ်မင်းကြီးကျော်ဖုံဖြူရဲ့ သားကြီး ဩရသဖြစ်တဲ့ "စံထွန်းဖြူ" ဟာ



ရေးစိတ်ဓာတ် ပြင်းထန်ပြီး မျိုးချစ်စိတ်ထက်သန်တဲ့ သူတစ်ယောက် နောက်ပြီး နိုင်ငံရေးမျက်စိပွင့်ပြီး အမျိုးသားရေးအမြင်ကျယ်တဲ့ တစ်ယောက်လည်း ဖြစ်တယ်၊ သူတို့ မိုလ်မင်းထောင်လူမျိုးစုတွေ ည်တော သည့်တောင်, သည့်ဒေသခေါင်ခေါင်နဲ့ တိုင်းတစ်ပါးလူမျိုး တွေရဲ့ ကြားထဲမှာ ကြာရှည်နေလို့မဖြစ်ဘူးဆိုတာ သိတယ်၊ ဒါ ကြောင့် ကိုယ့်ရဲ့အမိနိုင်ငံမှာ ပြန်လည်ခြေချနိုင်ဖို့အတွက် အမြဲတမ်း ကြံစည်ကြိုးစားခဲ့တာပေါ့"

ရွှေမျက်နှာရှင်သခင်မ၏ ဩရှရှ ချိုလွင်သောစကားသံ နောက် ဇာတိသွေး၊ ဇာတိမာန်စိတ်ဓာတ်တို့က ဝင်ရောက်ပူးကပ်လာသည် ...။ ရံရွှေတော်တစ်ယောက် ဆက်သသည့်ရေကို သောက်လိုက် စကားကို ပြန်ဆက်သည်။

"တကယ်လို့သာ ဘကြီးတော် စံထွန်းဖြူသာ သားတော် ခမည်းတော် "မိုလ်မင်းကြီးကျော်ဖုံဖြူ" ရဲ့ အရိုက်အရာကို ဆက်ခံခွင့်ရခဲ့မယ်ဆိုရင် အဲဒီအချိန်ကတည်းက မိုလ်မင်းထောင်ရဲ့ ဘဝဟာ သမိုင်းကြောင်းမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားဖို့ အလား လာတွေ ရှိခဲ့တာပေါ့ ...၊

ဒါပေမဲ့ ဘကြီးတော်ဟာ ခေါင်းဆောင်ကောင်းတို့ရဲ့သွားရာ အတိုင်း ခမည်းတော် မိုလ်မင်းကြီးကျော်ဖုံဖြူ အနိစ္စမရောက်ခင်မှာ မလိုသူတစ်စုရဲ့ လုပ်ကြံသတ်ဖြတ်တာကို ခံခဲ့ရတယ်၊ အဲဒီအချိန် မယ်မယ်(စံနှောင်းညို) ဟာ ဦးရီးတော်ဘိုးစံဒွန်းတို့လို သစ္စာရှိ လက်တွေ, အခြွေအရံတွေနဲ့အတူ မိုလ်မင်းထောင်နယ်မြေထဲက တိမ်းရှောင်ထွက်ပြေးခဲ့ရတယ် ...၊

အခု သင်တို့ရောက်ရှိနေတဲ့ နေရာဒေသဟာ မယ်မယ်များ စံဒွန်းတို့ ရှာဖွေတွေ့ရှိခဲ့တဲ့ နေရာပေါ့။ သခင်မကတော့ မယ်မယ် ညို့ရဲ့သမီးတော် ရှင်းမယ်ညိုလို့ခေါ်တဲ့ ဒုတိယမြောက် ရွှေမျက်

www.burmeseclassic.com

www.burmeseclassic.com



နှာသခင်မပဲပေါ့၊ ကိုင်း . . . ဒီလောက်ဆိုရင် ကျေနပ်ပြီလား ဒေါက်တာ
မကြီး''

ရှင်မယ်ညို့ ခေါ် ဒုတိယမြောက် ရွှေမျက်နှာရှင်သခင်မလေ
မှာ ဒေါက်တာဖြူနုဖံ၏မေးခွန်းကို စိတ်ရှည်ရှည်ဖြင့် ပြန်လည်၍ ပြော
ကြားလိုက်ပါ၏။

ဟုတ်သည်၊ ရွှေမျက်နှာရှင်သခင်မ၏ ရှင်းလင်းပြောပြချက်
သည် သူသိရှိထားသည့် ''ဗိုလ်မင်းထောင်နေပြည်တော်''သမိုင်းအချက်
အလက်များနှင့် တိုက်ဆိုင်တူညီနေပါချေ၏။ ဗိုလ်မင်းထောင်နယ်သည်
လွန်စွာ ချောင်ကျလှသော မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံ နယ်ခြား
အတွင်းဘက် တစ်နေရာ၌ အမှန်တကယ်ပင် တည်ရှိနေပါချေ
သို့သော် တိုးတက်ဖွံ့ဖြိုးမှု အဝဝတို့၌ နောင့်နေးကြန့်ကြာလျက်ရှိသည့်
ကြောင့် နိုင်ငံရေး အမြင်ကျယ်၊ ဗဟုသုတအမြင်ကြွယ်ဝသည့် ''ဗိုလ်မင်း
ကြီးကျော်ဖံဖြူ၏ သားတော်ကြီး စံထွန်းဖြူ'' က ပြင်ပကမ္ဘာ သို့မဟုတ်
အမိနိုင်ငံရှိရာသို့ ဖောက်ထွက်လိုခြင်းသာ ဖြစ်ပါ၏။

အမှန်စင်စစ်မှ ဗိုလ်မင်းထောင် မျိုးဆက်သည် အမိနိုင်ငံ
ထွက်ခွာကာ တိုင်းတစ်ပါး၌ လူမျိုးခြားများအပေါ်တွင်ပင် အုပ်ချုပ်
နိုင်သော လူစွမ်းကောင်းများဖြစ်ရုံမျှသာမက မြန်မာလူမျိုးတည်းဟူသော
တန်ဖိုးကြီးမြတ်လှသည့် ဇာတိ၊ ပုညာ၊ ဂုဏ်မာနတို့ကို မှည့်တစ်ပေါက်
မစွန်းရအောင် ထိန်းသိမ်းနိုင်စွမ်းရှိသည့် အာဂ မျိုးချစ်သူရဲကောင်းများ
ပင်တည်း။

ထိုနေ့က ရွှေမျက်နှာရှင်သခင်မနှင့် ထိုမျှသာ ဆွေးနွေး
ရရှိခဲ့ပြီး ဒေါက်တာမင်းခေါင်တို့လူစုအား ကျောက်သားလိုဏ်ဂူကြီး
အခန်းတစ်ခုတွင် နားနေခွင့်ပေးခဲ့သည်။ မကြာမီ အစားအသောက်
သောက်ရေတို့ကို ရွှေတော်မိန်းမပျိုလေးများက ဒေါင်းလန်းသာ
ဗျပ်ကြီးများနှင့် လာရောက်ကျွေးမွေးဧည့်ခံပါ၏။



ဆန်မှာ လူးဆန်ကဲ့သို့ ရှည်သွယ်၍ ပျော့ပျောင်းနူးညံ့သည်။
ဟင်းသီးဟင်းရွက်များနှင့် ချက်ပြုတ်ထားသည့် ဟင်းခွက်များနှင့် အသား
ငါးအချို့ပါသော ဟင်းခွက်ကြီးများကို သီးသန့်လာ၍ ချပေးခဲ့သည်။
ဒေါက်တာမင်းခေါင်တို့လူစုမှာလည်း ဗိုက်ဆာဆာနှင့် စားသောက်လိုက်
ကြပါတော့သည်။

✿ ✿ ✿

## အခန်း (၂၄)

## ဒုတိယမြောက် ရွှေမျက်နှာရှင်သခင်မနှင့် လူရိုင်းများ

စစ်တကောင်းတောင်တန်းကြီး၏ အနောက်ဘက်ခြမ်း အမြင့်
၏ တတိယအရစ် မြေမျက်နှာပြင်ကြီး သို့မဟုတ် အရှေ့မှ အနောက်
မိုင် ငါးဆယ်ခန့် ကျယ်ဝန်းသလောက် တောင်နှင့်မြောက် မိုင်ရှစ်ဆယ်
ခန့်ကျယ်ဝန်းသော လျှိုမြောင်ကြားရှိ မြေပြန့်လွင်ပြင် သို့မဟုတ် . . .

တောတောင်ထူထပ်သလောက် အန္တရာယ်များနှင့် ဝိုင်းရံနေ
သော စစ်တကောင်းတောင်စဉ်တောင်တန်း မြင့်မြင့်မားမားကြီးတို့၏
အနောက်ဘက် တောင်ငယ်တောင်ထွတ်များကို ကျော်ဖြတ်ပြီးနောက်
ကျယ်ပြောမတ်စောက်လှသော လျှိုကြီးမြောင်ကြီးများကြားမှ မြစိမ်း
ရောင်သန်းနေသော တောင်ယာခင်လေးများ တစ်ပိုင်းတစ်စနှင့် သစ်
တော ဝါးတောကြီးအလယ် မြေကွက်လပ်ကြီး၌ လူနေအိမ်ခြေအချို့
ကို မြင်တွေ့ရမည် ဖြစ်ပါ၏။ ထိုသဘာဝအလျောက် ဖြစ်တည်နေ
သော လျှိုမြောင်အတားအဆီး အကာအကွယ်များသာမက အနီးကပ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မည်ဆိုလျှင် နိုင်ခံ့လုံခြုံသော သစ်လုံးတိုင်များနှင့် စနစ်တ ကာရံထားသည်ကိုပါ တွေ့မြင်နေရသည်။

အနီးနေရာ ထိုနေရာသည်ကား စစ်တကောင်းတောင်တန်း တစ်နေရာတွင် လျှို့ဝှက်သီးခြားကမ္ဘာတစ်ခုနှယ် ဖြစ်တည်နေသော သို့ ဟုတ် မိုလ်မင်းထောင်နယ်မြေမှ ခွဲထွက်လာသည့် ရှင်မယ်ညို ဒုတိယမြောက် "ရွှေမျက်နှာရှင်သခင်မ" အုပ်စိုးပိုင်ဆိုင်ရာ နယ်မြေ ပင် ဖြစ်ပါချေတော့သည်။ စင်စစ် ဂျပန်စစ်ဗိုလ် ယာမာဂူချိစံနှင့် တာမင်းခေါင်တို့ သဲသဲမဲမဲ ရှာဖွေနေကြသည့် "မြေဝါတောင်" ရွှေကြာသိုက်ကြီးသည် "ရွှေမျက်နှာရှင်သခင်မ" ပိုင်ဆိုင်သည့် နယ် ထဲတွင် လျှို့ဝှက်စွာတည်ရှိနေခဲ့သည်ဟု ဆိုပါလျှင် . . .။

သူတို့သည် မိုလ်မင်းထောင်နယ်သူနယ်သားများပီပီ မြ ပြည်တွင်း၌ ကွယ်ပျောက်လျက်ရှိသော ရိုးရာယဉ်ကျေးမှုများမှာ သူတို တွင် လုံးဝမပျောက်မပျက်သေးချေ။ နှစ်သစ်ကူးသင်္ကြန်အချိန်အခါတွ လည်း လူကြီးသူမများအား ဆေးကြောသန့်စင်ခြင်း၊ အခါတွင်းကာ ပတ်လုံး ဝတ်ဖြူစင်ကြယ်ဖြင့် သီလဆောက်တည်ခြင်း၊ ကျောင်းက ဘုရားသို့သွားကြသည့်အခါတွင်လည်း လူကြီးသူမတို့အား ပွဲလမ်းသ သဖွယ် ခေါင်းဆေးပုဇော်ခြင်း၊ ကျောင်းကန်ဇရပ်တို့အား ဆေးကြေ သန့်စင်ခြင်း၊ ကျောက်ကန်ဘုရားသို့သွားကြသည့် အခါတွင်လည်း အိမ်မှစ၍ ထွက်စဥ်ကတည်းကပင် ဖိနပ်ချွတ်၍ ထွက်သောလေ့ရှိ ဝါဝင်ဝါထွက်များကို မဆိုထားနှင့် တစ်အိမ်မှတစ်အိမ် ကူးသန်းလည် ကြလျှင်ပင် ပြန်ခါနီး၌ အိမ်တွင်ရှိသော လူကြီးသူမအပေါင်းတို့အ ဦးနှိမ်ကန်တော့ပြီးမှ ပြန်သော ဓလေ့ရှိခြင်း၊ လူနှင့်လူအချင်းချင်း အရိုအသေရှိသောသူများအဖို့ ရတနာသုံးပါးအား ဆည်းကပ်ရာ၌မှ ဖွယ်ရာမရှိလောက်အောင်ပင် အကြည်ညိုသဒ္ဓါတရား ထက်သန်လှ ပင်တည်း။



ထိုအရာများထက် ပိုမိုလွန်ကဲသာလွန်သည့် အချက်မှာကား နှစ်ပေါင်း (၄၀၀) နီးပါး လူမျိုးခြားတိုင်းတစ်ပါးအလယ်တွင် နေထိုင်ခဲ့ ကြရသော်လည်း ဇာတိ၊ ပုညာ၊ ဂုဏ်မာနတို့ဖြင့် အမျိုးကိုချစ်သော လူမျိုးပီပီ လုံးဝ သွေးနှောမခံဘဲ မျိုးရိုးကို သစ္စာရှိစွာ စောင့်သိတတ် ခြင်းပင်တည်း။

အမိနိုင်ငံမှ သွေးသားရင်းချာများနှင့်, ဆိုးတူ ကောင်းဖက် ပြန်လည်ပေါင်းစည်းခွင့်ရရန် အခက်အခဲ အမျိုးမျိုးကြားမှ ကြိုးစား မှန်းကန်ခဲ့သော်လည်း ကံကြမ္မာမျက်နှာ လွှဲခြင်းခံရသဖြင့် သံသယစိတ် များ၊ အထင်အမြင် လွဲမှားမှုများခံရကာ နောက်ဆုံး မလိုသူတစ်စု၏ လုပ်ကြံသတ်ဖြတ်ခြင်းကိုပင် ခံရသည် မဟုတ်ပါလား။

သို့သော် သူတို့တွင် အန္တရာယ်က ဝိုင်းဝိုင်းလည်လျက် ရှိနေဆဲ၊ မပြီးပြတ်သေးသော အကြွင်းအကျန် မဂိုရန်သူများနှင့် တောနက်ကြီး အတွင်းမှ ခေါင်းဖြတ်၍သတ်ဖြတ်တတ်သော လူရိုင်းများနှင့် အန္တရာယ် များ၊ ထို့အပြင် သူတို့၏နယ်မြေထဲရှိ မြေဝါတောင် တစ်ဖုံတစ်ရွဲကို အဓမ္မ လုယူပိုင်ဆိုင်ထားသည့် လူရိုင်းခေါင်းဆောင် "ဖလန်ဟီး" နှင့် အပေါင်းပါတို့၏အန္တရာယ်များက ယခုအချိန်ထိတိုင် ဝိုင်းဝိုင်းလည်လျက် ရှိနေပါသေးသည်။

ထို့ကြောင့်လည်း ဒုတိယမြောက် ရွှေမျက်နှာရှင်သခင်မနှင့် အကြီးအမှူး ဘိုးမင်းဖြူအမတ်ကြီးတချို့နှင့် လက်ရုံးရဲမက်ကြီး မိုလ် သာညိုတို့ အရေးပေါ်ညီလာခံကျင်းပနေခြင်း ဖြစ်ပါ၏။

"အခုဖြစ်ပွားခဲ့တဲ့ကိစ္စကို "ဖလန်ဟီး" သိသွားခဲ့ရင် ငြိမ်ခံနေ မှာမဟုတ်ပါဘူး သခင်မ၊ ဘယ်နည်းနဲ့မဆို "ဖလန်ဟီး" က အနေးနဲ့ အမြန် လက်တုံ့ပြန်ဖို့ ရောက်လာမှာ သေချာတယ်၊ အဲဒါကြောင့် "မြေဝါ တောင်" ဘက်မှာ ရဲမက်တွေကို ပိုပြီးချထားပါတယ် သခင်မလေး"

"တစ်ခုတော့ရှိတယ် သခင်မလေး၊ ဟို . . . ဘိုးရွှေကွန်းတို့

www.burmeseclassic.com

www.burmeseclassic.com



မိသားစုကို ကယ်တင်ပေးခဲ့တဲ့ ဟို ပြည်မကြီးက ဧည့်သည်တော်ကြီး တွေကို အကူအညီတောင်းကြည့်ရင် သင့်တော်မယ်ထင်တယ် သခင် မလေး”

အမတ်ကြီးဘိုးဖိုးဝက သခင်မလေးနှင့် အကြီးအမှူး ဘိုးမင်း ဖြူတို့အား အကြံပေးဆွေးနွေး လျှောက်တင်လိုက်သည်။

“အင်း . . . ဘိုးဖိုးဝအကြံပေးတာ ကောင်းတယ်၊ အဲဒီ ပြည်မ ဧည့်သည်တွေမှာ မီးပေါက်လက်နက်တွေလည်း ပါတယ်၊ နောက်ပြီး ခေါင်းဆောင်လုပ်တဲ့ ဒေါက်တာမင်းခေါင်ဆိုတဲ့သူရယ်၊ ဂျပန်လူမျိုး တစ်ယောက်ရယ်က ရဲစွမ်းသတ္တိလည်း ရှိပုံရတယ်၊ အဲဒါ သူတို့ ပြောပြပြီး အကူအညီတောင်းရရင်တော့ “ဖလန်ဟီး” ရဲ့ ကြမ်းတမ်း စိုင်းတဲ့ အရိုင်းကောင်တွေကို နှိမ်နင်းနိုင်မယ်လို့ ထင်ပါတယ် သခင် လေး”

“မှန်ပါတယ် ဘိုးဖဝပြောသလိုပါပဲ၊ ဟိုခေါင်းဆောင်လုပ် သူနဲ့ ဂျပန်စစ်ဗိုလ်တို့က “ဖလန်ဟီး” ရဲ့ လူရိုင်းကောင်တွေကို ရဲရဲ တိုက်ခိုက်ကြလို့ အဲဒီလူရိုင်းကောင်တွေက ကျွန်တော်မျိုးတို့ မိသားစု ထားခဲ့ပြီး လက်လွှတ်ထွက်ပြေးသွားကြတာ ကျွန်တော်မျိုး မျက် တပ်အပ်သေချာမြင်ခဲ့ရတာပါ သခင်မ၊ နောက်ပြီး သူတို့ရဲ့ မီးပေါ လက်နက်ကြီးတွေကြောင့် လူရိုင်း (၁၀) ယောက်လောက် အတုံးအ ကျဆုံးသွားခဲ့ကြပါတယ် သခင်မ၊ အဲဒီကိစ္စကိုလည်း ကျွန်တော်မျိုး ကိုယ်တိုင် ခေါင်းဆောင်ဖြစ်တဲ့ ဒေါက်တာမင်းခေါင်ကို ပြောပြ သလောက် ပြောထားပြီးပါပြီ သခင်မလေး”

အကြီးအမှူး ဘိုးမင်းဖြူ၊ အမတ်ကြီးဘိုးဖိုးဝ၊ လက်ရုံးရဲမက် ဗိုလ်သာညိုနှင့် ဘိုးရွှေကွန်းတို့၏ တင်ပြလျှောက်ထားချက်များ “ရွှေမျက်နှာရှင်သခင်မ” ဂရုတစိုက် နားထောင်နေပါ၏။ သူ၏စိတ် တွင်လည်း အနှစ်နှစ်အလလ ဒုက္ခပေးနေသည့် လူရိုင်းကော



လန်ဟီး” တို့အား အပြီးအပြတ် ချေမှုန်းတိုက်ချင်ပါ၏။ သို့သော် ကြမ်းကြမ်းရမ်းရမ်းနှင့် ဘီလူးသူရဲကောင်းများနှယ် တဝုန်းဝုန်းနှင့် ရက်ရက်စက်စက် ခုတ်ထစ်သတ်ဖြတ်ကာ တိုက်ခိုက်လေ့ရှိသည့် “ဖလန် ဟီး” အား ယခုအချိန်ထိတိုင် မချေမှုန်းနိုင်သေး။ ထိုစဉ် . . .

“ရွှေမျက်နှာရှင်သခင်မ” သခင်မလေးအာရုံတွင် ဖျတ်ခနဲ ဝင်ရောက်နေရာယူလာသူက စူးရှသော မျက်လုံးအစုံနှင့် သူ့အား ငုံ့စားစား ကြည့်နေသည့် အရှေ့တိုင်းခြားလူမျိုး ယာမာဂူချီစံကို မြင် ယောင်လာမိသည်သို့ . . .။

စင်စစ် နှစ်ပေါင်းများစွာ သျှောင်ထုံးကြီးများ၊ ထိုးကွင်းမင် ကြောင်ကြီးများ၊ အသားညိုညို လူသားများ၏ ပုံသေမျက်နှာသွင်ပြင် များကိုသာ တွေ့မြင်ရင်းနှီးနေသည့် ရှင်မယ်ညို (ရွှေမျက်နှာရှင် သခင်မ) လေးမှာ ဖြူဖြူသန့်သန့် ဥပဓိရုပ်ပိုင်ရှင် ယာမာဂူချီစံကို တွေ့မြင်လိုက်ရ သည့်ခဏ လှိုက်ခနဲ ရင်ဖိုလှုပ်ရှားသွားမိသည်ကို အပြစ်ဟု ခေါ်တွင် သတ်မှတ်လေမည်လား။ နောက်ဆုံးတော့ ရှင်မယ်ညိုလေးမှာ သက်ပြင်း လေးတစ်ခုကိုသာ မသက်မသာ ချလိုက်ရင်း . . .

“အင်း . . . အကြီးတော်တို့ လျှောက်တင်သလို “ဖလန်ဟီး” သာ တိုက်ခိုက်ချေမှုန်းနိုင်မယ်ဆိုရင် အဲဒီပြည်မက ဧည့်သည်တော်ကြီး တွေနဲ့ တွေ့ဆုံပြီး အရင်ဆုံး ဆွေးနွေးတိုင်ပင်ကြည့်ပါ၊ လိုအပ်မယ်ဆိုရင် ဘဏ္ဍာတိုက် လှိုဏ်ဂူထဲက ရွှေတုံးတွေနဲ့ ဆင်စွယ်တွေကိုပါ လက်ဆောင် ပေးပြီး “ဘိုးရွှေကွန်း” ကိုယ်တိုင် ပြောဆိုဆွေးနွေးကြည့် ပါ၊ အားလုံး အဆင်ပြေမှ သခင်မကိုယ်တိုင် သူတို့ကို လက်ခံတွေ့ဆုံမယ်”

“အမိန့်တော်အတိုင်းပါ သခင်မလေး”

“ကိုင်း . . . နောက်ထပ်လျှောက်တင်စရာ မရှိတော့ရင် သခင်မ နားချင်ပြီ ဘိုးဘိုး”

ဤသို့ဖြင့် “ရွှေမျက်နှာရှင်သခင်မ” လေးသည် သူ၏ ရဲရွှေ

www.burmeseclassic.com

www.burmeseclassic.com



တော်များနှင့်အတူ ခန်းဆီးလိုက်ကာတစ်ဖက်ရှိ အတွင်းခန်း စံနန်းဆော
အတွင်းသို့ ဝင်ရောက်သွားပါလေတော့သည်။

☼

သားမွေးသားရေချပ်များကို ခန်းလုံးပြည့်အောင် ခင်းကျ
ထားသည့် အိမ်ဦးခန်းတွင် နီမြန်းခက်ထန်နေသည့် မျက်နှာ
ခြောက်ပေခန့်ရှိသော လူရိုင်းကြီးတစ်ဦးနှင့် ဝါကြင်ကြင် ဖြူထည်ကြီး
ခြုံကာ ခေါင်းတုံးပြောင်နေအောင်ရိတ်သော အသားမည်းမည်း အရပ်
ဝနှင့် လည်ပင်းတွင် အလုံးကြီးသော ပုတီးနက်တစ်ကုံးကို ဆွဲထာ
သည့် ပုဂ္ဂိုလ်ကြီးတစ်ခုတို့က တစ်စုံတစ်ရာဖြစ်ရပ်အတွက် ဒေါသူ
ထကာ ဆူပူအော်ဟစ်နေခြင်း ဖြစ်သည်။

ခြောက်ပေကျော်ခန့်ရှိသော လူရိုင်းကြီး၏အမည်မှာ "ဖလ
ဟီး" ဖြစ်ပြီး လည်ပင်းတွင် ပုတီးကုန်းအနက်ကြီးဆွဲထားသူမှာ သူ
အတိုင်ပင်ခံပုဂ္ဂိုလ် "ဖမ်ဒူး" ဆိုသူဖြစ်သည်။ ဖန်ဒူးသ
မဂိုဝင်မျိုးနွယ်ဖြစ်ပြီး ရက်စက်ကောက်ကျစ်သော နတ်ဆရာလ
ဖြစ်ပါ၏။ မဂိုလူရိုင်းခေါင်းဆောင် ဖလန်ဟီးကမူ ကျားသစ်ရေတ
ချုပ်သီ၍ ဝတ်ဆင်ထားပြီး ဆံပင်ရှည်ကြီးကို ဆံကျစ်လုံးကြီးကျစ်
ပြီး နောက်သို့ တန်းလန်းချထားသည်။ ထို့ပြင် အဖြူအနက်
ကြိုးစည်းကို ခေါင်းတွင် စည်းနှောင်ထားပြီး ဝက်စွယ်တစ်ချောင်း
လည်ပင်းတွင် ဆွဲထားသည်။ သူထိုင်နေသည့် ကျားသစ်ရေခြ
ထားသည့် ထိုင်ခုံ၏နောက်တွင် အနီရောင်အမွေးဖွားများဖြင့် ထ
လှသော လုံရှည်ကြီးနှစ်ချောင်းကို ကြက်ခြေခတ် ချိတ်ဆွဲထား

သူတို့၏ရှေ့တွင် ဒဏ်ရာအချို့နှင့် ဒူးထောက်ခစားနေသ



အသားမည်းမည်း၊ ဗလကောင်းကောင်းနှင့် လူရိုင်းတစ်ဦးက တစ်စုံ
တစ်ရာကို ဖလန်ဟီးအား ပြောပြနေခြင်း ဖြစ်သည်။

"ဒါနဲ့ နင်တို့က ဖမ်းဆီးထားပြီးသား ရန်သူတွေကို ထားခဲ့
ပြီး လက်လွှတ်ထွက်ပြေးလာရတယ်ပေါ့ ... ဟုတ်လား"

"ဟုတ်ပါတယ် သခင်ကြီး၊ သူတို့မှာ မီးပေါက်လက်နက်တွေ
နဲ့ ငါတို့ကို ပစ်လို့ ငါ့ညီလည်း သေဆုံးခဲ့ရတယ်၊ ခက်တာက သူတို့ကို
ဒီနယ်ထဲမှာ တစ်ခါမှ မမြင်ဖူးဘူး သခင်ကြီး"

ဖလန်ဟီးမှာ သူ၏တပည့်ပြောသမျှကို လည်ပင်းကြောကြီး
များ ထောင်ထလာသည်အထိ မျက်လုံးကြီးပြူးလျက် နားထောင်နေပါ
၏။ သူ၏နယ်မြေထဲတွင် သူမသိပါဘဲနှင့် လူစိမ်းကောင်များ ရောက်ရှိ
နေခြင်းမှာ သူတို့တစ်တွေ လုံခြုံရေး ညံ့ဖျင်းနေပြီလားဟု။

"အဲဒီ လူစိမ်းကောင်တွေက ဘယ်နယောက်လောက်ရှိလဲ
မုန်ထူး"

ခေါင်းဆောင်သခင်ကြီး "ဖလန်ဟီး" မေးခွန်းကြောင့် သွေး
များစီးကျနေသည့် ဒဏ်ရာကို လက်ဝါးနှင့်ပိတ်ကာ ...

"တိုက်ရင်းခိုက်ရင်းဆိုတော့ အတိအကျ မသိရပေမယ့် လူ
လေးငါးခြောက်ယောက်ထက်တော့ နည်းမှာမဟုတ်ဘူး သခင်ကြီး။ သူတို့
က လှိုဏ်ကြီးအပေါ်ကနေ ဆီးပြီးတိုက်ခိုက်ကြတော့ ငါတို့တစ်တွေ လည်
ဝင်းခံကြရသလို ဖြစ်သွားတာပေါ့၊ အခု တိုက်ပွဲမှာ ငါ့ညီ သေသွားပြီ၊
ငါမကျေနပ်ဘူး၊ ဒီကောင်တွေကို ပြန်ပြီးသတ်ရမယ်"

"ဟုတ်တယ် ... သတ်ရမယ်၊ နင့်ကြောင့်ခံခဲ့ရတဲ့ အကြွေးကို
နင်ကိုယ်တိုင် ပြန်ဆပ်ရမယ် မုန်ထူး။ အေး ... လောလောဆယ်တော့
နင့်ဒဏ်ရာကို ဆေးကုချည်ဦး ... သွားတော့"

မုန်ထူး ထွက်သွားသည့်တိုင် ဖလန်ဟီး၏ ဒေါသများက
မပြေတတ်သေး။ ကြီးမားလှသော လက်သီးကြီးကို ဆုပ်လိုက်၊

www.burmeseclassic.com

www.burmeseclassic.com



ဖြေလျှော့လိုက်နှင့် ခေါက်တုံ့လှူးလားလျှောက်ရင်း တစ်စုံတစ်ရာကို တွေးတောနေပါ၏။

''ဒီကောင်တွေ ဘယ်ကနေ နယ်ကျူးလာကြတာလဲ၊ ဒါမှ မဟုတ် မီးပေါက်လက်နက်တွေတောင်ပါတယ်ဆိုတော့ အင်္ဂလိပ် စစ်တပ်ကများလား၊ ငါတို့နဲ့ပြိုင်ဘက် မဂိုနယ်ခံလူဆိုးတွေများ ဖြစ်နေ မလား''

''မဟုတ်နိုင်လောက်ဘူး သခင်ကြီး၊ ငါ့အထင်ပြောရရင် တစ်ခါတလေ စစ်တာကောင်းအနောက်ခြမ်းဘက်ကို နယ်ကျူးလာကြတဲ့ မှဆိုးတွေပဲ ဖြစ်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ နယ်စပ်မှာရှိတဲ့ ငါတို့ လူတွေဆီက ဘာသတင်းထူးမှ မကြားရဘူးဆိုတော့ ဒီကောင်တွေ တောင်ဘက်ကျောက်တံခါးကြီးကနေ နယ်ကျူးပြီး ဝင်လာကြတာ ဖြစ် မယ်''

နတ်ဆရာဖန်ဒူးက သူ၏ ပြောင်ချောနေသည့် ဦးခေါင်းကြီး လက်ဝါးကြီးနှင့် ပွတ်သပ်ရင်း ရေတွက်သမျှ အဖြေထုတ်ကြည့်နေမိသည်။

''တစ်ခုတော့ရှိတယ် ... ဟို ငါတို့ ဖမ်းလာခဲ့တဲ့ ''ရွှေမျက်နှာ ရှင် သခင်မ'' ရဲ့လူတွေက ဒီလူစိမ်းကောင်တွေကို သူတို့နေရာ ခေါ်သွားကြမလား၊ ဒါမှမဟုတ် လူစိမ်းတွေက သူတို့ကို ပြန်လွှတ် ပေးလိုက်ကြမလား၊ ဘာပဲဖြစ်ဖြစ် ဒီလူစိမ်းတွေနဲ့ ရင်ဆိုင်တွေ့ရ တာဟာ ငါတို့အတွက် မကောင်းတဲ့နိမိတ်လက္ခဏာပဲ သခင်ကြီး''

နတ်ဆရာဖန်ဒူး၏ စကားကို ဖလန်ဟီး အတန်ကြာမျှ ငြိမ် ဆိတ်၍ စဉ်းစားနေသည်သို့ ...။ ပြီးမှ သူ၏ရှေ့ကျွန်းမြစ်ဆုံ ကျောက် ဝိုင်းကြီးပေါ်မှ ဝါးဆစ်ခွက်ကို ကောက်ယူကာ တစ်ကျိုက်ထည့် သောက်လိုက်သည်။

''ဒီကိစ္စ သေသေချာချာ စုံစမ်းပါ ဖန်ဒူး၊ နောက်ပြီး ကျွန်ုပ်တို့ချန်ဒရာဆင်းနဲ့ အမြန်ဆုံး ဆက်သွယ်ပြီး ငါတို့မှာရှိတဲ့ ရွှေ



တွေနဲ့ လက်နက်တွေကို ဝယ်ဖို့လုပ်တော့ အဆင်သင့်ဖြစ်ရင် ဟို ... မနုကြီးလှတဲ့ ရွှေမျက်နှာရှင်သခင်မရဲ့ နယ်မြေတစ်ခုလုံး ငါ့လက် အောက် ပြားပြားဝပ်ရောက်လာတဲ့အထိ တိုက်ခိုက်ရမယ်''

''ချန်ဒရာဆင်း (၅) ရက်အတွင်း လက်နက်ခဲယမ်းအလက် (၂၀) နဲ့အတူ ရောက်လာမယ်လို့ သတင်းအဆက်အသွယ်ရပြီးပါပြီ သခင်ကြီး''

''ကောင်းတယ် သိပ်ကောင်းတယ်၊ ကြာရင် လက်ရှိအခြေ အနေတွေ ရှုပ်ထွေးသွားနိုင်တယ်၊ ဖြစ်နိုင်ရင် သူတို့ စပါးရိတ်သိမ်းပွဲ မှာ တစ်ခါတည်း အပြီးအပြတ်တိုက်ချင်တယ်၊ အဲဒါတွေအားလုံး အဆင်သင့်ဖြစ်အောင် စီစဉ်ထားလိုက်''

လူရိုင်းခေါင်းဆောင် ''ဖန်လာဟီး'' သည် ရက်စက် ကြမ်း ကြုတ်သလောက် ''ရွှေမျက်နှာရှင်သခင်မ'' ပိုင်ဆိုင်သော မြေဝါတောင် (ရွှေကြော) ကို အပိုင်သိမ်းပိုက်နိုင်ရန် ဆင်ကြံကြံနေသူတစ်ယောက် ဖြစ်ပါ၏။ ထို့ကြောင့် သူပိုင်ဆိုင်သည့် ရွှေကြောယေအတွင်းမှ ရွှေ များကို သန့်စင်ထုတ်ယူကာ မဂိုကုလားကုန်သည်ကြီးချန်ဒရာဆင်းထံမှ သက်နက်များကို သျှို့ဂုက်စွာ ဝယ်ယူနေခြင်း ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)
## နှလုံးသားတစ်နေရာမှ မမြင်နိုင်သောအရာ

နံနက် (၉) နာရီခန့်တွင် ...

ဒေါက်တာမင်းခေါင်တို့ရှိနေသည့် ကျောက်လိုဏ်ဂူထဲသို့ ဘိုးရွှေကွန်းနှင့် အသက် (၆၀) ခန့်ရှိ သျှောင်ထုံးကြီးနှင့် ဦးကြီးတစ်ဦးတို့ ဝင်လာကြသည်။ နံနက်စောစော ဆန်ပြုတ်ကဲ့သို့သော အရာတစ်မျိုးနှင့် အသားခြောက်အချို့ကို မီးကင်ထားသည့် နံနက်စာကို ဒေါက်တာမင်းခေါင်တို့ စားသောက်ပြီးစီးချိန် ဖြစ်ပါ၏။

"စားသောက်ပြီးကြပြီလား မောင်ရင်လေးတို့၊ နေရထိုင်ရ စားသောက်ရတာ အဆင်ပြေကြရဲ့လားလို့ သခင်မလေးက မိန့်မှာရင်း မေးလိုက်ပါတယ်၊ ဟောဒါက သခင်မရဲ့အပါးမှာ ခစားနေရတဲ့ အမတ်ကြီးဘိုးဖိုဝပါ မောင်မင်းခေါင်"

ဘိုးရွှေကွန်းကပင် အမတ်ကြီးဘိုးဖိုဝနှင့် ဒေါက်တာမင်းခေါင်တို့ကို မိတ်ဆက်စကားပြောဆိုရင်း နှုတ်ခွန်းဆက်လိုက်ပါ၏။ ထို့ကြောင့် ဒေါက်တာမင်းခေါင်တို့ကလည်း နေရာမှထကာ ဦးညွှတ် နှုတ်ဆက်ရင်း ကြိုဆိုလိုက်သည်။

"အဆင်ပြေပါတယ် ဘိုးရွှေကွန်း။ ဒါပေမဲ့ အပြင်ကို မထွက်ရတော့ ညှောင်းချိချိနဲ့ ပျင်းသလိုဖြစ်နေပါတယ်၊ အဲဒါ ဖြစ်နိုင်ရင်"

"ဟင်း ဟင်း ဟင်း ... သခင်မလေးကလည်း အဲဒီအထိကို မြည်မကာ ရောက်လာကြတဲ့ မောင်မင်းခေါင်တို့အပေါ် တော်တော်လေး စေတနာထားပုံရတယ်၊ အဲဒါကြောင့် ကနေ့ညပုယံနေ့ အခါတော်သာမယ မှာ မြတ်ဗုဒ္ဓကို ဖူးမြော်ခွင့်ပြုလိုက်တယ်လေ၊ ဒါဟာ တကယ့်ကို ထူးခဲ



တဲ့ အခွင့်အရေးတစ်ခုပါ မောင်မင်းခေါင်"

ဒေါက်တာမင်းခေါင်မှာ ဖြူနုဖံ့ရှိရာသို့ လှည့်၍ ကြည့်လိုက်ရာ မြတ်ဗုဒ္ဓ၊ ဥပုသ်နေ့အခါသမ စသော စကားအသုံးအနှုန်းတို့ကို ကြားသောကျသဖြင့် ခေါင်းတညိတ်ညိတ်နှင့် ရှိပါချေ၏။

"ဟုတ်ပါတယ် ... မောင်ရင်လေးတို့ အခုလို မြတ်ဗုဒ္ဓရဲ့ အခါတော်နေ့မှာ ညှိုသည်လူစိမ်းတွေ ဖူးမြော်ခွင့် မရှိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မြတ်ဗုဒ္ဓတည်ရှိတဲ့နေရာမှာ လူသားတွေရဲ့ လောဘ, ဒေါသ, မောဟတွေကို ဖြတ်တောက်တဲ့ ရတနာပစ္စည်းတွေနဲ့ ရှားပါးလှသောက် အဖိုးတန်လှတဲ့ နတ်ဆေးကမှန်းပင်တွေ ရှိနေလို့ပဲ၊ နောက်ပြီး မောင်ရင်လေးတို့ ဖူးတွေ့ရမယ့် မြတ်ဗုဒ္ဓရဲ့ရုပ်ပွားတော်မြတ်ကြီးဟာလည်း တကယ့်ကို ရွှေစင်ရွှေသားနဲ့ သွန်းပြုထားတဲ့ ရုပ်ပွားတော်ကြီး ဖြစ်နေလို့ပဲ မောင်ရင်လေးရေ"

အမတ်ကြီးဘိုးဖိုဝ ရှင်းပြပြောဆိုမှပင် ဒေါက်တာမင်းခေါင်တို့ တွင်မှာ မြတ်ဗုဒ္ဓ၏ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်လိုစိတ်များ တွားတွား ပေါ်ပေါက်လာကြပါလေ၏။

"ကျေးဇူးတင်လိုက်တာ ဘိုးဖိုဝရယ်၊ ဒီလိုရှားပါးတဲ့ မြတ်ဗုဒ္ဓရဲ့ ရွှေသွန်းရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ခွင့်ပေးတဲ့ သခင်မလေးကို ကျေးဇူးအထူးတင်ကြောင်း ပြောပြပေးပါ"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့ရဲ့ အထွတ်အမြတ်ထားတဲ့ ဘုရားရှင်ရဲ့ ကိုယ်ပွားတော်ကို ဖူးမြော်ခွင့်ရတယ်ဆိုတာ တကယ့်ကို ရှားတောင့်ရှားခဲ အခွင့်အရေးတစ်ခုပါပဲရှင်"

ဒေါက်တာဖြူနုဖံ့က သွက်လက်ချိုသာစွာ ခွန်းတုံ့ပြန်စကား ဆိုလိုက်ပါ၏။

"ဒါပေမဲ့ တစ်ခုတော့ရှိတယ် ... မောင်ရင်တို့အထဲက (၃) ယောက်ပဲ သခင်မနဲ့အတူ လိုက်ပါဖူးမြော်ခွင့်ရပါမယ်၊ နောက်ပြီး ဘာ

www.burmeseclassic.com

www.burmeseclassic.com



လက်နက်မှ ကိုင်ဆောင်ခွင့်မရှိပါဘူး၊ မြတ်ဗုဒ္ဓကို ပူးမြော်ပြီးတာနဲ့ သခင် မလေးနဲ့အတူ ညီလာခံခန်းမဆောင်မှာ ပြန်ပြီးတွေ့ကြရမယ်၊ အဲဒါကို တော့ သတိချပ်စေချင်ပါတယ်''

''စိတ်ချပါ . . . အခုလို သခင်မလေးကိုယ်တိုင်က ကျွန်တော်တို့ ကို လိုလိုလားလားနဲ့ ဆက်ဆံမှုတွေပြုနေတော့ ကျွန်တော်တို့ဘက် ကလည်း သခင်မလေးဆန္ဒရှိတဲ့ အရာမှန်သမျှကို ပြန်ပြီးဖြည့်ဆည်းပေး ပါ့မယ်လို့လည်း လျှောက်တင်ပေးပါ ခင်ဗျာ''

''ကောင်းတယ် . . . သိပ်ကို နှစ်ဦးနှစ်ဖက် သင့်မြတ်လျော်က တဲ့ အရေးကိစ္စပါပဲ၊ အခုလို မောင်ရင်လေးတို့ဆီက စကားကိုကြား တာ ဝမ်းသာအားရဖြစ်မိပါတယ်ကွယ်၊ ဒါဆိုရင် ပြင်ဆင်စရာရှိတာပြ ဆင်ထားလိုက်ပါ၊ ခဏကြာရင် ရဲမက်တွေနဲ့ အခေါ်လွှတ်လိုက်ပါ့မယ်''

ထို့နောက် အမတ်ကြီးဘိုးဖိုးဝနှင့် ဘိုးရွှေကွန်းတို့ လိုဏ်ဂူထဲ ပြန်၍ ထွက်သွားကြပါလေ၏။ ထူးခြားသည်က ယာမာဂူချိစ်၊ ရွှေ မျက်နှာရှင်သခင်မထံမှ ပြန်လာကတည်းက တစ်စုံတစ်ခုကို ထူးထူး ခြားခြား တွေးနေသကဲ့သို့ မှန်ငေးငေးနှင့် ငြိမ်သက်လျက်ရှိသည်။ ဒေါက် တာမင်းခေါင်း ရိပ်စားမိသော်လည်း မည်သည့်စကားမှ မဆိုဘဲ အလု ကိစ္စနှင့်ပတ်သက်သည်များကိုသာ ပြောဆိုတိုင်ပင်လျက်ရှိပါ၏။

''ဖြူနုဖံရေ ကျွန်တော်တို့တော့ အခွင့်အရေးတစ်ခုရပြီ ထင် တယ်၊ ရွှေစင်ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ပူးမြော်ရင်းနဲ့ ပတ်ဝန်းကျင် အခြေအနေကို သုံးသပ်လို့ရမယ်၊ အင်း . . . ယာမာဂူချိစ် တွေ့ခဲ့ အဝါရောင် အလင်းတန်းတွေ မြေပြင်ထက်အထိ အရောင်လင်းလ နေတဲ့ (မြေဝါတောင်) ဆိုတာ မြတ်ဗုဒ္ဓတည်ရှိတဲ့ ကုန်းတော်ကြီးများ ဖြစ်နေလေမလားဘဲ''

''ဟုတ်တယ် ယာမာဂူချိစ်၊ ရှင့်ရဲ့အိပ်မက်တွေ အကောင် အထည်ပေါ်တော့မယ်နဲ့တူတယ်၊ ဟောဒီ လိုဏ်ဂူကြီးထဲကနေ ထွ



ထွက်ခွင့်ရရင် သေသေချာချာ အကဲခတ်ပေတော့ ယာမာဂူချိစ်ရေ''

ဒေါက်တာဖြူနုဖံက ဝမ်းသာစကားပြောလိုက်သည့်တိုင် ယာ မာဂူချိစ်က အသာအယာပင် ပြုံးကာ အကျို ဘောင်းဘီတို့ကို သပ်သပ် ရပ်ရပ်ဖြစ်အောင် ပြုပြင်လိုက်ရင်း . . .

''ကျွန်တော့်ရဲ့စိတ်တွေ တွေဝေထိုင်းမှိုင်းနေသလိုပဲ ဖြူနုဖံ ဟောဒီ ရွှေမျက်နှာရှင်သခင်မရဲ့ မျက်နှာလေးကို တွေ့လိုက်ရကတည်း က စိတ်ထဲမှာ ကတုန်ကယင်နဲ့ တစ်နေရာရာမှာ တွေ့ဖူးမြင်ဖူးသလို ခံစားနေရတယ်''

''ဟင်း ဟင်း . . . အဲဒါ လူပျိုကြီးတွေ, အပျိုကြီးတွေ ကြုံတွေ့ ရလေ့ရှိတဲ့ ခံစားချက်တွေ ယာမာဂူချိစ်၊ တစ်ခုတော့ ရှိတယ်နော်၊ ဒီမှာရှိတဲ့ မိန်းမကြီးတွေက မျိုးချစ်စိတ် တအားကြီးတဲ့သူတွေနော်၊ နှစ်ပေါင်း (၄၀၀) လောက် လူမျိုးခြားတွေရဲ့အလယ်မှာ နေကြရတာတောင် တစ် ယောက်မှ သစ္စာမဖောက် သွေးမနှောကြဘူးတဲ့ ယာမာဂူချိစ်''

''တော်ပါ ရစ်ချပ်ကြီးရယ် . . . ခင်ဗျားပြောလိုက်မှပဲ လူကို နှိမ့်ချနဲ့သွားသလိုပဲ၊ ဒီလိုမျိုးဖြစ်ရပ် ကျွန်တော့်ဘဝမှာ တစ်ခါမှ ကြုံခဲ့ရဖူးဘူး ရစ်ချပ်ကြီးရဲ့''

''အဟင်း ဟင်း . . . သတိထား ယာမာဂူချိစ်ရေ၊ ခင်ဗျားရဲ့ နှလုံးသားကို ခိုင်ခိုင်သာချည်နှောင်ထားပေတော့နော်၊ ပြုတ်ကျကျန်ခဲ့ ရင် မသက်သာဘူးဗျ''

ရစ်ချပ်သွန်မဆင်၏စကားကြောင့် ဖြူနုဖံပင် ပြုံးစိစိ ဖြစ်သွား ပါ၏။ ထိုစဉ် ကျောက်လိုဏ်ဂူဝတွင် ဒူးလေးကိုင်ရဲမက်နှစ်ယောက် နှင့် ဘိုးရွှေကွန်းတို့ ရောက်ရှိလာကြသဖြင့် ဒေါက်တာမင်းခေါင်၊ ဖြူနုဖံ၊ ယာမာဂူချိစ်နှင့် ရစ်ချပ်သွန်မဆင်တို့လေးယောက် သူတို့ ခေါ်ရာနောက် သို့ တိတ်ဆိတ်စွာ လိုက်ပါသွားကြပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နားထဲတွင် တူရိယာသံတစ်မျိုးကို သဲ့သဲ့ညည်းညင်းကြားနေ သည်။ ကြားနေကျ တူရိယာမျိုးမဟုတ်၊ ယကွင်းငယ်ကဲ့သို့ တချွင်ချွ နှင့် စည်းချက်ညီညီ ကြားနေရသောအသံနှင့် ကြိုးတပ်တူရိယာ တီးခတ်သံမျိုး သံစဉ်များက လေပြည်ထဲတွင် စီးမျောပျံ့လွင့်လျက်

ထိုအခိုက် သူတို့လှေစုမှာ ကျောက်လိုဏ်ဂူကြီး၏ အပြင်ဘ သို့ ရောက်ရှိလာခဲ့ကြသည်။ ယခုမှပင် အပြာရောင်မိုးသား ကောင်းကင် အောက်မှ လွတ်လပ်မှုအရသာကို ကောင်းစွာခံစားကြရသည်။ ထို့ ဝတ်ဖြူစင်ကြယ်များ ဝတ်ဆင်ထားကြသည့် လူကြီး၊ လူငယ်၊ လူလ ပိုင်းများကို စီတန်းလျက် တွေ့မြင်လိုက်ရသဖြင့် စိတ်ထဲတွင် အ ငယ် ထူးဆန်းသွားသဖြင့် အနီးရှိ ဘိုးရွှေကွန်းကို ဒေါက်တာမင်းခေ မေးကြည့်မိသည်။

"ဟုတ်တယ် မောင်မင်းခေါင်၊ ဟိုဘက်တောင်ကြော အစပ်မှာ ရောက်နေကြတာက မိုလ်မင်းထောင်နေပြည်တော်က အ အမျိုးတွေနဲ့ ညွှေ့သည်တော်တွေလေ၊ အခုဆိုရင် ရွှေသွန်းမြတ်စွ ရုပ်ပွားတော်မြတ်ကြီးကို အကြောင်းပြုပြီး မိုလ်မင်းထောင်နယ်မြေ ရွှေမျက်နှာရှင်သခင်မရဲ့ မြေဝါတောင်ဒေသဟာ နှစ်ပြည်တစ် အဆက်အဆံ၊ အကူးအလူးတွေ ဖြစ်နေတာ အတော်လေးကြာပြီ အင်း ... အချိန်တွေ ကြာလာတော့လည်း စိတ်မာန်တွေ လျော့လာကြ ပေါ့၊ ဟော ... ဟိုမှာ သခင်မလေး ကြွချီလာတော့မယ် မောင်မ ခေါင်"

ဟုတ်သည်၊ တစ်ဖက်တောင်ကုန်းအမြင့်ရှိ ကျောက်လိုဏ် ထက်မှ ဦးစွာ တူရိယာတီးခတ်ကြသည့် ဝတ်ဖြူစင်ကြယ်ဝတ် စီတန်းကာ ဆင်းလာခဲ့ကြသည်။ တူရိယာအဖွဲ့နောက်မှ အမျိုးသ



ယ်လောက်သည် အဖြူရောင်ဝတ်စုံဆင်တူနှင့် ရင်ဘတ်ပေါ်တွင် ဂါရောင်တဘက်လေးများပတ်လျက် မြူအိုးပုံသဏ္ဌာန်ရှိသော ပြောင်လက်နေသည့် မြေအိုးလေးများကို တန်းစီကာ ရွက်၍ ကြသည်။ မြေအိုးများထဲတွင်မူ မွှေးကြိုင်သော နံ့သာရည်များ ထည့်၍ င်စုံပန်းလေးများကို ထိုးစိုက်ထားကြသည်ကို တွေ့ရပါ၏။

ငင်းတို့နောက်မှ ဒူးလေးစွဲစစ်သားများ နှစ်ယောက်တစ်တွဲ န်းစီလျက် လိုက်လာကြသည်။ ထိုစစ်သားများနောက်မှ ရဲရွှေတော် မျိုးသမီးများ ခြံရံလျက် အလယ်မှ "ရွှေမျက်နှာရှင်သခင်မ" သည် ည်ငြိမ်စွာ လျှောက်လှမ်းလာလျက်ရှိပါ၏။

ဒေါက်တာမင်းခေါင်နောက်မှ ဂျပန်စစ်ဗိုလ် ယာမာဂူချီစ်သည် တ်တန်းကျင်ရှိ လူများကို အကဲခတ်လိုက်သည်။ ပကတိနေမြဲတိုင်း ကျောက်ရုပ်များကဲ့သို့ ငြိမ်သက်လျက်။ သခင်မသည် ယာမာဂူချီစ်တို့ ထံသို့ ရောက်ရှိမလာသေးပါချေ။ ရွှေမျက်နှာရှင်သခင်မအား ခပ် ဝေးလှမ်းမှသာ ကြည့်ခွင့်ရပြီး အနားကပ်ကာ မော်၍ကြည့်ခြင်းကိုသာ မြစ်ပိတ်ပင်ထားဟန်တူပါ၏။

ယာမာဂူချီစ်မှာ ကြည့်ခွင့်ရသည့်အခိုက် "ရွှေမျက်နှာရှင် သခင်မ" အား ခပ်လှမ်းလှမ်းမှ အားပါးတရ ကြည့်နေပါ၏။ အဖြူ ရောင် ဝတ်စုံကိုပင် ဝတ်ဆင်ထားပြီး ယောဂီရောင်တဘက်ကိုမူ ဘက်မှတစ်ဆင့် ညီညီညာညာ ရစ်ပတ်ချထားသည်။ ဝင်းဝါသော သားအရေတွင် ရွှေရောင်အဆင်းကဲ့သို့ရှိသော မျက်နှာတော်လေး လင်းလက်မှတ်စင်လျက် ဒုတိယမြောက် ရွှေမျက်နှာရှင် သခင်မ ကြက်သရေတိုးမြှင့်စေသည့်သို့ ...။

နက်မှောင်သော မျက်ခုံးအောက်မှ တဖျတ်ဖျတ်လင်းလက် သည့် ရွှန်းလဲ့လဲ့မျက်လုံးကြီးများ၊ ဖြောင့်တန်းသောနှာတံ နှုတ်ခမ်း ဆေးမကူဘဲ သဘာဝနီမြန်းနေသော စေ့စပ်လှပလှသည့် နှုတ်ခမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖူးဖူးလေးနှင့် မဟုရာတမျှ နက်မှောင်ရှည်လျားသော ဆံပင်ရှည်များ ဖားလျားချထားသည်မှာ သခင်မအလှဂုဏ်ကို တစ်မျိုးတစ်ဖုံ တင့်တယ် လှပစေပါ၏။

မထူလွန်း၊ မပါးလွန်းသော အဖြူရောင်ကိုယ်ရုံလွှာအောက်၌ နီမြန်းချည် မြင့်ချည် ဖြစ်နေသည့် ရွှေရင်လွှာတစ်စုံကလည်း စစ်တကောင်း တောင်တန်းတစ်ခွင်မှ မို့မောက်လှပသော တောင်ပူစာငယ်နှစ်လုံးကဲ့သို့ ရင်ခုန်မိန်းမူးဖွယ်ရာ လှပသောမြင်ကွင်းတစ်ခုနှယ်ပါတည်း။

တစ်တစ်ရစ်ရစ်နှင့် သေးသွယ်လှပသော ခါးကျဉ်ကျဉ်လေး အောက်ပိုင်းမှ တစ်မဟုတ်ချင်း စွင့်ကားလှပ ဖွံ့ဖြိုးသည့် တင်အစုံနှင့် တစ်ရစ်ဖြောင့်စင်းသော ပေါင်တံသွယ်လျှလျှတို့ကလည်း ရှင်မယ်ဦး ခေါ် ဒုတိယမြောက် ''ရွှေမျက်နှာရှင်သခင်မ'' ၏ အလှကျက်သရေ ဂုဏ်သတင်းကို ပံ့ပိုးပေးနေသည်သို့ . . .။

ထိုစဉ် ''ရွှေမျက်နှာရှင်သခင်မ'' လေးသည် ယာမာဂူချိုစံ၏ အနီးသို့ ရောက်အံ့ဆဲဆဲတွင် ဒူးလေးကိုင် စစ်သည်များ မမြင်ခင်မှာ ပင် ယာမာဂူချိုစံက လျင်မြန်စွာ ဦးခေါင်းကို ငုံ့လိုက်ပြီး မျက်လွှာ ချ ထားလိုက်ပါ၏။

သို့သော် ယာမာဂူချိုစံ၏ မမြင်နိုင်သော ရင်ထဲမှာတော့ . . .

''အို . . . လှရက်နိုင်လွန်းလှချည်လား သခင်မလေးရယ် ဘယ်လိုကံကြမ္မာမျိုးကများ ဆုံစည်းခွင့် မရနိုင်တဲ့ဘဝနှစ်ခုကို ထိုမျှ ကြုံကြိုက်ခွင့် ပေးလိုက်ရတာလဲ မသိပါဘူး . . . ဟူး''

ရင်ထဲမှာပင် ပဲ့တင်ထပ်မျှ ညည်းတွားရွတ်ဆိုနေခိုက် ဒေါက် တာမင်းခေါင်က အနီးကပ်သတိပေးလိုက်သဖြင့် ယာမာဂူချိုစံ ဖျတ်ခနဲ သတိရလိုက်ပါလေ၏။

''သတိထားစမ်း ယာမာဂူချိုစံ၊ လာ . . . ငါတို့လည်း သူ့ နောက်က လိုက်ရမယ်''



ဟုတ်သည် . . .။ သူ့နေရာနှင့်သူ၊ သူ့အဆင်းနှင့်သူ မြတ်ဗုဒ္ဓ ပူဇော်ပွဲသို့ စည်းစနစ်ကြီးစွာဖြင့် စီတန်းလိုက်ပါကြရခြင်း ဖြစ်သည်။ သခင်မ၏နောက်မှ ဒူးလေးကိုင်စစ်သားများ၊ ၎င်းတို့နောက်မှ မိုလ်မင်း ထောင် နေပြည်တော်မှ အကြီးအကဲ ညွှန်သည်တော်ကြီးများ၊ ၎င်း နောက် အမတ်ကြီးဘိုးဇီဝနှင့် အတိုင်ပင်ခံအမတ်ကြီးများ၊ ထိုသူများ နောက်မှ ဒေါက်တာမင်းခေါင်အဖွဲ့နှင့် ဘိုးရွှေကွန်းတို့ လူကြီးသူမများ၊ ၎င်းတို့နောက်မှ များပြားလှသော ယောကျ်ား မိန်းမများ အားလုံးက သတ်ဖြူစင်ကြယ်များနှင့်၊ နောက်ဆုံးမှ လက်အောက်ခံ အကြီးအမှူးများ က စနစ်တကျ အုပ်ချုပ်ကွပ်ကဲ၍ လိုက်ပါလာခဲ့ကြသည်။

ဤကဲ့သို့ စီတန်းလှည့်လည်ပူဇော်ခြင်း အခမ်းအနား သို့ မဟုတ် မြတ်ဗုဒ္ဓပူဇော်ပွဲကြီးမှာ မြန်မာပြည်တွင်းမှ ဘုရားပွဲကြီးများ ကဲ့သို့ ဆင်ဆင်တူသည်ဟုပင် ဆိုရမည်လား။ သို့သော် မိုလ်မင်းထောင် နယ်မြေမှ မြန်မာကြီးများနှင့် ရွှေမျက်နှာရှင်သခင်မ၏ လက်အောက်ခံ နယ်သူနယ်သားများ၏ မြတ်ဗုဒ္ဓနှင့် ရတနာသုံးပါးအား ယုံကြည်စွာ သည်းကပ်ကိုးကွယ်မှုများကမူ ပြောဖွယ်ရာမရှိလောက်အောင်ပင် ကြည် ညိုသဒ္ဓါတရားများက ထက်သန်လွန်းလှသည်ဟု ဒေါက်တာမင်းခေါင် တို့က ထင်မြင်ယူဆမိကြပါ၏။

ဟုတ်သည်၊ လူမျိုးခြားများ ပတ်လည်ဝိုင်းရံလျက်ရှိသော တိုင်းတစ်ပါးပိုင်နက်ထဲမှ မိုလ်မင်းထောင်နယ်မြေ (မြန်မာပြည်ငယ် လေး) ၏ ယုံကြည်မှုသဒ္ဓါတရားများက မြန်မာပြည်ထဲတွင်ပင် ရှိနိုင် ခဲ့သည့် အတုယူဖွယ်ရာ ဓလေ့ထုံးစံလေးတစ်ခုပင်ဟု ဆိုပါလျှင် . . .။

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)
## ထူးဆန်းထွေလီ မြတ်ဗုဒ္ဓတောင်တော်ဆီသို့

မြင့်မားမတ်စောက်လှသည့် တောင်ထွတ်တစ်ခုပေါ်သို့ ဒေါ်
တာမင်းခေါင်တို့ တက်ရောက်နေကြရသည်။ ယောက်ျားများအတွင်
မထောင်းသာလှသော်လည်း "ရွှေမျက်နှာရှင်သခင်မ" နှင့် မိန်းမများ
ကလေးများက မည်ကဲ့သို့ ရှိကြပေမည်နည်းဟု ဒေါက်တာ မင်းခေါ်
တွေးနေမိသည်။

မွန်းတည့်ချိန်ခန့်တွင် တောင်ထိပ်ပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်
ရောက်ရှိလာခဲ့ကြသည်။ သို့သော် မည်သူတစ်စုံတစ်ယောက်မျှ ဘာ
မဖြစ်ကြချေ။ မြတ်ဗုဒ္ဓဘုရားရှင်၏ တန်ခိုးတော်ပေလားဟု။

တောင်ထိပ်သို့ရောက်သောအခါ ကိုယ့်အစုနှင့်ကိုယ် ငြိမ်သ
စွာ ထိုင်နေကြရသည်။ ဒေါက်တာမင်းခေါင်နှင့် ယာမာဂူချိစ်တို့
တောင်ခါးပန်းတွင် နေရာရကြသဖြင့် အနီးရှိ ကျောက်တုံးကြီးနံဘေး
နေ၍ တောင်အောက်သို့ ကြည့်လိုက်သည်။

"ဘုရား ဘုရား . . . ဒီတောင်ထွတ်ကြီးက ထီးထီးမားမားကြီး
လား ယာမာဂူချိစ်၊ ကြည့်စမ်းပါဦး . . . ဟိုက မှုန်ရေးရေးမြင်နေရ
ငါတို့လာခဲ့တဲ့ လမ်းကြောပဲကွ"

"အားပါး တော်တော်မြင့်တဲ့တောင်ထွတ်ပါလား- ဒေါက်တာ
ဖြူနုဖုံတော့ ဘယ်လိုနေမလဲမသိဘူး . . . ကျုပ်တော့ ချွေးပြန်နေပြီ"

ယာမာဂူချိစ်ထံမှ ဘာသံမှ ထွက်မလာဘဲ ရစ်ချပ်သွန်မ
ထံမှသာ ညည်းညူသံထွက်ပေါ်လာသည်။ ဂျပန်ကြီးယာမာဂူချိစ်
မျက်နှာသွင်ပြင်မှာ အတန်ငယ် ထူးခြားနေသည်သို့ . . .။ ပတ်ဝန်းကျ



ကို စေ့စေ့စူးစူးကြည့်ကာ တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစား
နေသည့်နှယ် နှုတ်ပိတ်တိတ်ဆိတ်လျက် တောင်အောက်ဆီသို့သာ
ဆားဘယ်ညာ ဝေ့ဝဲ၍ ငုံ့ကြည့်နေပါ၏။

ယခု သူတို့ရောက်ရှိနေသော တောင်ထွတ်သည် ထီးထီးကြီး
ချွန်ထက်မြင့်မားနေပြီး တစ်ဖက်တစ်ချက်စီတွင်ကား ညီညာသော
တောင်စဉ်တောင်တန်းများက ပတ်ချာပိုင်းလျက်။ ပြီးလျှင် အထပ်ထပ်
သော တောင်အနိမ့်အမြင့်များ၊ ၎င်းတို့မှလွန်သော် စိမ်းညို့မှိုင်းမှောင်
နေသည့် သစ်တောအုပ်ကြီးများကိုသာ တစ်မျှော်တစ်ခေါ် တွေ့ရသည်။
အနောက်ဘက် မိုးကုပ်စက်ဝိုင်းဆီတွင်ကား ပင်လယ်ပြင်နှင့်တူသော
သို့မဟုတ် ရေအိုင်ကျယ်ကြီးတစ်ခုနှင့်တူသော ပြာမှိုင်းမှိုင်း လတာပြင်
တစ်ခုကို တိမ်တိုက်များနှင့် ရောထွေး၍ တွေးမြင်နေရသည်။

ယာမာဂူချိစ်တစ်ယောက် ပြာမှိုင်းမှိုင်း ရေအိုင်ကျယ်ကြီးကို
ကြည့်ကာ လေယာဉ်ပျံပေါ်မှ မြင်ကွင်းအချို့ကို ပြန်လည်စဉ်းစားနေမိ
ပါ၏။ ထိုစဉ် ယာမာဂူချိစ်၏ ပခုံးကို ရစ်ချပ်ကြီးက အသာတို့ကာ

"ဟေ့ ယာမဂူချိစ် . . . သွားကြမယ်လေကွာ၊ မြတ်ဗုဒ္ဓဘုရား
ရှင်ကို ဖူးမြော်ဖို့ ငါတို့အလှည့်ရောက်ပြီ၊ ဟိုမှာ ဖြူနုဖုံတို့တောင်
သွားကြပြီ၊ ကဲ . . . လာ မြန်မြန်"

ယခုမှ ယာမာဂူချိစ် အသက်ဝင်လာသည်ထင့် . . .။ စောစော
က လူအုပ်ကြီးရှိရာသို့ လှည့်ကြည့်လိုက်သည်။ တူရိယာအဖွဲ့ ဦးဆောင်
သော လူတန်းရှည်ကြီးသည် တောင်အောက်ဆင်းသော လမ်းအတိုင်း
ရှေ့ရှုသွားနေသည်ကို တွေ့ရသည်။ သို့သော် "ရွှေမျက်နှာရှင်သခင်မ"
ကိုမူ ယာမာဂူချိစ် မတွေ့ရပါလေတော့။

အချိန်မှာ ညနေစောင်းခန့်ပင် ရှိပါချေပြီ။ မြတ်ဗုဒ္ဓကို အစီအစဉ်
တကျ အလှည့်ကျဖြင့် ဖူးမြော်ရသည်မို့ ယခုကဲ့သို့ စောင့်ဆိုင်းနေကြရ
ခြင်းပင် ဖြစ်သည်။ ယခုမူ သခင်မနှင့်တကွ အကြီးအမှူးများ၊ ရဟန်းသည်

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးများ ဖူးမြော်ပြီးသွားပြီဖြစ်၍ ဒေါက်တာမင်းခေါင်တို့အလှည့်သို့ ရောက်ရှိလာခြင်းပင်။

တောင်ထိပ်ပေါ်တွင် ဒေါက်တာမင်းခေါင်တို့နှင့် ဒူးလေးကိုင် စစ်သားအချို့သာ ကျန်တော့သည်။ မကြာမီ ဘိုးဇိဝနှင့်ဘိုးရွှေကွန်းတို့ ရောက်လာကြပြီး မြတ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ရန် ခေါ်သွားပါလေတော့သည်။

တောင်ထိပ်အလယ်တွင် ရွှေဝါရောင်လင်းလက်နေသည့် တောင်ထွတ်ကြီးတစ်ခုကို ကျောက်လိုဏ်ဂူသဏ္ဍာန် ထွင်းထုဖော် လုပ်ထားပါ၏။ ကျောက်လိုဏ်ဂူထွင်းထုစဉ်က ပွဲစဉ်ထွက်လာကြသည့် ဝါညစ်ညစ် ကျောက်တုံးအစအနများကို အစုလိုက် အပြုံလိုက် မြင်တွေ့လိုက်ရသည်။

ထို့ကြောင့် ယာမာဂူချီစ်၏ စိတ်ထဲတွင် သင်္ကာမကင်းဖြစ်လာသည်မို့ ကျောက်အပိုင်းအစတစ်ခုကို ကောက်ယူကြည့်လိုက်သည်။ သူ့လိုပင် ရစ်ချပ်ကြီးကလည်း ကျောက်ခဲငယ်တစ်လုံးကို ကောက်ကြည့်လိုက်ပါ၏။

"ဟင်"

အရွယ်အစားနှင့် မမျှအောင် အလေးချိန်စီးနေသည့် ဝါညစ်ညစ် ကျောက်ခဲအစအနများမှာ ရွှေဒြပ်စင်တို့ များစွာပါဝင်နေသည့် ရွှေတုံးလေးများပင် ဖြစ်နေပါချေပြီကော။ ဤသို့ဆိုလျှင် ဤမြတ်စွာ ကိန်းဝပ်စံပယ်သည့် နေရာဒေသသည် အံ့သြဘနန်း ရွှေထွက်သော တောင်ကုန်းတစ်ခု ဖြစ်နေသည်လေလား။

ထိုစဉ် ဘိုးဇိဝနှင့်ဘိုးရွှေကွန်းတို့ ရောက်ရှိလာပြီး ယာမာဂူချီ နှင့် ရစ်ချပ်သွန်မဆင်တို့အား သတိပေးစကား ပြောကြားလိုက်သည်။

"မြတ်ဗုဒ္ဓရဲ့ ပုရဝုဏ်အတွင်းမှာ တွေ့ရတဲ့ ပစ္စည်းဆိုင်ရာ ဘာတစ်ခုမှ မယူမိပါစေနဲ့ကွယ်တို့"



ထို့ကြောင့် ယာမာဂူချီစ်နှင့်ရစ်ချပ်သွန်မဆင်တို့က ကျောက်စခဲခုကို ချက်ချင်းပင် ပြန်၍ ပစ်ချလိုက်ကြရပါသည်။ ထိုအခါမှ ဘိုးဇိဝဦးဆောင်၍ ရွှေရောင်များလင်းလက်နေသည့် ကျောက်လိုဏ်ဂူကြီးထဲသို့ ဝင်ရောက်လာခဲ့ကြသည်။ ကျောက်လိုဏ်ဂူကြီးသည် အလံတစ်ရာမျှ ကျယ်လိမ့်မည်ဟု ခန့်မှန်းမိပါ၏။

တကယ်ပင် ရွှေစင်ရွှေသားအတိပြီးသော လိုဏ်ဂူကြီးနံရံ ရွှေဝါရောင်အလင်းတန်းများက ဒေါက်တာမင်းခေါင်တို့လူစုအား ဖြန်းဖြန်းလိုက်ကြသဖြင့် သူတို့၏ခန္ဓာကိုယ်တစ်ခုလုံး ဆန္ဒင်းတုံးကြီးများကဲ့သို့ ဝင်းဝါသွားကြပါ၏။ ကျောက်လိုဏ်ဂူကြီးအတွင်းဝယ် အေးစိမ့်လျက်ရှိပြီး အဝင်အထွက် တစ်ပေါက်တည်းသာ ရှိသည်။ ရွှေမျက်နှာရှင် သခင်မနှင့် ဘုရားဖူးပရိသတ်များ ပူဇော်သွားကြသော အမွှေးနံ့သာပန်းရနံ့များက ကျောက်လိုဏ်ဂူကြီးအတွင်းဝယ် မွှေးပျံ့ကြိုင်လှိုင်လျက် ရှိနေပါ၏။

နံ့သာဆီဖြင့်ထွန်းထားသော မီးရောင်အောက်တွင် ဉာဏ်တော် အမြင့် (၇) ပေခန့်ရှိသော ရွှေသားရုပ်ပွားတော်မြတ်ကြီးကို တင်ပျဉ်ခွေ ဖွဲ့ခွေလျက်အနေအထားဖြင့် ဖူးမြင်လိုက်ကြရသည်။ ဝင်းအိနေသည့် ရွှေစင်ရွှေသားများမှာ နံ့သာဆီမီးရောင်တွင် ဝင်းလက်ယှက်ဖြာနေကြသဖြင့် ဒေါက်တာမင်းခေါင်တို့လူစုမှာ အံ့သြတကြီးနှင့် ဖူးမြော်ကြည်ညို နေကြပါတော့သည်။

ဂျပန်လူမျိုးယာမာဂူချီစ်မှာမူ ရွှေသားရုပ်ပွားတော်မြတ်ကြီးကို တအံ့တသြကြည့်ကာ ဒေါက်တာမင်းခေါင်တို့ကဲ့သို့ ရိုသေလေးမြတ်စွာ ရှိခိုးပူဇော်နေသည်ကို ဘိုးဇိဝနှင့် ဒူးလေးကိုင်စစ်သည်များက နှစ်သိမ့်ကျေနပ် သဘောကျစွာ ကြည့်နေကြပါချေ၏။

ထိုစဉ် ဒေါက်တာပြုံးနှင့်နှင့် ရစ်ချပ်သွန်မဆင်တို့မှာ ရုပ်ပွားတော်မြတ်ကြီးနှင့် မနီးမဝေးရှိ ကျောက်စာတိုင်တစ်ခုကို တွေ့လိုက်ကြရသဖြင့် ဖတ်ကြည့်လိုက်ကြချိန်တွင် ကြက်သီးမွေးညင်းများပင် ထလာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြသည်။ ထိုကျောက်စာကျိန်စာတွင် . . .

"ရွှေမျက်နှာရှင်သခင်မဥဒါန်း"

➤ ကျွန်ုပ် ရွှေမျက်နှာရှင်သခင်မသည်
လောကကိုစောင့်ရှောက်ကြကုန်သော
လောကပါလနတ် ဗိုလ်မင်းထောင်
အရှင်ဘိုးဘိုးကြီးတို့အား တိုင်တည်၍
ဤမှန်သောသစ္စာစကားကို ဆိုအပ်ပါသည်၊
➤ ကျွန်ုပ်အုပ်ချုပ်စိုးစံရာ
မြေဝါတော်နှင့် ဗိုလ်မင်းထောင်နေပြည်တော်ကြီး
၏ နယ်ပယ်တစ်ဝှမ်းရှိ တိုင်းသူပြည်သားများ၏
သောကဗျာပါဒနှင့် မျက်ရည်တို့ကို
ကျွန်ုပ်၏ လက်ဝဲလက်တော်နှင့် သိမ်းဖယ်၍
လောကီ၊ လောကုတ္တရာနှစ်ဖြာသော
သုခချမ်းသာတို့အား
ကျွန်ုပ်၏လက်ယာလက်တော်နှင့်
ပေးကမ်းထောက်ပံ့ပါအံ့၊
➤ ထို့ပြင်တစ်ဝ
ကျွန်ုပ်၏ အသက်တည်နေသမျှ
ကျွန်ုပ်၏ အသက်ဝိညာဉ် ကုန်ဆုံးသွားခဲ့ပြီးသည်
တိုင် ရင်မှဖြစ်သော ရင်နှစ်သည်းချာရတနာများ
ကဲ့သို့ ပိုက်ထွေးစောင့်ရှောက်နိုင်ပါစေသတည်း

"ရှင်မယ်ညို"
ဒုတိယမြောက် ရွှေမျက်နှာရှင်သခင်



ဟူ၍ ကြက်သီးမွေးညင်းများ တဖြန်းဖြန်းထ,ခမန်းပင် ရေး
ဆိုးထားသည်ကို ဖတ်ရှုကြည့်လိုက်မိပါတော့သည်။

"အာ . . . ဒုတိယမြောက် ရွှေမျက်နှာရှင်သခင်မလေးရဲ့ ကျိန်စာ
ကျောက်စာရေးထိုးထားတာကလည်း ရင်ထဲက မေတ္တာ, စေတနာ,
သစ္စာတရားတွေကို ထင်းခနဲ မြင်လိုက်ရသလိုပါပဲလား"

"ဟုတ်တယ် မိန်းကလေး . . . ငါတို့ရဲ့သခင်မဟာ ငါတို့တစ်
ဆွေအပေါ်မှာ အဲသလောက်တောင် မေတ္တာထားတော်မူခဲ့တာပါကွယ်၊
အဲကြောင့် ငါတို့ကလည်း ဟောဒီ ရွှေစင်မှုန်ရုပ်ပွားတော်မြတ်ကြီးကို
အခုလို အခါကြီး ရက်ကြီးတွေမှာ ပူဇော်ခွင့်ရတိုင်း ဟောဒီကျိန်စာကို
ရွတ်ဆိုကြရတယ်လေ၊ အဲဒါ အသင်တို့အားလုံးလည်း နောက်က လိုက်
ပြီးဆိုကြရမယ်"

အမတ်ကြီးဘိုးဖိုးဝ၏စကားကြောင့် ဒေါက်တာဖြူနုဖံမှာ ဒေါက်
တာမင်းခေါင်တို့အား လှမ်း၍ကြည့်လိုက်မိသည်၊ ထိုကြောင့် ဒေါက်တာ
မင်းခေါင် မသိမသာ ခေါင်းညိတ်ပြလိုက်သည်ကိုပါ တွေ့မြင်လိုက်ရ၏။

ထိုစဉ် အမတ်ကြီးဘိုးဖိုးဝသည် လက်ဝဲလက်ဖြင့် ရင်ကိုဖိ၍
လက်ယာလက်ကို မြှောက်လိုက်ကာ အောက်ပါသစ္စာကျိန်စာကို ရွတ်ဆို
လိုက်ပါတော့သည်။

"ငါသည် ဗိုလ်မင်းထောင်နေပြည်တော်ကြီးနှင့် ဤမြေဝါ
တောင်တွင်းနေထိုင်ကြသူများအား ပျက်စီးအောင် မကြံစည်ပါ။ ရွှေစင်
မှုန် ရုပ်ပွားတော်မြတ်ကြီးနှင့် ပူဇော်ထားသည့် ရွှေ၊ ငွေ၊ ရတနာ
ပစ္စည်းများအား မသမာသောစိတ်နှင့် ပြစ်မှားကျူးလွန်ခြင်း၊ ခိုးယူ
ခြင်း၊ အခြားသို့ ယူဆောင်သွားခြင်းမပြုပါ၊ ထိုသို့ ကျူးလွန်မိသည်ရှိသော်
ထိုလောဘကြောင့် ရာသက်ပန် ရူးသွပ်ပေါ့သွမ်းသူဖြစ်ပြီး ကပ်ရောဂါး
အမျိုးမျိုးနှင့် ကြုံတွေ့ကာ သေဆုံးရပါစေသား"

ဒေါက်တာမင်းခေါင်တို့အားလုံး ထိုသို့ ယုတ်ညံ့သော အကြံ

www.burmeseclassic.com

www.burmeseclassic.com



အစည်မျိုး မရှိသဖြင့် မြတ်ဗုဒ္ဓရှေ့မှောက်တွင် သစ္စာဆိုကာ အလွယ်တကူပင် ကျိန်ဆိုပြလိုက်ပါ၏။ ထို့နောက်မှာတော့ ရွှေစင်မုန်ရုပ်ပွားတော်မြတ်ကြီးရှေ့တွင် ပူဇော်ထားသည်။ ရွှေစင်ရွှေတုံးများ၊ လက်ဝတ်ရတနာများကို ကြည်ညိုသဒ္ဒါစိတ်ဖြင့် ရည်မှန်းကန်တော့ကာ ကျောက်လိုဏ်ဂူကြီးထဲမှ ထွက်ခွာလာခဲ့ကြသည်။

နေဝင်လုပြီဖြစ်သဖြင့် ဝင်လုဆဲဆဲနေရောင်တွင် တိမ်ရောင်များ ဟပ်နေခြင်းကြောင့် မြတ်ဗုဒ္ဓကိန်းဝပ်စံပယ်ရာ မြေဝါတောင်တစ်တောင်လုံး ရွှေရည်ရွှေရောင်တို့ ဝင်းဖြာလင်းလက်နေကြသည်သို့။

ယာမာဂူချီစံက စုံစုံပိုပို တက်နေသည့် မြေပြင်ပေါ်မှ မြေစိုင်ခဲဖြစ်စေ၊ ကျောက်ခဲစတစ်ခဲဖြစ်စေ ကောက်ယူနိုင်ရန် အကြံထုတ်နေပါသော်လည်း ဘိုးဖီဝနှင့်ဒူးလေးကိုင်စစ်သည်များက မျက်ခြည်မပြတ်ကြည့်ရှုနေကြသဖြင့် ထိုအကြံအစည်ကို မချင့်မရဲနှင့် လက်လျှော့လိုက်ရသည်။

သူ၏အရိပ်အခြည်ကို ကြည့်နေသည့် ဒေါက်တာမင်းခေါင်ကလည်း မသိမသာ ဦးခေါင်းယမ်းခါလျက် မလုပ်ရန် သတိပေးလိုက်ပါ၏။ ကျိန်စာတွင် မြတ်ဗုဒ္ဓအား ပူဇော်ထားသည့် ရွှေစင်ရွှေတုံးများနှင့် ရတနာပစ္စည်းများကိုသာ ထည့်သွင်းရွတ်ဆိုထားသည်။ မြေပြင်ပေါ်မှ အရာပစ္စည်းများကိုမူ ထည့်သွင်းရွတ်ဆိုထားခြင်း မရှိသည်ကို ယာမာဂူချီစံ အမှတ်ရနေမိသည်။

အချိန်က မှောင်စပျိုးလာခဲ့ပြီဖြစ်ပါ၏။ ညပိုင်းတွင်လည်း သခင်မလေးနှင့် တွေ့ဆုံရဦးမည်ဖြစ်သဖြင့် တောင်ထွတ်ပေါ်မှ ခပ်သွက်သွက်ပင် ဆင်းလာခဲ့ကြပါတော့သည်။

✹ ✹ ✹

## အခန်း (၂၇)
## စစ်ပွဲကြားမှ လူးလွန်နိုးထလာသော အချစ်ပုံပြင်

ကျောက်လိုဏ်ဂူခန်းမဆောင်ထဲတွင် ဆီမီးတိုင်များ ထွန်းညှိထားကြသဖြင့် အလင်းရောင်တို့ ကောင်းစွာ ရရှိနေပါ၏။ ထိုင်နေကျခုံပေါ်တွင် ထိုင်လျက်ရှိသည့် "ရွှေမျက်နှာရှင်သခင်မ" ၏မျက်နှာ ဝင်းဝင်းလေးက အနည်းငယ် ညှိုးနွမ်းနေသည်သို့ . . .။

သခင်မ၏ နံဘေးတစ်ဖက်တစ်ချက်မှာတော့ ထုံးစံအတိုင်း ဒူးလေးကိုင်အစောင့်နှစ်ယောက်က ကျောက်ရုပ်ကြီးများသဖွယ် တောင့်တောင့်ကြီးရပ်လျက်။ ဒုတိယမြောက် ရွှေမျက်နှာရှင်သခင်မ၏ရှေ့တွင် ပုပ်ဝပ်စွာ ခစားနေကြသည့်သူများကတော့ အကြီးအမှူးချုပ် ဘိုးမင်း၊ အမတ်ကြီးဘိုးဖီဝနှင့် အတိုင်ပင်ခံအချို့၊ လက်ရုံးရဲမက်ကြီးနှင့် ဒေါက်တာမင်းခေါင်၊ ဖြူနု၏ ယာမာဂူချီစံနှင့် ရစ်ချပ်သွန်မဆင်တို့ လေးယောက် ညီလာခံခန်းမဆောင်တွင် စုဝေးရောက်ရှိနေကြပါ၏။

"အဖြစ်အပျက်ကတော့ အဲဒါပါပဲ မောင်မင်းခေါင်၊ ကျုပ်တို့လည်း အစဉ်အဆက်ကတည်းက အဲဒီ လူရိုင်းကောင်တွေရဲ့ အန္တရာယ်တွေကို တော်လှန်တိုက်ခိုက်ခဲ့ကြတာပါပဲ၊ ဒါပေမဲ့ ဗိုလ်မင်းထောင်နေပြည်တော်ကြီးက နယ်ပယ်နိုင်မာနေပြီမို့

လူရိုင်းတွေရဲ့ရန်ကို တွန်းလှန်တိုက်ခိုက်နိုင်ပေမယ့် ခွဲထွက်လာခဲ့တဲ့ "ရွှေမျက်နှာရှင်သခင်မ" ရဲ့တပ်သားရဲမက်တွေကျတော့ လက်နက်အင်အား၊ လူအင်အားက နည်းပါးမှုတွေနဲ့ ကြုံတွေ့နေရပါတယ်၊ အဲဒီအခက်အခဲကို မောင်မင်းခေါင်တို့ရှိနေတုန်းမှာ ကူညီပြီး ဖြေရှင်းပေးစေချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ယခုညီလာခံသည် အရေးပေါ်ညီလာခံဖြစ်ခြင်း၊ ဒူးတိုက်ဆွေးနွေးခြင်း၊ အကူအညီတောင်းခံခြင်းတို့ကြောင့် သခင်မနှင့် မော်ဂူခွင့်ကို အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် ရရှိခဲ့ပါ၏။ ယာမာဂူချိစံ၏ ရူးရူးနှစ်နှစ်အကြည့်ကို "ရွှေမျက်နှာရှင်သခင်မ" က မသိမသာ မျက်နှာလွှဲဖယ်လျက် သူ၏ရှေ့တည့်တည့်ရှိ ဒေါက်တာဖြူနှဖုံဆီသို့သာ အာရုံစူးစိုက်ဟန် ပြုနေပါ၏။

"သခင်မကို ကျွန်တော် တစ်ခုတင်လျှောက်လိုပါတယ် ... ကျွန်တော်တို့ဟာ မမျှော်လင့်ဘဲ ဘိုးရွှေကွန်းတို့မိသားစုကို လူရိုင်းကောင်တွေလက်ထဲက ကယ်တင်လိုက်နိုင်ကတည်းက ဘိုးရွှေကွန်း ပြောပြလို့ သခင်မတို့ရဲ့အခက်အခဲကို အတော်အသင့် နားလည်ထားပြီး ဖြစ်ပါတယ် သခင်မ"

ဒေါက်တာမင်းခေါင်၏ တည်ကြည်စွာပြောဆိုလျှောက်တင်နေသည့် စကားများကို ရွှေမျက်နှာရှင်သခင်မနှင့် အကြီးအကဲမှူး ဘိုးမင်းဖံတို့ ဂရုတစိုက် နားထောင်နေကြပါ၏။

"နောက်တော့ သခင်မတို့ရဲ့နယ်မြေထဲကို ကျွန်တော်တို့လူ ရောက်ရှိလာခဲ့ပါတယ်၊ အဲဒီမှာလည်း သခင်မတို့ရဲ့ နွေးထွေးပျူငှာ ကြိုဆိုမှုအတွက် ဝမ်းသာပီတိဖြစ်ရတယ်၊ အဲဒီနောက်တော့ လျှို့ဝှက် အပ်တဲ့ မြတ်ဗုဒ္ဓစံပျော်ရာ တောင်ထွတ်အထိ ကျွန်တော်တို့ ဖူးမြော်ခွင့် ရလိုက်တော့ သခင်မကို အတိုင်းမသိ ကျေးဇူးတင်မိပါတယ်၊ အဲ တစ်ဆက်တည်းမှာပဲ သခင်မတို့ရဲ့ လိုအပ်ချက်ဆန္ဒဟူသမျှကို ဖြည့်ဆည်းပေးခွင့်ရပါစေလို့လည်း မြတ်ဗုဒ္ဓထံတော်ရှေ့မှာ ကတိသစ္စာ ပြုခဲ့ပါတယ် သခင်မ၊ အဲဒါကြောင့် အခုရင်ဆိုင်ရမယ့် အရေးအတွက် ဘာမှပူပင်ကြောင့်ကြစိတ်တွေ မရှိပါနဲ့တော့ သခင်မ၊ အဲဒီအရိုင်းကောင် "ဖလန်ဟီး" ဆိုတဲ့ မကောင်းဆိုးဝါးကောင်ကို တိုက်ခိုက်နှိမ်နင်းပြီး အမြစ်ပြုတ်တဲ့အထိ တိုက်ထုတ်ပေးပါ့မယ် သခင်မလေး"



ဒေါက်တာမင်းခေါင်၏ ပြတ်သားသောစကားကြောင့် "ရွှေမျက်နှာရှင်သခင်မလေး" ၏ သောကရိပ်တို့ စွန်းထင်းနေသည့် မျက်နှာလေးသည် တိမ်စင်လနှယ် ဝင်းလက်ကြည်စင်သွားသည်သို့ ...။

"ဟောဒါက စစ်ပျူဟာနည်းပရိယာယ်မှာ ပိုင်နိုင်ကျွမ်းကျင်တဲ့ ကျွန်တော်တို့လို အရှေ့ဖျားဒေသက ဂျပန်လူမျိုး ဗိုလ်ကြီးယာမာဂူချိစံလို့ ခေါ်ပါတယ်၊ မဟိုဘုလားစပ် "ဖလန်ဟီး" ရဲ့ အန္တရာယ်ကို သူကိုယ်တိုင် ဦးဆောင်ပြီး တိုက်ခိုက်နှိမ်နင်းပါလိမ့်မယ် သခင်မလေး"

ဒေါက်တာမင်းခေါင်၏ ညွှန်ပြမှုကြောင့် ရှင်မယ်ညို ခေါ် ဒုတိယမြောက် ရွှေမျက်နှာရှင်သခင်မလေးမှာ ယာမာဂူချိစံနှင့် မျက်နှာချင်းဆိုင်လိုက်ရပါ၏။ ဘာ့ကြောင့်ရယ်မသိ၊ အရှေ့ဖျားဒေသ ဂျပန်လူမျိုး ယာမာဂူချိစံနှင့် မျက်နှာချင်းဆိုင်မိတိုင်း လှုပ်ခါသွားတတ်သည့် သူမ၏နှလုံးသားကိုလည်း နားမလည်နိုင်အောင်လည်း ဖြစ်နေမိပါ၏။ ယခုလည်း ကြည့်၊ ယာမာဂူချိစံက သူ၏မျက်လုံးအစုံနှင့် စူးနစ်စွာ ကြည့်ရင်း ...

"စိတ်ချပါ သခင်မ ... သခင်မလေးနဲ့ ဟောဒီမြေဝါတောင် ဒေသမှာ နေထိုင်ကြတဲ့ မြန်မာကြီးတွေအတွက် ဝင်လာမယ့် အန္တရာယ် ဟူသမျှကို ကျွန်တော့်အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်သွားပါ့ မယ်လို့ ကတိပေးပါတယ်"

အမှန်တကယ်ပင် ရင်ထဲမှ စိမ့်ထွက်လာသောစကားကြောင့် ယာမာဂူချိ ပြောဆိုလိုက်ခြင်းဖြစ်သည်။ ရစ်ချုပ်သွန်းမဆင်ကြီးက လည်း ယာမာဂူချိစံ၏ ရဲဝံ့ပြတ်သားသောစကားကြောင့် ရင်ထဲမှ ကျိတ်၍ ချီးကျူးလိုက်မိသည်။ စိတ်အထင်မှာတော့ ယာမာဂူချိစံသည် နေမြင့်လေလေ ချေးရင့်လေလေ ဖြစ်နေလေပြီလားဟု။

"တစ်ခုလောက်တော့ မေးခွင့်ပြုပါသခင်မလေး ... ဒီလူရိုင်းကောင် "ဖလန်ဟီး" ရဲ့ အခြေစိုက်တဲ့နေရာကို သိချင်ပါတယ် သခင်မ၊

www.burmeseclassic.com

www.burmeseclassic.com



ကြို့တင်ပြီး ထောက်လှမ်းလို့ရရင် တကယ်တမ်း တိုက်ခိုက်ကြတဲ့အခါ အထောက်အကူရပါတယ်''

''အင်း ... ဒီအရေးကတော့ ခွင့်ပြုဖို့ ခက်ခဲမယ်ထင်တယ် အဲဒီနယ်မြေထဲကို သွားရောက်စုံစမ်းသူတိုင်းဟာ ဒီနေရာကို ပြန်ပြီး တော့ ရောက်မလာနိုင်ကြတော့ဘူးလေ၊ အင်မတန်ရက်စက် ကြမ်းကြုတ်လှတဲ့ ဘီလူးကို လူရိုင်းကောင်ပါ ယာမာ၊ နောက်ပြီး သင့်အတွက်လည်း အန္တရာယ်များပါတယ်''

''သခင်မ ပြောတာမှန်တယ် စစ်ဗိုလ်ကြီး၊ အရိုင်းကောင်ရှေ့ ကြီးစိုးတဲ့ နယ်မြေမို့ ဖမ်းမိတာနဲ့ ခေါင်းဖြတ်သတ်ပစ်လေ့ရှိတယ်၊ သူတို့ အင်အားက နှစ်ရာကျော်လောက်ရှိတယ်၊ လုံတံပစ်ရာမှာ ကျွမ်းကျင်လောက် တိုက်ခိုက်ကြတဲ့နေရာမှာလည်း တကယ့်ကို သွေးဆာတော့နေတဲ့ ကျားကောင်တွေလိုပဲ ရက်ရက်စက်စက် တိုက်ခိုက်သတ်ဖြတ်လေ့ ရှိကြတယ် စစ်ဗိုလ်ကြီး''

သခင်မ၏ပြောစကားကို အမတ်ကြီး ဘိုးဖိုးက ဆက်လက်၍ ပြောဆိုလိုက်သည်။ သို့သော် သခင်မက သူ၏အသက်အန္တရာယ်ကို စိုးရိမ်၍ပြောလိုက်သည်ကိုပင် ယာမာဂူချီစ်က ကျေနပ်ပီတိဖြစ်သွားသည်သို့ ...။

ကြည်လင်ရွှန်းလက်သော သခင်မလေး၏ မျက်လုံးအစုံ စူးစိုက်၍ ကြည့်လိုက်သည့်အခါတိုင်း ယာမာဂူချီစ်၏ရင်ထဲဝယ် သိမ့်သိမ့်တုန်ခါသွားပါ၏။ စင်စစ် ယာမာဂူချီစ်၏မျက်လုံးများသည် ရွှေမျက်နှာရှင်သခင်မလေး၏ ကျက်သရေရှိလှသော မျက်နှာမှ ခွာလွှဲရန် မစွမ်းဆောင်နိုင်တော့ပြီထင့် ...။

''ဒီလိုဆိုရင် သူတို့က တိုက်ခိုက်လာရင် ဘယ်လိုများ ခုခံတိုက်ခိုက်ကြပါသလဲ ဘိုးဖိုး''

''ဒီ အရိုင်းစိုင်းသတ္တဝါတွေက ညနေမှောင်စပျိုးတဲ့အချိန် ဒါမှ



မဟုတ် နံနက်အရုဏ်တက်ချိန်လောက်ဆိုရင် ဘယ်နေရာကနေ ပေါ်လာကြသလဲမသိဘူး၊ တစ္ဆေ သူရဲကောင်တွေလို ဘွားခနဲ ဝုန်းခနဲ ပေါ်လာကြပြီး တဝုန်းဝုန်းနဲ့ တိုက်ခိုက်သတ်ဖြတ်ကြပြီး တချို့ကို ဖမ်းဆီးခေါ်ဆောင်သွားကြလေ့ရှိတယ်၊ တိုက်ပွဲအချိန်က သိပ်မကြာလှဘူး၊ နာရီလေးငါးဆယ်လောက် ဖမ်းပြီး လေလိုပျောက်ကွယ်သွားကြတယ်၊ ကျုပ်တို့တစ်တွေက ပြန်ပြီး လက်တုံ့ပြန်တိုက်ခိုက်မယ် ကြံရွယ်လိုက်ကြတာနဲ့ ဘယ်သူမှမရှိတော့ဘူး၊ အားလုံး မကောင်းဆိုးဝါးကောင်တွေလို ပျောက်ကွယ်သွားတတ်ကြတယ် စစ်ဗိုလ်ကြီး''

အမတ်ကြီးဘိုးဖိုးပြောပြနေသည့် လူရိုင်းခေါင်းဆောင် ''ဖလန်ဂျီး'' ၏ စစ်သေနတ်ဗျူဟာအား ယာမာဂူချီစ်တို့လူစု သေချာစွာ နားထောင်နေကြပါ၏။ အခြေအနေသည် ကျူးကျော်တိုက်ခိုက်လာမည့် ရန်သူ၏တိုက်စစ်ကို ခံစစ်အနေအထားဖြင့် အကောင်းဆုံး ခုခံတိုက်ခိုက်ရန်သာ ကြံစည်လုပ်ဆောင်ရပေတော့မည်။

ထိုနေ့ညက ခုခံတိုက်ခိုက်နည်းဗျူဟာအချို့နှင့် ရန်သူဝင်လာသည်နှင့် ကြိုင်သိရှိနိုင်ရေးအတွက် သတ်ကွင်း၊ ထောင်ချောက်တို့နှင့် စစ်ဆင်ရေးအကြောင်းတို့ကိုသာ အဓိက တိုင်ပင်ဆွေးနွေးလျက် ညီလာခံကို ရုပ်သိမ်းခဲ့ကြပါတော့သည်။

☼

ထိုနေ့ညက သူတို့နားခိုရာ ကျောက်လိုဏ်ဂူသို့ ရောက်ခဲ့သည့်တိုင် ယာမာဂူချီစ်တစ်ယောက် အိပ်စက်၍မပျော်နိုင်ခဲ့၊ ဘယ်ညာလူးလိမ့်ရင်း သက်ပြင်းတချချနှင့်သာ ရှိနေသည်မို့ သူနှင့်အတူ အိပ်စက်သည့် ရစ်ချပ်သွန်မဆင်က တိုးတိုးကျိတ်ကျိတ် သတိပေးလိုက်သည်။

''ကိုယ့်စိတ်ကို မညှဉ်းဆဲပါနဲ့ ယာမာဂူချီစ်၊ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စကြီးမို့ ခေါင်းထဲကိုတောင် မထည့်လိုက်နဲ့နော်၊ အခု ကျုပ်တို့ဟာ

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်နှစ်ဖက်ကြားမှာ ရောက်နေကြတာ၊ ခြေလှမ်းတစ်ချက်မှား... အားလုံး ဒုက္ခရောက်သွားနိုင်တယ် ယာမာဂူချီစံ''

ရစ်ချပ်သွန်မဆင်၏ သတိပေးစကားကြောင့် ယာမာဂူချီစံ သ... ပြင်းချသံများ ငြိမ်သက်သွားကြသည်။ သို့သော် ယာမာဂူချီစံထံ... စကားလုံးအချို့ ထွက်ကျလာပါ၏။

''ကျွန်တော်သိပါတယ် ရစ်ချပ်၊ အဲဒါကြောင့်လည်း ကိုယ့်ကို... ကိုယ် အမြဲတမ်းသတိပေး ဆုံးမနေရတာပါ၊ ခက်တာက သခင်... မျက်နှာလေးက ကျွန်တော့်မျက်စိထဲက မထွက်တော့ ဘယ်လိုမှ အိ... မပျော်နိုင်ဘူးဖြစ်နေတာပါ''

''ဒါဆိုရင်လည်း အခု သူတို့ကြုံတွေ့နေရတဲ့ အခက်အခဲ... ကို ဖြေရှင်းပေးနိုင်အောင် ကြိုးစားကြတာပေါ့ ယာမာဂူချီစံ၊ ... . . . တစ်ခုသတိထားရမှာက သူတို့ဟာ သူတို့မျိုးနွယ်စုရဲ့အစဉ်အလာ... ဘယ်တော့မှမချိုးဖောက်ဘူးဆိုတာကို ယာမာဂူချီစံ စွဲစွဲမြဲမြဲမှတ်ယူ... ပါ၊ နောက်ဆုံးကုန်ကုန်ပြောရရင် သခင်မနဲ့ယာမာဂူချီစံတို့နှစ်ဦး တက... နှစ်နှစ်ကာကာချစ်ခဲ့ကြရင်တောင်မှ သူတို့ရဲ့ဇာတိ၊ပုည, ဂုဏ်မာနကို... လုံးဝ မွဲ့တစ်ပေါက်တောင် အစွန်းခံမှာမဟုတ်ဘူးဆိုတာ မမေ့ပါနဲ့...

ပြတ်သားရှင်းလင်းသော သွန်မဆင်၏စကားကြောင့် ယာ... ဂူချီစံမှာ ထုံးစံအတိုင်း သက်ပြင်းမောတစ်ခုကိုသာ ခိုး၍ချလိုက်ပါသေ... သူ၏ဘဝတစ်လျှောက်လုံး သုတေသနများနှင့် စစ်တိုက်ခြင်းများတွင်... ကျင်လည်နစ်မျောနေသူတစ်ယောက် ဖြစ်ခဲ့သည်။ နှလုံးသားမှ စီးကူ... သော အချစ်ဆိုသောအရာကို သူ့ဘဝတွင် မကြုံဖူး မတွေ့ဖူးခဲ့၊ အချ... သည်မှာ သူနှင့်လုံးဝမသက်ဆိုင်သော အရာတစ်ခုကဲ့သို့ ဝေးကွာလျ... ဥပေက္ခာရပ်ဝန်းတွင် သက်မဲ့အရာဝတ္ထုတစ်ခုနှယ် တည်ရှိနေခဲ့ပါ...

ယခု ဤဗိုလ်မင်းထောင်နေပြည်တော်ကြီးမှ ခွဲထွက်လာ... 'ရွှေမျက်နှာရှင်သခင်မ'နှင့် မမျှော်လင့်ဘဲတွေ့ဆုံခဲ့ပါမှ အချစ်ဆို...



...ရာသည် ယာမာဂူချီစံ၏နှလုံးသားတွင် ရှင်သန်နိုးထခဲ့လေသည်လား။

ပထမ ရေပုတ်မြောင်ရွာမှ မုဆိုးမကြီးအမေထွားဆိုသူနှင့် ဆုံ... တွေ့ကာ သူငတ်မွတ်နေသည့် 'မိခင်မေတ္တာ' ကို မမျှော်လင့်ဘဲ ရခဲ့သည်၊ ...ယခု ဒုတိယမြေဝါတောင်ဒေသမှ 'ရွှေမျက်နှာရှင်သခင်မ' နှင့်တွေ့ဆုံကာ ...သူတောင့်တနေခဲ့သည့် စစ်မှန်သော 'ချစ်ခြင်းမေတ္တာ' ကို ရှာဖွေတွေ့ရှိခဲ့ ...လေသည်လား . . . ။

ညဥ့်သည် တဖြည်းဖြည်းနှင့် အိုမင်းရင့်ရော်လာခဲ့သည်။ လ ...ကိုက်ရက်ဖြစ်သည်ကတစ်ကြောင်း၊ ထူထပ်သော တောရိပ်ဘောင်ရိပ် ...များကြောင့် တစ်ကြောင်း ကျောက်လိုဏ်ဂူအပြင်ဘက်တွင် မိန်းပိတ် ...အောင် မှောင်မည်းနေပါ၏။

ခပ်လှမ်းလှမ်းဆီမှ သန်းခေါင်ယံကြက်တွန်သံကို ယာမာဂူချီစံ ...ကြားလိုက်ရသည်။ မြေဝါတောင်ဒေသ (သို့) လျို့ဝှက်သီးခြားကမ္ဘာလေး ...တစ်ခု၏ ကျောက်လိုဏ်ဂူကြီးထဲတွင် ကျောက်စက်ရေကျသံ တဖျောက် ...ဖျောက်မှလွဲ၍ အားလုံးသောအရာမှန်သမျှ တိတ်ဆိတ်ငြိမ်သက်လျက်။

ထိုအချိန်တွင် သီးခြားစံနန်းတစ်ခုဖြစ်သည့် ''ရွှေမျက်နှာရှင် ...သခင်မ'' လေး၏ ကျောက်သားနန်းဆောင်အတွင်းရှိ စက်ယာထက် ...တွင်လည်း ''ရှင်မယ်ညို့ ခေါ် ဒုတိယမြောက် ရွှေမျက်နှာရှင်သခင်မ'' ...သည်လည်း ဘယ်လူးညာလှိမ့်နှင့် အိပ်စက်၍ မရနိုင်ဖြစ်နေပါ၏။ သူမ၏ ...မျက်ဝန်းထဲတွင် ယာမာဂူချီစံခေါ် အရှေ့ဖျား တိုင်းရင်းသား စစ်ဗိုလ် ...လေး၏မျက်နှာကိုသာ မြင်ယောင်နေမိပါ၏။

''ဟူး . . . ဘယ်လိုဖြစ်ရတာလဲ၊ ငါ့ရဲ့တည်ငြိမ်နေတဲ့ စိတ်တွေ ...ဟာ ဒီယာမာဆိုတဲ့ စစ်ဗိုလ်လေးနဲ့ မျက်လုံးချင်းဆုံမိတိုင်း ရေလှိုင်း ...လို လှုပ်ခတ်သွားရတာလဲ၊ ဘယ်လိုဘဝဟောင်းက ရေစက်ကြောင့် ...မမျှော်လင့်ဘဲ ဆုံတွေ့ခွင့်ရခဲ့တာဟာ ငါ့အတွက် ကောင်းကျိုးသ...တွေ ...ဖြစ်လာနိုင်မလား, ဆိုးကျိုးဒုက္ခတွေပဲ ပေးလာမလားဆိုတာ... ငါ

www.burmeseclassic.com

www.burmeseclassic.com



မတွေးတတ်တော့ပါလား''

သခင်မလေး၏မျက်ဝန်းထဲမှာတော့ ရန်သူတော် ''ဖလန်ဟီး'' ကို အသက်စွန့်၍ တိုက်ခိုက်နှိမ်နင်းပေးမည်ဟု ရဲဝံ့စွာ ကတိသစ္စာ သွားသည့် စစ်ဗိုလ်လေး ယာမာဂူချိစံ၏ ညှို့အားကောင်းသောရုပ်သွင် မည်သို့မျှ ဖျောက်ဖျက်၍မရနိုင်ပါချေပြီတည်း။

✹ ✹ ✹

## အခန်း (၂၈)

## ပဋိပက္ခမျဉ်းပြိုင်တို့၏ ဆုံမှတ် သို့မဟုတ် ...

ဒေါက်တာမင်းခေါင်၊ လက်ရုံးရဲမက်ကြီးဗိုလ်သာညိုနှင့် ရဲမ ဆယ်ယောက်ခန့် ရှေ့ဆုံးမှ တက်သွားကြသည်။ သူတို့နောက်မှ ယာ ဂူချိစံ၊ ရစ်ချပ်သွန်မဆင်၊ လမ်းပြမှဆိုးဖိုးရွှေကျော်တို့က မျက်စိရှင်ရှ တောင်ကြိုတောင်ကြားတစ်လျှောက် ဂရုတစိုက် လှေ့လာကြည့်ရှု မြေဝါတောင်နယ်စပ်တွင် ကွင်းဆင်းလေ့လာနေကြပါ၏။

နံနက်ခင်းနေခြည်နွေးနွေးက သစ်ပင်ကြီး ဝါးပင်ကြီးများ ယ ဖြာအုပ်ဆိုင်းထားသဖြင့် ထင်တိုင်း ထိုးဖောက်ဝင်ရောက်ခွင့်မရရှာကြ ပိတောက်ပင်၊ ကျွန်းပင်၊ ကညင်ပင်ကြီးနှင့် ဝါးရုံပင်ကြီးများက ေ တန်းတစ်လျှောက် မြိုင်မြိုင်ဆိုင်ဆိုင် ပေါက်ရောက်လျက်ရှိပါ၏

ဘယ်နှစ်၊ ဘယ်ကာလက စ၍ ဤကဲ့သို့ ပေ (၁၀၀) ေ ထက်မနိမ့်ကျသော သစ်ပင်ဝါးပင်ကြီးများ ပေါက်ခဲ့သည်ကို မည် မှန်းဆ၍မရနိုင်။ ထူးထူးဆန်းဆန်း ဆယ့်နှစ်ရာသီပင်၊ ကဲ့ကော်ပင်



သည့် လုံးပတ်ရေ အိုးကြီး အရိပ်အာဝါသကောင်းကောင်းနှင့် ပေါက်နေ သည်ကိုသာ မှတ်သားမိကြသည်။

''ဒီလို တောင်ကြိုတောင်ကြားနဲ့ လျှိုကြီးတွေကြားထဲကနေ ဒီလူရိုင်းတွေက ဝံညာဥ်ကောင်တွေလို လုံးဝ အသံမကြားရဘဲ ဝင်လာ တတ်ကြတယ်၊ ဟောဟိုက တောင်ကြားလမ်းကနေ မကြာခဏ ရောက် လာကြလေ့ရှိတယ်၊ နောက်ပြီးတော့ ဟိုရှေ့က ဝါးရုံတောထဲကနေလည်း ဝင်လာကြလေ့ရှိတယ် ဒေါက်တာမင်းခေါင်''

''ဒါဆိုရင် ဗိုလ်သာညိုပြောသလို ဒီလူရိုင်းကောင်တွေ ဝင် လာတတ်တဲ့ နေရာတွေက ဒီအရှေ့ဘက်တောင်ကြောတစ်ပိုက်မှာပေါ့ ... ဟုတ်လား''

''ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဘက်မှာက တောင် ယာခင်းတွေ, စိုက်ခင်းတွေက နည်းပါးတော့ လူသူလည်းရှင်းတယ်၊ နောက်ပြီး ဒီမှာဘက်တွေက ဝါးရုံပင်တွေ, လျှိုမြောင်တွေနဲ့ သွားရေး လာရေး ခက်ခဲတော့ လူသူအရောက်လည်း နည်းတယ်လေ၊ အဲဒါ ကြောင့် ရန်သူတွေ ဝင်လာခဲ့ရင် ဟောဒီဘက် တောင်ကြားတွေဆီက ဝင်လာကြတာများတယ်''

ဗိုလ်သာညို၏စကားကြောင့် ယာမာဂူချိစံတို့အဖွဲ့မှာ ရန်သူ ဝင်လာလေ့ရှိသည့် နေရာများတွင် ယမ်းမှုန့်များနှင့် စနစ်တံအချို့ကို စနစ်တကျ မြှုပ်နှံ၍ မိုင်းထောင်ချောက်ဆင်ကြသည်။ အချို့နေရာများ တွင် ဝါးများနှင့်သုတ်ကိုင်းထောင်ကြသလို လျှိုကြားများတွင် ပြောင့် ကျင်းများတူးလျက် ဝါးချွန်များကို ကျင်းထဲတွင် ထောင်၍စိုက်ကြသည်။

ပြီးလျှင် ထိုပြောင့်ကျင်းကို ပုံဖျက်ကာ အပေါ်ယံမှ သစ်ရွက် သစ်ခက်များနှင့် ဖျောက်ကွယ်၍ထားကြသည်။

နေ့လယ်တစ်နာရီကျော်သည့်တိုင် မပြီးပြတ်နိုင်ကြသေး။ အေး စိမ့်သော တောရိပ်တောင်ရိပ်များအောက်တွင် ယာမာဂူချိစံတို့အဖွဲ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ချွေးသံတရွှဲရွှဲ၊ ဖုန်အလူးလူးနှင့်။

ဒေါက်တာမင်းခေါင်နှင့် ဖြူနုဇံတို့က လျှိုထပ်တစ်နေရာ မသက်သာသည့်နေရာများသို့ မှန်ပြောင်းနှင့် အသေးစိတ်ကြည့်နေကြ ၏။ လူသူခိုကပ်နိုင်သည့်နေရာများကို မနားမနေ ပိုက်စိပ်တိုက်၍ အ အားကောင်းလှသော မှန်ပြောင်းများဖြင့် ရှာဖွေကြည့်ရှုကြသည်။

"ဟိုဘက်ကတောင်ကြောမှာ လျှိုလေးတစ်ခုရှိတယ် ယာမ စံ၊ အဲဒီနေရာမှာတော့ မိုင်းထောင်ရင်ကောင်းမယ်၊ နေရာက ကျဉ်းေ ရန်သူဝင်လာရင် ပေါက်ကွဲသံကြောင့် ချက်ချင်းသိနိုင်မယ်မဟုတ်လား"

"အင်း . . . နောက်ထပ် နှစ်နေရာစာလောက်ပဲ မိုင်းထောင်လို့ တော့မယ် ဒေါက်တာ၊ ကျန်တဲ့နေရာတချို့ကိုတော့ ဖြစ်နိုင်ရင် မြေ ကျင်းတွေပဲ များများထောင်ချင်တယ်"

"အိုကေ၊ ဗိုလ်သာညိုတို့ရဲ့မက်တွေလည်း များတာပဲ၊ ယာ ဂူချိုစံ စိတ်ကြိုက်သာလုပ်ပါ၊ အရေးကြီးတာက ဒီစစ်ဖျူဟာကို တစ် ရန်သူ မရိပ်မိဘူးဆိုရင် ကျုပ်တို့ဘက်က တစ်ပန်းသာတယ် ဗိုလ်သာညိ"

ဒေါက်တာမင်းခေါင်၏စကားကို ဗိုလ်သာညိုက ခေါ တညိတ်ညိတ်ဖြင့် သဘောကျနေပါ၏။ ထိုစဉ် "ရွှေမျက်နှာရှင်သခ ကြွချီလာသဖြင့် အားလုံး ဒူးတုပ်ခေါင်းငုံ့၍ ခံစားကြရသည်။ ရွှေမျက် ရှင်သခင်မသည် သူ၏ရုံရွှေတော်များနှင့် စားသောက်ဖွယ်ရာများ လ ရောက် ပို့ဆောင်ပေးခြင်းဖြစ်သည်။

"ရတယ် ဘိုးဖိုး၊ သူတို့ကို သက်သက်သာသာနေကြပါ ငါတို့ကို စိတ်ရင်းအမှန်နဲ့ ကူညီပေးလာတဲ့ ဧည့်သည်တော်ကြီးတွေ ငါကိုယ်တိုင်ကျွေးမွေးစောင့်ရှောက်ချင်လို့ လာခဲ့တာပဲ၊ ကဲ . . . ဒေါက်တ မင်းခေါင်နဲ့ ယာမာတို့အဖွဲ့ ခဏလောက် နားလိုက်ကြပါဦးလား"

"ဒီနေရာဟာ နယ်စပ်နေရာဖြစ်ပါတယ် သခင်မ၊ ရန်သူ အချိန်မရွေး ဝင်ရောက်တိုက်ခိုက်နိုင်လို့ သခင်မအတွက် အန္တရာ



လှပါတယ်၊ ဒါကြောင့် ကျောက်လိုဏ်ဂူနန်းဆောင်မှာပဲ အေးအေး ဆေးဆေး စံမြန်းနေတော်မူပါ သခင်မ"

"တော် တိတ်စမ်း၊ ဗိုလ်မင်းထောင်မျိုးဆက်သွေးဟာ နီတယ်၊ မျိုးကိုချစ်တယ်၊ ဒါကြောင့် အမျိုးကို ကာကွယ်စောင့်ရှောက်ပေးတဲ့ ည့်သည်တော်တွေကိုလည်း လေးစားမှုရှိရမယ်၊ နောက်ထပ် ငါ့ကို ယ်လိုစကားမျိုး မပြောလာနဲ့တော့ ဗိုလ်သာညို"

ရွှေမျက်နှာရှင်သခင်မ၏လုံ့ခြုံရေးကို တာဝန်ယူထားရသည့် က်ရုံးကြီး ရဲမက်ဗိုလ်သာညိုမှာ ရှေ့တန်းနယ်စပ်အထိ ရဲ့ရွဲ့စွာ လိုက်ပါ သည့် 'ရွှေမျက်နှာရှင်သခင်မ' အတွက် စိုးရိမ်စကားကို သခင်မလေးက တ်သားစွာပင် ပယ်ချလိုက်သည်။ ထို့မှုမက ယာမာဂူချိုစံတို့အဖွဲ့ မိုင်း င်နေသည့်နေရာထိတိုင် စိတ်ဝင်တစား သွားရောက်ကြည့်ရှုပြန်ပါ၏။

ထို့ကြောင့်လည်း ချွေးသံတရွှဲရွှဲ ဖုန်မှုန့်အလိမ်းလိမ်းနှင့် ရှိနေ သော ယာမာဂူချိုစံကို အကြင်နာမျက်ဝန်းများနှင့် ငေ့ဲ၍ ကြည့်နေမိသည် ဟုတ်ပါလား။

"ဩော် . . . သခင်မနဲ့ မြေဝါတောင်နယ်မြေက ပြည်သူတွေ အတွက် ဒီလောက်တောင် အပင်ပန်း အဆင်းရဲခံနေကြရသလား ယာ မာရယ်"

သခင်မ၏ရင်ထဲမှ တီးတိုးရေရွတ်လိုက်သည့် စကားသံကိုပင် ယာမာဂူချိုစံ၏နှလုံးသားက ကြားလိုက်ရသည်သို့ . . .။ သခင်မ၏ ကျက်သရေရှိလှသော မျက်နှာတော်ကို မဝံ့မရဲ မော်ကြည့်ရင်း . . .

"ဩော် . . . အပင်ပန်းခံပြီး ဒီလိုနေရာမျိုးအထိတောင် ခြေဆန့် လာရလေသလား သခင်မရယ်၊ ကြည့်စမ်းပါဦး . . . မျက်နှာဝင်းဝင်းလေး မှာ ချွေးသီးလေးတွေတောင် ဆို့နေကြပါရော့လား"

ယာမာဂူချိုစံ၏နှလုံးသားမှ ပွဲ့တင်ထွက်လာသည့် သံယောဇဉ် စကားသံအချို့က လည်ချောင်းဝမှာပင် ပြတ်တောက်သွားကြပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ယာမာဂူချီစံက သူ၏လက်ခုံဖြင့် နဖူးပြင်မှချွေးစီးတို့ကို သုတ်ဖယ်လိုက် ရင်း သခင်မထံမှတစ်ဆင့် ကမ်းဆင့်လာသော သောက်ရေတစ်ခွက် နှစ်ခြိုက်စွာ သောက်လိုက်သည်။ ရွှေမျက်နှာရှင်သခင်မလေး၏ မေတ္တာ ရေကြည်သည် ယာမာဂူချီစံ၏ လည်ချောင်းမှတစ်ဆင့် နှလုံးသားထိတိုင် အေးစိမ့်စွာ စီးဝင်သွားသည်သို့ . . .။

ထိုနေ့တစ်နေ့လုံး ယာမာဂူချီစံတစ်ယောက် လျှို့ဝှက်မိုင်း ဆင်ရေးနှင့် သတ်ကွင်းထောင်ချောက်များကို စနစ်တကျ လုပ်ကိုင်ရ သခင်မလေး၏အပြုံးအားဆေးကို တစ်ဝကြီးသောက်သုံးလိုက်ပါတော့ သတည်း။

✺

ယနေ့ ကောက်ရိတ်သိမ်းပွဲနေ့ . . .။

ထို့ကြောင့် ရဲမက်တချို့ကို ကောက်ရိတ်သိမ်းပွဲ သို့မဟုတ် စပေါင်းစပါးရိတ်သိမ်းပွဲတွင် ကူညီစောင့်ရှောက်စေရန်အတွက် လက် ကြီး ဗိုလ်သာညိုက ခွဲဝေဖြန့်ချပေးရသည်။

အခါတိုင်းနေ့ရက်များဆိုလျှင် သခင်မ၏ ဂံနန်းကျောက်သ လိုဏ်ဂူအနီးတွင် ဒူးလေးကိုင်ရဲမက်များ၊ လှံရှည်ကိုင်ရဲမက်များက ပန်းခပ်မျှ စည်ကားလျက်ရှိသော်လည်း ယနေ့နံနက် အရုဏ်မတက် ကတည်းက အင်အားတစ်ဝက်ခန့်ကို ကောက်ရိတ်သိမ်းပွဲတွင် ပို့လွှ လိုက်ရသည်မို့ အင်အားနည်းပါးလျက် ရှိပါချေ၏။

ထိုဖြစ်ရပ်သိသော 'ဖလန်ဟီး' က သူ၏ လက်မရွံ့လူမိုက် စစ်သည်များနှင့် သန်းခေါင်ကျော်ကတည်းက ရွှေမျက်နှာရှင်သခင် လျှို့ဝှက်ကမ္ဘာလေးအား တိတ်တဆိတ် ဝိုင်းရံထားခဲ့ကြသည်။ သူ၏ အစဥ်က အရုဏ်တက်ချိန် ရဲမက်အင်အားနည်းပါးချိန်တွင် ရွှေမျက် ရှင်သခင်မ စံမြန်းရာ ကျောက်သားလိုဏ်ဂူကို တိုက်ခိုက်သိမ်းပိုက်ရန်



ဖလန်ဟီးတွင် ချန်ဒရာဆင်ဆိုသည့် ကုလားကုန်သည်ထံမှ ဆိုင်ဖယ်သေနတ်အလက် (၂၀) ကို လက်ဝယ်ပိုင်ပိုင် ရရှိထားသဖြင့်လည်း စစ်သွေးစစ်မာန်တို့က ရဲရဲတောက် မာန်ဝင့်နေချိန်လည်း ဖြစ်သည်။

ထို့ကြောင့် လူရိုင်းခေါင်းဆောင် ဖလန်ဟီးကိုယ်တိုင် ရိုင်ဖယ် သေနတ်ကိုလွယ်ကာ ထက်မြသော လှံရှည်ကြီးတစ်စင်းကို ကိုင်စွဲလျက် လက်ရုံးနှစ်ယောက်ဖြစ်သော နတ်ဆရာ ဖန်ထူးနှင့်မှန်ထူးတို့ ခြံရံကာ အချိန်ကောင်းကို စိတ်ရှည်ရှည်ဖြင့် စောင့်ဆိုင်းနေကြပါသည်။

မကြာမီ အရှေ့ဆီမှ ရောင်နီတချို့က အနီရောင်၊ အဝါရောင် အလင်းတန်းများဖြင့် ယှက်ဖြာသန်း၍ ဖောက်ဝင်ရောက်လာကြပါ၏။ ရောင်နီနှင့် မရှေးမနှောင်းမှာပင် "ဖလန်ဟီး" တို့၏ လူရိုင်းတစ္ဆေကောင် များက အရှေ့ဘက်တောင်ကြား လျှိုမြောင်ကြီးများဆီမှ တိတ်တဆိတ် ဝင်ရောက်ရန် ကြိုးစားလာခဲ့ကြပါ၏။

ရိုင်ဖယ်သေနတ်များကို ဖြည့်တင်းဝယ်ယူလျက် ယခု တိုက် ခိုက်သိမ်းပိုက်မည့် "ရွှေမျက်နှာရှင်သခင်မ" ပိုင်ဆိုင်ရာ နယ်မြေအား အပြေ့ လုယူသိမ်းပိုက်နိုင်ရေးအတွက် တိတ်တဆိတ်ဝင်ရောက်ရန် ကြိုး စားလာကြသည့် "ဖလန်ဟီး" ၏ ရှေ့ပြေးတပ်ဖွဲ့မှာ လျှိုမြောင်ကြားသို့ ဝင်ရောက်ခြေချလိုက်သည်နှင့် . . .

'ဝုန်း အုန်း'

ဆူညံစွာ ထွက်ပေါ်လာသော ပေါက်ကွဲသံကြီးများက "ဖလန် ဟီး" ၏ ရှေ့ပြေးတပ်ဖွဲ့ဝင်ရောက်သွားကြသည့် လျှိုကြီးအတွင်း မြေ တုန်ဟည်းလုမတတ် ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့သည်။

နံနက်အရုဏ်ဦးတိုက်ပွဲနိဒါန်းက မြေဝါတောင်ဒေသ သို့မ ဟုတ် လျှို့ဝှက်ကမ္ဘာ၏ နယ်စပ်စည်းရိုးတစ်နေရာမှ စတင်ဖြစ်ပေါ်လာ ခဲ့ပါတော့သည်။

ရုတ်တရက် မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသည့် ပွဲဦးထွက် ကျဆုံး

www.burmeseclassic.com

www.burmeseclassic.com



ခန်းကို မြင်တွေ့လိုက်ရသည့် "ဖလန်ဟီး" မှာ အံ့သြတကြီးနှင့် မှင်တက် ငေးမောလျက် နောက်မှ "ညှိစိမ်းရန်သူ" များ၏ လက်ချက်ဖြစ်မှန်း တွေးမိကာ ဒေါသမီးဟုန်းဟုန်းတောက်လောင်ပါချေပြီကော။

"တောက် . . . ငါ့နယ်မြေပိုင်နက်ထဲကနေ ငါ့ကို ပြန်ပြီး အာခံတဲ့ကောင်တွေ တွေ့ကြသေးတာပေါ့ကွာ၊ ဟော့ကောင်တွေ သတိထားပြီးတက်ကြ၊ ဒီကောင်တွေ ထောင်ချောက်တွေ ဆင်ထားတယ်"

ထိုအချိန်တွင် နတ်ဆရာဖန့်ဒူးဦးဆောင်သော ရိုင်ဖယ်သေနတ်ကိုင် (၁၀) ယောက်နှင့် လှံတံရှည်ကိုင်လူရိုင်းများက တစ်ဖက်ဝါးရုံတောကြီးမှဖြတ်ကာ ရွှေမျက်နှာရှင်သခင်မ၏ လျှို့ဝှက်နယ်မြေထဲသို့တိုးဖောက်ဝင်ရောက်ရန် ကြိုးစားကြသည်။ ထိုအချိန်တွင် လျှိုထိပ်ကြားဆီမှ ပေါက်ကွဲသံကြီးကြားလိုက်ရကတည်းက ရန်သူများ ဝင်ရောက်လာကြပြီမှန်း ဒေါက်တာမင်းခေါင်တို့ သိလိုက်ကြပါ၏။

ထို့ကြောင့် 'ရွှေမျက်နှာရှင်သခင်မ' အနီးရှိ ကိုယ်ရံတော်အထူးတပ်ဖွဲ့ကို အထူးသတိပေးလျက် ယာမာဂူချီစ်နှင့် ရစ်ချပ်သွန်မဆင်တို့ ဦးဆောင်သော ရဲမက်အချို့က ဖလန်ဟီးနှင့်ရင်ဆိုင်တိုက်ခိုက်ရန် တောင်ကြားထိပ်ရှေ့ ချောက်ကမ်းပါးများမှ အဆင်သင့်စောင့်နေကြသလို ဒေါက်တာမင်းခေါင်နှင့် လက်ရုံးရဲမက်ကြီးဗိုလ်သာညိုတို့အဖွဲ့က ကောက်ရိတ်သိမ်းပွဲတော်မှ ရဲမက်များနှင့် စုစည်းတိုက်ခိုက်ရန် ထွက်ခွာသွားကြသည်။

မကြာမီ 'ရွှေမျက်နှာသခင်မ' နှင့် မြေဝါတောင်ဒေသအား အသက်စွန့်ကာကွယ်တိုက်ခိုက်ကြမည့် သစ္စာတရား၏ဘက်တော်သားများနှင့် လျှို့ဝှက်ရွှေကြောနှင့် ရွှေမျက်နှာရှင်သခင်မတို့အား ပိုင်ဆိုင်ရယူလိုစိတ်တစ်ခုတည်းနှင့် ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ရန် ကြံစည်နေသည့် [illegible] ဖလန်ဟီး' နှင့် အဓမ္မဘက်တော်သားတို့ကား စစ်တကောင်းတောင်တန်းတစ်နေရာတွင် ရင်ဆိုင်တိုက်ပွဲဖြစ်ကြတော့မည်ထင့် . . .။

☼ ☼ ☼

# အခန်း (၂၉)
## ရွှေမျက်နှာရှင်သခင်မ၏ တိုက်ပွဲခေါ်သံ

ဝါးရုံတော ထူထူကြီးထဲမှ အကာအကွယ်ယူ၍ တက်လာကြသည့် နတ်ဆရာဖန့်ဒူးနှင့် လက်နက်ကိုင်လူရိုင်းကောင်များမှာ အရှက်ကျင်းသည်နှင့် ရွှေမျက်နှာရှင် သခင်မ၏ နယ်မြေအား သိမ်းပိုက်တိုက်ခိုက်နိုင်ရန်အတွက် တရွေ့ရွေ့ တိုးဝင်ချီတက်လာကြသည်။

တစ်နေရာတွင် ယာမာဂူချီစ်တို့ ထောင်ချောက်ဆင်ထားသည့် ချောင့်ကျင်းကြီးထဲသို့ လူရိုင်းကောင်ငါးယောက် ဝုန်းခနဲ ကျွံကျသွားကြသည်။

'ဝုန်း ဖျန်း ဒိုင်း ဒိုင်း ဒိန်း'

"အား . . . အိုး အား . . . အောင်မယ်လေး"

ချောင့်ကျင်းထဲသို့ ပြုတ်ကျသွားကြသော လက်နက်ကိုင် လူရိုင်းငါးယောက်ထဲမှ နှစ်ယောက်သာ ကံကောင်းထောက်မစွာဖြင့် ကျင်းနှုတ်ခမ်းမှ ကျောက်ချွန်တချို့ကို ကိုင်မိကာ တွဲလောင်းကြီး ဖြစ်နေကြသည်။

"အား ကယ် ကယ်ကြပါဦး"

"အောင်မယ်လေး . . . အောက် အောက်မှာ"

ဟုတ်သည်။ ချောင့်ကျင်းထဲသို့ ကျရောက်သွားကြသည့် လူရိုင်းသုံးယောက်၏အဖြစ်မှာ မြင်ရက်စရာပင်မရှိ။ အောက်တွင် ထောင်ထားသည့် ဝါးချွန်ငုတ်များက လူရိုင်းများ၏ခန္ဓာကိုယ်ကြီးများအား "တံကျင်" လျှိုထားကြသည်သို့ . . .။ သွေးအလိမ်းလိမ်းနှင့် အသက်ပျောက်သွားကြပါချေပြီကော။

www.burmeseclassic.com

www.burmeseclassic.com



"တောက် . . . ဒီကောင်တွေတော့ကွာ၊ ဟင်း . . . ဟေ့ ဟေ့ ကောင်တွေ ဒီနှစ်ယောက်ကို မြန်မြန်ဆွဲတင်ကြစမ်း"

နတ်ဆရာဖန်ဒူးလည်း မျက်နှာကြီးနီမြန်းလျက် ဒေါသူပုန်ထ လျက်ရှိပါချေ၏။ ရင်ဆိုင်တိုက်ပွဲ မနွှဲရခင်ကတည်းက သူတို့ဘက်မှ သေးမြေကျခဲ့ရပြီမို့ ဒေါသမီးတောက်က တဟုန်းဟုန်းနှင့် တောက် လောင်လျက်ရှိခဲ့ပါပြီ။

ထိုစဉ်မှာပင် သူ၏ဘယ်ဘက်မှ လုံရှည်ကိုင်လူရိုင်းတစ် ယောက်၏ ခြေထောက်က ယာမာဂူချီစံ၏ ညွှတ်ကွင်းယောင်ချောက် တစ်ခုကို ထိလိုက်မိသည်နှင့် . . .

'ရှွစ် ဗွီး'

"အား . . . အောင်မယ်လေး"

ဝေါခနဲ ရှုန်းထောင်၍ တက်သွားသည့်ဝါးကိုင်း (သုတ်ကိုင်း) တွင် လူရိုင်းကောင်ခမျာ ကားခနဲ တန်းလန်းကြီးမြောက်ကာ ပါသွား ပါတော့သည်။

"ဟာ . . . သုတ်ကိုင်း"

နတ်ဆရာဖန်ဒူးတစ်ယောက် ရှေ့ကို ခြေတစ်လှမ်းမျှ မတိုး ရဲတော့။ သူတို့၏ ဝင်လမ်းထွက်လမ်းနေရာများတွင် စနစ်တကျ ထောင်ထားကြသည့် သတ်ကွင်းထောင်ချောက်များက မည်သည့်နေရာ တွင် မည်မျှ ထောင်ချောက်ဆင်ထားကြလေသည်မသိ။

နတ်ဆရာ ဖန်ဒူးတို့လူစု ထိုကဲ့သို့ဘေးအန္တရာယ်များနှင့် ရင် ဆိုင်ကြုံတွေ့နေကြရစဉ် ဖလန်ဟီးတို့အဖွဲ့မှာမူ လမ်းဟောင်းကိုစွန့်ပယ် ကာ လမ်းသစ်များရွေးချယ်၍တက်လာခဲ့ကြသဖြင့် အထိအခိုက်မရှိသေး။

"ဟေ့ကောင်တွေ . . . သွားနေကျ၊ ဝင်ထွက်နေကျ လမ်း ကြောင်းတွေက မသွားကြနဲ့၊ မြေကွင်းပြောင်ပြောင်လမ်းသစ်တွေကနေ သတိနဲ့ ဝင်ကြ၊ မည်းမည်းမြင်တာနဲ့ ပစ်ကြ"



ပစ်ကွင်းထဲသို့ အရင်ဦးစွာ ဝင်ရောက်လာသူက လုံရှည်ကိုင် လူရိုင်းကောင်ကြီး နှစ်ယောက်။ ထိုနှစ်ယောက်အနက်မှ အမိန့်ပေးနေ တန်တူသည့် ဘယ်ဘက်မှလူရိုင်းကောင်အား ယာမာဂူချီစံ ဒဿမ (၄၇၀) နှစ်လုံးပြူးရိုင်ဖယ်နှင့် ထိုးချိန်လိုက်သည်။

"မပစ်ကြနဲ့ဦး . . . ငါပစ်ပြီးမှ ပိုင်းပြီးတိုက်ခိုက်ကြ"

ယာမာဂူချီစံက သူ၏အဖွဲ့ကို အမိန့်ပေးလိုက်ပြီး ရှေ့ချိန်သီး နောက်မှန်ချိန် အလယ်ဗဟို ညာမျက်စိ ပစ်မှတ်တစ်တန်းတည်း ကျချိန်။

ရိုင်ဖယ်ဒင်ကို ညာပခုံးဆီသို့ တင်းတင်းဆွဲကပ်လိုက်သည်။ ပြီးလျှင် ဘယ်လက်က ရိုင်ဖယ်ပြောင်းနှစ်လုံးအောက်မှ မေးကို တင်း တင်းငြိမ်ငြိမ်ကိုင်လိုက်ပြီး ညာလက်ညှိုးက မောင်းကွင်းကို အသာ အယာ ညှစ်၍ကွေးချလိုက်သည်။

'ဒိန်း'

ကော်ဒိုက်ယမ်းချိန် ဂရမ် (၅၀၀) ရှိသော ကျည်ဆန်က တစ် စက္ကန့်လျှင် (၂၁၂၅) ပေနှုန်းအမြန်နှင့် ဘယ်ညာယှဉ်၍ တက်လာသည့် လူရိုင်းကောင်၏ ရင်ညွန့်အား ဖောက်ထွင်းထိမှန်ကာ ဝုန်းခနဲ ပြိုကျ သွားပါတော့သည်။

"အား"

'ဘုန်း'

"ရန်သူ ဟေ့ ရန်သူ ပစ်ကြစမ်း"

ဖလန်ဟီးကိုယ်တိုင် ကျောတွင်လွယ်သိုင်းထားသည့် ရိုင်ဖယ် သေနတ်ကို ဖြုတ်ကာ ကျည်ဆန်ထွက်ပေါ်လာသည့် လျှိုထိပ်ဆီသို့ ပစ်ခတ်လိုက်ပါတော့သည်။

'ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း'

"အား အင်း"

"ဟေ့ တက်ကြ၊ ရွှေမျက်နှာရှင်သခင်မအတွက် တိုက်ပွဲ ဝင်ကြ

www.burmeseclassic.com

www.burmeseclassic.com



တက်ကြ''

ကြိမ်းဝါးဟစ်အော်သံ၊ သေနတ်သံ၊ ပေါက်ကွဲသံကြီးများနှင့် အော်ဟစ်ညည်းညူသံကြီးများဖြင့် ရင်ဆိုင်တိုက်ပွဲနိဒါန်းကို ဖွင့်လှစ်လိုက်ကြသည်။ ရုတ်တရက်မို့ ဖလန်ဟီးတို့ ခံလိုက်ကြရသော်လည်း တိုက်ပွဲအချိန်ကြာလာသည်နှင့် ယာမာဂူချိစံတို့က နောက်သို့ ဆုတ်ခွာလာကြရသည်။

ထိုအချိန်ထိ ဒေါက်တာမင်းခေါင်နှင့် ဗိုလ်သာညိုတို့ထံ အသံမကြားရသေး။ သို့သော် ဖလန်ဟီးတို့၏ တိုက်ခိုက်ရေးကျွမ်းကျင်မှုတို့ကြောင့် သူ၏ ရဲမက်စစ်သည်တချို့ လုံ့ရှည်ခွဲလျက် သေပွဲဝင်ကြသည်။ သေနတ်ပစ်ခတ်သံများကတော့ မြူနှင်းမှုန်များကြားတွင် ဆူညံလျက် ရှိပါပြီ။

'ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း'

''ဟေး ဟေး တက်ကြ၊ ခုတ်ကြစမ်း ဟေး''

အရုဏ်တက်ပြီ။ နေခြည်အလင်းတန်းတချို့ မြူနှင်းထုကို ခွဲလျက် ဖြန့်ကျက်ဝင်ရောက်လာကြသည်။ မကြာမီ နေခြည် အလင်းတန်းအောက်တွင် သူ့လူကိုယ့်လူ ခွဲခြားလျက် တွေ့မြင်ရပြီ ဖြစ်ပါ၏။ တောင်စွယ်တောင်တန်း တောင်တံတိုင်းကြီးများအလယ်တွင် လျှို့ဝှက်စွာ တည်ရှိနေသည့် ''ရွှေမျက်နှာရှင်သခင်မ''၏ မြေဝါတောင်နယ်မြေသည် နိုင်ခံ့လှသော သစ်လုံးတံတိုင်းကြီးများနှင့် ပတ်ပတ်လည် လုံခြုံစွာ ကာရံထားပါလေ၏။

ထိုသစ်လုံးတံတိုင်းအနီးတွင် အသင့်ရောက်ရှိနေကြသည့် ဒေါက်တာမင်းခေါင်နှင့် လက်ရုံးကြီးဗိုလ်သာညိုတို့ တပ်ဖွဲ့က အနီးအမှာ နေရာယူထားကြသည်။ တစ်စတစ်စ ဆုတ်ခွာလာခဲ့ကြသည့် ယာမာဂူချိစံတို့နှင့် သစ်လုံးတံတိုင်းကြီးရှေ့တွင် ပေါင်းဆုံမိကြပါ၏။

ထို့အတူပင် နတ်ဆရာဖန်ဒူး၊ လူရိုင်းခေါင်းဆောင်ကြီး



ဖလန်ဟီးနှင့် ဘယ်လက်ရုံးတိုက်ခိုက်ရေးမှူး မုန်ထူးတို့၏ တပ်ဖွဲ့သုံးဖွဲ့ကလည်း သစ်လုံးတံတိုင်းအနီးတွင် စုဝေးမိကြသည်။ ယခုတော့ သစ်လုံးတံတိုင်းဝန်းကျင်ပတ်ချာတစ်ခုလုံး ဖလန်ဟီး၏ လူရိုင်းကောင်ကြီးများက ထက်မြလှသော လှံရှည်တမွေးမွေးနှင့် နေရာအပြည့်ယူထားကြပါချေပြီကော။

မကြာမီ သစ်လုံးတံတိုင်းတံခါးကြီး၏ တည့်တည့်နေရာတွင် ဖလန်ဟီးက အနီရောင်ခြုံထည်ကြီးကို ခြုံလျက် သူ၏ ကြီးမားတုတ်ခိုင်လှသော ခန္ဓာကိုယ်ကြီးတွင် ကျည်ဆန်ခါးပတ်များကို လွယ်သိုင်းကာ ညာလက်တွင် ရိုင်ဖယ်သေနတ်၊ ဘယ်လက်တွင် လှံရှည်ကြီးကိုင်စွဲ၍ ကျောက်တုံးထက်မှရပ်ကာ သစ်လုံးတံတိုင်း (သစ်ခံတပ်) ကြီးရှိရာသို့ မျှော်ကြည့်နေပါ၏။

သစ်လုံးတံတိုင်းကြီးရှေ့မှာကော့ ယာမာဂူချိစံနှင့် ရစ်ချပ်သွန်မဆင်တို့၏ ရဲမက်စစ်သည်များက ဒူးလေးများကိုင်စွဲကာ ဖလန်ဟီး ဝင်ရောက်တိုက်ခိုက်မည့်အချိန်ကို ငံ့လင့်နေသည်သို့ . . . ။

ဒေါက်တာမင်းခေါင်နှင့် ဗိုလ်သာညိုတို့ကမူ သစ်လုံးတံတိုင်းတွင်းရှိ ကင်းမျှော်စင်ထက်မှ တိုက်ပွဲအခြေအနေကို ကြည့်နေကြသည်။

''ဒီတစ်ခါ ဖလန်ဟီးက ဒေါက်တာတို့လို မီးပေါက်လက်နက်တွေနဲ့ဆိုတော့ ကျုပ်တို့ခံစစ်စည်းတောင် ခံနိုင်ပါ့မလားမသိဘူး။ နောက်ပြီး ●ဂိုတွေနဲ့ပေါင်းမိသွားပြီလားမသိဘူး။ အင်အားက တော်တော်များတယ်၊ ကျုပ်တို့ ဗိုလ်မင်းထောင်ကတပ်လှုတွေ မြန်မြန်ရောက်လာရင် ကောင်းမယ်''

''စိတ်မပူပါနဲ့ ဗိုလ်သာညို၊ ယာမာဂူချိစံက သူတို့ကို ခင်ပရိယာယ်နဲ့ မြူပြီး သတ်ကွင်းထဲကို ခေါ်လာပါမယ်၊ သင့်ရဲ့ဒူးလေး တပ်ကိုသာ အဆင်သင့်ပြင်ထားပါ''

ထိုအချိန်မှာပင် ဖလန်ဟီး၏ မြို့လူရိုင်းကောင်များက ဒေါသ

www.burmeseclassic.com

www.burmeseclassic.com



နှင့် တဒိုင်းဒိုင်းပစ်ခတ်ကာ မြို့သစ်လုံးတံတိုင်းတံခါးမကြီးဆီသို့ ပြေး သံပေး၍ အပြေးတက်လာကြသည်။

'ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း'

"ဟေ့ . . . သစ်လုံးတံတိုင်းကို မီးလောင်တိုက်သွင်းကြစမ်း တက်ကြ . . . ဟေး ဟေး ဟေး . . . ဟူး ဟေး ဟိုင်း"

တဝုန်းဝုန်း တဘုန်းဘုန်းနှင့် အပြေးတက်လာကြသည့် ခြေ သံများက မြေတုန်ဟည်းခမန်း ဆူညံပွက်လျက်။

ထိုအချိန်အထိ ယာမာဂူချီစ်တို့ဘက်မှ ပစ်ခတ်ခြင်းမရှိသေး အနီးကပ်တိုက်ပွဲကိုပင် စိတ်ရှည်ရှည်နှင့် စောင့်ကြိုနေကြသည် သို့သော် မမျှော်လင့်ဘဲ အခြေအနေက ရုတ်ခြည်းပြောင်းလဲသွားသည် သေနတ်သံတဒိုင်းဒိုင်း၊ လုံရောင်တဖွေးဖွေး ကြွေးကြော်သံတဟေး ဟေးနှင့် မြေကြီးပင် သိမ့်သိမ့်တုန်ခမန်း အပြင်းချီတက်လာကြသော ဖလန့်ထီး၏ မဂိုလူမျိုးတပ်ပွဲကြီးမှာ ရုတ်တရက် မြေကြီးထဲသို့ ကျွံကျ သွားကြသကဲ့သို့ ဝေါခနဲ ဝုန်းခနဲ အသံကြီးနှင့်အတူ ကြီးမားလှသော ချောင်းကျင်းကြီးထဲသို့ ပြုတ်ကျသွားကြပါတော့သည်။

'ဝေါ ဖရော . . . ဝုန်း'

"ဟာ . . . အား အောင်မယ်လေး . . . အိုး အီး"

'ဝုန်း ဝေါ ဘုန်း'

တစ်ချိန်တည်းမှာပင် သစ်လုံးတစ်အပေါ်မှ ဒေါက်တာ မင်းခေါင်တို့နှင့် သစ်လုံးတံတိုင်းရှေ့မှ ယာမာဂူချီစ်တို့ထံမှ သေနတ် သံများ၊ တဒိုင်းဒိုင်းနှင့် ဆူညံစွာ ထွက်ပေါ်လာကြသည်။

သို့သော် ထိုမြင်ကွင်းကို ရဲမက်တော်ဆယ်ယောက် ခြံရံလျက် ဓားလွတ်ကိုင်စွဲကာ ရူးရူးရဲရဲကြည့်နေသည့် ရွှေမျက်နှာရှင် သခင်မ ကိုမူ တိုက်ပွဲကြားတွင် မည်သူမျှ သတိမထားလိုက်နိုင်ကြပါချေပြီတည်း

"သြော် . . . တယ်လည်း စစ်သေနင်္ဂဗျူဟာမှာ ကျွမ်းကျင်



က်မြက်တဲ့ သူပါလား၊ ဘာမဆိုင် ညာမဆိုင် ငါတို့အတွက်နဲ့ သူ့ရဲ့ သက်ကိုတောင် စွန့်မယ်ဆိုတဲ့ အရှေ့တိုင်းသားယာမာရယ် . . . သင် ာဖြစ်လို့ ဒီလောက်တောင် ရဲရဲဝံ့ဝံ့ တိုက်ခိုက်နေရတာလဲ ရှင်ရယ်"

တစ်ဖက်ရန်သူအလုံးအရင်းအား တစ်ချီတည်းနှင့် မြေမြှုပ်ပစ် က်နိုင်သည့် စစ်စွမ်းရည်ပိုင်ရှင်၊ သူ၏နှလုံးသားကို ယိမ်းယိုင်သွား သည်အထိ ပြုလုပ်နိုင်စွမ်းရှိသော စစ်သူရဲကောင်း၊ ထိုစစ်သူရဲ ောင်းသည် သခင်မလေး၏ ချစ်တတ်သော နှလုံးသားကို ဆွဲကိုင် မ်းဆုပ်ယူငင်တော့မည်ထင့် . . .။

သို့သော် အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ပါ သော ျိုးဇီဇ၊ ဇာတိ၊ ပုညာ၊ ဂုဏ်မနာတို့သည် "ယာမာဂူချီစ်" ဆိုသော စ်ပြည်သားစစ်သူရဲကြောင့် သို့မဟုတ် ချစ်တတ်သော နှလုံးသား ကြောင့် သွေဖီဖောက်ဖျက်ရတော့မည်လေလား။

"ဟေး ဟေး ဟေး . . . ဟိုင်း တက်ကြစမ်းဟေ့"

"ဟေး . . . မြို့ရိုးသစ်တံတိုင်းကို ဖြိုဖျက်ကြဟေ့"

"ဟေး ဟိုင်း . . . သေကြစမ်း လူရိုင်းကောင်တွေ"

"ဟေး . . . ရှမ်း ဝုစ် ဟိုင်း ယား"

မြို့ရိုးသစ်တံခါးအနီးတွင် နှစ်ဖက်သော ရန်သူများ လုံးထွေး ျက် အနီးကပ်တိုက်ပွဲအသွင်သို့ ကူးပြောင်းသွားပါလေ၏။ ဓားရောင်၊ ံရောင်များနှင့် များပြားလှသော လူအုပ်ကြီးက ကြွေးကြော်သံ၊ အော် ာင်သံ၊ ညည်းညူသံများဖြင့် ကမ္ဘာပျက်သကဲ့သို့ ရှိပါချေတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)
## အချစ်တစ်ပွဲမှ စစ်ပွဲတစ်ရာသို့တိုင်

'ဟေး ဟေး ဟူး ဟိုင်း' ... 'ဒုန်း ဝိုး ဝုန်း ဝုန်း ဒုန်း'

ရုတ်တရက် ချက်ချင်းတိုက်ပွဲပုံစံ ပြောင်းသွားသည်။ ဝေ ဟီးက ကျောက်လွှဲပစ်စင်ကြီးများနှင့် နိုင်ခံ့သော သစ်လုံးတံတိုင်း စတင်၍ ဖြိုခွင်းတိုက်ခိုက်သည်။ အင်အားအလုံးအရင်းနှင့် သဲသဲ ဖိ၍ တိုက်ခိုက်လာသဖြင့် ယာမဂူချီစံတို့မှာ ထပ်မံ၍ ဆုတ်ခွာ သည်။ မြို့ရိုးတံခါးရှေ့မှ ရှောင်လွှဲ၍ ထွက်ကြရသည်။ သစ်လုံးတံတိ အပေါ်မှ ဒေါက်တာမင်းခေါင်တို့ကလည်း ဒူးလေးများနှင့် သဲသဲ ပစ်ခတ်တိုက်ခိုက်ကြသည်။

သို့တိုင်အောင် ခက်မာကြမ်းတမ်းသော မင်ဂိုလူမျိုးများ စစ်ဦးဘီလူးပုံစံကဲ့သို့ မြို့ရိုးတံခါးကြီးကိုသာ ဝိုင်းဝန်း၍ သဲသဲ ချိုးဖျက်တိုက်ခိုက်ကြပါ၏။ တဝိုးဝိုးနှင့် အရှိန်ပြင်းစွာ ပြေးဝင်လာ သည့် ကျောက်လွှဲပစ်စင်မှ ကောက်တုံးကြီးများက မြို့တံခါးကို တ ဝုန်းထိမှန်ကြသည်။

'ဝုန်း ဘုန်း ဒုန်း ဘုန်း' ... ''အား အူး အား အီး''

ခုခံသူနှင့် တိုက်ခိုက်သူ၊ ကျူးကျော်ရမ်းကားလာသူ တွန်းလှန်တိုက်ထုတ်သူ၊ တရားသောစစ်ပွဲနှင့် မတရားသိမ်းပိုက်လိုသ တိုက်ပွဲကြီးက နေ့သစ်တစ်ခု၏ နံနက်ခင်းအား အနိဋ္ဌာရုံ သွေးပင်လယ တို့ဖြင့် နစ်မွန်းစေတော့မည်ထင့် ...။ တစ်နည်းဆိုရပါလျှင် ရွှေမျက် ရှင်သခင်မ ပိုင်စိုးရာ လျို့ဝှက်ကမ္ဘာ၏ နံနက်ခင်းကို အမင်္ဂလာ ဖြ သော သွေးထွက်သံယို အနိဋ္ဌာရုံများဖြင့် ဖွင့်လှစ်လိုက်လေသည်



ကျောက်တောင်ထိပ်တစ်နေရာမှ မီးဝင်းဝင်းတောက်လှခမန်း မျက်လုံးများဖြင့် တိုက်ပွဲအား ကြည့်နေသည့် ''ရွှေမျက်နှာရှင်သခင်မ'' မှာ စိတ်မထိန်းနိုင်တော့ပြီထင့် ...။ လက်တွင်စွဲကိုင်ထားသည့် ကျောက် ဓားကို ရွှမ်းခနဲမြည်အောင် ဆွဲထုတ်လိုက်သည်။

'ရွှမ်း'

ရွှမ်းခနဲ ဆွဲထုတ်လိုက်သော ဓားသံကြောင့် ကိုယ်ရံတော် ခဲမက်များက လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ထိုစဉ် ...

''စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ သခင်မ၊ ယာမာဂူချီစံက စစ်ဗျူ ဟာကို သေသေချာချာ ပြင်ဆင်ထားတာပါ၊ သူ့ရဲ့လှုပ်ရှားမှုတိုင်းဟာ သခင်မလေးနဲ့ ဟောဒီ မြေဝါတောင်က ပြည်သူပြည်သားတွေအတွက် ပါ သခင်မ''

''ရွှေမျက်နှာရှင်သခင်မ'' ၏ ရှေ့မှ သေနတ်ကိုင်လျက် ပေါ် ထွက်လာသူကတော့ ဒေါက်တာဖြူနုဖံ။ ရုတ်တရက် ထွက်ပေါ်လာသည့် ဒေါက်တာဖြူနုဖံကြောင့် ရွှေမျက်နှာရှင်သခင်မ မျက်နှာတော်ထက်တွင် အလိုမကျမှုအရိပ်အယောင်တို့ စွန်းထင်းသွားကြသည်။

''ဒါဟာ မတရားတဲ့စစ်ပွဲ၊ ကျူးကျော်ရမ်းကားတဲ့ စစ်ပွဲ၊ လူ့ အသက်တွေကို အညှာအတာကင်းမဲ့စွာနဲ့ သတ်ဖြတ်နေတဲ့စစ်ပွဲ ဖြစ် သွားပြီး ဖြူနုဖံ၊ ဒီလိုအချိန်မျိုးမှာ ငါလို တိုင်းပြည်ရဲ့အရှင်သခင်တစ်ပါးက တာဝန်မဲ့စွာနဲ့ လက်ပိုက်ပြီး ကြည့်နေရမှာလား၊ အခုချက်ချင်း ငါ့ရှေ့က ဖယ်ပေးပါ ဖြူနုဖံ''

ထင်တော့ထင်သား၊ ရွှေမျက်နှာရှင်သခင်မသည် ခပ်ညံ့ညံ့ သခင်မတစ်ပါး မဟုတ်ကြောင်း ကြိုတင်၍ ရိပ်စားမိပါ၏။ သို့သော် ယာမာဂူချီစံက သူတိုက်ပွဲဝင်ခါနီးတွင် အထပ်ထပ်မှာကြားသွားသည့် စကားကြောင့် ''ရွှေမျက်နှာရှင်သခင်မ'' ကို ဖြူနုဖံ ဟန့်တားနေရခြင်း ဖြစ်သည်။ သို့သော် တကယ့်အရေးမှာတော့ တိုင်းပြည်ကို အုပ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



စိုးစံသော "ရွှေမျက်နှာရှင်သခင်မ" ကို မည်ကဲ့သို့ တားဆီးနိုင်ပါမည် နည်း။ မည်သူကကော တားဆီးပိတ်ပင်နိုင်ပါမည်နည်း။

ထို့ကြောင့် ဖြူနုဖံတစ်ယောက် ဦးညွှတ်ကာ သခင်မရှေ့ ဖယ်လိုက်သည်။ တစ်ချိန်တည်းမှာပင် "ရွှေမျက်နှာရှင်သခင်မ" မှာ လေးညှို့မှ လွှတ်အပ်သော မြားကဲ့သို့ လှစ်ခနဲ ပြေးထွက်သွားပါလေ တော့သည်။

"ဟာ ... သခင်မလေး သခင်မလေး"

"ဟာ ရဲမက်တွေ ... လိုက် လိုက် ... သခင်မလေးနောက် လိုက်ကြစမ်း"

ဒေါက်တာဖြူနုဖံမှာ ကိုယ်ရံတော်ရဲမက်များကို ဟစ်အော်နှိုး စေလိုက်ရင်း သူကိုယ်တိုင်လည်း သေနတ်ကို ကိုင်စွဲကာ သခင်မလေး နောက်မှ အပြေးလိုက်လာခဲ့သည်။

'ဝုန်း ဒုန်း ဗျုန်း .. ဝေါ ဖရော ဝုန်း'

"ဟာ ဟေး ... မြို့တံခါးကြီး ပွင့်သွားပြီဟေ့၊ တက် တွေ့တဲ့ရန်သူခေါင်းကို ဖြတ်ကြစမ်းဟေ့"

သစ်လုံးတံတိုင်းမှ သစ်လုံးမြို့တံခါးကြီး ပြိုလဲကျသွားသည် "ဖလန်ဟီး" မှာ ဝမ်းသာအားရနှင့် ဟစ်အော်ကြိမ်းဝါးလိုက်သည် လူကောင်ထွားထွား အနီရောင်ဝတ်ရုံကြီးနှင့် လံရှည်ကြီးကို စွဲကိုင် ဟစ်အော်အမိန့်ပေးနေသည့် မဂိုလူရိုင်းကောင် "ဖလန်ဟီး" ယာမာဂူချီစံ တိုက်ပွဲကြားမှ ရိပ်ခနဲ မြင်တွေ့လိုက်ရသည်။

"ဩော် ... ဒင်းက ဟိုဘက်လှိုဏ်ထိပ်မှာ ရှိနေတာကိုး၊ ဟ ... တွေ့ကြသေးတာပေါ့ လူရိုင်းကောင်ရယ်၊ ဟင်း ဟင်း ... နင် အရိုင်းအစိုင်းကောင်ရဲ့လက်ထဲကို ငါ့ရဲ့ရွှေမင်းသမီးလေးကို ဘယ်တော့ အပါမခံနိုင်ဘူးဟေ့"

ယာမာဂူချီစံမှာ သူ၏ခါးမှ လံှစွပ်ဓားမြှောင်ကို ရိုင်ဖယ်သေနတ်



ထိပ်တွင် တပ်ဆင်လိုက်သည်။ အနီးကပ်တိုက်ပွဲတွင် သေနတ်က အသုံးမတည့်လှ။ ထို့ကြောင့် ရန်သူတော် "ဖလန်ဟီး" ၏ လည်မျိုကို လှီးဖြတ်နိုင်ရန်အတွက် လံှစွပ်ကို တပ်ဆင်လိုက်ပြီ မဟုတ်ပါလား။

ရစ်ချပ်သွန်မဆင်ကမူ ဒူးလေးကိုင် ရဲမက်ငါးဦးနှင့်အတူ ကျောက်ဆောင်ကွယ်မှနေ၍ မဂိုလူရိုင်းကောင်များကို ကျည်တစ်တောင့် တစ်ယောက်နှုန်းဖြင့် ပစ်ခတ်နေပါ၏။ ဒေါက်တာမင်းခေါင်နှင့် လက်ရုံး ကြီးဗိုလ်သာညိုတို့ကလည်း အင်အားနည်းနေပြီဖြစ်သည့် ယာမာဂူချီ စံတို့နှင့် လာရောက်ပူးပေါင်းကြသည်။

'ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း'

နှစ်ဖက်စလုံး အငြိုးအတေးကြီးစွာနှင့် တိုက်ခိုက်ကြသဖြင့် အကျအဆုံးများလှပါ၏။ လှိုဏ်ဝက်ရွှေကြောကြီးဟူသော လောဘမီးလျှံ ... က "ဖလန်ဟီး" ရင်ကို တငွေ့ငွေ့ လောင်ကျွမ်းနေသည်မှာ ကြာခဲ့ပါပြီ။

ယခုတော့ ထိုလောဘ၊ ဒေါသ၊ မောဟမီးလျှံများကို သယ် ဆောင်ကာ စစ်ပွဲတည်းဟူသော သွေးစွန်းတိုက်ပွဲဆီသို့ တွန်းပို့ဖောက် ခွဲပစ်လိုက်ခြင်းပင်။ အခြေအနေက ယာမာဂူချီစံတို့ဘက်တွင် သိပ် ... ကောင်းတော့။ ဗိုလ်မင်းထောင်နေပြည်တော်ကြီးမှသာ တပ်ကူများ အချိန်မီ ရောက်ရှိမလာခဲ့လျှင် ...။

ထိုစဉ် ယာမာဂူချီစံ၏မျက်စိထောင့်စွန်းတွင် ဓားလွတ်ကိုင်စွဲ ... ကျက် တိုက်ပွဲဝင်နေသည့် ရွှေမျက်နှာရှင်သခင်မလေးကို ဖျတ်ခနဲ တွေ့လိုက်ရသည်။

"ဟင် ... သခင်မလေး"

သူ့နည်းတူပင် လှိုဏ်ထိပ်မှ ရန်သူတော် "ဖလန်ဟီး"ကလည်း ရွှေမျက်နှာရှင်သခင်မလေးကို တွေ့မြင်လိုက်ရသည်။ ဖလန်ဟီး၏ မျက်နှာထက်တွင် အပြုံးတစ်ခု ဖျတ်ခနဲ လင်းလက်သွားသည်။

"ဩော် ... သခင်မလေးကိုယ်တိုင်တောင် တိုက်ပွဲထဲကို ဝင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နွဲ့နေတာပါလား၊ ဟင်း ဟင်း ဟင်း . . . ခါချဉ်ကောင် မာန်ကြီးနေသလို ပါပဲလား သခင်မလေးရယ် . . . အမြင်မတော်လိုက်တာ''

နှစ်ယောက်သား အတွေးကိုယ်စီနှင့် ရွှေမျက်နှာရှင်သခင်မ လေး တိုက်ခိုက်နေသည့် တိုက်ပွဲနေရာသို့ တိုက်ရင်းခိုက်ရင်း တိုးဝင် သွားကြသည်။ သူတို့နှစ်ယောက်ကို မြင်တွေ့လိုက်ရသည်က သခင်မ နောက်မှ ကပ်ပါလာသည့် ဒေါက်တာဖြူနုဇံ။

တိုက်ပွဲအနေအထားက အမြင့်ဆုံးသို့ရောက်ရှိနေပါပြီ။ မြေဖြ တောင်နှင့် သခင်မလေး၏ ကျောက်လိုဏ်ဂူစခန်းဝန်းကျင်တွင် မီးဟုန်း ဟုန်း တောက်လောင်လျက် အလောင်းများကလည်း မြင်မကောင်း အောင် စုပုံနေကြသည်သို့ . . .။

ယာမာဂူချီစံက ပစ်ပြီးသားနှစ်လုံးပြူးရိုင်ဖယ်၏ ခါးကိုချိုး လိုက်သည်တွင် ပြောင်းခနဲ ဒေါင်းခနဲ ပစ်ပြီးသား ကျည်ဆန်ခွံနှစ် တောင့် လွင့်စဉ်ထွက်သွားကြသည်။ တစ်ချိန်တည်းမှာပင် ညာဘက် လက်ချောင်းများကြားတွင် အရန်သင့် ညှပ်ထားသော ဒသမ (၄၀၀ ကျည်ဆန်နှစ်တောင့်ကို ပြောင်းဝနှစ်ပေါက်အတွင်းသို့ ဖျတ်ခနဲထည့် ကာ ခါးကို ချောက်ခနဲ ပြန်ပိတ်လိုက်သည်။

ကျွမ်းကျင်သူတစ်ယောက်အဖို့ ထိုကိစ္စက စက္ကန့်ပိုင်းမျှ ဖြစ်ပါ၏။ ယာမာဂူချီစံက သစ်ပင်ကွယ်မှနေ၍ ပစ်မှတ်ကို ချိန်ရွယ် လိုက်သည်။ သူ၏ ပစ်မှတ်ထဲတွင် ''ဖလန်ဟီး'' ကလုံရှည်ကြီးတစ်လ နှင့် လှုပ်ရှားနေပါ၏။ တစ်ချိုတွင် ''ဖလန်ဟီး''က ရွှေမျက်နှာရှင်သခင် လေးအနီးသို့ တိုးဝင်ရန်အပြင်တွင် . . .

'ဒိုင်း'

သေနတ်ကျည်ဆန်တစ်တောင့်က ''ဖလန်ဟီး'' ၏ခြေထော နှစ်ချောင်းကြားသို့ လာရောက်ထိမှန်သဖြင့် ကျောက်စကျောက်နမျာ လွင့်စဉ်သွားကြသည်။ ဖလန်ဟီးကိုယ်တိုင်ပင် လန့်ဖျပ်ကာ နောက်



ကပျာကယာ ဆုတ်သွားရသည်။

ကျည်ဆန်လာရာ လမ်းကြောင်းသို့ ဖျတ်ခနဲ လှည့်ကြည့်လိုက် သော့ ကျောက်ဆောင်ထက်တွင် မားမားကြီးရပ်ကာ သူ့အား တည့်မတ်စွာ ချိန်ရွယ်ထားသည့် ယာမာဂူချီစံကို တွေ့လိုက်ရသည်။

''ဟာ''

တစ်ချိန်တည်းမှာပင် ယာမာဂူချီစံက ဖလန်ဟီး၏ရင်အုံတည့် တည့်သို့ ချိန်ရွယ်လျက် သေနတ်မောင်းခလုတ်ကို ဖြုတ်ချလိုက်သည်။

'ဒိန်း' . . . ''အား''

ဖလန်ဟီးမှာ ရှောင်ချိန်မရတော့သဖြင့် အနီးရှိ လူရိုင်းတစ် ယောက်ကို သူ့ရှေ့မှ ဒိုင်းအဖြစ်ဆွဲယူကာကွယ်လိုက်သဖြင့် ယာမာဂူချီစံ ပစ်လိုက်သော ကျည်ဆန်က ထိုလူရိုင်းကိုသာ ထိမှန်သွားပါလေ၏။

''တောက် . . . တော်တော်လူမဆန်တဲ့ အရိုင်းကောင်ပဲ''

ထိုအခါမှပင် ရွှေမျက်နှာရှင်သခင်မက ယာမာဂူချီစံနှင့်ဖလန် ဟီးတို့ကို တွေ့မြင်လိုက်ရသည်။ ထိုအချိန်တွင် ဒေါသကြီးသော ဖလန် ဟီးက ယာမာဂူချီစံရှိရာသို့ လွှားခနဲ ခုန်ဝင်လိုက်သည်။

''ဟေး ဟိုင်း . . . ငါ့ကိုပစ်တဲ့လူစိမ်းကောင် သေပေတော့''

'ဝုစ် ဗိုး ရှင်'

ယာမာဂူချီစံက သူ့ထံ တန်းခနဲ ဝင်လာသည့် ဖလန်ဟီး၏ လှံရှည်ကြီးကို သူ၏ရိုင်ဖယ်လုံးစွပ်နှင့် ဆီး၍ ခုခံလိုက်သည်။

'ထန်း ချွမ်း ထန်း'

တိုက်ချက်သုံးကွက်၊ အသံသုံးခု ထွက်ပေါ်လာပါ၏။ သို့သော် ညီသူမျှ အထိအခိုက်မရှိကြ။ ယခုတော့ ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ကြသလို ဖလန်ဟီးနှင့်ယာမာဂူချီစံတို့ စစ်တကောင်းတောင်ကြား တွင် ဆုံတွေ့ကြပေပြီ။

ယာမာဂူချီစံက ခြေကိုကားကားရပ်ကာ လုံစွပ်တပ်ရိုင်ဖယ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကျားသစ်တစ်ကောင်နှယ် မာန်ဖီလျက်။

ဖလန်ဟီးကလည်း သူ၏လက်စွဲတော် လှံရှည်ကြီးကိုကိုင်၍ ကာ ကျားရိုင်းတစ်ကောင်နှယ် တိုက်ခိုက်ရန်အသင့်။ ထိုအချိန်တွင် . . .

☼ ☼ ☼

## အခန်း (၃၁)
## အချစ် ညီမျှခြင်း သေခြင်းတရား

ထိုအချိန်တွင် ကျားရိုင်းနှစ်ကောင်ကြားသို့ အရိပ်တစ်ခု ဖျတ် ကျလာသည်။ ထိုအရိပ်ရှင်ကား ရွှေမျက်နှာရှင်သခင်မ၊ မျိုးရိုးစဉ်ဆက် ကိုင်စွဲရသည့် ကျောက်စီဓားကို ကိုင်စွဲလျက် ယာမာဂူချီစံကို အမိန့်ပေး လိုက်သည်။

''နောက်ဆုတ်ပြီး ဘေးဖယ်လိုက်ပါ ယာမာ၊ ဒီတိုက်ပွဲဟာ လူယုတ်မာ ဖလန်ဟီးနဲ့ ငါတို့ရဲ့ တိုက်ပွဲပါ၊ အသင်နဲ့ ဘာမှမသက်ဆိုင် ဘူး၊ ဒါ့ကြောင့် ဝေးဝေးဖယ်နေပါ ယာမာ''

သို့သော် ရွှေမျက်နှာရှင်သခင်မ၏အမိန့်ကို ယာမာဂူချီစံက မကြားလေရော့ထင့် . . .။ ရှေ့သို့ပင်တိုးကာ ဖလန်ဟီးနှင့် တိုက်ခိုက်ရန် တာစူလိုက်သည်။

''ယာမာ . . . သခင်မ အမိန့်ပေးနေတယ်လေ''

''ဟင်း ဟင်း . . . ခွင့်လွှတ်ပါ သခင်မလေး၊ သခင်မလေးရဲ့ အမိန့်ကို ငါ မနာခံနိုင်ဘူး၊ ဒီအရိုင်းကောင်ကို ငါကိုယ်တိုင် သတ်မယ် . . . ဟိုင်း''

ရုတ်တရက် ယာမာဂူချီစံ၏ ခန္ဓာကိုယ်က ပေါ့ပါးစွာ ခုန်



တက်သွားပြီး ရွှေမျက်နှာရှင်သခင်မကိုကျော်ကာ ဖလန်ဟီးကိုပင် သုံးလေးကွက်ခန့် တိုက်ခိုက်သွားပါသေးသည်။

'ဝှစ် ဝှစ် ဝှစ်' 'ထန် ထန် ချွင်'

ဖလန်ဟီးက သွက်လက်လျင်မြန်စွာ လှံရှည်နှင့် ခုခံဖယ်ထုတ် လိုက်သဖြင့်သာ တော်တော့သည်။ ယာမာဂူချီစံ၏ လှံစွပ်ပညာက မသေး လှကြောင်း ဖလန်ဟီး ရိပ်စားမိလိုက်သည်။

သူတို့ဝန်းကျင်ပတ်ခြာမှ တိုက်ပွဲကလည်း မပြီးပြတ်နိုင်ကြသေး ပေ။ သို့သော် နတ်ဆရာဇန်ဒူးနှင့် ဘယ်လက်ရုံးကြီး မှန်ထူးတို့၏ များပြားလှသော မဂိုလူရိုင်းကောင်များက ဒေါက်တာမင်းခေါင်နှင့် မြေဝါ တောင်စစ်သည်တို့အားဝိုင်းရံလျက် ဖိအားပေးကာ တိုက်ခိုက်နေကြပါ၏။

လက်ရုံးကြီးဗိုလ်သာညိုပင် ဒဏ်ရာအများအပြား ရရှိနေသလို ဒေါက်တာမင်းခေါင်၏ ခန္ဓာကိုယ်တွင်လည်း လှံချက်တစ်ချက် ထိရှထား သည်။ ထို့အတူ ရစ်ချပ်သွန်မဆင်နှင့် ဒေါက်တာဖြူနုဖံတို့မှာလည်း မြားချက်တချို့ ထိမှန်ထားသဖြင့် မဂိုလူရိုင်းကောင် ''ဖလန်ဟီး'' ၏ ရက်စက်ကြမ်းကြုတ်လှသော တိုက်ခိုက်မှုအောက်တွင် အချိန်မည်မျှ ကြာကြာ တောင့်ခံနိုင်ပါမည်နည်း။ ထိုအချိန်တွင် . . .

''ဟေး . . . ဗိုလ်မင်းထောင်သားကွ၊ အရိုင်းကောင်တွေကို သတ်ကြ''

''ဟေး ဟိုင်း ဟေး . . . ဗိုလ်မင်းထောင်သားတွေ လာပြီဟေ့''

''ဟိုင်း ဟေး ယား အူး''

ပုံတင်ထပ်မျှ ဟစ်အော်ကြိမ်းဝါးသံများနှင့်အတူ ဗိုလ်မင်း ထောင်နေပြည်တော်ကြီးမှ တပ်ကူများ ရောက်ရှိလာခဲ့ကြပါပြီ။ ထို့ ကြောင့် သစ်လုံးတပ်အပြင်ဘက်ရှိ ''ဖလန်ဟီး'' ၏ လူရိုင်းစစ်သည်များ သဲသဲမဲမဲတိုက်ခိုက်နေကြပါ၏။

ထိုအချိန်တွင် သစ်လုံးတပ်အတွင်းရှိ ယာမာဂူချီစံနှင့် ဖလန်

www.burmeseclassic.com

www.burmeseclassic.com



ဟီးတို့၏ ရင်ဆိုင်တိုက်ပွဲကလည်း အမြင့်ဆုံးအရှိန်သို့ ရောက်ရှိနေကြပါပြီ။ ဖလန်ဟီး၏ ကြောက်မက်ဖွယ်တိုက်ခိုက်လိုက်သော လုံချက်များက ရေပက်မဝင်နိုင်အောင် သွက်လက်လျင်မြန်လွန်းလှသည်။

ထိုအတူ ယာမာဂူချီစ၏ လုံစွပ်ပညာကလည်း အံ့မခန်းပင်။ အထိုးအသုတ်၊ အပက်အလှန်၊ အသိမ်းအဆွဲ အမျိုးမျိုးသော တိုက်ကွက်များနှင့် ခုခံတိုက်ခိုက်သည်။ နှစ်ယောက်စလုံး၏ ခန္ဓာကိုယ်မှာတော့ ပြတ်ရှဒဏ်ရာများဖြင့် သွေးများ စွန်းထင်းနေကြသည်။

ရွှေမျက်နှာရှင်သခင်မကလည်း ယာမာဂူချီစံကို တားဂျဲမရဟော့သဖြင့် အရိုင်းကောင် ဖလန်ဟီးအား သူ့ပါ ဝင်ရောက်၍ တိုက်ခိုက်ပါတော့သည်။

"ဟေး ... သေပေတော့ အရိုင်းကောင်"

'ဝှစ် ဝှစ် ရွှတ် ဝှစ် ထန်း ထန်း'

"အဟေးဟေး ကောင်းတယ် သိပ်ကောင်းတယ်၊ နင်တို့ နှစ်ယောက်စလုံးကို သေမင်းဆီကို တစ်ပြိုင်တည်းပို့ပေးမယ်ဟေ့၊ ဟိုင်း"

အပြင်တွင်လည်း တိုက်ပွဲအရှိန်က အမြင့်ဆုံးသို့ ရောက်ရှိနေပါပြီ။ ဗိုလ်မင်းထောင်နေပြည်တော်မှ ရဲမက်စစ်သည်များကလည်း ဒီရေလှိုင်းပမာ တိုးဝင်လာကြပြီး ရှေ့မှ မြင်မြင်သမျှ အတားအဆီးမှန်သမျှကို ထိုးခုတ်တိုက်ခိုက်ကြသည်။ ထိုးခုတ်တိုက်ခတ်သံ၊ ဓားလုံခုတ်ထစ်သံ၊ အော်ဟစ်အမိန့်ပေးသံ၊ ညည်းညူလဲပြိုသံကြီးများက ငရဲပျက်သည့်နှယ်ပါတည်း ...။

ဒေါက်တာမင်းခေါင်၊ ရစ်ချပ်သွန်မဆင်နှင့်ဗိုလ်သာညိုတို့က အနီးကပ် ရင်ဆိုင်တိုက်ပွဲကို အသက်မရှူနိုင်စတမ်း ခုခံတိုက်ခိုက်နေကြရသဖြင့် ယာမဂူချီစံနှင့်ဖလန်ဟီး၊ ရွှေမျက်နှာရှင်သခင်မတို့၏ တိုက်ပွဲဆီသို့ ခြေဦးမလှည့်နိုင်ကြချေ။

"ဟိုင်း ဝှစ် ထန်း အင့်"



တစ်ချိန်တွင် ယာမာဂူချီစံ၏ လုံသွပ်ဖျားက ဖလန်ဟီး၏ အနီရောင်ခြုံထည်ကြီးကိုဖောက်၍ ကျောပြင်တစ်လျှောက် ရှပ်၍ ခွဲချသွားသည်။

'ရွှီ ဖြို ဖြန်း ရှမ်း' ... "အား"

သို့သော် တစ်ချိန်တည်းမှာပင် ဖလန်ဟီး၏ လုံဖျားကလည်း ယာမာဂူချီစံ၏ ဝမ်းဗိုက်အား ထိသွားသည်ထင့် ...။ ယာမာဂူချီစံ၏ ဝမ်းဗိုက်မှသွေးများက စစ်အကျီအပြကြားမှ စီးကျလာကြသည်။

"ဟင် ... ယာမာ ယာမာ"

ထိုမြင်ကွင်းကို မြင်လိုက်ရသူက ရှင်မယ်ညို ခေါ် ရွှေမျက်နှာရှင် သခင်မ။ ထို့ကြောင့် လုံရှည်ကြီးကို မြှောက်ကာ ယာမာဂူချီစံ၏ ခန္ဓာကိုယ်အား ထိုးစိုက်ချရန် ချိန်ရွယ်နေသည့် ဖလန်ဟီး၏ရှေ့သို့ လွှားခနဲရောက်ရှိလာသည်။

"ဟေး ဟိုင်း ... သေစမ်း အရိုင်းကောင်"

ဒေါသအရှိန်နှင့် ပေါင်းစပ်၍ လျှပ်တစ်ပြက် ပိုင်းခုတ်ချလိုက်သည့် ရွှေမျက်နှာရှင်သခင်မ၏ဓားချက်ကို ဖလန်ဟီး ရှောင်လိုက်သော်လည်း လုံးဝမလွတ်။ ဝဲဘက်နံစောင်းသို့ ရှပ်၍ ထိသွားသည်။

'ဝှစ် ရှပ်' ... "အ"

သို့သော် ထိုဓားချက်ထိသွားသဖြင့် ဖလန်ဟီး၏မျက်နှာကြီးမှာ ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန်လာသည်သို့။ ရွှေမျက်နှာရှင်သခင်မအား ရူးရူးနှစ်နှစ် ကြည့်လျက် ရင်သည် ကျားနာတစ်ကောင်နှယ် နာကျင်လာပါ၏။

"ဟင် ... နင်က ဒီလိုလား၊ ငါလာပြီ၊ ခံနိုင်ရင်ခံပေတော့"

သွေးများစီးကျနေသည့် ဒဏ်ရာကို ဂရုမထား။ ရွှေမျက်နှာရှင်သခင်မထံသို့ လုံချက်များ လျင်လျင်သွင်းလိုက်သည်။ ထို့ကြောင့် ရှေ့လောကြီးကာ တိုက်ပွဲကျွံသွားသည့် ရွှေမျက်နှာရှင်သခင်မအား လုံချက်ထိသွားခဲ့ပါပြီ။ ယာမာဂူချီစံ အံတစ်ချက်ကြိတ်လိုက်ပြီး ဝမ်းဗိုက်မှ

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာကို စစ်အင်္ကျီချွတ်ကာ စည်းနှောင်လိုက်သည်။

ပြီးလျှင် ဒဏ်ရာမှထွက်လာသည့် သွေးတို့ကိုလက်နှင့်သုတ်ကာ လျှာဖြင့်လျက်ကြည့်သည်။ ငှက်ကျိုကျိုသွေးများက ထိုသွေး အတွက် သွေးကြွေးဆပ်ရန် တောင်းဆိုနေကြသည့်သို့။

"ဟင်း ဟင်း ... ငါသေရင်တောင် သခင်မလေးကို မင်းပိုင်ဆိုင်ခွင့် မရစေရဘူးကွ ... ဟင်း"

ယာမာဂူချီစံ မာန်တင်း၍ ဒူးထောက်ထိုင်လိုက်သည်။ သူ၏ တစ်ကိုယ်လုံးတွင် သွေးတို့ဖြင့် ရွှဲနစ်လျက်။ ရင်အစုံသည် တုန်ယင်မောဟိုက်နေပါပြီ။ ထိုစဉ် သူ၏မျက်စိထဲတွင် ဖလန်ဟီး လှံရှည်ကြီးမြှောက်၍ သခင်မအား ထိုးစိုက်ချလိုက်သည်ကို တွေ့မြင်လိုက်ရသဖြင့်

"ဟာ ... သခင်မလေး"

ဖျတ်ခနဲ ခုန်ဝင်ကာ သခင်မလေးကိုတွန်းဖယ်လိုက်ပြီး သူ၏လှံစွပ်ကို အပေါ်သို့ပင့်ထောင်လိုက်သည့်ခဏ ...

'စွပ် စွပ်' ... "အင့် အိ"

မြင်ကွင်းက လျှပ်တစ်ပြက်အတွင်း ပြောင်းလဲသွားသည်။ အရိုင်းကောင် ဖလန်ဟီး၏လှံချက်က သခင်မအား တွန်းဖယ်လိုက်သည့် ယာမာဂူချီစံ၏ ရင်ဝအား စိုက်ဝင်သွားသကဲ့သို့ ယာမာဂူချီစံ၏ လှံစွပ်ကလည်း ဖလန်ဟီး၏လည်တိုင်ကို ဖောက်လျက် စူးနစ်သွားပါချေတော့သည်။

"ဟာ ... ယာမာ ယာမာ"

ရွှေမျက်နှာရှင်သခင်မလေး၏ ကျယ်လောင်စူးရှစွာ အော်လိုက်သည့်အသံစူးစူးလေးက ဆူညံစွာ ဟစ်အော်နေကြသည့် တိုက်ပွဲခေါ်သံများကို ဖောက်ထွက်ကာ စကြဝဠာတစ်နံတစ်လျားထိတိုင် ပဲ့တင်ရိုက်ခတ်သွားပါချေတော့သည်။

"ယာမာ ယာမာ ယာမာ ... ဖြစ်ရလေ ယာ ယာ မာရယ်"



သေလုမျောပါး ရရှိထားသောဒဏ်ရာများကြားမှ ယာမာဂူချီစံ ရှိရာသို့ အရောက်သွား၍ လှံစွပ်ကြီးတန်းလန်းနှင့် သေဆုံးနေသည့် "ဖလန်ဟီး" ကို တွန်းဖယ်လိုက်သည်။

"အင် ဟင် ... သ သ သခင်မ လေး"

ယာမာဂူချီစံ မသေသေး။ နှုတ်ဖျားမှ သူ့အား တမ်းတခေါ်ငင်နေသည့် နှလုံးသားမှ ချစ်ရပါသော ယာမာဂူချီစံကို ပွေ့ထူချင်လိုလှသည်။ သို့သော် သူမ၏ခန္ဓာကိုယ်ကြီးက သူမ၏ဆန္ဒကို မဖြည့်ဆည်းပေးနိုင်တော့။ ရင်ဝတွင် ထိထားသောလှံချက်ကြောင့် မျက်လုံးများပင် ပြာဝေနေချေပြီ။ နှလုံးသားတွင် သံယောဇဉ်ကိုယ်စီ ငြိတွယ်နေကြသော်လည်း မဖြစ်နိုင်မှန်းသိကြသဖြင့် ရင်ထဲမှအချစ်တို့ကို ဖုံးကွယ်မြှုပ်နှံခဲ့ကြသည်။ သို့သော် ထိုမြှုပ်နှံသိုဝှက်ထားသော အချစ်တို့ ပွင့်လျှံထွက်ကျလာသောအခါမှာတော့ ဟန်မဆောင်နိုင်တော့၊ မဖုံးဖိနိုင်ပါလေတော့။ ချစ်ရပါသော တစ်ပြည်သား ယာမာဂူချီစံ၏ လက်အစုံကို ရွှေမျက်နှာရှင် သခင်မလေး မမီမကမ်းနှင့် မြတ်မြတ်နိုးနိုး ဆုပ်ကိုင်လိုက်သကဲ့သို့ အသက်ငွေ့ငွေ့သာကျန်ရှိတော့သည့် ယာမာဂူချီစံကလည်း ဆုပ်ကိုင်လာသည့် သခင်မ၏လက်ကလေးကို မက်မောတပ်မက်စွာ ဖမ်းဆုပ်လိုက်ပါ၏။

"ယာ ယာ ယာမာ ... ဒီ ဘဝမှာ ပေါင်းဆုံခွင့် မရခဲ့ရင် နောင်ဘဝ အဆက်ဆက်မှာ ငါတို့နှစ်ဦး ဆုံ ဆုံ စည်း ခွင့် ရ ရ. အ"

ရွှေမျက်နှာရှင်သခင်မ၏ သစ္စာပြုဆုတောင်းသံလေးမှာ ပြီးဆုံးခြင်းသို့တိုင် မရောက်နိုင်ပါလေတော့။ ခုလတ်မှာပင် အပြုံးယဲ့ယဲ့တို့ဖြင့် နှစ်ဦးစလုံး ဝိညာဉ်ချုပ်ငြိမ်းသွားကြပါတော့သည်။

လျှို့ဝှက်သီးခြားကမ္ဘာ သို့မဟုတ် လျှို့ဝှက်ရွှေကြာသိုက် တည်ရှိရာ သို့မဟုတ် မြင့်မြတ်သော ဗုဒ္ဓ၏ရုပ်ပွားတော် ကိန်းဝပ်ရာ နယ်မြေပေါ်မှ အလင်းလက်ဆုံး၊ အတောက်ပဆုံးသော ကြယ်နှစ်ပွင့် ကြွေသက်ကျသွားခဲ့ပါချေပြီကော။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com

## ရွှေမျက်နှာရှင်သခင်မ နိဂုံး

အကြမ်းတမ်းဆုံးမုန်တိုင်းတို့ တိုက်ခတ်ပြီးလျှင် လေပြည်လေညင်းတို့က ပြန်လည်၍ ချိုသင်းစွာ တိုက်ခတ်စမြဲပင်။

ထို့အတူပင် လောဘ၊ ဒေါသ၊ မောဟတို့ ဖုံးအုပ်နေသည့် အဝိဇ္ဇာလေပြင်းမုန်တိုင်းကြီး တိုက်ခတ်သွားခဲ့သည့် ''ရွှေမျက်နှာရှင်သခင်မ'' ပိုင်ဆိုင်ရာ မြေဝါတောင်ဒေသတွင် အေးချမ်းသော မေတ္တာလေပြည်ညင်းတို့ နွေးထွေးစွာ တိုက်ခတ်စပြုနေပါချေပြီ။

ဗိုလ်မင်းထောင်နေပြည်တော်မှ စစ်သူကြီး ''သက်မင်းဖြူ'' ဦးစီးကွပ်ကဲသည့် စစ်ကူများနှင့် ဒေါက်တာမင်းခေါင်တို့၏ စုစည်းတိုက်ခိုက်မှုကြောင့် မှိုလူရိုင်းများ ကျရှုံးကာ နောက်ဆုံး လက်နက်ချ အညံ့ခံကြရသည်။ ဗိုလ်မင်းထောင်တပ်သားများနှင့် ရွှေမျက်နှာရှင်သခင်မ၏ ရဲမက်တို့ အောင်ပွဲခံနိုင်ခဲ့ကြသော်လည်း သူတို့၏ အရှင်သခင်ဖြစ်သည့် ဒုတိယမြောက် ရွှေမျက်နှာရှင်သခင်မလေးကမူ တိုင်းပြည်အတွက် သူ့ကောင်းပီသစွာ တိုက်ပွဲတွင် အသက်စွန့်၍သွားခဲ့ပါ၏။

ဒေါက်တာမင်းခေါင်နှင့် ဒေါက်တာဖြူနုဖတို့၏ တောင်းဆိုမှု ဗိုလ်မင်းထောင်နေပြည်တော်မှ ဗိုလ်မင်းကြီး ကျော်စောဖြူ၏ သဘောထားကြီးမှု၊ မြေဝါတောင်နယ်သူနယ်သားများ၏ တစ်ခဲနက် တောင်းဆိုမှုတို့ကြောင့် ရွှေမျက်နှာရှင်သခင်မနှင့်အတူ ယှဉ်တွဲ၍ အသက်စွန့်ကာ တိုက်ပွဲဝင်ခဲ့သော ယာမာဂူချိစ်အား သူရဲကောင်းဆုတံဆိပ် ချီးမြှင့်ကာ ရွှေမျက်နှာရှင်သခင်မနှင့်အတူတွဲ၍ မြင့်မြတ်သောသူရဲကောင်းတို့ စံပျော်ရာ ကျောက်တောင်ကုန်းထက်တွင် မြှုပ်နှံသင်္ဂြိုဟ်ပေးခဲ့ကြသည်။

ပြည်နယ်ပြည်မ မခွဲခြားဘဲ မြေဝါတောင်နယ်သူနယ်သားများ



နှင့် ရွှေမျက်နှာရှင်သခင်မတို့အတွက် အသက်နှင့်ရင်း၍ ဦးစီးဦးဆောင်ပြုကာ တိုက်ခိုက်ကာကွယ်ပေးခဲ့သော ဒေါက်တာမင်းခေါင်၊ ရစ်ချပ်သွန်မဆင်နှင့် ဒေါက်တာဖြူနုဖတို့အား ဗိုလ်မင်းထောင်မင်းကြီးကိုယ်တိုင် ဂုဏ်ပြုညှိခံကာ အပြန်ခရီးအတွက် ရွှေတုံးအချို့နှင့် နတ်ဆေးဂမုန်းပင်များကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဤခရီး၏ နိဒါန်းအစပြုခဲ့သော အရှေ့တိုင်းသား ဂျပန်လူမျိုး ''ယာမာဂူချိစ်'' ကတော့ သူချစ်သော ''ရှင်မယ်ညို ခေါ် ဒုတိယမြောက် ရွှေမျက်နှာရှင်သခင်မ'' နှင့်အတူ စစ်တကောင်းတောင်တန်းကြီးပေါ်တွင် ကျန်ရစ်ခဲ့ပါချေပြီ။ သူတို့နှစ်ဦး၏ ရင်တွင်းမှ နက်ရှိုင်းသော ချစ်ခြင်းမေတ္တာတရားကို လောကကို စောင့်ရှောက်အပ်သော လောကပါလနတ်မင်းများနှင့် နှလုံးသားရှိကြသည့် လူသားတိုင်း ခံစားနားလည် ခွင့်လွှတ်နိုင်ကြပါစေဟုသာ ဆုတောင်းရင်း . . .

ဒေါက်တာမင်းခေါင်၊ ရစ်ချပ်သွန်မဆင်နှင့် ဒေါက်တာဖြူနုဖတို့ ပြည်မသည့်သည်တစ်စုကမူ မြင်းကိုယ်စီနှင့် စစ်တကောင်းတောင်တန်းကြီး၏ ကွေ့ကောက်သော တောင်ဆင်းလမ်းလေးအတိုင်း တရွေ့ရွေ့နှင့် ကျောခိုင်းထွက်ခွာလာခဲ့ကြပါတော့သည်။

သူတို့အားလုံး၏ ဦးတည်ရာအရပ်သည်ကား . . . ။

''ယောနိသော မနသိကာရ''

**သက်မင်းကျော်လှိုင်**

၇-၈-၂၀၁၁

ညဉ့် ၁း၃၀ နာရီ

www.burmeseclassic.com

www.burmeseclassic.com

မှတ်ချက် -

ဂျပန်စစ်ဗိုလ် "ယာမာဂူချိစံ" ချီးမြှင့်ခံရသည့် ရွှေတုံးအချို့ကို "ကာယကံရှင်၏ဆွေမျိုးအရ ရေပုတ်မြောင်ရွာမှ "အမေထွား" ဆိုသည့် မုဆိုးမအမေအိုကြီးထံ ပေးအပ်ခဲ့ကြသည်ဟု ဒေါက်တာမင်းခေါင်၏ ပြန်လည်ပြောကြားချက်များအရ သိရှိခဲ့ရပါကြောင်း။

(စာရေးသူ)

## မှီငြမ်းကိုးကားချက်

၁။ အမှတ် (၁၄၀)၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လထုတ် "လပြည့်ဝန်း" မဂ္ဂဇင်းမှ ဆောင်းပါးရှင် ဆရာသိပ္ပံစကြာမိုးမြင့် (ပွဲကျောင်း) ရေးသားသည့် "မြို့ငရပ်ခြားမှ မြန်မာပြည်" ဆောင်းပါး။

၂။ အတွဲ (၂)၊ အမှတ် (၁၀)၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လထုတ် APRIL STAR (စိတ်ခရီးသွားမဂ္ဂဇင်း) မှ ဆောင်းပါးရှင် ဆရာမျိုးမြင့်ကြိုင် (သင်) ရေးသားသည့် "အနောက်ဘက် ဆုံးမြို့ဆီသို့" ခရီးသွားဆောင်းပါး၊

၃။ စာရေးသူကိုယ်တိုင် ရှာဖွေလေ့လာတွေ့ရှိချက်များ။

www.burmeseclassic.com